## မာတိကာ


| | |
|---|---|
| – နိဒါန်း | ၈ |
| ၁။ အယ်လင်၏ စွမ်းရည် | ၁၁ |
| ၂။ ဟာရု နှင့် မရု | ၁၉ |
| ၃။ မကောင်းသော အကြံ | ၃၁ |
| ၄။ အပြစ်ကင်းသော ရှေ့တွင်း | ၃၉ |
| ၅။ ရင်နယ် မြို့စားကလေး | ၄၆ |
| ၆။ ခရီးထွက်ခြင်း | ၅၄ |
| ၇။ သဲကန္တာရ၌ တွေ့ဆုံခြင်း | ၆၁ |
| ၈။ ဝက်ခေါင်းထိုး တိုက်ခြင်း | ၇၅ |
| ၉။ အယ်လင် အဖမ်းခံရခြင်း | ၈၈ |
| ၁၀။ ပထမ ကျိန်စာ | ၉၆ |
| ၁၁။ "ဂျန်" | ၁၀၈ |
| ၁၂။ အသက်ရှင်ရေး လိုက်လျှင်ပြေး | ၁၂၂ |
| ၁၃။ ဂူတွင်းစံပျော် အဓောင့်တော် | ၁၃၃ |
| ၁၄။ "ဟင်" သော့မိုးခြင်း | ၁၄၅ |
| ၁၅။ ဘုရားသခင်မျက်မှောက် ကျိန်စာသောက်ခြင်း | ၁၅၆ |
| ၁၆။ ဆင်ဘာ၏ ရာဇသံ | ၁၇၃ |
| ၁၇။ အယ်လင် အချိန်လွဲခြင်း | ၁၈၃ |
| ၁၈။ အယ်လင် ငိုခြင်း | ၁၉၅ |
| ၁၉။ အိမ်တော်ပြန် | ၂၀၇ |

## နိဒါန်း

Sir Henry Rider Haggard မှာ အင်္ဂလိပ် ဝတ္ထုရေး ဆရာကြီးများအနက် မြန်မာစာဖတ် ပရိသတ်တို့ ရှေးဦးစွာ မြည်းစမ်း၍ အရသာတွေ့သည်ဟု ဆိုရမည့် စာရေးဆရာကြီး ဖြစ်ပေသည်။ အကြောင်းမူကား ၁၉၁၇ ခုနှစ်တွင် ရန်ကုန်မြို့ သူရိယတိုက်မှ ထုတ်ဝေသည့် **ရှုပနန္ဒီ** ဝတ္ထုသည် ၎င်းဆရာကြီး၏ She ဆိုသော ဝတ္ထုမှ တိုက်ရိုက်ဘာသာပြန် မဟုတ်ဘဲ၊ ကျွန်ုပ်၏ စိတ်ကူးဉာဏ် ဖွက်ဖက်ရောယှက်ကာ၊ ကာလ ဒေသ ပြောင်းရွှေ့ စီရင်လိုက်သည့် ဝတ္ထုပင် ဖြစ်ပေသော ကြောင့်တည်း။

ထိုအချိန်မှစ၍ ၎င်းဆရာကြီး၏ ဝတ္ထုသွားများသည် မြန်မာ စာဖတ်ပရိသတ်အဖို့ ခံတွင်းတွေ့သည်ဟု ရိုပ်မိကြ





သည့်အတိုင်း အခြားသော ပုဂ္ဂိုလ်များသည်လည်း ထိုဆရာကြီး၏ အခြားဝတ္ထုများကို တိုက်ရိုက်နည်းဖြင့် ဘာသာပြန်ဆိုကြသည်ဖြစ်ရာ၊ ယခုအခါတွင် ကုန်လုနီးပါး ရှိလာက်ပေပြီ။ နောက်ဆုံးပေါ် စာရေးဆရာများအနက် ရွှေတန်းသို့ အမြန်ဆုံး ရောက်သည်ဟု ဆိုသင့်သည့် သော်တာဆွေကမူ ရိုက်ဒါ ဟက်ဂတ်၏ ဝတ္ထုများ အနက်တွင် Ivory Child (အိုင်ဗိုရီ ချိုင်းလ်) ဝတ္ထုသည် အဆန်းကြယ်ဆုံး ဖြစ်၍ အနှစ်သက်ဆုံး ဖြစ်သည်ဟု ဝန်ခံချက် ပေးဖူး၏။ မဂ္ဂဇင်း ဝတ္ထုတိုဆရာများ အနက်တွင် ယခုအချိန်အဖို့၌ ခေတ်အစားဆုံးသော "ကလောင်ငယ်" တစ်ချောင်း ဖြစ်သည့်အလျောက်၊ ၎င်း၏ ထင်မြင်ချက်ကို ထည့်သွင်း ဖော်ပြရခြင်း ဖြစ်၏။ သော်တာဆွေ ကိုယ်တိုင်မှာလည်း များစွာ အောင်မြင် တွင်ကျယ်ပြီးမှ ကွယ်ပျောက်သွားခဲ့သည့် "ပဒေသာ" မဂ္ဂဇင်းကို ကြီးကြပ် စီမံခဲ့သူတစ်ဦး ဖြစ်ပါပေသည်။

Ivory Child (အိုင်ဗိုရီချိုင်းလ်) ဝတ္ထုကို ဘာသာပြန်ဆိုရာ၌ ကျွန်ုပ် တစ်ဦးတည်း မဟုတ်ပေ။ စာအုပ်များ အလွန်ရှားပါးလှ၍ လိုသောစာအုပ်ကို ကံကောင်းမှ ရနိုင်သော ဤခေတ်တွင် ဘီအေ ဘီအယ်(လ်) ပုဂ္ဂိုလ်ကြီး တစ်ဦးက Ivory Child ကို အပျင်းပြေ ဘာသာပြန်ဆိုထားသည်တွင်၊ ကျွန်ုပ်နှင့် သော်တာဆွေတို့က ခေတ်ဝတ္ထု စကားအသုံးအနှုန်း စည်းကမ်းကျနစေခြင်းငှာ ဖြည့်စွက်ချောမောပြုပြင် စီရင်ခဲ့ကြခြင်း ဖြစ်သောကြောင့်၊ စင်စစ်အားဖြင့် သုံးဦးစပ် "ပြန်ဆိုချက်" ဟူ၍ အသိအမှတ် ပြုသင့်ပေသည်။

ရိုက်ဒါဟက်ဂတ်နှင့် အလက်ဇန္ဒာဒူးမားတို့မှာ ရင်ဖိုသည်းလှိုက် ဘဝင်ခိုက်အောင် လန့်ဖျပ်ခြင်း အလုပ်တွင်

ကမ္ဘာ့ထိပ်တန်း တင်ကြသည့် ဝတ္ထုရေး ဆရာကြီးများ ဖြစ်ကြရုံသာမက၊ ၎င်းတို့၏ ဝတ္ထုများမှာလည်း မြန်မာစာဖတ်ပရိသတ်တို့ ပြည်းဖူး၍ ခံတွင်းတွေ့ပြီး ဖြစ်သည့်အလျောက်၊ ယခု နောက်ဆုံး ပေါ်ထွက်သည့် Ivory Child (အိုင်ဗိုရီချိုင်းလ်) ဝတ္ထုသည် မြန်မာခံတွင်း တွေ့ခြင်း အရာတွင် "နောက်ဆုံးပိတ်၊ အိတ်နှင့်လွယ်" ဆိုကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသတည်း။

ရွှေဥဒေါင်း

၁၉-၁-၅၂

အခန်း ၁

## အယ်လင်၏ ဇွမ်းရည်

ကျွန်ုပ် အယ်လင်သည် ကျွန်ုပ်၏ တစ်သက်တွင် အထူးဆန်းဆုံးသော ကိုယ်တွေ့ အဖြစ်အပျက်များကို အားလုံးသော သူများ၏ ဗဟုသုတ အလို့ငှာ ဤမှတ်စုကို ရေးသားခဲ့ပါကြောင်း။

ကင်ဒါခေါ် အသားစား လူနက်မျိုးများနှင့် စစ်ထိုးခဲ့ရခြင်းများ၊ ၎င်းတို့ ကိုးကွယ်သော "ဂျန" ခေါ် ဆင်ပေါက်ကြီး၏ ရန်ကို နှိမ်နင်းခဲ့ရခြင်းများမှာ အဘယ်မျှလောက် အသည်းထိတ်ဖွယ်ကောင်း၍ အသက်ဆံဖျားမည်မျှလောက် ရွှန်းစားခဲ့ရသည်များကို ကျွန်ုပ်၏ ဤမှတ်စုကို ဖတ်ကြည့်ခြင်းအားဖြင့် သိရှိရပါလိမ့်မည်။ ကျွန်ုပ် ကိုယ်တွေ့ အဖြစ်အပျက်များတွင် ဥာဏ်ဖြင့် မတွေးတောနိုင်လောက်အောင် ထူးဆန်းခြင်းမှာ ဤလူရိုင်းများ ကိုးကွယ်သော ဆင်ပေါက်ကြီးပင် ဖြစ်ပါ၏။ ထိုသတ္တဝါကြီးမှာ ကေန်စင်စစ် အဟိတ်တိရစ္ဆာန် ဆင်ကြီးပင်လော၊ သို့တည်းမဟုတ် အဟိတ် တိရစ္ဆာန်များထက် သာလွန်၍ တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသော သတ္တဝါတစ်မျိုးပင်လောဟု ခွဲခြား၍ သိရှိရန် လွန်စွာ ခဲယဉ်းပါသည်။

ကျွန်ုပ်သည် အိန္ဒိယတိုင်းဖွား ဂေါတမဘုရား ဟောကြားခဲ့ဖူးသော ဇာတ်ပေများကို ဖတ်ရစဉ် မြေလျှိုးမိုးပျံနိုင်သော ဆင်မျိုးများကို ဖတ်ဖူးပါ၏။ သို့သော် ယခုဆင်ကြီးမှာ ကျွန်ုပ်၏ မျက်မြင်ကိုယ်တွေ့ဖြစ်၍ ထူးခြားသော ဥာဏ်၊ စဉ်းလဲသော စိတ်တို့ဖြင့် ပြည့်နက်ပြီးလျှင် သာမန် တိရစ္ဆာန်တို့နှင့်

လုံး၀ မတူ၊ အံ့မှုအရာ ကွဲပြားသော တကယ့် ဆင်ဆိုး၊ ဆင်ရိုင်းကြီးပင် ဖြစ်ပေ၏။

ထို့ပြင် ယခု ဤမှတ်စုကို ဖတ်သော သူ၏ စိတ်ထင်မြင်သည့် အတိုင်း ကင်ဒါလူမျိုးတို့၏ ကိုးကွယ်သော အယူ၀ါဒ၊ အတတ်ပညာများနှင့် ပတ်သက်၍ ထွေးတော ဝေဖန်ချက်များကို ပြုလုပ်နိုင်ပါသည်။ ၎င်းလူမျိုး တို့၏ မှော်အတတ် ပညာများမှာ မည်မျှလောက် ထက်မြက်၍ မည်မျှ လောက် စွမ်းဆောင်နိုင်ပြီးလျှင် မည်မျှလောက် မှန်ကန်ကြောင်းကိုလည်း မိမိ၏ စိတ်သဘောအလျောက် ယုံကြည်ခြင်း၊ ပစ်ပယ်ခြင်းများကို ပြုလုပ် နိုင်ပါကြောင်း၊ ကျွန်ုပ်မှာ စကား အပိုအလို မပါဘဲ ကျွန်ုပ်၏ မျက်မြင် ကိုယ်တွေ့များကိုသာ ရေးသားပါအံ့။ အကယ်စင်စစ် ထိုမှော်ပညာမှာ ဤလောကနှင့် ရှိသည် မှန်ပါက ၎င်းတို့၏ အတတ်ပညာမှာ တကယ် စွမ်းပါ ပေသည်ဟု ကျွန်ုပ် ဝန်ခံရန် အသင့်ရှိသော်လည်း လုံး၀ မှန်ကန်သည် ဟု ကျွန်ုပ် မယူဆပါ။ ကျွန်ုပ်၏ ကိုယ်တွေ့ သက်သေခံ နမူနာတစ်ခု တင်ပြရမည် ဆိုပါက ကင်ဒါလူဖြူမျိုးတို့၏ သာသနာပိုင် ဖြစ်သော ဟာရန့်င် မရုတ်ိုသည် ၎င်းတို့၏ မှော်ပညာဖြင့် ရန်သူဖြစ်သော ဆင်ရိုင်းကြီး "ဂျုန"ကို ကျွန်ုပ်၏ လက်ချက်ဖြင့် သေနိုင်မည်ဟု ထင်မြင်သည့်အတွက်၊ ၎င်းတို့၏ လျှို့ဝှက်စက်ခဲသော နိုင်ငံသို့ ကျွန်ုပ်အား လာရောက်ရန် ဖိတ်ကြားခြင်း ဖြစ်ပေ၏။ သို့သော် ၎င်းဆင်ကြီးမှာ ကျွန်ုပ်၏ တပည့်ရင်း "ဟင်" ၏ လက်ချက်ဖြင့် အသက်ဆုံးရှုံးရခြင်း ဖြစ်ပါသည်။

ကျွန်ုပ် အယ်လင်သည် အာဖရိကတောင်ပိုင်း အင်္ဂလိပ် ဘုရင်မင်း မြတ်၏ အလံတော်အောက်ရှိ ဒါဘင်မြို့၌ လာရောက် နေထိုင်သည်မှာ နှစ်ပေါင်း နှစ်ဆယ်ခန့် ကြာမြင့်ခဲ့ပေပြီ။ ကျွန်ုပ်၏ ဝါသနာမှာ တောလိုက် ခြင်း၊ စွန့်စားခြင်း၊ သူတစ်ထူး မလုပ်ရဲ မသွားရဲသော ခရီးကန္တာရများကို သွားလိုခြင်းဖြင့် ပြည့်နှက်နေပေရာ၊ အာဖရိကတိုက်ကြီးမှာ ဤကဲ့သို့ သွားလာ နေထိုင် လုပ်ကိုင်နိုင်ရန် အထူးသင့်လျော်သော ဒေသကြီးပင် ဖြစ်ပေ၏။





ကမ္ဘာပေါ်တွင် အကျယ်ဆုံးသော သဲကန္တာရ၊ လူသူမရောက် သားရဲတိရစ္ဆာန် များနှင့် ပြည့်နှက်နေသော တောတောင် ဂနိုင် စိမ့်စမ်း မြိုင်ကြီးများ၊ တသွင်သွင် စီးဆင်းလျက်ရှိသော မြစ်ကြီးများ၊ ထောင်ထောင်မောက်သော ချောင်း၊ မြောင်း၊ ကမ်းပါးတို့တွင် မိချောင်းများ ပျော်ပါး ကျက်စားရာ ဌာနကြီးတို့ဖြင့် ဝေဝေ ဆာဆာ တန်ဆာဆင်ထားသော အရပ်ဒေသကြီးပင် ဖြစ်သည့်အတွက်၊ မိမိ အသက်ကို မငဲ့ကွက်သော ကျွန်ုပ်ကဲ့သို့ ဗိုက်ရှုးရဲ လူတစ်စုအဖို့ အသင့် လျော်ဆုံး၊ ပျော်မွေ့ဖွယ်ရာ အကောင်းဆုံးသော အရပ်ဒေသကြီးပင် ဖြစ်ပေ ၏။ ဥရောပ လူဖြူမျိုးတို့၏ အလံတော် အရိပ်ကျရာ အရပ်မှလွဲ၍ အားလုံး သော တိုင်းရင်းသားတို့မှာ သားစိမ်း၊ ငါးစိမ်း စားများ ဖြစ်ပြီးလျှင် တစ်မျိုး နှင့်တစ်မျိုး စစ်ထိုးခြင်း၊ တိုက်တဆိတ် သတ်ဖြတ်ခြင်း၊ လုယက်ခြင်း၊ လူသားစားခြင်း အစရှိသော အလေ့ဝါဒဆိုးတို့ဖြင့် ပြည့်နှက်နေသောကြောင့် အာဖရိကတိုက်မှာ ယဉ်ကျေးသော လူမျိုးတို့ ရောက်ပေါက် နေထိုင်ရန် အလွန်ခဲယဉ်းသော ဒေသကြီးဖြစ်ပါ၍၊ ၎င်းအာဖရိက တိုက်ကြီးကို ကမ္ဘာ၏ အလင်းရောင် မသမ်းဘဲ ရိုင်းချင်တိုင်းရိုင်း၊ ဆိုးချင်တိုင်း ဆိုးပြီးလျှင် ပဋ္ဌာရှစ် အရပ်ဆိုးကြီး အဖြစ်ဖြင့် ယခုတိုင် တည်မြဲလျက် ရှိပေသည်။

စက်တင်ဘာလ ၆ ရက်နေ့သည်ကား အလွန် ပျင်းရိဖွယ် ကောင်း ပေ၏။ ကျွန်ုပ်သည် ထိုနေ့အဖို့ ဘာအလုပ်မျှ မရှိသောကြောင့် မြို့၏ အစွန်ဖြစ်သော ကျွန်ုပ်၏ အိမ်၌ ပက်လက် ကုလားထိုင်ပေါ်တွင် ထိုင်ကာ ထွေရာလေးပါးတို့ကို စိတ်ကူးလျက် ရှိပေသည်။ အနောက်ဘက် တစ်ခွင်ဆီမှ မိုးသားများ အုံ့ဆိုင်းလျက် လေနုအေးကလေးသည် သာယာစွာ တိုက်ခတ်ပြီး နေသည့် အချိန်တွင်၊ ကျွန်ုပ်မှာ အမိနိုင်ငံဖြစ်သော အင်္ဂလိပ်နိုင်ငံကြီးကို အထူး အောက်မေ့ သတိရလျက် ရှိပေ၏။

ထိုအခိုက် စာပို့တိုင်းရင်းသား တစ်ယောက်သည် အိမ်၏ ခြံတံခါး၀ မှ ကျွန်ုပ်၏ နာမည်ကိုခေါ်ကာ စာပါလာကြောင်း ပြောသောကြောင့် ဝမ်းမြောက်ဝမ်းသာနှင့် လျှင်မြန်စွာ စာကို သွားရောက် ယူငင်ပြီး ဖတ်ရှုရာ၊

အင်္ဂလန်နိုင်ငံတွင် ကျွန်ုပ်၏ အလွန်ရင်းနှီးသော မိတ်ဆွေ "စကု" ထံမှ မိမိသည် မကြာမီ "မင်နာ" ခေါ် အပျိုချောကလေးနှင့် လက်ထပ်မည်ဖြစ်၍ အမြန်ဆုံး လာရောက်ရန် ဖိတ်ကြားသောစာ ဖြစ်နေသဖြင့် ကျွန်ုပ်မှာ ဝမ်းမြောက်၍ မဆုံးနိုင်တော့ပါ။ "ငိုချင်ရက် လက်တို့" ဆိုသလို ခရီးအလွန် သွားချင်နေသော ကျွန်ုပ်၏အဖို့မှာ ဝမ်းသာ၍ မဆုံးတော့ပါ။ မိမိ၏ ဒေသဖြစ်သော အင်္ဂလန်နိုင်ငံသို့ မရောက်သည်မှာ ကြာမြင့်ပြီဖြစ်သောကြောင့် ကျွန်ုပ်သည် အင်္ဂလန်နိုင်ငံသို့ အမြန်ဆုံး သင်္ဘောဖြင့် လိုက်လာခဲ့ပါသည်။

ကျွန်ုပ်၏ ဒေသဖြစ်သော အင်္ဂလန်ပြည်၏ မြေဖြူကမ်းခြေများကို မြင်ရသောအခါ မည်မျှလောက် ပျော်သည်ကို မိမိ၏ အရပ်မှ ကြာမြင့်စွာ ခွဲခွာ၍နေပြီး ပြန်လာသူတို့သာ သိပေမည်။

စကုသည် ကျွန်ုပ်၏ ကြေးနန်းအရ သူနှင့် လက်ထပ်မည့် မစ္စမင်နာနှင့်အတူ လာရောက် ကြိုဆိုနေကြပါသည်။ ဝမ်းမြောက်ဝမ်းသာ ကျွန်ုပ်အား သူ၏ အိမ်၌ တည်းခိုရန် တောင်းပန်သောကြောင့် စကု၏ မိတ်ဆွေ ညီသည်အဖြစ်ဖြင့် နေထိုင်ရပါတော့သည်။

လန်ဒန်မြို့ရှိ ကျွန်ုပ်၏ မိတ်ဆွေများ လာရောက် တွေ့ဆုံခြင်းများကြောင့် မအားတော့ပါ။ ရောက်၍ မကြာမီ တစ်နေ့၌ စကုက ကျွန်ုပ်အား သူ၏ မိတ်ဆွေ ဖြစ်သော ရင်နယ်ခေါ် မြို့စားကလေး၏ ရဲတိုက်ကြီးကို သွားရောက်လည်ပတ်ရန် အကြံပေးပါသည်။ ၎င်း မြို့စားလေးနှင့် ရဲတိုက်ကြီးမှာ အထူးသဖြင့် ဘီလပ်တွင် ထင်ရှားသောကြောင့် သွားရောက်လည်ပတ်ရန် သဘောတူညီလိုက်ပါသည်။

ကျွန်ုပ် သွားရောက် လည်ပတ်မည့် အကြောင်းကို ကြိုတင်၍ သတင်းရထားသည့်အတိုင်း မြို့စားကလေးမှာ ကျွန်ုပ် တောလိုက် ဝါသနာပါခြင်းကို စကု ပြောချက်အရ သိပြီး ဖြစ်နေ၍၊ နောက်တစ်နေ့တွင် မိမိရဲတိုက် ပတ်ဝန်းကျင်ရှိ တောထဲတွင် ဒါ ပစ်ရန် ကျွန်ုပ်နှင့် စကုကို ဖိတ်ကြားပါသည်။





နောက်နေ့တွင် ကျွန်ုပ်တို့ နှစ်ယောက်မှာ ခပ်ဆောဆောပင် မြင်းရထားနှင့် ထွက်လာ၍ အလွန်ရှေးကျ၍ ခံ့ညားသော ရဲတိုက်ကြီး၏ အဝတွင် ရပ်ကြ၏။ ကျွန်ုပ်သည် ရထားပေါ်က ဆင်းလျှင် ဆင်းချင်း ခမ်းနားသပ်ရပ်သော ကတ္တီပါအင်္ကျီကို ဝတ်ဆင်ထားသည့် လူဝကြီးတစ်ယောက်သည် ဣန္ဒြေကြီးစွာဖြင့် ကျွန်ုပ်ထံသို့ လာသည်ကို တွေ့မြင်ရလေသည်။

စကု။ ။'ယခု လာသူဟာ မြို့စားကလေးရဲ့ အမဲလိုက်မှူးဖြစ်တယ်။ ကောင်းကောင်း သတိထားပြီး စကားပြောပါ'

ကိုယ်ကို ညွတ်၍ ကျွန်ုပ် ရပ်နေ၏။

အမဲလိုက်မှူး။ ။'ခင်ဗျား အယ်လင် ဟုတ်ပါစ' (အသံပြာကြီးဖြင့် မေးသည်)

ကျွန်ုပ်။ ။'ဟုတ်ပါတယ်'

အမဲလိုက်မှူး။ ။'မြို့စားကြီးက ဒီသေနတ်ကို ခင်ဗျားအား ပေးလိုက်ပါတယ်။ (သေနတ်ကို ထုတ်၍ ပေးသည်) သို့သော် သတိနှင့် ကိုင်ပါလေ။ သေနတ်ပြောင်းကို အောက်စိုက်ပြီး ကိုင်ပါ'

ကျွန်ုပ်မှာ ထိုအမဲလိုက်မှူး၏ မိကျောင်းမင်း ရောက်ပြ စကားကို အထူး ရွံရှာမိတော့၏။ ကျွန်ုပ်ကဲ့သို့ မွေးကတည်းက သေနတ်ကိုင်လာသူ မုဆိုးတစ်ဦးအား သေနတ်ကိုင်ပုံ ကိုင်နည်း သင်နေခြင်းမှာ အထူးပင် ခံပြင်းစရာ ကောင်းပေတော့၏။

ပြော်၍ မသိသား ဆိုးရှားလေစွ။ ထိုအခိုက်တွင် ရဲတိုက်ကြီး၏ အစွန်းဘက်မှ မြို့စားကလေး ရင်နယ် ရုတ်ခြည်းပေါ်လာလေ၏။

ရင်နယ်။ ။'ဂျကင်း မင်းအလုပ်ကို မင်း လုပ်ပါ။ ဒီက မိတ်ဆွေ တစ်ဦးကို သေနတ်အကြောင်း ဘာမှ ပြောဖို့ရာ မလိုဘူး။ ခြသေ့တွေ ဆင်တွေ ပစ်နေတဲ့ သူပဲ'

အမဲလိုက်မှူး။ ။'အထူးတောင်းပန်ပါတယ်။ သို့သော်လည်း ခြသေ့နှင့် ဆင်ဟာ ဘယ်အခါမှ ကောင်းကင် မပျံပါ။ ယခု ကောင်းကင်ပျံတဲ့ ငှက်ကို ပစ်တဲ့အခါမှာ ငှက်ပစ်နည်း တတ်မှသာ ဖြစ်ပါသည် ဘုရား'

ရင်နယ်။ ။'လျှာမရှည်နဲ့ သွားတော့။ တောခြောက်တဲ့ကောင် တွေ အမြန်စိစဉ်လိုက်'

ထိုနေ့မှာ မြို့စားကလေးနှင့် ကျွန်ုပ်တို့ အထူး ပျော်ရွှင်သောနေ့ ဖြစ်ပေသည်။ ကျွန်ုပ်၏ လက်စွမ်းကို မြို့စားကလေး မြင်ရပေပြီ။ ဆယ် ကောင်ပစ်လျှင် ရှစ်ကောင် မှန်သောလက်မှာ အထူးဖြောင့်သော လက် ဖြစ်ပေသည်။ မြို့စားကလေးမှာ ကျွန်ုပ်၏ လက်ဖြောင့်ခြင်းကို ချီးမွမ်း၍ မကုန်တော့ပါ။ တောလိုက်ဝါသနာပါသော မြို့စားကလေးမှာ ကျွန်ုပ်နှင့် အထူးခင်မင်သော မိတ်ဆွေဘဝသို့ တစ်နေ့တည်းနှင့်ပင် ရောက်သွားပါ တော့သည်။

(စာဖတ်သူတို့ သိသင့်သည့်အတိုင်း မြို့စားကလေး၏ အကြောင်းကို အနည်းငယ် ဖော်ပြပါအံ့။)

မြို့စားကလေး၏ ရုပ်ရည် ရူပကာယမှာ အထူးယောကျ်ား ပီသ ပါပေသည်။ ကိုယ်ထည် ကိုယ်ဝါ ထွားကျိုင်း၍ တည်ကြည်ခံ့ညား၏။ ယောကျ်ားတို့၏အင်္ဂါနှင့် အထူးပင် ညီညွတ်၏။ မိန်းမတို့မြင်လျှင် စွဲမက် လောက်အောင် ချောလှ၏။ ကျယ်ဝန်းနက်ပြောင်သော မျက်လုံးကြီးများမှာ ကျက်သရေ ရှိလှပါပေ၏။ အောက်စဖို့ တက္ကသိုလ်၌ အပြေးအလွှား၊ အခုန်အပေါက်၊ ရေကူး၊ လှေလှော်ဘက်တွင် အထူးကျော်ကြားခဲ့၏။ မိဘ ရိုးရာကို စောင့်ရှောက်၍ အကျင့်သီလနှင့်လည်း ပြည့်စုံ၏။ ပစ္စည်းဥစ္စာ ရတနာ ရွှေငွေမှာလည်း ချမ်းသာပါပေ၏။

မြို့စားကလေးမှာ အီလပ်နိုင်ငံတွင် ပြိုင်ဘက်ကင်းလောက်အောင် လှသော မစ္စဟုံးနှင့် ကြောင်းလမ်းထားသူ ဖြစ်၍၊ မစ္စဟုံးမှာ အင်္ဂလန်နိုင်ငံတွင် အထက်တန်းကျသော မှူးမတ်မျိုးမှ ဆင်းသက်သူကလေး တစ်ဦး ဖြစ်ပေ သည်။ အပြောအဆို အယဉ်အကျေးမှာ အထူးဖော်ပြရန် မလိုတော့ပေ။

ဖော်ပြခဲ့သည့်အတိုင်း မြို့စားကလေးမှာ ကျွန်ုပ်နှင့် အလွန် ခင်မင် ရင်းနှီးလာသည့်အလျောက်၊ မကြာမီအတွင်း မိမိ၏ ဇနီးလောင်း မစ္စဟုံးနှင့်





မိတ်ဆက်ပေးရန် မိမိ နေထိုင်သော ရဲတိုက်သို့ လာရောက်ရန် ကျွန်ုပ်အား ဖိတ်ကြား၏။ မလွဲမကင်းသာသည့်အတိုင်း မစ္စဟုံးတို့ ရောက်မည့်နေ့တွင် ကျွန်ုပ် လာရောက်ရန် သဘောတူညီ လိုက်ရပါတော့၏။

၇ ရက်ခန့် ကြာသောအခါ မြို့စားကလေး၏ ရထားသည် ကျွန်ုပ် တည်းအိမ်ပေါက်သို့ ရောက်နေ၏။ မစ္စဟုံး ရောက်ရှိနေသည့်အတွက် ကျွန်ုပ် အား အခေါ်နိုင်းလိုက်ခြင်းပင် ဖြစ်၏။ အဝတ်အစား လဲလှယ်ပြီး ရထားနှင့် လိုက်သွားရပါတော့သည်။

ရဲတိုက်သို့ ရောက်သောအခါ မြို့စားကလေးနှင့် မစ္စဟုံး သားအမိ တို့မှာ ကျွန်ုပ်၏ အလာကို မျှော်လင့်စောင့်စားကာ ရဲတိုက်ကြီး၏ ခန်းမကြီး ထဲတွင် ထိုင်လျက် စကားပြောနေကြ၏။ ကျွန်ုပ်အား မစ္စဟုံးသည် အထူး မျှော်လင့်နေပေ၏။ ခင်ပွန်းလောင်းက ကျွန်ုပ်၏ နေထိုင်ရာ အရပ်နှင့် အလုပ်အကိုင်များကို ပြောထားနှင့်ပြီး ဖြစ်၍၊ ကျွန်ုပ်အား လွန်စွာပင် တွေ့လို သော လက္ခဏာ ရှိပေသည်။ မစ္စဟုံးမှာ နာမည် ကျော်ကြားသလောက် ရက်ရက်စက်စက် လှပါပေသည်။ စိုပြည်သော အသားမှာ လည်ပင်းတွင် ဆွဲထားသော ပုလဲကြိုးနှင့် အထူးပင် ပနံရလှပေ၏။

မစ္စဟုံး။ ။'ကျွန်မဖြင့် ရှင့်အကြောင်း ကြားကတည်းက တွေ့ချင် လွန်းလို့ တမျှော်တည်း မျှော်နေပါတယ်'

ကျွန်ုပ်။ ။'တွေ့ရတာ ဝမ်းသာပါတယ်။ ဒီက မြို့စားကြီးနှင့် ပတ်သက်ပြီး ယခုလို တစ်ယောက်နဲ့တစ်ယောက် တွေ့ရ သိရတာ ဝမ်းသာ လို့ မဆုံးနိုင်ပါ'

ရင်နယ်။ ။'မစ္စဟုံးကဖြင့် ခင်ဗျားအကြောင်း ပြောကတည်းက ခင်ဗျားကို အထူးတွေ့ချင်နေတာပဲ။ ခင်ဗျားရဲ့ အာဖရိကတိုက်မှာ တွေ့ကြုံ ရတဲ့ အဖြစ်အပျက်ကို သူက သိပ်ကြားလိုတာပဲ'

မစ္စဟုံး။ ။'ဟုတ်တယ်ရှင်၊ ကျွန်မဟာ အာဖရိက အကြောင်း ကို ဘယ်လို စိတ်စွဲနေမှန်းလည်း မသိဘူး'

ကျွန်ုပ်။ ။ 'ဟုတ်ကဲ့၊ စိတ်ထဲ စွဲမယ်ဆိုရင် စွဲလောက်စရာပဲ။ ဒီအာဖရိက နိုင်ငံကြီးဟာ အခြားနိုင်ငံတွေနဲ့ မတူတဲ့ အချက်တွေ အများကြီး ရှိတာပဲ။ ကမ္ဘာကြီးတစ်ခုလုံး အမျိုးမျိုး ပြောင်းလဲနေသော်လည်း အာဖရိကကြီးဟာ ဘာမှ မပြောင်းလဲဘူး။ ဥရောပ—ဥရောပတိုက်ကြီးရဲ့ နိုင်ငံရေး အရှုပ်အထွေးတွေဟာ အာဖရိကတိုက်ဘက်ကို မကူးခဲ့ဘူး။ ကမ္ဘာ၏ ယဉ်ကျေးမှုတွေဟာ အာဖရိကတိုက်ကို ဥပေက္ခာ ထားကြတယ်။ ကမ္ဘာ၏ ကြီးကျယ်တဲ့ ဘာသာတရားကြီးတွေဟာ အာဖရိကကြီးကို မေ့ထားကြတယ်။ ဒီတော့ အာဖရိကကြီးဟာ အမိုက်ဆုံး၊ အမှောင်ဆုံး၊ အောက်တန်းအကျဆုံး ပြည်ကြီး ဖြစ်နေတာပေါ့'

မစ္စဟုံး။ ။ 'ရှင်ပြောတဲ့ အကြောင်းတွေကြောင့် ဒီပြည်ဟာ လောကကြီး တစ်ခုလုံးထဲမှာ အထူးခြားဆုံး၊ အဆန်းကြယ်ဆုံး ဖြစ်နေတာပေါ့။ ကျွန်မဟာ တစ်နေ့နေ့ ဒီပြည်ကြီးကို ရောက်ရမယ်လို့ စိတ်ထဲမှာ စွဲလမ်းနေတာပဲ'

ရင်နယ်။ ။ 'မဟုတ်တာတွေ ပြောမနေပါနဲ့။ ဟုံးတို့လို မိန်းမသား နုနုနယ်နယ် ကလေးတွေနဲ့ ဘယ်တော်နိုင်ပါ့မလဲ'

ဟုံး။ ။ 'ကျွန်မဟာ ဘာကြောင့်လဲ မဆိုနိုင်ဘူး။ အဲဒီ ဒေသကြီးကို ပဲ သွားချင်တဲ့စိတ်၊ ခင်မင်တဲ့စိတ်တွေ ရှိနေတာပဲ'

ကျွန်ုပ်တို့မှာ ထိုအာဖရိကတိုက်ကြီးနှင့် ပတ်သက်၍ အထူးပင် စကားလက်ဆုံ ဝင်နေကြပေ‌ာ့၏။ မစ္စဟုံးမှာ မည်မျှလောက် ၎င်းပြည်ကြီး စွဲမက်သည်ကို ပြော၍ မပြနိုင်တော့ပါ။ ကျွန်ုပ်ကိုပင် မိမိ၏နေရင်း ဒါဘင်မြို့သို့ မပြန်မီ မြို့စားကလေး၏ ရဲတိုက်ကြီးတွင် အတူနေရန် တိုက်တွန်းပါတော့၏။ မစ္စဟုံး၏ အာသာဆန္ဒကို သိသည့်အတိုင်း မြို့စားကလေးကပါ အမျိုးမျိုး တောင်းပန်သောကြောင့် ကျွန်ုပ်မှာ မငြင်းသာတော့ဘဲ၊ မြို့စားကလေးတို့နှင့် မပြန်မချင်း အတူနေရန် သဘောတူညီလိုက်ရပါတော့သည်။

အခန်း ၂

## ဟာရု နှင့် မရု

နောက်တစ်နေ့ နံနက်၌ မြို့စားကလေး အိမ်သားတစ်စုနှင့် ကျွန်ုပ်မှာ ချမ်းအေးသောရာသီ ဖြစ်သည့်အတိုင်း ရဲတိုက်ကြီး၏ လုံရာအခန်းထဲတွင် စပ်မိစပ်ရာ တွေ့ရာလေးပါး စကားများ ပြောနေကြရာ၊ မြို့စားကလေး၏ လူယုံတော် တာပည့်ရင်း ဆာဖိတ်သည် ကျွန်ုပ်တို့ လူစုရှိရာသို့ ရုတ်တရက် လာရောက်ကာ 'ဒီအိမ်မှာ မစ္စတာမိန်း ဆိုတဲ့လူ ရှိပါသလား' ဟု မဆီမဆိုင် လာရောက် မေးမြန်း၏။ မြို့စားကလေးသည် မိမိတာပည့်ကို (စူးရှသော မျက်လုံးဖြင့် ကြည့်၍) 'မင်း ပေါက်ပေါက်ရှာရှာ ဘာမေးတာလဲ၊ မူးနေသလား' ဟု မေးလိုက်၏။

ဆာဖိတ်။ ။ 'မမူးပါဘူး သခင်၊ ယခု ဝင်းထဲမှာ အရှေ့နိုင်ငံသားတို့ အလေ့အတိုင်း အဝတ်ဖြူဖြူနဲ့ ပေါင်းထုပ်ကြီးများ ဆောင်းထားသူ ကုလားဖြူ နှစ်ဦး ရောက်နေပါတယ်။ ထိုသူများက ၎င်းအမည်နှင့်တူသူ သခင့်အိမ်၌ ယခု တည်းခိုနေကြောင်း ပြောပါတယ်။ ကျွန်တော်မျိုးက ဒီအမည်မျိုးနှင့် တူသူ ဒီအိမ်မှာ မရှိ။ အိမ်ဝင်းအတွင်းမှ ချက်ချင်း ထွက်သွားလို့ ပြောသော်လည်း မရပါ။ ကုလားဖြူများက ဒီလူရှိကြောင်း ခွတ် အတင်းပြောပြီး မြက်ခင်းပေါ်တွင် ထိုင်စောင့်နေကြပါတယ်'

ရင်နယ်။ ။ 'ဒါဖြင့် ဒီကုလားနှစ်ကောင် ချုပ်ထားလိုက်၊ ပုလိပ်လည်း အကြောင်းကြားလိုက်။ ဒီကောင်တွေ ငါမွေးထားတဲ့ ခါတွေကို ခိုးရအောင် လာတာထင်တယ်'

ကျွန်ုပ်။ ။ 'ခေတ္တ ဆိုင်းထားပါဦး၊ ဒီကုလားတွေဟာ ကျွန်တော့်ကို တွေ့လိုတယ် ထင်ပါတယ်။ ကျွန်တော်၏ အမည်ရင်းမှာ ကွာတာမိန်း ဖြစ်ပါသည်'

ဆာဖိတ်။ ။ 'ဒီကုလား နှစ်ဦးမှာ စုန်းတတ်ပါတယ်။ ကျွန်တော်မျိုးက ထွက်သွားလို့ ပြောတော့ ကျွန်တော်မျိုး အိတ်အတွင်းမှ ရှူး...ရှူး...ရှူး...ရှူး မြည်သံကြီး ကြားရပါသည်။ စမ်းသပ်ကြည့်တော့ ကျွန်တော်မျိုး အိတ်ထဲမှ မြွေကြီး ထွက်လာပြီး ချက်ချင်း ပျောက်ကွယ်သွားပါသည်။ ထမင်းချက် မိန်းကလေးက သူတို့ ကြည့်ပြီး ရယ်နေပါသည်။ ရယ်နေသည့် အခိုက် ဧရာမကြွက်ကြီး သူ့ဆံပင်ထဲမှ ထွက်လာပါသည်။ မိန်းကလေးမှာ ကြောက်အားပို၍ ငိုနေပါသည်'

ဆာဖိတ်၏ ပြူးကျယ်သော မျက်လုံး၊ ဣန္ဒြေကြီးသော မျက်နှာ၊ တုန်ယင်သော အသံတို့မှာ ကျွန်ုပ်နှင့် ရင်နယ် နှစ်ဦးအား မရယ်ဘဲ မနေနိုင်အောင် ဆွပေးသကဲ့သို့ ရှိသောကြောင့်၊ ကျွန်ုပ်တို့ နှစ်ဦးမှာ ပြိုင်တူ အသံထွက်၍ ရယ်မောမိကြပါသည်။ ကျွန်ုပ်တို့ ရယ်သံကြားရသော မစ္စဟုံးနှင့် အခြားဧည့်သည်များမှာ ဘယ့်အတွက် ရယ်ကြကြောင်း မေးကြသဖြင့် အကျိုးအကြောင်း ပြောပြ၍ အားလုံး ရယ်မောကြပါတော့သည်။

မစ္စဟုံး။ ။ 'ချောချော ဒီကုလားတွေ မျက်လှည့်ဆရာနှင့် တူတယ်။ အထဲခေါ်ပြီး မျက်လှည့် ပြခိုင်းရရင် မကောင်းဘူးလား'

ရင်နယ်။ ။ 'ဟုံး ကြည့်ချင်တယ်ဆိုရင် ခေါ်တာပေါ့။ ကဲ ဆာဖိတ်၊ ကုလားတွေ အထဲသွင်းလိုက်'

မကြာမီ ဆာဖိတ်သည် ကုလားနှစ်ဦးကို ခေါ်ကာ ဝင်လာလေ၏။ ဤအခါ၌ ဆာဖိတ်၏ အမူအရာမှာ အထူးပင် ရယ်ဖွယ်ကောင်းတော့၏။ ကုလားနှစ်ဦး၏ ရှေ့မှ ခြေလှမ်းကျဲကျဲ လှမ်းကာ၊ မိမိ၏ အိတ် နှစ်ဖက်ကို မြဲမြဲစွာ ဆုပ်၍ သုတ်သီးသုတ်ပျာ ဝင်လာနေ၏။ ဆာဖိတ်၏ မျက်နှာမှာ ဖြူဖပ်ဖြူရော်နှင့် သွေးများပင် ရှိဟန် မတူတော့ပေ။ 'ဟာရု၊ မာရု' ဟု





ကတုန်ကယင် အသံဖြင့် အော်ပြီးလျှင် ကပျာကယာ အခန်းတစ်နေရာသို့ သုတ်ခြေတင်တော့၏။

ပထမ ဝင်လာသူ ကုလားမှာ အကြီးနှင့် တူ၏။ အရပ်မြင့်၏။ အရှေ့နိုင်ငံ၏ အရိပ်အယောင်များ တစ်ကိုယ်လုံး လွှမ်းမိုးလျက် မျက်နှာထားကြီး၏။ ကောက်ချိတ်သော နှာတံ၊ ဖြူဖွေးသော မုတ်ဆိတ်၊ ထက်မြက်သော မျက်လုံးများ ရှိ၏။ စိတ်ထားတင်းမာ၍ လုပ်မိသော အလုပ်ကို သေသည့်တိုင် မလျှော့သောစွဲ ရှိပုံရ၏။ နောက်မှ လိုက်လာသော ဒုတိယလူမှာ အရပ်နိမ့်၏။ ပထမလူထက် အသက်ငယ်ပုံရ၍ သန်မာ၏။ ချိုပြုံးသော မျက်နှာထား၊ တောက်ပြောင်သော မျက်လုံးများနှင့် မုတ်ဆိတ်ကင်းသော မေးစေ့တို့မှာ ထိုသူ၏ ပျော်ရွှင်တတ်သော အတွင်းသဘောကို ထင်ရှားစေ၏။

၎င်းတို့၏ ဝတ်ပုံ စားပုံ အသွင်အပြင် အမူအရာမှာ ဆိုမာလီအရပ် အထက်တန်းစားများနှင့် တူ၏။ ထိုသူ နှစ်ဦးသည် ကျွန်ုပ်ရှိရာသို့ ရှေးရှု လာပြီးလျှင် လက်တွင် ပါလာသော ကြိမ်ကွပ်တောင်းများကို ချ၍၊ ကျွန်ုပ်အား မဟာမေဒင်များ ဘုရားရှိခိုးသကဲ့သို့ လက်ကို အပေါ်မြှောက်ကာ ရှေ့သို့ သုံးကြိမ် ကုန်းပြီး အရိုအသေ ပြုကြ၏။

၎င်းနောက် အကြီးဖြစ်သူက စ၍ ဟိန္ဒူဘာသာစကားနှင့် ပြောသည်မှာ (ထံအားလျော်စွာ ထိုဘာသာကို အာဖရိကနေစဉ် ကျွန်ုပ် အတော်တတ်ခဲ့၏။) 'ကျွန်ုပ် ကင်ဒါလူဖြူမျိုးတို့၏ သာသနာပိုင် ဖြစ်သော ဟာရုသည် အရှင့်အား အရိုအသေ ပြုပါ၏'။ ၎င်းနောက် အငယ်ဖြစ်သူက ဆက်၍ 'ကျွန်ုပ် ဂိုဏ်းထောက်ဖြစ်သော မရုသည် အရှင့်အား နှုတ်ဆက်ပါ၏။ အရှင့်အား တွေ့ရန် အလွန်ဝေးသော ခရီးမှ လာခဲ့ကြပါ၏'

၎င်းနောက် သံပြိုင်ဆိုကြသည်ကား–

'အို အရှင်၊ အရှင်သည် လူပင် ငယ်သော်လည်း ကြီးကျယ်သော ဉာဏ် ရှိပေသည်။ အရှင်၏ ရုပ်ချွေးသော အတိတ်ကာလနှင့် ကြီးကျယ်မြင့်မြတ်သော ပစ္စုပ္ပန်ကာလသည် မနှိုင်းယှဉ်နိုင်အောင် ကွာခြားပေသည်။ ကျွန်ုပ်တို့ နှစ်ဦးသည် အရှင်အား ရှာဖွေနေသည်မှာ ကြာမြင့်လှချေပြီတကား'

ဤကဲ့သို့ ပြောဆိုနေစဉ် အခန်းတွင်းရှိ လူအားလုံးမှာ မီးကိုရေနှင့် ငြိမ်းသွားသကဲ့သို့ တုတ်တုတ်မျှ မလှုပ်ကြပေ။

ကျွန်ုပ်။ ။ 'ကျွန်ုပ်ထံသို့ အဘယ်ကိစ္စအတွက် လာရောက်ကြသနည်း'

ဟာရ။ ။ 'ကျွန်ုပ် လာရောက်ရခြင်းမှာ ကျွန်ုပ်၏ လူမျိုးများအတွက် အရှင်၏ အကူအညီကို တောင်းခံရန် ဖြစ်ပါသည်။ အကူအညီအတွက် အရှင့်မှာ တစ်သက်လုံး သုံးမကုန် စားမကုန်လောက်အောင် ကျွန်ုပ်တို့ကလည်း ကျေးဇူးဆပ်ပါမည်။ ဘုရားငယ်၏ ကျွန်များ ဖြစ်ကြသော ကျွန်ုပ်တို့ ကင်ဒါ လူဖြူမျိုးများသည် အဆာမဟာန် လူအင်အား များပြားလှသော ကင်ဒါလူနက်မျိုးများနှင့် စစ်ဖြစ်၍ နေကြရပါသည်။ ၎င်းကင်ဒါ လူနက်မျိုးများသည် မကောင်းဆိုးရွား ယုတ်မာကြမ်းကြုတ်သော ဗိညာဉ်တစ်ခုကို ကိုးကွယ်ကြပါသည်။ ၎င်းဗိညာဉ်မှာ သာမန်ဆင်များထက် အလွန် ကြီးမားလှသော ဆင်ကြီး၏ ကိုယ်တွင် ကိန်းအောင်းကာ ကျွန်ုပ်တို့ အမျိုးသားများကို မကြာခဏ သတ်ဖြတ်ညှဉ်းဆဲလျက် ရှိပါသည်။ ထို့ပြင် ကျွန်ုပ်တို့၏ အသက်သွေးခဲ ကောက်ပဲသီးနှံ အဆံအညှောက် အတောင့်မကျန် ဖျက်ဆီးလျက် ရှိပါသည်။ ဆင်ကိုယ်နှင့် ထိုဗိညာဉ်ကို အရှင်လတ်လတ် တွေ့ရသူတိုင်း သတ်သော်လည်း သေအောင် သတ်နိုင်သောသူ မပေါ်ပေါက်ခဲ့သေးပါ။ သို့သော် ကျွန်ုပ်တို့၏ ပညာအတတ်ဖြင့် စမ်းသပ်ကြည့်ရာတွင် ဤဆင်တု ဗိညာဉ်ကို အရှင်မှ တစ်ပါး နှိမ်နင်းနိုင်သူ မရှိဟူ၍ သိရပါသည်။ သို့သော် ကျွန်ုပ်တို့၏ ပညာအစွမ်းဖြင့် အရှင့်ထံသို့ ကျွန်ုပ်တို့ ယခု ရောက်ရခြင်း ဖြစ်ပါသည်။ အကယ်၍ အရှင့်သားသည် ကျွန်ုပ်တို့ကို ကူညီမည်ဆိုပါက မရေမတွက်နိုင်သော ဆင်စွယ်များကို ကျွန်ုပ်တို့က အရှင့်အားပေးရန် အသင့်ရှိပါသည်။ အရှင် လာရောက်မည် ဆိုပါက အရှင် ရောက်ခဲ့ဖူးသော ပွန်ဂိုလူရိုင်းများ နေထိုင်သည့် ရေအိုင် အလယ်ကျွန်းကြီးကို ဖြတ်၍ တစ်ဖက်ကမ်းရှိ သဲကန္တာရ ခရီးကြမ်းကို ဖြတ်သန်းကာ ကျွန်ုပ်တို့ နိုင်ငံသို့





လာရပါလိမ့်မည်။ အရှင်မှာ ထိုကန္တာရ ခရီးကြမ်းကို ဖြတ်သန်းဖို့ မလွယ်ကူသောကြောင့် အရှင် လာသောအခါ ၎င်းကန္တာရအစမှ သာမင်၊ ပြောင်၊ ဆင်၊ ခြသေ့ တွေ့သမျှ ပစ်ခတ်၍ ကျွန်ုပ်တို့အလာကို စောင့်မျှော်၍ နေပါလော့။ အရှင်သည် ကျွန်ုပ်တို့ထံ လာရမည်မှာ ကောန်အမှန် ဖြစ်ပါသည်။ အရှင်၏ မျက်နှာသည် မယုံလေဟန် ပြုံးရယ်သော်လည်း ကျွန်ုပ် ယခုပြောသော စကားကို မြဲမြဲစွာ မှတ်သားပါ။ ရွှေဖြစ်စေ၊ ဆင်စွယ်ဖြစ်စေ အလိုရှိသောအခါ အရှင် လာရမည် ဧကန် ဖြစ်ပါသည်။ လာသည့်အခါ ကျွန်ုပ်တို့၏ အမည်များကို ရေရွတ်ကာ သဲကန္တာရအစွန်းမှ စောင့်ပါလေ'

ဤကဲ့သို့ အကြီးဖြစ်သူ ဟာရ ပြောဆိုနေစဉ် ဘာမျှ စွက်ဖက်၍ မပြောသော မရသည် ဟာရ၏ စကားအဆုံး၌-

'ဟာရ၊ မရ အမည်များကို ခေါ်ပါလေ။ ကျွန်ုပ်တို့၏ ကတိစကား မှန် မမှန် စောင့်ကြည့်ပါတော့'

ဟု ပြော၏။

ကျွန်ုပ်သည် ထိုသူတို့၏ စကားကို ဝေဖန်ခြင်း မပြုနိုင်။ တစ်ခွန်းမျှ ပြန်၍ မပြောနိုင်ဘဲ တွေဝေ မိန်းမော၍ နေမိပေ၏။

ဟာရသည် သဒ္ဒါမမှန်၊ ဝါကျမမှန်သော ဖြတ်လမ်း အင်္ဂလိပ်စကားဖြင့် ပြောပြန်သည်မှာ-

'လူကြီး၊ မိန်းမကြီးများ ပိုက်ဆံအများကြီး ပေါ်တယ်နော်။ ကျွန်ုပ်တို့ ပိုက်ဆံ မရှိဘူး။ မှော်ဆရာကလေး မျက်လှည့်ပြမယ်၊ ဘာကြည့်မယ် ပြောပါ။ စားပွဲပေါ်မှာ သစ်ပင်ပေါက်တာ ပြမယ်နော်၊ ကြည့်ပါ'

ပြောပြောဆိုဆိုပင် ကျွန်ုပ်တို့ အခန်းတွင်းရှိ စားပွဲပေါ်သို့ မိမိတွင် ပါလာသော တောင်းများဖြင့် အုပ်လိုက်ရာ၊ အခက်အရွက် အစုံဖြင့် သရက်ပင်ကလေး တစ်ပင် စားပွဲအလယ်တွင် ပေါ်ပေါက်လာတော့၏။ ၎င်းနောက် တုတ်ချောင်းကလေးများ အလိုလို ကခြင်း၊ မရက တကူးကူး အသံပေးလိုက်ရာတွင် ဆေးဗူး အိတ်တွင်းမှ ဒုတိယ မြွေတစ်ကောင် ထွက်လာခြင်း၊

မြေမှာ စားပွဲပေါ်ရှိ ပန်းကန်ပြားအတွင်း ရွှေရေစည် အလိုအလျောက် မီးလောင်၍ ပျောက်သွားခြင်း အစရှိသည်တို့ကို ပြသသေး၏။ ၎င်းနောက် ဟာရုက—

'ဒါတွေဟာ လိမ်တယ် ရှိတယ်၊ မဟုတ်ဘူး ထင်တယ်နော်။ ဒီပြင် မျက်လှည့်ဆရာ အများကြီး ရှိတယ်နော်။ အများကြီး ပြနိုင်တယ်'

ဟု ဆိုနေစဉ်၊ ဟာရု၏ မျက်စိသည် ဆာဗိတ်၏ မျက်နှာသို့ စူးစိုက်လျက် ရှိ၏။ ထိုနောက် ဟာရုက—

'ညီငယ် မရ၊ ဟိုလူကြီး ဘာဖြစ်သလဲ၊ တွန့်လိမ်နေတယ်။ သွားကူညီပါ'

ဟု ပြောလိုက်၏။ မရသည် ဆာဗိတ် ရှိရာသို့ သွား၍ ဆာဗိတ်၏ ကျောထဲမှ မြွေနှစ်ကောင် ဆွဲထုတ်လိုက်၏။ ၎င်း၏ ခါးပင်းအတွင်းမှလည်း ကြွက်တစ်ကောင် စုန်ချလိုက်ရာ မြင်ရသူ ပရိသတ်မှာ တဟားဟား ရယ်ကြရလေတော့၏။ ဆာဗိတ် ခမျာမှာ ကုလားထိုင်ပေါ်တွင် မျောခွေလျက် ရှိလေတော့သည်။

ဟာရု။ ။ 'ဒီလူကို မြွေအများကြီး ချစ်တယ်။ သူ့ခါးပင်း ကြွက်မွေးတယ် နော်၊ မြွေ လာမယ်'

ထိုနောက် ကျွန်ုပ်ဘက်သို့ လှည့်ကာ (ဘင်္ဂလီ စကားဖြင့်) 'အရှင် ဘယ်လို ထင်ပါသလဲ။ အရှင်၏ နောင်ရေးကို ကြည့်လိုပါသလား'

ပရိသတ်။ ။ 'အယ်လင် သူ ဘာပြောသလဲ'

ကျွန်ုပ်။ ။ 'ကျွန်တော့် နောင်ရေးကို အကြည့် ခိုင်းနေပါတယ်'

ပရိသတ်။ ။ 'ကြည့်ပါ၊ ကောင်းပါတယ်'

ကျွန်ုပ်။ ။ 'ကောင်းပြီ၊ ဟာရု ကြည့်မယ်။ ဘယ်လိုကြည့်ရမလဲ'

ဟာရုသည် မီးဖိုတွင် ပါလာသော သစ်ရွက်ခြောက်များကို ဇလုံကြီး တစ်ခုထဲတွင် ထည့်၍ မီးရှို့ရာ၊ စိမ်းရွှေရွှေ အနံ့များ တစ်ခန်းလုံး ထွက်လာပြီးနောက် မကြာမီ အနံ့များ ပျောက်သွား၍ မီးတောက်များ ငြိမ်းကာ မီးခိုးများ အူလျက် ရှိပေတော့၏။





ဟာရု။ ။ 'အရှင် မီးခိုးများကို ရှုပါ။ အရှင့် နောင်ရေးကို မြင်ပါလိမ့်မည်'

ကျွန်ုပ်သည် ဟာရု ပြောသည့်အတိုင်း ဇလုံပေါ်သို့ ငုံ့၍ ရှုရာ မူလကကဲ့သို့ စိမ်းရွှေရွှေအနံ့ မဟုတ်ဘဲ အော်ဒီကလုံးကဲ့သို့ သင်းပျံ့ပျံ့ ရှိပေ၏။ မကြာမီ ကျွန်ုပ်၏ မျက်လုံးများမှာ ရီဝေဝေ ပြာတာတာ ဖြစ်လာ၍ ဘာမျှ မမြင်တော့ပါ။ သို့သော် ဇမ္ဗူဆေးကဲ့သို့ မူးဝေ ထိုင်းမှိုင်းစေသော အငွေ့ မဟုတ်ပေ။ ကျွန်ုပ်၏ စိတ်မှာ လှုပ်ရှား ထကြွလျက် ရှိ၏။ ခရီး အဝေး အနီးကိုပင် မေ့လျော့၍ သွားပါတော့သည်။ ကျွန်ုပ် မြင်ရသော အရာများသည် မီးရထားဖြင့် ခရီးသွားနေသူ မြင်ရသော အရာများကဲ့သို့ တစ်စုနှင့်တစ်စု အပြောင်းအလွဲ လျှင်မြန်လှပေသည်။ ကျွန်ုပ်သည် လဟာပြင်ထဲတွင် အတောင်မပါဘဲ ပျံနေရသကဲ့သို့ ရှိပေ၏။ ကျွန်ုပ်၏ ရှေ့တွင် တိမ်ခိုးတိမ်ငွေ့တွေ ကာဆီးလျက် ရှိ၏။ မကြာမီ အခိုးများ ပြယ်ကြပြီး အလွန်ဆန်းကြယ်သော ရှုမျှော်ခင်း ပေါ်လာလေပြီ။ တောကြီးအတိ ဝန်းရံလျက်ရှိသော ရေအိုင်ကြီးကို မြင်ရလေပြီ။ အထက်ကောင်းကင် တစ်ခုလုံးရှိ တိမ်များမှာ ရဲရဲ တောက်လျက် ရှိ၏။ ၎င်းရေအိုင်ကြီး အရှေ့ဘက်ဝယ် သစ်ပင် မပေါက် ရောက်သော ကုန်းမြင့်ကြီးမှာ တစ်မျှော်တစ်ခေါ်ကြီး ကျယ်ဝန်းလှပေသည်။ ၎င်းကုန်းမြင့်ကြီးမှာ ဆင်စွယ် ဆင်ရိုးများဖြင့် ပြည့်နှက်နေ၏။ အချို့ အရိုးများမှာ ရေညှိများပင် တက်လျက်ရှိ၏။ အချို့ ဆင်စွယ်များမှာ အဖြူရောင် ကွယ်ပျောက်ပြီး အဝါရောင်များပင် ပေါ်ပေါက်လာလေပြီ။ စင်စစ်သော်ကား ကျွန်ုပ် မြင်ရသော အရာမှာ ဆင်သချိုင်းကြီးပင် ဖြစ်တော့၏။ တစ်နေရာ၌ နံရိုးကားကားနှင့် သေခါနီး ဆင်ကြီးပါတကား။ အလွန်ကြီးမား၍ ဟိုယိုင် ဒီယိမ်းနှင့် မထိန်းနိုင် မဟန်နိုင် ဖြစ်နေရှာချေပြီ။ ၎င်း၏ နှာမောင်းကြီးကို မ လေပြီ။ အသံကုန်ဟစ်၍ အော်လေပြီ။ (ကျွန်ုပ်ကား မကြားရပေ) မကြာမီ ထိုဆင်ရိုင်းကြီးမှာ တဖြည်းဖြည်း အောက်သို့ နိမ့်ကျသွားလေပြီ။ ဆင်သချိုင်း၏ အလယ်၌ကား ကျောက်စရစ်ကုန်းတွေ ရှိနေ၏။ အလို

ဘာကောင်ကြီးပါလိမ့်၊ ကြောက်မက်ဖွယ် ကောင်းလှပေတကား။ မည်းမည်း သဏ္ဌာန်ကြီးတစ်ခု ကျောက်စရစ် ကုန်းကလေးပေါ်မှ ပေါ်ပေါက်လာလေပြီ။ သေသေချာချာ မြင်ရပြီ။ အလွန်ကြီးသော ဆင်ကြီးပါတကား။ ဤမျှလောက် ကြီးသော ဆင်ကြီးကို မမြင်ဖူးပေ။ အစွယ်ကြီးတစ်ချောင်းမှာ ကြီးမား တုတ်ခိုင်လျက် အခြား တစ်ချောင်းမှာ တစ်ဝက်မှ ထက်ပိုင်း ကျိုးလျက် ရှိ၏။ ၎င်း၏ တစ်ကိုယ်လုံးမှာ ထိုးခုတ်၊ ထစ်ခွထားသော အမာရွတ်များ ပြည့်နှက်လျက် ရှိ၏။ မျက်လုံးမှာ သွေးကဲ့သို့ နီရဲလှ၏။ နားရွက်ကြီး နှစ်ခုမှာ ထန်းရွက်ကြီး နှစ်ခုကဲ့သို့ တဖတ်ဖတ် ခတ်လျက်ရှိ၏။ ၎င်းနောက် ထိုဆင်ကြီးသည် သေခါနီးဆဲဆဲ ဆင်ကြီးထံသို့ ဒူးတုပ်ကာ သွား၍ မိမိ၏ အစွယ်ကြီး နှစ်ချောင်းဖြင့် သေခါနီးဆင်ကြီးအား ထိုးလိုက်ရာ ဆင်ကြီးမှာ အနည်းငယ် မြောက်ပါသွား၏။ ထို့နောက် ထန်းလုံးခန့် ရှိသော နှာမောင်းကြီးကို မြှောက်ကြွကာ အသံကုန် ဟစ်အော်လျက် တောထဲသို့ ဝင်ပြေးလေ၏။ ပျက်ပြယ်လျက်ရှိသော တိမ်ခိုးတိမ်တိုက်များမှာ ထုထဲ၍ လာလေပြီ။ ကျွန်ုပ် မြင်ရသော အရာများ ကွယ်ပျောက်သွားပြီး ဘာမျှ မမြင်ရတော့ပေ။ မကြာမီ ကျွန်ုပ် သတိပြန်ရလာလေပြီ။ ကျွန်ုပ်နံဘေး၌ ငေးမောကာ ကျွန်ုပ်အား ကြည့်နေသော ပရိသတ်များကိုသာ မြင်ရတော့၏။

ပရိသတ်။ ။ 'အယ်လင် ဘာတွေ မြင်ရသလဲ'

ကျွန်ုပ်က မြင်ရသော အရာများကို ပြောပြရပါတော့သည်။

ဟာရ။ ။ 'အရှင် ကျေနပ်တယ်နော်။ ကဲ ကဲ ဘယ်သူကြည့်မလဲ၊ ပြောပါ'

၎င်းနောက် မစ္စဟုံးဘက်သို့ လှည့်ကာ–

'အပုံကြီး လှတယ်နော်၊ အစ်မ ကြည့်မလား။ အစ်မ မြင်မယ်၊ ဒီပြင်လူ မမြင်ဘူး'

မစ္စဟုံးသည် ကျွန်ုပ်၏ ညွှန်ကြားချက်ကို နာခံလိုသည့် သဘောဖြင့် ကျွန်ုပ်အား ကြည့်နေ၏။ သို့သော် မစ္စဟုံး၏ ကိုယ်တွေ့အဖြစ်အပျက်များကို သိလိုလှ၍ ကျွန်ုပ်က ဆိတ်ဆိတ် နေလိုက်၏။





မစ္စဟုံး။ ။ 'ကောင်းပြီ၊ ကျွန်မ ကြည့်မယ်'

ရင်နယ်။ ။ 'စန္ဒာမယ်၊ နမကလေးနှင့် ထော်မယ် မထင်ပါဘူး'

("စန္ဒာမယ်" ဟု မစ္စဟုံးကို ရင်နယ်က တစ်ခါတစ်ရံ ခေါ်၏။ အကြောင်းသော်ကား မစ္စဟုံး၏ လည်ပင်းတွင် လခြမ်းပုံသဏ္ဌာန် အမှတ်ကလေး ပါသောကြောင့်ပေတည်း။)

မစ္စဟုံး။ ။ (ရင်နယ်၏ စကားကို လျစ်လျူရှု၍) 'ဟာရ၊ ဒီမှာ မီးခြစ်ရှိတယ်'

မီးခြစ်ကို လှမ်းယူပြီးနောက် ဟာရသည် မစ္စဟုံးအား ကျွန်ုပ်ကို အရိုအသေ ပြုသကဲ့သို့ သုံးကြိမ်သုံးခါ ဦးညွှတ်၍၊ ဆေးရွက်သစ်များကို ဇလုံတွင်းသို့ ထည့်ပြီးလျှင် ယခင်နည်းအတိုင်း မီးရှို့ရာ မီးခိုးများသည် မကြာမီ အူထလာ၏။ ညိုပြာပြာ အဆင်းရှိသော မီးခိုးလိပ်ကလေးများကို မစ္စဟုံးသည် ကျွန်ုပ်ကဲ့သို့ ဖြည်းညင်းစွာ နှာခေါင်းအတွင်းသို့ ရှူသွင်း၏။ စက္ကန့်အနည်းငယ် ကြာသောအခါ မစ္စဟုံးသည် မျက်တောင်မခတ်ဘဲ စူးစိုက်ကာ၊ မတ်တတ်ရပ်ကာ ငေးလျက်ရှိ၏။ ဤအနိုက်အတန့်တွင် မစ္စဟုံး၏ ပင်ကိုချော ရုပ်ရည် အသွင်အပြင်တွင် အလှကျက်သရေ ဝေဝေဆာ တိုး၍ နေသည်ဟု ထင်မှတ်ရ၏။ ၎င်းနောက် သာယာပျော့ပျောင်းသော အသံဖြင့် 'ကျွန်မ ယာခု လွှင့်ဖွာဝေးတဲ့ ခရီးကြီးကို သွားနေပါပြီ။ ကျဉ်းမြောင်း၍ ကျောက်အတိပြီးသော အခေါက်အအုံထဲမှာ ရောက်နေပါတယ်။ နေရာက တယ်မှောင်ပါကလား။ ကျွန်မရှေ့မှာ အလွန်ချောမွေ့စွာ ဆင်စွယ်နဲ့ ထုထားတဲ့ ကလေးရုပ်ကလေး ရှိတယ်။ ဟော အဲဒီ အရုပ်ကလေး အသက်ရှင်လာပြီ။ ကျွန်မကို ပြုံးပြီး နှုတ်ဆက်နေတယ်။ သူ့လည်ပင်းမှာ နီနီရဲရဲ သန္တာဆွဲကြိုးကြီးက လှလိုက်တာပါကလား။ ဟင် အရုပ်ကလေးက လည်ဆွဲကြိုးကို ဖြုတ်နေပြီ။ ဟော ကျွန်မဆီ လက်လှမ်းနေပြီ။ ကျွန်မကို လည်ဆွဲကြိုး လှမ်းပေးနေတယ်။ ကျွန်မ လည်ပင်းမှာ စွပ်လိုက်ပြီ။ ကျွန်မကို ကုလားထိုင်တစ်ခု လက်ညှိုး ထိုးပြနေတယ်။ သူ ပြတဲ့ ကုလားထိုင်ပေါ်မှာ ထိုင်လိုက်ပြီ'

မစ္စဟုံး၏ ပြောပြချက်များကို ဟာရုသည် အလွန် စိတ်ဝင်စားစွာဖြင့် နားထောင်လျက်ရှိ၏။ သူ၏ မျက်နှာထားမှာ ပြုံးရွှင်စွာ အလွန်ကျေနပ်လျက်ရှိ၏။ ၎င်းနောက် ကျွန်ုပ်ဘက်သို့ လှည့်၍ မစ္စဟုံး၏ ပြောပြချက်များကို ဘာသာပြန်ရန် တောင်းပန်၏။

ကျွန်ုပ်သည် မစ္စဟုံး ပြောသည့်အတိုင်း ဘာသာပြန်၍ ပြောပြရာ၊ ဟာရု၏ နက်မှောင်သော မျက်လုံးများမှ အရောင်များ တလွှပ်လွှပ် တောက်ပြောင်လာသည်ဟု ထင်ရ၏။ ၎င်းနောက် မရုသို့ တီးတိုးပြောသံ ကြားလိုက်ရသည်မှာ–

'ငါတို့ ကိုးကွယ်အားထားရာ ဖြစ်သော ဘုရားသူငယ်သည် မိမိအား ပြုစုစောင့်ရှောက်မည့် မိန်းမဖြတ်ကို ရွေးချယ် လက်ခံတော်မူလေပြီ။ ကင်ဒါ လူဖြူမျိုးတို့၏ ဘုရားသခင်၏ အသံတော်သည် ဟိတ်ဆိတ်နေရသည်မှာ ကြာလေပြီ။ ယခုမှ စ၍ အသစ်တစ်ဖန် ထိုအသံတော် ထွက်ပေါ်ပေတော့မည်'

ဤကဲ့သို့ တီးတိုးပြောဆိုကာ ဟာရုနှင့် မရုသည် မစ္စဟုံး၏ ခြေကို ဦးတိုက်လျက် သုံးကြိမ်သုံးခါ အရိုအသေ ပြုကြလေ၏။ ငြိမ်သက်လျက်ရှိသော ပရိသတ်မှာ ကျွက်စီ ကျွက်စီ ဖြစ်ကာ ဆူညံသွားလေတော့၏။

ရင်နယ်။ ။'ဘယ်လောက် ရယ်ဖွယ်ကောင်းတဲ့ အိပ်မက်လဲ။ ဆင်စွယ်ရုပ်က ဟုံးကို ပုတီးပေးသတဲ့။ ဟာ...ဟာ...ဟာ...ဟာ၊ ကဲ...ကဲ မျက်လှည့် ပြီးပြီ မဟုတ်လား။ အယ်လင်၊ ခင်ဗျား မိတ်ဆွေတွေကို အဖိုးအခ ဘယ်လောက် ပေးရမလဲ မေးပါ'

ဟာရု။ ။'အဖိုးအခ ယူတယ်နော် မကောင်းဘူး။ လူကြီးအားလုံး ဟာရု မရု အားကြီး ကျေးဇူးတင်တယ်။ ဒီမှာ ဟာရု သိချင်တာကို သိရတယ်။ အားကြီး ဝမ်းသာတယ်'

၎င်းနောက် ကျွန်ုပ်ဘက်သို့ လှည့်ကာ ဘင်တု ဘာသာဖြင့်–

'အရှင်၏ မျက်မြင်အတိုင်း တစ်နေ့၌ "ဂျန" နှင့် အရှင် တွေ့ရပါ





လိမ့်မည်။ အရှင် လာသည့်အခါ ကျွန်ုပ်တို့ စောင့်မျှော်နေပါမည်။ အရှင်နှင့် အလှဘုရင် သခင်မကလေးကို ကျွန်ုပ်တို့ ဦးညွှတ်ပါ၏။ နှုတ်ဆက်ပါ၏။ ကလေးသူငယ်ရုပ်သည် ကျွန်ုပ်တို့၏ ဘုရားသခင် ဖြစ်ပါ၏။ ကျွန်ုပ်တို့၏ ကောက်ပဲသီးနှံအတွက် လုံလောက်သော မိုးရေကို ပေးပေ၏။ ကျွန်ုပ်တို့အား ဘေးဥပဒ်မှ ကာကွယ်စောင့်ရှောက်ပေ၏။ ကျွန်ုပ်တို့အား စားစရာ အစာ ပေးတော်မူပေ၏။ ကျွန်ုပ်တို့၏ ကျန်းမာမှုကို စောင့်ရှောက်တော်မူပေ၏။ ဘုရားသခင်၏ ကိုယ်စား ကျွန်ုပ်တို့က အရှင်နှင့် အားလုံးသော အိမ်သားတစ်စုအား မေတ္တာရေ သွန်းလောင်းခဲ့ပါ၏'

ဤသို့ ပြောပြီးလျှင် အားလုံးကို ဦးညွှတ်ကာ ကုလားဖြူ နှစ်ဦးသည် အပြင်သို့ ထွက်သွားကြ၏။

ရင်နယ်က မျက်ရိပ်ပြလိုက်သည့်အတွက် ထိုကုလားနှစ်ဦး နောက်သို့ ကျွန်ုပ် လိုက်သွား၏။ အပြင်ဥယျာဉ်တွင်းဝယ် ရာသီဥတုသည် လွန်စွာ အေးလှ၏။ ဆောင်းရာသီ လေဒဏ်ခံရသော သစ်ပင်ကြီးများမှာ ညည်းတွားနေတော့၏။

ကျွန်ုပ်။ ။'ယခု ပြတာတွေဟာ ဘယ်လိုရည်ရွယ်ချက် ရှိပါသလဲ'

ဟာရု။ ။'ဤမေးခွန်းကို "ဂျန" ဆင်ဆိုနှင့် တွေ့သောအခါ အရှင် မေးပါလော့။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အိမ်မှ ဝေးလံသော အရပ်သို့ လာကာ ကျွန်ုပ်တို့ သိလိုသော အချက်များကို ဖြေဆိုနိုင်သူအား ရှာဖွေခြင်း ဖြစ်ပါသည်။ ယခု ထိုသူအား ကျွန်ုပ်တို့ တွေ့ရပေပြီ။ ကျွန်ုပ်တို့သည် ဇရာဘေး၊ မရဏဘေး တို့ကို အောင်မြင်တော်မူ၍ လောက၏ ကောင်းသော မင်္ဂလာ စုဝေးရာဖြစ်သော ကလေးသူငယ် ဘုရားငယ်အား ကိုးကွယ်ပါသည်။ ၎င်းဘုရားသူငယ်၏ လျှာတော်မှာ ကြာမြင့်စွာ ငြိမ်သက်ခဲ့ချေပြီ။ သို့သော် ယနေ့ည ထိုပျောက်ကွယ်သွားသော အသံတော်မှာ ပြန်၍ ပေါ်လာလေပြီ။ နောက်ထပ် မသိချင်ပါနှင့် အရှင်။ အရှင်ကိုယ်တိုင် အားလုံးသိဖို့ ရက်မကြာတော့ပါ'

ကျွန်ုပ်။ ။ 'သင်တို့ ယနေ့ည ဘယ်ကိုသွားကြမလဲ'

ဟာရ။ ။ 'နေပြည်တော်ဖြစ်တဲ့ လန်ဒန်မြို့ကို သွားပါမယ်။ ၎င်းမှ တစ်ဆင့် ကျွန်ုပ်တို့ အာဖရိကကို သွားပါမည်။ ကျွန်ုပ်တို့သည် နွတ်နှင့် စားသော လူလိမ်မျိုး မဟုတ်ပါ။ အရှင် ပြန်ပေတော့၊ အအေးမိပါလိမ့်မည်။ ပြေန်ဖိ ဘုရားသုငယ်၏ လက်ဆောင်တော်ကလေးကို မြို့စားကတော် လောင်း လက်ထပ်ပွဲအတွက် ချီးမြှင့်တော်မူလိုက်ပါသည်'

ဤကဲ့သို့ ပြောဆို၍ ဟာရသည် ကျွန်ုပ်၏ အိတ်တွင်းသို့ ဖြူဖြူ အထုပ်ငယ်ကလေးကို ခွတ်ထည့်သွင်း၊ကာ၊ မှောင်ထဲတွင် ပျောက်ကွယ် သွားကြလေတော့သည်။

ကျွန်ုပ်သည် ဧည့်ခန်းသို့ ပြန်လာ၍ ဟာရ ပေးသော အထုပ်ငယ်ကို မစ္စဟုံးသို့ အကျိုးအကြောင်းပြောကာ ပေးအပ်လိုက်၏။

ရင်နယ်။ ။ 'အယ်လင်ကိုယ်တိုင် ဖွင့်ပါစေ'

မစ္စဟုံး။ ။ 'ကျွှာရေ၊ ဒီအထုပ်တော့ နှမလေး ပေးတဲ့ လက်ဆောင် မို့ ကိုယ်တိုင် ဖွင့်ချင်တယ်'

ဟု ပြောပြောဆိုဆိုနှင့် အဝတ်ကို ဖြေလိုက်ရာ၊ အလွန်လှပယဉ်ကျေး ဟာသံပဒါးသွေးကဲ့သို့ နီတွေးသော သန္တာလည်ဆွဲကြီးကို တွေ့ရလေ၏။

ဟုံး။ ။ 'ဒီလည်ဆွဲဟာ ကျွန်မ အိပ်မက်ထဲမှာ ကလေးကလေးက ပေးတဲ့ လည်ဆွဲနဲ့ တစ်ထေရာတည်းပဲ'

ဟု ပြောကာ ထိုသန္တာလည်ဆွဲကို အလွန်နှစ်သက်သော အမူအရာ ဖြင့် မစ္စဟုံးသည် လည်ပင်းသို့ စွပ်လိုက်လေသတည်း။

အခန်း ၃

## မကောင်းသော အကြံ

ထိုနေ့ညအဖို့၌ ကျွန်ုပ်မှာ ကောင်းစွာ အိပ်မပျော်ပေ။ ဟာရ၏ စေးငွေ့ များကို ရှူထားမိ၍ ပေလော၊ သို့တည်းမဟုတ် ထိုနေ့အဖို့ တွေ့ခဲ့သော အဖြစ်အပျက်များ၏ ထူးဆန်းခြင်းကြောင့်ပင်လော၊ ခွဲခြား၍ မသိနိုင်တော့ ပါ။ ကျွန်ုပ်သည် အိပ်မရတိုင်း တွေးရာလေးပါးကို တွေးတောနေမိတော့၏။ ဟာရတို့ ကိုးကွယ်သော သုငယ်ဘုရားအကြောင်းနှင့် ပတ်သက်၍လည်း အမျိုးမျိုး တွေးတောနေမိ၏။ ၎င်းတို့၏ ဘာသာနှင့် ဆင်တူရိုးမှားရှိသော အယူဝါဒ တစ်ခုသည် ရှေးနှစ်ပေါင်း နှစ်ထောင်ကျော်လောက်က အီဂျစ်ပြည် တွင် ထွန်းကား ပေါ်ပေါက်ခဲ့ဖူး၏။ ထိုဘုရားငယ်ကို အီဂျစ်လူမျိုးများ ကိုးကွယ်၍ အစောင့်အရှောက် အလုပ်အကျွေး ဘုန်းတော်ကြီး တစ်သောင်း ထားပေး၏။ ထိုဘုရားငယ်၏ မွေးမိခင်မှာ အိုင်ဇစ်ဖြစ်၍ ၎င်းဘုရား သခင်မ ၏ ကိုယ်စား လခြမ်းသဏ္ဌာန်ကို ထိုစဉ်က လူများ ကိုးကွယ်ကြ၏။ မစ္စဟုံး ၏ လည်ပင်းမှာ လခြမ်းပုံသဏ္ဌာန် အမှတ်အသား ပါရှိနေ၏။ သို့သော် မစ္စဟုံးနှင့် ထိုနှစ်ပေါင်း နှစ်ထောင်ကျော်က ပေါ်ခဲ့သော ဘုရားသခင်မ အိုင်ဇစ်နှင့် အဘယ်နည်းနှင့်မျှ ဆက်စပ်၍ မရနိုင်ပေ။

ထိုနောက် ကျွန်ုပ်သည် အနည်းငယ် ငိုက်မျဉ်းလာရာ ရဲတိုက်နာရီ ကြီးမှ အသံဆိုးကြီးသည် ကျွန်ုပ် ငိုက်မျဉ်းခြင်းကို နှောင့်ယှက်လေတော့ သည်။ တဖြည်းဖြည်း အရှေ့ဘက်တစ်ခွင်မှ နီရောင် ပြေး၍ လာလေပြီ။

ကျွန်ုပ်လည်း အိပ်၍ မရတော့ပေ။ ကျွန်ုပ်၏စိတ်မှာ အလွန် လေးလှ၍ မစ္စဟုံးအတွက် စိုးရိမ်မကင်း ဖြစ်လာလေ၏။ ဤစိုးရိမ်ချက်မှာ မည်သည့် အကြောင်းကြောင့် မသိ၊ အလွန်ပြင်းထန် လာသဖြင့် ကျွန်ုပ်သည် အိပ်ရာထဲ၌ မနေနိုင်တော့ဘဲ နှစ်လုံးပြူးသေနတ်ကို ကိုင်ဆောင်ကာ ရဲတိုက်ကြီး၏အတွင်း လူသွားလမ်းသို့ ထွက်ခဲ့ရတော့၏။ မစ္စဟုံး အိပ်သောအခန်းကို ကျွန်ုပ် သိနှင့်ပြီး ဖြစ်လေသည်။ ကျွန်ုပ် အိပ်သော အခန်းနှင့် တစ်ထပ်တည်း ရှိ၍ မနီးမဝေးတွင် ဖြစ်၏။ ရဲတိုက်ကြီးတစ်ခုလုံးမှာ အိပ်မောကျ၍ အလွန် တိတ်ဆိတ်လျက် ရှိ၏။ ဘာလုပ်ရမည် မသိဘဲ ကျွန်ုပ်၏ အခန်းဝတွင် ၁၅ မိနစ်ခန့် ရပ်နေဆဲတွင်၊ မစ္စဟုံး အခန်းဘက်ဆီမှ ဖြည်းညင်းစွာ တံခါးဖွင့်သံ ကြားရ၏။ အနောက်ဘက်တွင် လမင်း ဝင်လုဆဲဆဲ မှေးမှိန်သော အရောင်ကလေးသည် ပြတင်းပေါက်မှ ဖျန်းလျက်ရှိရာ မစ္စဟုံး၏ တစ်ကိုယ်လုံး ဖောင်ဖြင့် ရစ်ပတ်ထားသော သဏ္ဌာန်သည် အခန်းပေါက်မှ ပေါ်လာလေ၏။ လည်ပင်းတွင် ဆွဲထားသော သန္တာလည်ဆွဲကြီးမှာ လ၏အရောင်ဖြင့် တောက်ပြောင်လျက် ရှိတော့၏။ မစ္စဟုံးမှာ အိပ်ရင်း လမ်းလျှောက်နေကြောင်း ကျွန်ုပ် သိရ၏။ တစ္ဆေကဲ့သို့ ခြေသံမကြားရဘဲ မစ္စဟုံးသည် လူသွားလမ်းအတိုင်း လျှောက်ပြီးလျှင်၊ ရဲတိုက်ကြီးအစွန်းရှိ ကြောင်လိမ်လှေကားကြီးမှ တဖြည်းဖြည်း ဆင်းလာနေလေ၏။ ကျွန်ုပ်၏ ရင်ဘတ်မှာ တဒိတ်ဒိတ် ဖြစ်နေ၏။ ခြေသံ မကြားစေဘဲ မစ္စဟုံးနောက်မှ လိုက်ခဲ့ရာ၊ မစ္စဟုံးသည် အောက်ထပ်ရှိ တံခါးကိုဖွင့်ကာ ဥယျာဉ်ထဲသို့ ထွက်သွားသည်ကို မြင်လိုက်ရ၏။ ဥယျာဉ်၏တစ်ဖက်မှာ မြင့်မားသော သစ်ပင်ကြီးနှင့် ထူထပ်သော ချုံများဖြင့် ဖုံးလွှမ်းနေ၏။ ၎င်းချုံတန်း နောက်ဘက်တွင် ရထားလမ်းရှိ၏။ မစ္စဟုံးသည် ရထားလမ်းဘက်ဆီသို့ တစ်စုံတစ်ယောက်သော သူ၏ ညို့ဓာတ်မိသည့်သဖွယ် လက်နှစ်ဖက်ကို ရှေ့သို့ ဆန့်တန်းကာ သွက်သွက်ကြီး လျှောက်သွားလေ၏။

ကျွန်ုပ်သည် သစ်ပင်များ၏ မှောင်ရိပ်၌ ခိုကာ မစ္စဟုံး သွားရာသို့ လိုက်သွား၏။ မကြာမီ မစ္စဟုံးသည် တစ်ကိုယ်လုံး အဝတ်ဖြူကြီးများ ဝတ်ဆင်ထားသော ကုလားဖြူ နှစ်ဦးရှေ့တွင် ကျောက်ရုပ်ကြီးကဲ့သို့ ရပ်နေ၏။

မနီးမဝေးတွင် အလုံရထားတစ်စီး ရပ်နေသည်ကို တွေ့ရ၏။ ထိုအခါမှ ကျွန်ုပ်သည် ကုလားဖြူများ၏ အကြံကို ရိပ်မိလာတော့၏။ ကုလားဖြူများမှာ အခြားသူ မဟုတ်။ ယမန်နေ့က တွေ့ခဲ့ရသော ဟာရနှင့် မရုပင် ဖြစ်ပေသည်။

ကျွန်ုပ်သည် ပုန်းကွယ်နေရာမှ တစ်ရှိန်ထိုး ခုန်ထွက်ကာ ကုလားဖြူနှစ်ဦးနှင့် မစ္စဟုံး အကြားသို့ ရပ်လိုက်၏။ ကျွန်ုပ်၏ နှစ်လုံးပြူးမှာ ကုလားဖြူနှစ်ဦးအား ချိန်လျက်ရှိ၏။

သုံးဦးသား စကားတစ်ခွန်းမျှ မပြောကြပေ။ သုံးဦးစလုံး မစ္စဟုံးနိုးကြားမည်ကို စိုးရိမ်နေကြ၏။ ထို့နောက် ဟာရနှင့် မရုတို့သည် ခါးကုန်းကာ ကျွန်ုပ်အား အရိုအသေပြုလျက်–

'ဒီတစ်ခါတော့ အရှင်က အကြံ ဦးပေသည်။ သို့သော် နောက်တစ်ကြိမ် မည်သူက အကြံသာမည် ဆိုတာ ကြည့်သေးတာပေါ့။ မစ္စဟုံးကို ကျွန်ုပ်တို့ ပိုင်ဆိုင်ပါတယ်။ မစ္စဟုံး၏ လည်ပင်းတွင်ရှိသော လခြမ်းကလေးက သက်သေခံ တံဆိပ်ကလေး ဖြစ်ပါတယ်။ မစ္စဟုံး၏ သောတအိမ်မှာ သူငယ်ဘုရား၏ ခေါ်သံကို ကြားလျက် ရှိချေပြီ။ တစ်နေ့ ထိုအသံကို နာခံရမည်မှာ မလွဲပါ'

ဟု ဆိုကာ ဟာရနှင့် မရုတို့သည် ချက်ချင်း ရထားပေါ်သို့ တက်၍ ပျောက်ကွယ်သွားလေတော့သည်။

မစ္စဟုံးမှာ အိပ်ပျော်လျက်ပင် ရှိသေး၏။ လက်ကို ဖြည်းညင်းစွာ ဆွဲကာ ကျွန်ုပ်သည် မစ္စဟုံးအား လာလမ်းအတိုင်း ခေါ်ခဲ့၏။ အိပ်ရာက မနိုးချေ။ မစ္စဟုံး၏ အိပ်ခန်းတိုင်အောင် ပို့ခဲ့၍ အခန်းတံခါးကို ကျွန်ုပ်ကိုယ်တိုင် ပိတ်ပြီးနောက် ဘာလုပ်ရမည်ကို မသိဘဲ စဉ်းစားနေမိသည်။

မြို့စားကလေးအား အဖြစ်အပျက်အားလုံး ပြန်ပြောရမည်မှာ ကျွန်ုပ်၏ ဝတ္တရားပင် ဖြစ်၏။ သို့သော် မြို့စားကလေး အိပ်သော အခန်းကို မသိသည့်အတွက် အကြံအိုက်လျက် ရှိ၏။ မကြာမီ ရင်နယ်၏ တပည့် ဆာဖိတ်ကို သတိရ၍ ဆာဖိတ် အိပ်သော အခန်းကို ကျွန်ုပ် သိသည်နှင့် ဆာဖိတ်အခန်းသို့ သွားပြီးလျှင် တံခါးခေါက်၍ နှိုး၏။

အတွင်းမှ တုန်ယင်သော အသံဖြင့်–

'ဘယ်သူလဲ'

'ငါပါကွ'

'ငါပါကွဆိုလို့ မပြီးဘူး၊ ဟာရုတို့ မရုတို့ ဖြစ်နိုင်တယ်'

'အယ်လင် ပါကွ'

'အယ်လင်လည်း မလိုချင်ဘူး၊ သွား'

ကျွန်ုပ်သည် စိတ်မရှည်နိုင်တော့သဖြင့် တံခါးကို ခြေနှင့် ကန်လိုက်ရာ တံခါးပွင့်လာလေ၏။

'အလို ဘုရားသခင်၊ ခင်ဗျား ဒီအချိန်ကြီး ဘာလုပ်နေသလဲ၊ ဝတ်လို့ စားလို့ ပါကလား။ လက်ထဲက သေနတ်ကြီးလား၊ မြွေကြီးလား'

ဟု ဆိုကာ ဆာဖိတ်သည် အလန့်တကြား ထ၍ စုန်လေ၏။ ညဝတ်သော အင်္ကျီဖြူရှည်ကြီးဖြင့် ဆာဖိတ်၏ အပြုအမူမှာ ရယ်ဖွယ်ကောင်းလှ၏။

ဆာဖိတ်။ ။'ခင်ဗျား အယ်လင် မဟုတ်ပါ၊ မျက်နှာ ဖြူဖပ်ဖြူရော် နဲ့ သင်္ချိုင်းက ထ လာတဲ့ လူသေနဲ့ တူလှတယ်။ ကျွန်တော် တစ်ညလုံး မျက်စိထဲမှာ မြင်နေတဲ့ ဟောရန်တို့၊ ဆေတန်တို့များ ဖြစ်နေမလား။ ချမ်းလိုက်တာကလည်း လွန်ပါရောလား၊ စောင်တောင်မှ မခြုံရဘူး။ ဟို စုန်းနှစ်ကောင်က ပြုစားပြီး စောင်ထဲ မြွေတွေ ထည့်ထားခဲ့တယ် ထင်ပါရဲ့၊ ဟုတ်လား'

ဆာဖိတ်၏ ခုတင်ခြေရင်းရှိ အင်္ကျီချိတ်တွင် ဆာဖိတ် ယမန်နေ့ ညနေက ဝတ်သော အင်္ကျီရှည်ကြီးမှာလည်း အိတ်ထောင်များ ပြောင်းပြန်လှန်ကာ တန်းလန်းကြီး ဖြစ်နေလေ၏။





ဆာဖိတ်။ ။'နမြောလိုက်လေနော်၊ ဒီအင်္ကျီအသစ်ကြီးဟာ ချက်ချင်း မြွေသိုက်ကြီး ဖြစ်သွားတာပဲ'

ကျွန်ုပ်။ ။'အရေးထဲ အရာပေါ် မနေစမ်းပါနဲ့ ဆာဖိတ်ရာ၊ ငါ့ကို မင်းဆရာ နေတဲ့အခန်း လိုက်ပြစမ်းပါ'

ဆာဖိတ်။ ။'ကျွန်တော် ထင်တဲ့အတိုင်း ဟုတ်ပါပြီ။ ဒီ ဟောရန်နဲ့ ဆေတန်တို့ နှောင့်ယှက်ပြန်ပြီ ထင်တယ်။ လိုက်ပို့ရန် အဆင်သင့် ရှိပါတယ်။ သို့သော် တစ်ခု တောင်းပန်လိုတာက ခင်ဗျားမှာ မြွေတွေ ပါလာရင် ခေါ်မလာပါနဲ့။ မြွေနဲ့ ကျွန်တော် ဓာတ်မတည့်ဘူးလို့ အဟော ရှိထားလို့ပါ'

မကြာမီ ကျွန်ုပ်တို့သည် ရင်နယ်နေသော အခန်းသို့ ရောက်ကြလေ၏။

ရင်နယ်။ ။'အချိန်မတော်ကြီး ဘာကိစ္စလဲ အယ်လင်'

ကျွန်ုပ်သည် ကိုယ်တွေ့ အဖြစ်အပျက်များ ပြန်ပြောရ၏။

ရင်နယ်။ ။'ဖြစ်မှ ဖြစ်ရလေဗျာ၊ ခင်ဗျားဥာဏ်နဲ့ ခင်ဗျား သတ္တိကြောင့် ကျွန်တော့် ရည်းစား ဘေးမတွေ့ရပေတယ်။ ကျေးဇူးတင်ပါတယ်ဗျာ'

ကျွန်ုပ်။ ။'ကျေးဇူးတင်တာ နောက်ထားပါဦး၊ ယခု ဘာလုပ်ကြမလဲ'

ရင်နယ်။ ။'ကျွန်တော်တို့ အောက်ဆင်း ကြည့်ကြဦးစို့'

အောက်သို့ဆင်း၍ မစ္စဟုံးနှင့် ဟာရုတို့ တွေ့ကြသော နေရာသို့ ရောက်ကြလေ၏။ မစ္စဟုံး အိပ်ခန်းတွင် စီးသော ဖိနပ်ရာကလေးများမှာ ယခုတိုင် ထင်ထင်ရှားရှား တွေ့ရသေး၏။ ကျွန်ုပ်၏ ခြေရာနှင့် ကုလားဖြူ နှစ်ဦးတို့၏ ခြေရာများမှာလည်း ရှုပ်ထွေးလျက် ရှိသေး၏။ ရထားဘီးရာနှင့် မြင်းခွာရာများလည်း အထင်အရှား တွေ့ရသေး၏။ မနီးမဝေး၌ ဆာဖိတ်သည် ဖြူသော အဝတ်ဦးထုပ် တစ်လုံးကို တွေ့ရ၏။ လျှင်မြန်သွက်လက်စွာ

ဆာဖိတ်သည် ဦးထုပ်ကို မလိုက်သောအခါ ငယ်သံပါအောင် အော်၍ အဝတ် ဦးထုပ်ကိုလည်း ချလိုက်၏။ အဝတ် ဦးထုပ်အောက်တွင် ပါးပျဉ်းထောင်နေသော မြွေတစ်ကောင် ပေါ်လာလေ၏။

ထိုနံနက်တွင် ကျွန်ုပ်သည် မစ္စဟုံး၏ အခြေအနေကို အကဲခတ်ရာ၊ မစ္စဟုံးမှာ ဘာမျှ အခြေအနေ မပြောင်းဘဲ အိပ်ရေးပျက်သည့် အမူအရာကိုသာ တွေ့ရ၏။

ကျွန်ုပ်။ ။'မစ္စဟုံး ညက ကောင်းကောင်း အိပ်ရရဲ့လား'

မစ္စဟုံး။ ။'အိပ်လို့တော့ ပျော်ပါတယ်။ ဒါပေမဲ့ ထူးဆန်းတဲ့ အိပ်မက်လိုလို ဘာလိုလိုနဲ့ ဘာမှလဲ မမှတ်မိဘူး'

ထိုအချိန်တွင် စကုနှင့် ဓနီးလောင်းတို့သည် မြင်းရထားဖြင့် ရောက်လာကြ၏။ ထိုနေ့က မြို့စားကလေး၏ ရဲတိုက်၌ ကျွန်ုပ်၏ နောက်ဆုံးပိတ်နေရသောနေ့ ဖြစ်လေ၏။ မကြာမီ ကျွန်ုပ်တို့သည် နံနက်စာများ စားသောက်ပြီးကာ ရင်နယ်နှင့်တကွ တစ်အိမ်သားလုံးကို နှုတ်ဆက်ရတော့၏။

ကျွန်ုပ်။ ။'မြို့စားကလေးတို့ အာဖရိက လာမယ်ဆိုရင် ကျွန်တော့် အိမ်မှာ အစဉ်လက်ခံ ကျွေးမွေးရန် အဆင်သင့် ရှိပါတယ်'

ရင်နယ်။ ။'ကျေးဇူးတင်ပါတယ်၊ လာဖြစ်မယ် မထင်ပါဘူး။ ကျွန်တော့်အလုပ်နဲ့ဆိုရင် အလည်လာဖို့ အချိန်ရမယ် မထင်ပါ။ အယ်လင်နဲ့ ကျုပ် တွေ့ရတာ မကြာသေးသော်လည်း တစ်သက်လုံးက တွေ့ခဲ့ရတဲ့ မိတ်ဆွေလိုပဲ ထင်ပါတယ်။ ခင်ဗျား ဘိလပ်ကို တစ်ခါတစ်ခေါက် လာရောက်မယ်ဆိုရင် ကျွန်တော့်အိမ်ဟာ ခင်ဗျားအိမ်ကဲ့သို့ သဘောထားပါ။ ကျွန်တော် လက်ထပ်ပြီးတဲ့အခါ ကျွန်တော့်ရဲ့ မိန်းမဟာလည်း လူကုံထံ အပေါင်းအသင်းတွေနဲ့ အချိန်ကုန်ပြီး ခရီးသွားရန် အချိန်ရှိမယ် မထင်ပါ'

ငှင်းနောက် ရင်နယ်သည် ကျွန်ုပ်အား စူးစိုက်ကြည့်ရှုပြီးလျှင်–

'အယ်လင် ယခုတွေ့ကြုံရတဲ့ ကိစ္စတွေဟာ တကယ် အရေးလုပ်လောက်အောင် အရေးကြီးတယ်လို့ ခင်ဗျား မထင်ဘူး မဟုတ်လား'





'ကျွန်တော် ထင်မြင်ချက်တော့ မပေးနိုင်ဘူး။ ဒါပေမဲ့ ခင်ဗျား ဓနီးလောင်းကို မျက်စိအောက်က အပျောက်မခံစေချင်ဘူးဗျာ။ ကုလားဖြူနှစ်ယောက်ဟာ နောက်တစ်ကြိမ် ကြိုးစားပြီး ခင်ဗျားရဲ့ ဓနီးလောင်းကို ခိုးမယ် ထင်တာပဲ။ အရှေ့နိုင်ငံ လူမျိုးတွေဟာ အချိန်ကို ပဓာနမထားဘဲ အလုပ်အောင်မြင်မှုကိုသာ ကြည့်တတ်ကြတယ်။ ယနေ့ပဲ ကြိုးစားမယ်၊ နောက်အတော်ကြာမှ ကြိုးစားမယ်ဆိုတာ မပြောတတ်အောင် ရှိနေတာပဲ။ ခင်ဗျား မိန်းမရဲ့ လည်ပင်းက လခြမ်း အမှတ်ကလေးဟာ သူတို့ နှစ်ဦးကို အထူးစွဲမက်စေတာပဲ။ ဒီကမ္ဘာလောကကြီးဟာ အလွန်ဆန်းကြယ်တယ်။ ရုပ် နာမ် ပြောင်းလွဲတဲ့ လူတစ်ယောက်ဟာ သံသရာထဲမယ် အဖြစ်အမျိုးမျိုး၊ ဘဝအမျိုးမျိုးနဲ့ တဝဲလည်လည် နေတယ်ဆိုတာ ခင်ဗျားတို့၊ ကျွန်တော်တို့ အယူနဲ့ ဆန့်ကျင်ဘက် ဖြစ်သော်လည်း၊ တရို့ အယူဝါဒမှာတော့ ဒီသဘောတရားဟာ အလွန်မှန်တယ်လို့ အယူရှိကြတယ်။ ဒါ့အပြင် ဒီလောကဓာတ်ကြီးမှာ အလွန်စဉ်းစားရခက်တဲ့၊ ခက်ခဲ နက်နဲတဲ့ ပြဿနာတွေ အများကြီး ရှိတယ်။ ဥပမာ–ကျွန်တော်တို့ဟာ အတ္တစွဲ ငါစွဲတွေ ရှိနေတယ်။ အမှန်မှာတော့ ကျွန်တော်တို့ကိုယ်ကို ကျွန်တော်တို့ ပြုပြင်ချင်တိုင်း ပြုပြင်လို့ မရဘူး။ ကျွန်တော်တို့ဟာ ဒီလောကဓာတ် တစ်ခုလုံးနဲ့ ဆက်သွယ်နေတဲ့ သဘာဝတရားကြီးက ပြုပြင်ဖန်တီးသမျှ ကျွန်တော်တို့ ခံနေရတာပဲ'

ရင်နယ်။ ။'ခင်ဗျား ပြောတာတွေ ကျွန်တော် အကုန်လုံး နားမလည်သော်လည်း ကျွန်တော့်စိတ်ထဲမှာ တော်တော် တုန်လှုပ်တာပဲ'

ထို့နောက် ကျွန်ုပ်တို့ နှစ်ဦး ခွဲခွာခဲ့ကြလေ၏။

မစ္စဟုံးနှင့် ကျွန်ုပ် စကားရှည်ရှည် မပြောတော့ပါ။

မစ္စဟုံး။ ။'ရှင်နဲ့ အတူတူ နေရတဲ့ အခိုက်အတန့်ကလေးဟာ ဘာ့ကြောင့်လဲ မဆိုနိုင်ဘူး၊ ကျွန်မ သိပ်ပျော်တာပဲ။ ကျွန်မ မှတ်မိသလောက် ကျွန်မ စိတ်တူ သဘောတူသူ တစ်ယောက်ကလွဲရင် ရှင်တစ်ယောက်ပဲ

တွေ့ဖူးပါတယ်။ ရှင်နဲ့ ကျွန်မနဲ့ နောက်တစ်ခါ တွေ့တဲ့အခါမှာ ကျွန်မဟာ ယခုလို လွတ်လပ်တဲ့ အပျိုအဝမျိုး မဟုတ်တော့ဘူးနော်'

ကျွန်ုပ်။ ။ 'နောက်တစ်ခါ တွေ့ဖို့ရန် အလွန်ခဲယဉ်းပါတယ်။ မစ္စဟုံးတို့ရဲ့ အနေအထိုင်နဲ့ ကျွန်တော့် အနေအထိုင်ဟာ မိုးနဲ့ မြေကြီးလို ကွာခြားနေပါတယ်။ ကျွန်တော့် အနေအထိုင်ဟာ အလွန်ပေးကွာ၍ ကြမ်းတမ်းတဲ့ အရပ်မှာ ကြမ်းတမ်းတဲ့ အလုပ်အကိုင် ဖြစ်ပါတယ်'

မစ္စဟုံး။ ။ 'တွေ့ရမယ်ဆိုတာ ကျွန်မ ယုံကြည်ပါတယ်။ ကျွန်မ ဒီအကြောင်းတွေကို ယမန်နေ့က အခွေ့ရှုစဉ်ကပဲ သိပါတယ်'

ထိုနောက် ကျွန်ုပ်တို့နှစ်ဦး ခွဲခွာကြပြီး၊ ဆာဖိတ်သည် ကျွန်ုပ်၏ အပေါ်အင်္ကျီကို လာပေးလေ၏။

ဆာဖိတ်။ ။ 'ကျွန်တော် အားလုံး မေ့နေပေမဲ့ ခင်ဗျားရယ်၊ ပေါရန်ရယ်၊ မြွေတွေရယ် မမေ့ပါဘူး။ ကျွန်တော်ဟာ ဒီအကောင်နဲ့ မြွေတွေကို နောက်ထပ် မမြင်ရအောင် ဆုတောင်းပါတယ်။ ဒါပေမဲ့ မျက်စိထဲမှာတော့ အစဉ် မြင်နေတာပဲ'

ကျွန်ုပ်။ ။ 'ဒါတွေကို သတိမထားပါနဲ့။ ကဲကွာ၊ သွားပြီ ဆာဖိတ်။ ဆာဖိတ်ကို ဘယ်တော့မှ မမေ့ပါဘူး'

အခန်း ၄

## အပြစ်ကင်းသော ရွှေတွင်း

ရင်နယ်တို့နှင့် ခွဲခွာရသည်မှာ ၂ နှစ်မျှ ကျော်လွန်ခဲ့လေပြီ။ ကျွန်ုပ်သည် အာဖရိက တောင်ပိုင်း၊ ဒါဗင်မြို့ရှိ ကျွန်ုပ်အိမ်၌ ရှေးက တွေ့ကြုံခဲ့ရသော အဖြစ်အပျက်များကို စဉ်းစားလျက် ရှိ၏။ ဤ ၂ နှစ် အတောအတွင်းမှာ ရင်နယ်တို့ အကြောင်း နှစ်ခါမျှသာ ကြားသိရပေ၏။ ကျွန်တော်၏ မိတ်ဆွေ စာကူထံမှ ရင်နယ်နှင့် မစ္စဟုံးတို့ လက်ထပ်ပွဲမှာ အလွန် ခမ်းနား ကြီးကျယ်၍ ဘုရင်မင်းမြတ်ကိုယ်တိုင် ချီးမြှင့်သောပွဲကြီး ဖြစ်ပေသည်၊ လက်ထပ်ပွဲတွင် လက်ဖွဲ့ကြသော ပစ္စည်းများမှာ များစွာ အဖိုးတန်လှပေ၏။ သတို့သားက သတို့သမီးအား အဖိုးအနဂ္ဃတန်သော ပုလဲလည်ဆွဲကြီးကို လက်ဖွဲ့ပေ၏။ စာကူက စာနှင့်အတူ လက်ထပ်ပွဲအကြောင်း ရေးသားထားသော သတင်းစာဖြတ်ပိုင်း တစ်စုကို ပို့လိုက်၏။ သတို့သမီး၏ ချောမောပုံ၊ ဝတ်စားထားပုံများကို ငိုကာချဲ့ကာ ရေးထားသည့်ပြင်၊ ၎င်းလက်ထပ်ပွဲနှင့် ပတ်သက်၍ အောက်ပါ ထင်မြင်ချက်များ ရေးသားထားသည်ကိုလည်း တွေ့ရ၏။

သတို့သမီးသည် ရင်နယ်မြို့စားကာလေး၏ ဘိုးဘေးဘီဘင်မှ အမွေ အနှစ်များဖြစ်သော၊ အဖိုးအနဂ္ဃတန်၍ နေရောင်ရှိန် မသမ်းခဲ့သော စိန်ကောင်းများကို မိမိ၏ တန်ဆာအဖြစ် မရွေးချယ်ဘဲ အလွန် ရှေးကျသော သန္တာလည်ဆွဲ တစ်ကုံးသာလျှင် လက်ထပ်ပွဲသဘင်၌ ဝတ်ဆင်ကြောင်း၊

၎င်း မစ္စဟုံးကဲ့သို့ အသားညိုချောနှင့် ကြည့်လို့မငြီး ရှုလို့မဝနိုင်အောင် တင့်တယ်လှပါပေ၏။ မစ္စဟုံးအား အဘယ်ကြောင့် ထိုလည်ဆွဲကြီးကိုသာ လျှင် ဆင်မြန်းပါသနည်းဟု မေးရာ ၎င်းလည်ဆွဲကြီးမှာ မိမိအား ကောင်းသော မင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံစေမည့် လည်ဆွဲကြီး ဖြစ်ကြောင်းကို ပြန်၍ ပြောပြလေသည်။

ဟာရ ပေးခဲ့သည့် မဖွယ်မရာ ဤလည်ဆွဲကြီးကို အဘယ်ကြောင့် မစ္စဟုံး နှစ်သက်ပါသနည်း။ ဤအဖြစ်အပျက်မှာ အလွန်ထူးဆန်း၍ ကြက်သီးမွေးညင်းများပင် ထ မိပါတော့၏။

ဒုတိယ ရင်နယ်နှင့် ပတ်သက်၍ ကြားရသော သတင်းမှာ၊ ရင်နယ်တို့ ဓောင်နံ့စုံတွင် ချစ်စရာကောင်းသော သားရတနာကလေး ဖွားမြင်ကြောင်းပင် ဖြစ်၏။

ဤ ၂ နှစ်အတွင်း ကျွန်ုပ်သည် အဖြစ်အပျိုးမျိုးနှင့် ကြုံတွေ့ရပေတော့၏။ ကျွန်ုပ်၌ အဟောင်အသင့် ငွေကလေးများ စုဆောင်းမိနေပြီ ဖြစ်၍၊ အာဖရိက တောင်ပိုင်းသို့ တောလိုက်သွားရန် စိတ်ကူးနေခိုက်မှာ စူနယ်စပ်၌ ရွှေတွင်း ပထမဆုံး တွေ့ရှိကြောင်းကို ကြားသိရလေ၏။ ဂျေကော့ဆိုသူ ရေဝတီ တစ်ယောက်က ထိုအကြောင်းကို ကျွန်ုပ်အား လာရောက် ပြောကြားပြီးလျှင်၊ ၎င်းသတ္တုတွင်း၏ ကုန်ကျစရိတ်များ ခံလျှင် ၎င်းမှ ထွက်သော အမြတ်အစွန်းမှ တစ်ဝက်ပေးမည်ဟု မက်လုံးပေးလေ၏။ ကျွန်ုပ်သည် ငိုကာချဲ့၍ မပြောလိုတော့ပြီ။ ၎င်းအကြောင်းနှင့် ပတ်သက်၍ သတိမရလျှင် စိတ်သက်သာသေး၏။ အကြောင်းမှာ ဂျေကော့နှင့် ကြုံရာပါ လူတစ်စုသည် ကျွန်ုပ်၏ ရိုးသားခြင်းနှင့် ယုံကြည်တတ်ခြင်းကို အခွင့်ယူကာ ရွှေမှုန် ရွှေစများ ပက်ဖြူးခြင်းဖြင့် ကျွန်ုပ် အညာမိလေတော့၏။

ရွှေတွေ့သော သတင်းမှာ တောမီးလောင်သကဲ့သို့ လူတိုင်း သိရှိလေတော့၏။ ကျွန်ုပ်၏ ရိုးသားခြင်းကို လူတိုင်း သိကြသည့်အတိုင်း ကျွန်ုပ် ခေါင်းဆောင်ကာ မကြာမီအတွင်း ကုမ္ပဏီတစ်ခု ဖွဲ့စည်းပြီး ဖြစ်လေ၏။





ကျွန်ုပ်တို့၏ အရင်းငွေမှာ ရွှေဒင်္ဂါးတစ်သောင်း ဖြစ်ပေ၏။ ၎င်းအနက် ဂျေကော့နှင့် ကြုံရာပါ လူတစ်စုသည် တစ်ဝက် ယူကြလေ၏။ အကြောင်းကား ရွှေတွင်းနေရာကို သူတို့က ပြသောကြောင့် ပေတည်း။ ကျွန်ုပ်ကိုယ်တိုင် ရွှေဒင်္ဂါး တစ်ထောင်ဖိုး အစုဝင်လိုက်၏။

သတ္တုလုပ်ငန်း စကြလေပြီ။ ပထမ ရက်သတ္တပတ်အတွင်း ရွှေများမှာ အတော်ရပေ၏။ ရွှေဒင်္ဂါး ငါးရာဖိုးမျှပင် ရရှိလေ၏။ ၎င်းသတင်း ပျံ့နှံ့၍ သွားလေရာ ကုမ္ပဏီ၏ ရှယ်ယာတန်ဖိုးမှာ အဆမတန် တိုးတက်၍ သွားလေ၏။ ဂျေကော့မှာ ထူးထူးခြားခြား မိမိပိုင် ရှယ်ယာတစ်ဝက်ကို ထုတ်၍ ရောင်းလေ၏။ ကျွန်ုပ်က မေးသောအခါ မိမိသည် အများကောင်းစားရန် အတွက် တစ်ကိုယ်ကောင်း မကြံလို၍ ရောင်းကြောင်းပြောရာ ဂျေကော့၏ စိတ်ထားဖြူစင်မှုကို ကျွန်ုပ် ချီးမွမ်းမိသေး၏။ သို့သော် ဤကဲ့သို့ ဖြစ်ပျက်ပြီး မကြာမီအတွင်း ရွှေထွက်သော ကျောက်များကို မတွေ့ရတော့ဘဲ နောက်ဆုံး၌ သာမန်ကျောက်များကိုသာ တွေ့ရှိရလေတော့သည်။ ရွှေမှုန်များ မပါတော့ချေ။ ရှယ်ယာတန်ဖိုးများ ကျ၍ ကုန်ချေပြီ။ ဂျေကော့က ကုမ္ပဏီ၏ ဂုဏ်သရေကို မြှင့်တင်ရန်နှင့် ရှယ်ယာတန်ဖိုးများ အကျရပ်ဆင်းရန် ကျွန်ုပ်အား နောက်ထပ် ရှယ်ယာ ထပ်မံ ဝယ်ယူရန် တိုက်တွန်းသဖြင့်၊ ကျွန်ုပ်ရှိသမျှ ရွှေဒင်္ဂါး ၅၀၀ ဖိုး ထပ်၍ ဝယ်ယူပြန်ပါသည်။ နောက်မှ ကျွန်ုပ် သိရသည်မှာ ကျွန်ုပ် နောက်ထပ် ဝယ်ယူသော ရှယ်ယာများသည် တစ်ဖက်လှည့်နှင့် ရောင်းသော ဂျေကော့ပိုင် ရှယ်ယာများ ဖြစ်နေပါသည်။ နောက်ဆုံး တိုတို ပြောရလျှင် ကုမ္ပဏီမှာ လုံးဝ ပျက်စီး၍ သွားပါတော့သည်။ ပစ္စည်း အားလုံးလိုလို ဂျေကော့၏ ကလိမ်ဉာဏ်ဖြင့် ဂျေကော့၏ လက်သို့ ရောက်ကုန်လေတော့သည်။ အစုရှယ်ယာရှင်များမှာ မငြိမ်မသက် ဆူပူကြလေတော့၏။ အစုရှယ်ယာရှင်များ အစည်းအဝေး၌ လူတစ်ယောက်က ထ ၍ ကျွန်ုပ်အား လူလိမ်လူညာကြီးဟု လက်ညှိုးထိုးကာ စွပ်စွဲရာ၊ အစည်းအဝေးပွဲကြီးမှာ အတော် လှုပ်လှုပ်ရှရှ ဖြစ်သွားလေ၏။

ငင်းနောက်မှ လူတစ်ယောက်က ထ ကာ မိမိအား ကျေကော့က ငွေပေး၍ ရွှေမှုန့်များ အဖြူးနိုင်းကြောင်း၊ ယခု ကျေကော့မှာ မိမိအား ငွေများ မပေးတော့သဖြင့် ဖော်ပြောရကြောင်းများကို ပြောတော့မှ ကျွန်ုပ်၏ ဂုဏ်သရေကို ဆယ်မိလေတော့သည်။ နောက်ဆုံး၌ ကျွန်ုပ်အပေါ်တွင် အယုံအကြည် ရှိကြောင်းဖြင့် အစည်းအဝေးပွဲကို ရုပ်သိမ်းလိုက်လေ၏။

အချိန်ကား ဓနေ မဝင့်တဝင်။ ကျွန်ုပ်သည် အိမ်သို့ လမ်းကျဉ်းကလေး တစ်ခုမှ ပြန်လာရာ မနီးမဝေး၌ အရက်မူးမူး လူဝကြီးတစ်ယောက်နှင့် အရုပ်ပြတ်ပြတ် လူပါကလေးတစ်ဦး ရန်ဖြစ်နေသည်ကို တွေ့ရလေ၏။ လူဝကြီးမှာ ကျွန်ုပ်၏ အကြောင်းကို ကျယ်လောင်စွာ ပြောဆိုနေ၍ ကျွန်ုပ်သည် လူဆိုး လူလိမ် လူညာကြီး ဖြစ်ကြောင်း၊ မိမိပိုင် ရွှေအစုများကို ကျွန်ုပ်က လုညှိုဖြား ယူငင်ကြောင်းများဖြင့် ကျွန်ုပ်၏ မကောင်းသတင်းကို အထူး ငိုကာချဲ့နေ၏။ ထိုအခိုက် လူပါကလေးက လူဝကြီး၏ နှာခေါင်းကို ဝင်ရောက် ဆွဲကိုင်လိုက်ရာ လူဝကြီးသည်–

'ဟဲ့ ယုတ်မာတဲ့ မျောက်၊ နင့်ဦးခေါင်း ငါ ခွဲမယ်'

ဟု ဆို၍ လက်ထဲမှ တုတ်ကြီးကို အပေါ်သို့ မြှောက်ပြီးလျှင် တအားလွှဲ၍ ရိုက်လိုက်လေ၏။ သို့ရာတွင် လျင်မြန်ဖျတ်လတ်သော လူပါကလေးသည် ခုန်၍ ဘေးသို့ တိမ်းလိုက်ကာ–

'ဟဲ့ ဝက်ဖြူမသား၊ နင်က ငါ့ဆရာကို ဘာ့ကြောင့် စော်ကားရသလဲ။ ငါ့ဆရာဟာ စိတ်နှလုံးထား အင်မတန် မွန်မြတ်သူ ဖြစ်တယ်'

ဤနေရာ၌ ကျွန်ုပ် အသေအချာ ဂရုပြု၍ ကြည့်မိရာ လူပါကလေးမှာ အခြားသူ မဟုတ်။ ကျွန်ုပ်၏ တပည့်ရင်း ဖြစ်ခဲ့ဖူးသည့် "ဟင်" ဖြစ်နေကြောင်းကို သိရလေတော့၏။

လူဝကြီး။ ။ 'ဟုတ်တယ်၊ နင့်ဆရာဟာ သူခိုးပဲ'

ဟင်။ ။ 'ဒါဖြင့် ငါ့ဆရာရှေ့မှာ မစွပ်စွဲဘဲ ထွက်ပြေးခဲ့ပြီး ဘာ့ကြောင့် မမြင်ကွယ်ရာမှာ စွပ်စွဲရသလဲ'





လူဝကြီးသည် ရုတ်တရက် တုတ်နှင့် လှမ်းရိုက်ရာ ဟင်၏ ကျောကို ရိုက်မိလေ၏။ ဟင် သည် လျင်မြန်ဖျတ်လတ်စွာ နောက်သို့ ဆုတ်ပြေးပြီးလျှင် မိမိ၏ ဦးခေါင်းကို နွားသိုးကဲ့သို့ နိမ့်ကာ တစ်ရှိန်ထိုး လူဝကြီး၏ ဗိုက်ပူကြီးကို အွန့်ခနဲ မြည်အောင် ဝေ့လိုက်သည်၌ လူဝကြီးမှာ နွံ့ဖွက်ထဲတွင် လဲလေသည်။ ဟင် သည်လည်း ရုတ်တရက် ပျောက်ကွယ်၍ သွားလေတော့၏။

ကျွန်ုပ်သည် လူဝကြီး၏ အရိပ်အခြေကို စောင့်ကြည့်နေရာ တစ်မိနစ်ခန့်ကြာမှ လူဝကြီးသည် မိမိ၏ ဗိုက်ပူကြီးကို လက်နှစ်ဖက်ဖြင့် နှိပ်ကာ ကုန်းကွ ကုန်းကွနှင့် မှောင်ထဲတွင် ပျောက်ကွယ်သွားလေတော့သည်။

ဆေးတံသောက်ကာ ကျွန်ုပ်သည် ကုလားထိုင်ပေါ်၌ ထိုင်လျက် ရှေ့ရေးကို တွေးတောနေ၏။ ကျွန်ုပ်မှာ စုစုပေါင်း ရွှေဒင်္ဂါး သုံးရာမျှသာ ရှိတော့၏။ ကုန်သည်အလုပ်မှာ ကျွန်ုပ်နှင့် အလျှင်းမတော်ပေ။ ငင်းအလုပ်မှာ ကျွန်ုပ်နှင့် အထက် သို့မဟုတ် အောက် ကျလွန်း၏။ ကျွန်ုပ်၏ ဝမ်းစာအလို့ငှာ တစ်မျိုးတစ်မည် ကြံရပေဦးတော့မည်။ ကျွန်ုပ်၏ လုပ်နေကျ၊ ကိုင်နေကျ ဆင်ပစ်ခတ်ခြင်းသာ ဆက်လက် လုပ်ကိုင်နေရပေတော့မည်။ ဤကဲ့သို့ တွေးတောနေခိုက် "ဟင်" သည် အိမ်ဝင်းအတွင်းသို့ ဝင်လာကာ ကျွန်ုပ်၏ ကုလားထိုင်ရှေ့ မြက်ခင်းပေါ်မှာ ဟင်ပျဉ်ခွေထိုင်ပြီး လင်းတ၏ မျက်စိကဲ့သို့ ဝင်းခါနီးဆဲဆဲ နေကို မျက်တောင်မခတ်ဘဲ စူးစိုက်ကာ နေလေ၏။

ကျွန်ုပ်။ ။ 'ဟင်၊ မင်းကြည့်ရတာ နပန်းလုံးလာတဲ့ လူလိုပါကလား။ ဖွံ့တွေလည်း ပေလို့'

ဟင်။ ။ 'ဟုတ်ပါတယ် အဘ၊ ကျွန်တော် လူတစ်ယောက်နဲ့ ကြွေးတောင်းရာက ဇပြီး ရန်ဖြစ်လာပါတယ်'

ကျွန်ုပ်။ ။ 'မင်း ဘာ့ကြောင့် ငါ့ကို ညာချင်ရတာလဲ။ မင်း မျက်နှာ

ဖြူ လူတစ်ယောက်နဲ့ ရန်ဖြစ်နေတာ ငါ မြင်ခဲ့တာပဲ။ မင်း သူ့ကို ရှိုးဗွက် အိုင်ထဲမှာ ပစ်လှဲခဲ့တယ် မဟုတ်လား'

ဟင်။ ။ 'မှန်ပါတယ် အဘ၊ အဘဟာ ပြောလျှင် ဘယ်အခါမှ မှားတယ် မရှိဖူးပါ။ ကျွန်တော် လေးမြတ်သူ တစ်ယောက်အတွက် ကျွန်တော်နဲ့ ရန်ဖြစ်ခဲ့ပါတယ်'

ကျွန်ုပ်။ ။ 'မင်း ယခု ဘာလိုချင်လို့ လာတာလဲ'

ဟင်။ ။ 'အဘထံက ရွှေဒင်္ဂါး တစ်ပြားလောက် ချေးချင်လို့ပါ။ မျက်နှာဖြူနှင့် ကျွန်တော် ရန်ဖြစ်တဲ့အတွက် မျက်နှာဖြူနှင့် တရားရုံးတော်က ကျွန်တော့်အပေါ် အဆိုးချမှာပဲ။ ဒီအတွက် ဒဏ်ငွေဆောင်ရန် အသင့် ကျွန်တော် ယူသွားချင်လို့ပါ'

ကျွန်ုပ်။ ။ 'မင်းပိုင် ရွှေဒင်္ဂါး ခြောက်ရာငါးဆယ် ဘယ်ရောက် သွားသလဲ။ မင်း ကစားပစ်သလား'

ဟင်။ ။ 'မဟုတ်ဘူး အဘ၊ ကျွန်တော် ဝယ်စရာ ရှိတာ ဝယ်လိုက် လို့ပါ'

ကျွန်ုပ်။ ။ 'မင်း ဘာတွေ ဝယ်သလဲ'

ဟင်သည် သူ၏ ဘောင်းဘီ စုတ်ပြတ်သော အကျီမှ အိတ်များကို စမ်းသပ်ရှာဖွေလျက် ညစ်ပတ် ပေရေသော စာချုပ် စက္ကူအလိပ်တစ်ခုကို ထုတ်၍ ပြလေ၏။ ၎င်းစက္ကူကို ယူ၍ ကြည့်ရာ ကျွန်ုပ်၏ သတိကို လစ်၍ မသွားရန် ကြိုးစားရတော့၏။ ၎င်းစာချုပ်မှာ ဟင်၏ အစုရှယ်ယာ စက္ကူများ ဖြစ်၍၊ ကျွန်ုပ် ခေါင်းဆောင်သော ရွှေတွင်း သတ္တုကုမ္ပဏီ၏ အစုရှယ်ယာ များပင်တည်း။

ကျွန်ုပ်။ ။ (အသံ မထွက် တထွက်ဖြင့်) 'မင်း ဒါတွေ ဘယ်သူ့ ထံက ဝယ်သလဲ'

ဟင်။ ။ 'ဂျေကော့ ဆိုသူထံမှ ဝယ်ပါတယ်'

ကျွန်ုပ်။ ။ 'မင်းကို ဒီဟာတွေ ဘယ်သူက အဝယ်ခိုင်းသလဲ'





ဟင်။ ။ 'အဘ၏ ထမင်းချက် "ဆင်မီ" တိုက်တွန်းချက်ဖြင့် ဝယ်ပါတယ်။ သူ့ ပြောကြားချက်အရ ဂျေကော့ဆိုသူက အကယ်၍ ဒီစာချုပ် တွေကို မဝယ်ဘဲ နေခဲ့လျှင် အဘမှာ ကုမ္ပဏီရဲ့ ကြွေးတွေကို မဆပ်နိုင်ဘဲ ထောင်အတွင်း အကျဉ်းခံရတော့မယ် ဆိုတာနဲ့ ဆင်မီလည်း သူ့ ရှိတတ် သရွေ့ ချွေးနှဲစာကလေးနဲ့ ဝယ်ပါတယ်။ ကျွန်တော်လည်း ကျွန်တော်ပိုင် ယာကလေး၊ လှည်း၊ နွားကလေးတွေ အားလုံး ရောင်းချပြီး ဝယ်လိုက်ပါ တယ်'

ကျွန်ုပ်သည် သူ၏ ပြောကြားချက်များကို ကြားရသောအခါ မျက်ရည်များကိုပင် မဆည်နိုင်တော့ပါ။ ဟင်ကဲ့သို့ ဖြူစင် ဖြောင့်မတ်သော သူတစ်ဦးကို ကလိမ်ဉာဏ်ပွေသော ဂျေကော့၏ မိုက်မဲစွာ ပြုကျင့်ခြင်း ခံရတဲ့အတွက် ယူကျုံးမရအောင် ရှိပေ၏။

ကျွန်ုပ်။ ။ 'ဟင် မင်းကို ငါပြောဖူးတဲ့ ကင်းဒါလူမျိုးတွေ အကြောင်း မှတ်မိသေးရဲ့လား။ သူတို့နိုင်ငံမှာ ဆင်သချိုင်းကြီး ရှိတယ် ဆိုတာလေ'

ဟင်။ ။ 'မှတ်မိတယ် အဘ'

ကျွန်ုပ်။ ။ 'မင်း ဒီလူမျိုးတွေနဲ့ ဒီဆင်သချိုင်းကြီး တကယ် ရှိတယ် လို့ ယုံသလား'

ဟင်။ ။ 'ယုံပြီလား အဘ၊ သူတို့ အကြောင်း ကျွန်တော် ကြားဖူး သားပဲ'

ကျွန်ုပ်။ ။ 'အဲဒီနယ်ကို ငါသွားရင် မင်း လိုက်နိုင်ပါ့မလား'

ဟင်။ ။ 'အဘ ခေါ်ရင် ကျွန်တော် မလိုက်မယ့် နေရာ မရှိပါဘူး'

ထို့နောက် ကျွန်ုပ်တို့ နှစ်ဦးသည် အတော်ကြာမျှ စကား ပြောကြ လေသည်။

## အခန်း ၅
## ရင်နယ် မြို့စားကလေး

ထိုနေ့ညသ၌ ဟင်သည် အဖမ်းခံရမည်ကို စိုးရိမ်သည့်အတွက် ကျွန်ုပ်၏ အိမ်မှာပင် အိပ်၏။ နောက်တစ်နေ့ နံနက်၌ ကျွန်ုပ်နှင့် ဟင်မှာ ကင်ဒါလူမျိုးများထံ သွားရန်အတွက် ထပ်မံ ဆွေးနွေးကြပါသည်။ သို့သော် ဘာမျှ အရာမရောက်ပါ။ ဤကဲ့သို့ ဝေးလံ ခက်ခဲသော ခရီးကို စရိတ်အကုန်အကျ များစွာ မခံနိုင်ဘဲ ရောက်ဖို့ရာ အလွန် ခဲယဉ်းပါသည်။ နောက်ဆုံး ကျွန်ုပ်၏ စိတ်ကူးမှာ အကယ်၍ ထိုခရီးကို သွားဖြစ်ပါက၊ ကျွန်ုပ်သည် သတ္တိကောင်းသော ဖုံးလွှမ်းမှုဆိုးများဖြင့် လမ်းခရီးတွင် လိုအပ်သော ပစ္စည်းစုနှင့် ခဲယမ်း မီးကျောက် လက်နက်များကို မြင်းဆွဲလှည်းဖြင့် တင်ဆောင်၍ တဖြည်းဖြည်းချင်း ဖြစ်သလို သွားရမည်။ ၎င်းဖုံးလွှမ်းနယ်မှ မြောက်သို့ ကျော်လွန်ပြီးလျှင် ကျွန်ုပ်၏ မိတ်ဆွေများ ဖြစ်ခဲ့ဖူးသော မဇိတု လူမျိုးတို့၏ မြို့တော် ဘင်ဇာမြို့ သွားပြီးနောက်၊ ကင်ဒါနယ်သို့ ရောက်ဖို့ရန် အခွင့်သင့်သလို စီမံ၍ ကံတရားအတိုင်း လုပ်ဆောင်ရန်ပင် ဖြစ်ပေ၏။ ဤကဲ့သို့ ကြံစည် စိတ်ကူးနေခိုက် ဘီလပ်မြို့တော်မှ စာပို့သင်္ဘောကြီး ဆိုက်ကပ်သည့် အထိမ်းအမှတ်ဖြင့် သေနတ်ဖောက်သံကို ကြားရတော့၏။





ကျွန်ုပ်သည် ရွှေတွင်းနှင့် ပတ်သက်၍ ကျန်ရှိနေသော လုပ်ငန်းဆောင်တာများ ကိစ္စ ရှင်းလင်းရန် အလုပ်ခန်းအတွင်းသို့ ဝင်ခဲ့ပါသည်။ ထိုအခိုက် ဟင်သည် အလုပ်ခန်း ပြတင်းပေါက်မှ ခေါင်းပြူကာ–

'အဘကို လူကြီးနှစ်ယောက် ခြံပေါက်မှာ မေးနေတယ်'

ကျွန်ုပ်အား အစုရှယ်ယာရှင်များသည် အပြစ်တင်ရန် မကြာခဏလာရောက်တတ်ကြသောကြောင့် ကျွန်ုပ်၏ စိတ်မှာ လွန်စွာ ရှုပ်ထွေးရတော့၏။ ပထမ ကျွန်ုပ်၏ စိတ်ကူးမှာ နောက်ဖေးပေါက်မှ ရှောင်၍ အတွေ့မခံရန်ပင် ဖြစ်တော့၏။ သို့သော် ကျွန်ုပ်၏ မာနတရားမှာ ထိုကဲ့သို့ ပုန်းလျှိုးကွယ်လျှိုး ပြုလုပ်ရန် ရှုံ့ရှာသည့်အတွက် ခြံဝါးခါးဝဆီသို့ ထွက်လာခဲ့ရာ၊ မိမိ မထင်သော မိတ်ဆွေများကို တွေ့ရသည်နှင့် ဝမ်းသာအားရ ဖြစ်ကာ–

ကျွန်ုပ်။ ။ 'အလို မစ္စတာ ဆာဗိတ်တို့ပါကလား၊ မြို့စားကလေးတို့ မာရဲ့နော်။ မမျှော်လင့်ဘဲ တွေ့ရတာ ဝမ်းသာလိုက်တာ။ မြို့စားကလေးနဲ့ တွေ့ပါတယ်လို့ အောက်မေ့နေတာ လာကြပါ၊ အိမ်ထဲ ကြွကြပါ'

ဤကဲ့သို့ ပြောဆိုစဉ် ဆာဗိတ်နှင့် မြို့စားကလေးအား အကဲခတ်ကာ ကျွန်ုပ် ကြည့်မိတော့၏။ ဆာဗိတ်မှာ ယခင်က တွေ့ရသည့်အတိုင်းပင် ဘာမှ မထူးခြားသော်လည်း၊ ရင်နယ်မြို့စားကလေးမှာမူ အတော်ပင် ပြောင်းလဲခြင်းကို တွေ့ရပေတော့၏။ ယခင်ကကဲ့သို့ပင် ထည်ထည်ဝါဝါ၊ တင့်တင့်တယ်တယ် ရှိသော်လည်း ရင်နယ်၏ မျက်နှာမှာ ဝမ်းနည်းဖွယ်၊ ကြေကွဲဖွယ် တို့နှင့် ရင်ဆိုင် တွေ့ခဲ့ရသော အရိပ်အယောင်များ ပေါ်ပေါက်လျက် ရှိပေ၏။

ရင်နယ်။ ။ 'ဟုတ်ကဲ့ ကွာတာမိန်း၊ ခင်ဗျားနဲ့ တွေ့ဖို့ရာ မိုင် ၇,၀၀၀ ဝေးတဲ့ ခရီးက လာခဲ့ရပါတယ်။ အလွန်ပင် ကံကောင်းတာပဲ၊ ခင်ဗျား အာဖရိကအလယ် တောလိုက်ထွက်နေရင် တွေ့ရမယ် မဟုတ်တော့ဘူး'

ကျွန်ုပ်။ ။ 'ကံကောင်းတယ် ဆိုရမှာပဲ၊ တနင်္ဂနွေ တစ်ပတ်

လောက် နောက်ကျမယ်ဆိုရင် တွေ့မှာ မဟုတ်တော့ဘူး။ ကျွန်ုပ်မှာ ကံမကောင်းတဲ့ အချက်ကလေးတွေကြောင့် မြို့ပေါ်မှာ ဒီလောက် မြဲနေတာပဲ'

ရင်နယ်။ ။ 'ဟုတ်ကဲ့၊ ကျွန်တော့်မှာလည်း ကံမကောင်း အကြောင်း မသင့်လို့ ဒီကို လာရောက်ရတာပဲ'

ကျွန်ုပ်။ ။ 'ကဲ အကြောင်းမျိုးစုံ ထမင်းစားရင်း ပြောကြတာပေါ့'

ကျွန်ုပ်တို့ သုံးဦးသည် မကြာမီ ထမင်း စားသောက်ကြလေ၏။ ထမင်းစားပြီးသောအခါ ကျွန်ုပ်သည် တပည့်တစ်ယောက်အား သင်္ဘောဆိပ်၌ ကျန်ခဲ့သော မြို့စားကလေး၏ အထုပ်အပိုး ပစ္စည်းများကို သယ်ယူရန် လွှတ်လိုက်လေ၏။

ကျွန်ုပ်။ ။ 'ကဲ ခင်ဗျား ဒီလာရင်း အကြောင်းကို ပြောစမ်းပါဦး'

ရင်နယ်။ ။ 'မကောင်းတဲ့ သေးဆိုးကြီးနဲ့ ကြုံတွေ့ရလို့ပါ'

ကျွန်ုပ်။ ။ 'ခင်ဗျားမိန်းမ ပျက်စီးလို့လား'

ရင်နယ်။ ။ 'ကျွန်တော် အသေအချာ မပြောနိုင်ဘူး၊ ထင်တော့ ထင်တာပဲ။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်အတွက်မှာတော့ သူဟာ သေတာနဲ့ မထူးပါဘူး'

ဟု အစချီ၍ အဖြစ်အပျက်ကို ပြောပြသည်မှာ၊ လွန်ခဲ့သော ၁၈ လ ခန့်က သူတို့ ဇနီးမောင်နှံတွင် ချောမောလှပသော သားဦးရတနာကလေး ရရှိခဲ့လေသည်။ ထိုစဉ်၌ ၎င်းတို့မှာ အရာခပ်သိမ်း လိုလေသေးမရှိ၍ အပျော်ကြီး ပျော်ကြလေရာ၊ တစ်ခါ၌ ၎င်း၏ဇနီးကပင် ယခုကဲ့သို့ အကောင်းနှင့် တွေ့ရပြီး လောကဓမ္မတာအရ အဆိုးဘက်များ တစ်နေ့ လှည့်လေမလားဟု ပြောဖူးခဲ့သေးသည် ဆို၏။ သို့နှင့်ပင် ကြမ္မာဆိုးဝင်သော တစ်နေ့တွင်ကား ၎င်း၏ဇနီးသည် သားငယ်ကို ခေါ်ဆောင်၍ ပက်လက် မြင်းလှည်းတစ်စီးနှင့် အသိမိတ်ဆွေတစ်ဦး၏ အိမ်သို့ အလည်သွားရာ၊ လမ်းတွင် ဆပ်ကပ်ပွဲအတွက် ခေါ်ဆောင်လာသော ဆင်ကြီးတစ်ကောင်နှင့် တွေ့သည်၌ ထိုဆင်ပေါက်ကြီးသည် မြင်းလှည်းကို မြင်ရ၍ပင်လော၊ သို့မဟုတ် ရင်နယ့်





ဇနီး၏ အမြတ်တနိုး ဝတ်ဆင်သော အနီရောင် အင်္ကျီကြောင့်ပင်လော မပြောတတ်။ ရုတ်တရက် စိတ်ဆိုး မာန်ဆိုး အော်ဟစ်လိုက်လေ၏။ ထိုအသံကြောင့် မြင်းလန့်၍ ခုန်လေရာ မြို့စားကတော်မှာ မြင်းဇက်ကို မထိန်းနိုင်တော့ဘဲ လှည်းမှောက်သည်၌၊ ကလေးနှင့် အထိန်းတော်သည် မြေပြင်သို့ လွင့်စဉ်ကျလေ၏။ ယင်းသည်၌ ဆင်ကြီးသည် နားရွက်နှစ်ဖက်ကို ထောင်၍ နှာမောင်းကို ဆန့်တန်းကာ ကလေးကို အထိန်းတော်၏ ရင်ခွင်မှ ယူပြီး လေထဲသို့ မြှောက်လိုက်လေသည်။ ပြင်းထန်သော အရှိန်ဖြင့် မြေပြင်သို့ ပြန်အကျတွင် ဆင်ကြီးသည် (အံ့ဩဖွယ်ရာ) ကလေးငယ်ကို အသက်ရှိမရှိ နှာမောင်းဖြင့် စမ်းသပ် ကြည့်ရှုသေး၏။ အသက်ကုန်မှန်း အသေအချာ သိတော့မှ နောက်ထပ် မည်သူ့မျှ ရန်မပြုတော့ဘဲ တောင်းမွန်စွာ ထွက်ခွာသွားသော ဟူ၏။

ရင်နယ်၏ စကားအဆုံး၌–

ကျွန်ုပ်။ ။ 'တယ် နှလုံးထိတ်စရာ ကောင်းပါကလား'

ရင်နယ်။ ။ 'ဒီ့ထက်ဆိုးတာ ကျန်ပါသေးတယ်။ ကျွန်တော်ရဲ့ မိန်းမဟာလည်း မိမိရဲ့ ချစ်မဝတဲ့ ရင်သွေးကလေးကို မိမိမျက်စိအောက်မှာ မရှုမလှ သေသွားတာ မြင်ရပြီးကတည်းက တစ်ခါတည်း စိတ်နောက်သွားတာပါပဲ။ သူ စိတ်နောက်တာက သူများလို မကြမ်းဘဲ ယဉ်ယဉ်ကလေး စိတ်နောက်ပါတယ်။ နာရီပေါင်း အတော်ကြာ ရယ်ကာ ပြုံးကာနဲ့ သူ့သန္တာလည်ဆွဲကြိုးကို ချွတ်လိုက် ဝတ်လိုက်၊ မယ်သီလများလို ပုတီးလုပ် စိပ်လိုက်နဲ့ နေတာပဲ။ တစ်ခါတလေ လေထဲကြည့်ပြီး သူ့သားကလေးနဲ့ သူ စကားပြောနေတယ်၊ တစ်ခါတလေ နို့တိုက်နေတာနဲ့ ပြီးတာပဲ။ သိပ်သနားစရာ ကောင်းနေတော့တာပေါ့။ ကျွန်တော်လည်း ငွေ ပဓာနမထားဘဲ သူ့အတွက် အမျိုးမျိုး ကုပါတယ်။ နာမည်ကျော်ကြားဆုံး စိတ္တဇကု ဆရာကြီးတွေနဲ့ ကုပေမဲ့ မထူးခြားဘူး။ နောက်ဆုံး ဆရာဝန်များက ကျွန်တော့် မိန်းမဟာ စိတ်ကြောင့် ဝေဒနာရသည့်အတွက် သူ စိတ်ပြောင်းအောင် အိဂျစ်ပြည်ကို

သွားရောက်လည်ပတ်ဖို့ အကြံပေးကြပါတယ်။ ဒီလို ဆရာဝန်တွေ အကြံပေးတာ ကြားရတော့ ကျွန်တော့် မိန်းမက အိဂျစ်ကို လိုက်ပို့ရန် အတင်းပူဆာတာပဲ။ ကျွန်တော့် အလိုတော့ မသွားဖြစ်ပါဘူး။ ဆရာဝန်များက ဒီလို ပူဆာတာ တွေ့ရတော့ ကျွန်တော် လမ်းမလွှဲရန် သတိပေးပါတယ်။ ကျွန်တော့် မိန်းမမှာ ယခုကဲ့သို့ သွားချင် လာချင်တဲ့ စိတ်များ ပေါ်ပေါက်ခြင်းဟာ ကောင်းသော အတိတ်လို့ ပြောဆိုပြီး အားလုံး တိုက်တွန်းကြတော့တာပဲ။ ကျွန်တော်လည်း မငြင်းနိုင်တော့ဘဲ သွားဖို့ရာ ပြင်ဆင်ရတာပေါ့။ အထူးသင်္ဘော တစ်စင်းကို ဝယ်ပြီး စစ်သားအချို့ အစောင့်အရှောက် ခေါ်ပြီး အီဂျစ်ပြည်ကို ကျွန်တော်တို့ တစ်အိမ်သားလုံး သွားကြပါရော။ အီဂျစ်ပြည် နိုင်းမြစ်ကြီးထဲ သင်္ဘောကြီး ဆန်တက်ကြပါရော။ တစ်လလောက် အားလုံး ပျော်ကြတာပဲ။ ဘာမှလဲ အနှောင့်အယှက် မတွေ့ရဘူး။ ကျွန်တော့် မိန်းမလည်း တစ်ခါတစ်ခါ စိတ်ကောင်းကလေးများ ဝင်ဝင်လာပါတယ်။ နိုင်းမြစ်ကမ်းပေါ်က ရှေးက အီဂျစ်ဘုရား ကျောင်းဆောင်တွေ လျှောက်လည်ကြပါတယ်။ တစ်နေရာမှာ ကျွန်တော့် မိန်းမက ကျွန်တော့်ကို လက်ညှိုးထိုးပြပြီး–

"'ရှာရေ၊ ဟိုမှာ ကြည့်စမ်းပါဦး" ဆိုလို့ ကျွန်တော် ကြည့်လိုက်တော့ အိုက်ဇစ် ဘုရားသခင်မက သူ့သားကလေး "ဟိုရစ်" ကို ပိုက်ချီထားတဲ့ ပုံတော် ဖြစ်နေတယ်။ ကျွန်တော့်မိန်းမက ဒီရုပ်တုဟာ မြင့်မြတ်တဲ့မိခင်နဲ့ မြင့်မြတ်တဲ့ သားကလေး ပုံတော်ဖြစ်တယ်လို့ ပြောတယ်။ အဲဒီနေ့အဖို့ ကျွန်တော့် မိန်းမမှာ အလွန်ပျော်ရွှင်ပုံ ပေါ်ပါတယ်။ မကြာခဏ တွေတွေပြီး ရှေးက အကြောင်းတွေကို အောက်မေ့ဟန်လည်း ရှိပါတယ်။ သင်္ဘောပေါ် ပြန်ရောက်တဲ့အခါမှာ ဘယ်သူ့ကိုမှ စကားမပြောဘဲ တစ်ယောက်တည်း ထိုင်ပြီး ဘုရားကျောင်းဆောင်တွေ ကြည့်လိုက်၊ ရုပ်တုတော်တွေ ကြည့်လိုက်နဲ့ လုပ်နေရာက "ဟော ယခုမှပဲ ကျွန်မ ဒေသ ရောက်တော့တယ်၊ ပျော်လိုက်ပါဘိတော့" လို့ ပြောတယ်။ အဲဒီလိုနဲ့ တစ်နေကုန်ခဲ့ပြီး ည





အိပ်တဲ့အခါမှာ ကျွန်တော်က သင်္ဘောဦးပိုင်းမှာ၊ သူနဲ့ သူ့မိခင်က ပဲ့ပိုင်းမှာ အိပ်ကြတယ်။ သင်္ဘောမှာလည်း ည အစောင့်တွေ ထားပါရဲ့။ ဒါနဲ့ နံနက်လင်းအားကြီးမှ သူ့မိခင်ဟာ ကျွန်တော့်ဆီ ပြေးလာပြီး ကျွန်တော့်ဇနီး ကျွန်တော့်ဆီများ ရောက်နေသလားလို့ မေးပါတယ်။ အဲသည်ထဲက ပျောက်တော့တာပဲဗျ။ ကမ်းခြေတစ်ပိုက် ၄ ရက်တိတိ ရှာခဲ့တာ မတွေ့ပါဘူး။ အဲဒီညမှာ လေလည်း တော်တော်ထန်တယ်။ ဒါပေမဲ့ ကျုပ်တို့ဟာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ကြတယ်'

ကျွန်ုပ်။ ။ 'ဒါနဲ့ ခင်ဗျား ဘာကြောင့် ပျောက်သွားသလဲ ဆိုတာ မတွေးတတ်ဘူးလား'

ရင်နယ်။ ။ 'ကျွန်တော်နှင့်တကွ ကျွန်တော် ငှားရမ်းထားတဲ့ စုံထောက်တွေ တွေးတာကတော့၊ ညမှာ ကျွန်တော့်ဇနီးဟာ ကုန်းပေါ်ကို အိပ်ရာက ထပြီး ဆင်းတာနဲ့ ကုန်းပေါင်ပေါ်က ရေထဲ ချော်ကျတယ်၊ သို့မဟုတ် စိတ်ဖောက်ပြားသွားပြီး ရေထဲ ခုန်ချတယ်လို့ ထင်ကြတယ်။ အီဂျစ် ပုလိပ်အဖွဲ့ကလည်း ဒီလိုပဲ ထင်မြင်ချက် ပေးကြတယ်'

ကျွန်ုပ်။ ။ 'ခင်ဗျား ပြောတယ်၊ အဲဒီညက လေခပ်ပြင်းပြင်း တိုက်နေတယ်ဆိုတော့ ခြေရာ လက်ရာတွေ အားလုံး သဲဖုံးကုန်မှာပေါ့'

ရင်နယ်က ခေါင်းညိတ်ပြသည်။

ကျွန်ုပ်။ ။ 'ခင်ဗျား ထင်မြင်ချက်က တကယ်ပဲ ခင်ဗျားမိန်းမ ရေနစ်သေတယ် ထင်သလား'

ရင်နယ်။ ။ 'ခင်ဗျားကော ဘယ်လိုထင်သလဲ'

ကျွန်ုပ်။ ။ 'ကျွန်တော်တော့ ခင်ဗျားမိန်းမဟာ သေတယ်လို့ မထင်ဘူး။ အသက်နဲ့ ခန္ဓာ တည်မြဲလျက်ရှိတယ် ထင်တာပဲ'

ရင်နယ်။ ။ 'ဘယ်မှာလဲ'

ကျွန်ုပ်။ ။ 'ဘယ်မှာလဲဆိုတာ ဟာရုနှင့် မရကို မေးရင် သိမှာပေါ့'

ရာပြည့်စာအုပ်တိုက်

ရင်နယ်။ ။ 'သူ့ကို ခေါ်ဆောင်သွားတယ်လို့ ထင်ရအောင်ဟာ လည်း ဘာမှ သက်သေခံ မတွေ့ဘူး'

ကျွန်ုပ်။ ။ 'ဒီနေရာမှာ ခင်ဗျားနဲ့ ကျွန်တော် အယူအဆချင်း လွဲနေတယ်။ သက်သေခံတွေ အများကြီး ရှိတာပဲ။ ပထမ ဟာရုနဲ့ မရှုဟာ ခင်ဗျားဇနီး ဘီလပ်မှာ လာနိုးတုန်းက တစ်ချက်၊ ဒုတိယ ခင်ဗျား သဆော်ဝါးပြီး အီဂျစ် လာမယ်ဆိုတာ လူတိုင်း သိနေတာက တစ်ချက်၊ တတိယ ခင်ဗျားမိန်းမဟာ အိပ်ရင်း လမ်းလျှောက်တတ်တာက တစ်ချက်။ ဒီတော့ ကုန်းပေါ်ကနေပြီး စိတ်ညှို့ပညာနဲ့ ခေါ်ရင် မလွယ်ပေဘူးလား။ စတုတ္ထက ခင်ဗျား ပြောတယ် မဟုတ်လား၊ အဲဒီညက ကုလားအုပ်အဖွဲ့တစ်ခု တွေ့ရတယ်လို့။ ပဉ္စမကတော့ ခင်ဗျားတို့ဟာ ဟိုနေ့ညက နှစ်နှစ်ခြိုက်ခြိုက် အိပ်ရတယ် ဆိုတာပေါ့။ ဒါဟာ ခင်ဗျားတို့ အစားအစာထဲမှာ အိပ်ဆေး ခတ်ထားတယ် ဆိုတာ မထင်ရှားဘူးလား။ နောက်ဆုံး သက်သေက ယခု ကဲ့သို့ အကြံအစည် လုပ်တာဟာ ကာမင်တကာ လေပြင်းတဲ့ ညမှာ လက်ရာ ခြေရာတွေ မတွေ့၊ သဲလွန်စ မရနိုင်အောင် လုပ်တာနဲ့ တူတယ်ဗျ'

ရင်နယ်။ ။ 'ဒါဖြင့် ခင်ဗျား အယူအဆက ဟာရုနှင့် မရှု နီးယူ တာပေါ့'

ကျွန်ုပ်။ ။ 'မဟုတ်ဘူးလို့ မငြင်းနိုင်ဘူး။ သူတို့မှာ သူတို့အယူဝါဒ အတိုင်း သူတို့လုပ်တာဟာ မကောင်းတဲ့အလုပ် လုပ်တယ်လို့ ယူဆမယ် မဟုတ်ဘူး။ သူတို့ကြည်ညိုရတာ ရှိုးဖုံပေါ်သော်လည်း သူတို့ဘုရားသခင် အတွက် လုပ်ရမယ့် ကိစ္စဟာ သူတို့အတွက် မြင့်မြတ်တဲ့ အလုပ်လို့ ယူဆ မှာပဲ'

၎င်းနောက် ရင်နယ်က ဆက်လက်၍ ပြောသည်မှာ သူသည် တစ်လ ကျော်ကျော်မျှ အီဂျစ်ပြည်တွင် အမျိုးမျိုး အဖုံဖုံ စုံစမ်းထောက်လှမ်းခဲ့သည်။ နောက်ဆုံး ဘယ်ကမှ သတင်း အစအန မရ၍ ဘီလပ်ကို ပြန်တော့သည်။ သူ့မိန်းမ မရှိသည့်နေ့မှ စ၍ သူ့စိတ်မှာ ပျော်မွေ့ခြင်း မရှိတော့ဘဲ၊ သူ့





အသက်ပင် သူ သတ်သေရန် ကြံစည်ခဲ့သေးသည်။ နောက်ဆုံး၌ ဆာဖိတ်က ကျွန်ုပ်နှင့် တိုင်ပင်ရန် အကြံပေး၍ ကျွန်ုပ်ထံသို့ ရောက်လာရခြင်းဖြစ်ကြောင်း ပြောပြလေသည်။

ထိုအခိုက် ကျွန်ုပ် လွှတ်လိုက်သော အစေခံမှာ ရင်နယ်၏ ကုန်ပစ္စည်း များကို သယ်၍ ပြန်လာပါသည်။ ရင်နယ်မြို့စားကလေး၏ ပစ္စည်းမှာ လွန်စွာ များပြားလှပါပေ၏။ ကဖာ ကုလီမြောက်မြားစွာဖြင့် သယ်ယူရပေ၏။ ထိုကုလီများမှာ စစ်တပ်ငယ်ကလေး တစ်တပ်မျှ ရှိပေသည်။ ရိုင်ဖယ် သေနတ် အကောင်းစား စင်းရေငါးဆယ်နှင့် အခြား ဆောင်လိုက်သေနတ်များ၊ ခဲယမ်းမီးကျောက် သေတ္တာများ၊ စည်သွတ်မုန့်နှင့် အသားဘူးများ၊ ရွက်ထည် တဲများ၊ အဝတ်အထည်များ စသည့် ပစ္စည်းများဖြင့် ကျွန်ုပ်၏အိမ်ကလေးမှာ ပြည့်လုခမန်း ရှိပေတော့၏။

## အခန်း ၆
## ခရီးထွက်ခြင်း

ထိုနေ့ညနေ ရင်နယ်မြို့စားကလေး၏ ပစ္စည်းများကို သိမ်းပြီး၍ ရင်နယ်မြို့စားကလေးနှင့် ကျွန်ုပ် စကားပြောနေစဉ် "ဟင်" သည် ဧည့်ခန်းအတွင်း တစီတတန်းကြီး ထောင်ထားသော သေနတ်များကို ကြည့်ကာ ပီတိဖြစ်လျက် ရှိပေ၏။ ဤအခိုက် ကျွန်ုပ်ဘက်သို့ လှည့်ကာ–

'ဒီလို သေနတ်မျိုးတွေနဲ့ အဘ ပစ်ရမယ်ဆိုရင် သရဲ အဖေ သဘက်တောင် ခံနိုင်မယ် မဟုတ်ဘူး။ ဒါပေမဲ့ ကျွန်တော် ကိုင်နေကျ တစ်လုံးထိုး သေနတ်ကလေး အင်တွန်ဘီနဲ့တော့ မလဲပါဘူး။ ဘာပြုလို့လဲ ဆိုတော့ အင်တွန်ဘီဟာ ကျွန်တော်ရဲ့ ငယ်ပေါင်းကလေးမို့ သူ့ဓာတ်ကြော သိနေပါတယ်'

ထိုည၌ ရင်နယ် မြို့စားကလေးအား ကျွန်ုပ်၏ စွန့်စားခန်းများနှင့် ကျွန်ုပ်၏ သတ္တုတွင်းများ အကြောင်းကို အလုံးစုံ ပြန်ပြောပါသည်။

အပြီး၌ ရင်နယ် မြို့စားကလေးက–

'ခင်ဗျား သင်ခန်းစာတစ်ခု ရပြီ မဟုတ်လား။ လူတစ်ယောက်ဟာ အလုပ်တစ်ခုကို ဆရာဖြစ်သော်လည်း၊ အလုပ်တိုင်း၏ သခင် မဟုတ်နိုင်ဘူးဆိုတာ ထင်ရှားတယ် မဟုတ်လား။ ဒီရွှေတွင်း ကုမ္ပဏီမှာ ကျွန်တော်ရဲ့ ကျေးဇူး အများကြီး ရှိပါတယ်။ ခင်ဗျားနဲ့ ယခုကဲ့သို့ တွေ့ရခြင်းမှာ ဒီကုမ္ပဏီကြီး တည်ထောင်ဖြစ်လို့ပေါ့။ နို့မဟုတ်ရင် ယခုလောက်ကြာ ခင်ဗျား လူမနီးတဲ့ တောကြီးထဲ ရောက်နေရောပေါ့'





ငှင်းနောက် ရင်နယ် မြို့စားကလေးသည် ရွှေတွင်းနှင့် ပတ်သက်၍ အတွင်းရေးများကို စိစစ်မေးမြန်းလေ၏။ ကျွန်ုပ်မှာ အဘယ်သဘောဖြင့် သူ ဤကဲ့သို့ နိုက်နိုက်ချွတ်ချွတ် မေးမြန်းသည်ကို မတွေးတတ်ဘဲ အတွင်းသာ ဖြေဆိုရလေ၏။

သို့ရာတွင် ရက်များမကြာမီပင် ဤကဲ့သို့ စိစစ်ချက်များ၏ ရည်ရွယ်ချက်ကို ကျွန်ုပ် အံ့သြစွာ သိရလေ၏။ တစ်နေ့သ၌ ကျွန်ုပ်၏ စာရေးစားပွဲပေါ်တွင် စာတွေ တစ်ပုံတစ်ခေါင်းကြီး တွေ့ရလေရာ ကျွန်ုပ်မှာ စိတ်မသက်မသာ ဖြစ်သွားလေသည်။

အကြောင်းမှာ ရွှေတွင်းနှင့် ပတ်သက်၍ အစုရှယ်ယာရှင်များ၏ အပြစ်တင်ခြင်း၊ ဆူပူခြင်း၊ မကျေချမ်းခြင်း အစရှိသည့် စာတို စာရှည်များမှာ မကြာခဏ ကျွန်ုပ်စိတ်ကို ညစ်ညူးစေပါသည်။ ယခုလည်း တစ်ပုံတစ်ခေါင်းကြီး ရောက်လာကြပြန်လေပြီ။ သို့ရာတွင် စာတစ်စောင်ကို ဖွင့်၍ ဖတ်လိုက်သော အခါ၌ကား–

ဝိတ်သွေကြီး အယ်လင်ထံ စာရေး အစီရင်ခံပါသည် ခင်ဗျား။ ကျွန်တော်သည် မိမိပိုင် ပစ္စည်းများကို ခင်ဗျား ခေါင်းဆောင်၍ ဖွဲ့စည်းသော ရွှေတွင်း ကုမ္ပဏီမှ အစုရှယ်ယာများ ဝယ်ယူခြင်းသည် အောင်ပန်းကို ဆွတ်ခူးမည့် မြင်းကို လောင်းခဲ့သည်နှင့် တူပါသည်ဟု နဂိုကပင် ကျွန်တော် ထင်ခဲ့သည့်အတိုင်း ယခု မှန်ကန်ခြင်းကို တွေ့ရပါသည်။ အထူးသဖြင့် ၎င်းမြင်းကို စီးမည့် ဂျော်ကီမှာ ခင်ဗျားကဲ့သို့ မှန်ကန်ခြင်း၊ ဖြောင့်မတ်ခြင်း ပြည့်စုံသော သူတစ်ယောက် ဖြစ်ပါ၍ မြင်းကို အနိုင်စီးမည့်သူ ဖြစ်ကြောင်း....သာ၍ပင် သေချာပါသည်။ ယမန်နေ့ကပင် ကျွန်တော်၏ အစုရှယ်ယာ တန်ဖိုးအတွက် အားလုံး ငွေအပြေ ရရှိပါသည်။ ယခုကဲ့သို့ ငွေရေးကြေးရေး ကျပ်တည်းနေခိုက် ခင်ဗျားထံမှ ပေးပို့လိုက်သော ငွေမှာ ကျွန်တော့်အတွက် လွန်စွာ အသုံးဝင်၍ ကျေးဇူးတင်၍ မကုန်ပါခင်ဗျား။

ကျန်းမာ၍ ချမ်းသာပါစေ။

အခြားစာများကိုလည်း ဖောက်ကြည့်ပြန်ရာ၊ အထက်ပါ စာကဲ့သို့ပင် ဖြစ်ပါ၏။ ကျွန်ုပ်၏ ဦးနှောက်မှာ သွေးများ ထုပ္ပလာသည်။ မည်သူ့ထံကိုမျှ ကျွန်ုပ်သည် ရှယ်ယာတန်ဖိုးများ မပေးမဆပ်ပါ။ ပေးလည်း မပေးနိုင်ပါ။ ဤအခိုက် "ဟင်" သည် ကျွန်ုပ်ထံသို့ ရုတ်တရက် ရောက်လာပြီး ကျွန်ုပ်အား သူ ရထားသော စာကလေး၏ အဓိပ္ပာယ် ပြန်ပေးစိုင်းသဖြင့် ဖတ်လိုက်ရာ အောက်ပါအတိုင်း တွေ့ရလေ၏။

> အယ်လင် ကွာတာမိန်း၊ ရွှေတွင်းကုမ္ပဏီအတွက် သင်၏ ရထိုက်သော အစုရှယ်ယာတန်ဖိုး၊ ရွှေဒင်္ဂါး၊ ခြောက်ရှောင်းဆယ်တိတိ ယခုစာနှင့်အတူ ချက်လက်မှတ် ပေးပို့လိုက်ပါသည်။ ရကြောင်း လက်မှတ်ရေးထိုး ယူစေလိုပါကြောင်း။

ကျွန်ုပ်သည် စာပါအတိုင်း ပြန်ပြောကာ ချက်လက်မှတ် လှမ်းပေး ရင်း-

' "ဟင်" ရေ၊ ဒီစာရော ဒီငွေတွေရော ငါက ပို့တာ မဟုတ်ဘူး။ ငါလည်း ဘာမှ ဒါတွေ မသိဘူး'

ဟင်။ ။'ဒါဖြင့် ခင်ဗျား ဖခင်ကြီးက သေရာကနေပြီး ခင်ဗျားဂုဏ် မထိခိုက်ရအောင် ပို့တယ် ထင်တယ်'

ကျွန်ုပ်။ ။'အေးကွယ်၊ ငါတော့ မတွေးတောတတ်ဘူး။ ဒီငွေတွေ မင်းယူပြီး လယ်ကလေး ယာကလေး ဝယ်ပြီး အေးအေး နေလကွယ်။ ငါနဲ့ ကင်ဒါနယ် လိုက်စရာ မလိုဘူးပေါ့'

ဟင်။ ။'အဘက ဒီငွေစက္ကူကြောင့် ပစ်ပယ်စကား ပြောသလား။ ပြောရင် ကျွန်တော် ဆုတ်ပစ်လိုက်တော့မယ်'

ဤကဲ့သို့ ပြောပြောဆိုဆို ချက်လက်မှတ်ကို ဆုတ်မည်ပြုရာ ကျွန်ုပ် အတင်းဆွဲ၍ လုထားလိုက်ရလေတော့၏။

ဤတွင် ကျွန်ုပ်၏ ထမင်းချက် ပေါ်လာကာ ကျွန်ုပ်အား ကျေးဇူး တင်ကြောင်း ပြောပြန်၏။ ထိုအခိုက် အစုရှယ်ယာရှင်တစ်ဦး မျက်နှာ





ပြုံးရွှင်စွာဖြင့် ပေါ်လာ၏။ သူ့နောက်မှ အခြားအစုရှင် နှစ်ဦး မြင်ရပြန်၏။ ကျွန်ုပ်သည် ဘာမှ မတွေးတောတတ်သဖြင့် သုတ်ခြေတင်တော့၏။ ကျွန်ုပ် အခန်းတွင်းဝယ် ကျွန်ုပ်၏ နာမည်နှင့် စာတစ်စောင် ရောက်နေ၍ ဖောက်ကြည့် ရာ၊ ကျွန်ုပ်၏ အစုရှယ်ယာ တန်ဖိုးအတွက် ရွှေဒင်္ဂါး ၁,၅၀၀ တန် ချက် လက်မှတ် ဖြစ်နေပြန်၏။ ကျွန်ုပ် ဦးနှောက်သည် မီးပေါ်မှ ထောပတ်အိုးကဲ့ သို့ အရည်ပျော်၍ ကုန်ချေပြီ။ ဤကိစ္စ၌ ရင်နယ်မြို့စားကလေးမှတစ်ပါး အခြားသူ မဖြစ်နိုင်။ ကျွန်ုပ်သည် အိမ်ပြင်ထွက်ခဲ့၍ ပထမဆုံး တွေ့ရသူမှာ ရင်နယ် မြို့စားကလေးပင် ဖြစ်တော့၏။ ကျွန်ုပ်သည် မြို့စားကလေး၏ အနီးသို့ ကပ်ကာ စကားကလေးတစ်ခွန်း ပြောချင်ကြောင်း ညှာရွှေဖြင့် ပြော၏။

ရင်နယ်။ ။'ပြောပါ မိတ်ဆွေကြီး၊ ဘာတွေ ပြောချင်သလဲ'

မြို့စားကလေးနှင့် ပြောသည့်စကားများကို အသေးမစိတ်လိုတော့ပြီ။ ကျွန်ုပ်၏ ကျေးဇူးတင်ခြင်းနှင့် ရောနှော၍ ရင်နယ်မြို့စားကလေး၏ အပြု အမူကို ကန့်ကွက်သော စကားအဆုံး၌ မြို့စားကလေးက-

'ခင်ဗျား အပြစ်တင်ရင်လည်း ခံရုံပေါ့။ ဒီလိုလုပ်ခြင်းဟာ ကျွန်တော့် ဆန္ဒ တိုက်တွန်းမှုကြောင့် ဖြစ်ပါတယ်။ ကြွားလို၍ ပြောတယ်လို့လည်း မယူဆပါနဲ့။ ဒီငွေလောက်ကလေးဟာ ကျွန်တော့်အဖို့ မပြောပလောက်ပါ ဘူး။ တစ်လ ဝင်ငွေမျှ မရှိပါ။ ဒီပြင် ကျွန်တော်ရဲ့ အကျိုးအတွက်လည်း လုပ်ခြင်း ဖြစ်ပါတယ်။ အကြောင်းမှာ ကျွန်တော်တို့ သွားရမဲ့ ခရီးက ဝေးလည်းဝေး၊ ဘေးဥပဒ်လည်း ပေါလေတော့ ခင်ဗျားစိတ်မှာ အနှောင့် အယှက်မရှိဘဲ ကောင်းတဲ့ ဉာဏ်၊ ကြည်လင်တဲ့ စိတ်ထား အလွန် လိုပေ လိမ့်မယ်။ ဒီလိုဆိုမှ ခင်ဗျားဟာ ကျွန်တော်ရဲ့ အကျိုးကို ပိုမို သည်ပိုး ရွက်ဆောင်နိုင်မယ် မဟုတ်လား။ ဒါကြောင့် ယခု အကြောင်းနဲ့ ပတ်သက်ပြီး ခင်ဗျား ဘာမှ စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့'

ဤကဲ့သို့ ရင်နယ်၏ အကြောင်းပြချက်မှာ လွန်စွာ မှန်ကန်နေ၍ ကျွန်ုပ် ဘာမျှ မပြောနိုင်တော့ပေ။

ရင်နယ်နှင့် ကျွန်ုပ်မှာ ခရီးသွားရန်အတွက် အကြမ်း စီစဉ်တော့၏။ သွားရမည့်ခရီးမှာ လွန်စွာဝေးကွာ၍ ဘေးဥပဒ်အပေါင်း ပြည့်နှက်နေ၏။ သွားရာလမ်းကိုပင် အစရှာ၍ မတွေ့ပါ။ ကျွန်ုပ်သည် စိတ်သန့်ရှင်းရန် ပြတင်းပေါက်သို့ ထ လာပြီး အပြင်ဆီသို့ လှမ်းမျှော်ကာ ငေးမောနေတော့၏။ ထိုအခိုက် ဟင် တစ်ယောက် ခြံဝမှ ဆပါပေါက်လာ၍ သူ့ကို လှမ်းခေါ် လိုက်ကာ မေးမြန်းရပါသည်။

ဟင်။ ။ 'ကျွန်တော်တို့ ကီဝါဘက်လမ်းကို မလိုက်လျှင် ကောင်းမယ် ထင်တယ်။ အဲဒီဘက် သွားမိရင် သဘော်ဘောင့်ရတာ အချိန်ကုန်တဲ့အပြင် ကျွန် အရောင်းအဝယ်တွေနဲ့ တွေ့ပြီး အနှောင့်အယှက် ဖြစ်နေဦးမှာပဲ။ ကျွန်တော်တို့ ဗူးလူးနယ်ကို ဖြတ်ပြီး အဘကို ခင်မင်တဲ့ မဇိတု လူမျိုးများ နေတဲ့ နယ်ကို အရောက်သွားရင် ကောင်းမယ်ထင်တယ်။ အဘရဲ့ မိတ်ဆွေ ဖြစ်တဲ့ ဘော်ဓိ သို့မဟုတ် အုပ်စိုးနေတဲ့ မဇိတု ဘုရင်ဟာ ကြည်ဖြူစွာ လက်ခံမှာပဲ။ အဲဒီမှတစ်ဆင့် ဘော်ဓိတို့ အကူအညီနဲ့ ကင်ဒါနယ်စပ်ကို အရောက်သွားရင် ကောင်းမယ် ထင်ပါတယ်'

ဤအကြံပေးချက်ကို ကျွန်ုပ်သည် "အင်ဂဇာ"နှင့် တိုင်ပင်ရလေသည်။ ဤနေရာ၌ အင်ဂဇာ ဟူသော အမည်ကို ကျွန်ုပ် ရှင်းလင်းရပေမည်။ ရင်နယ် မြို့စားကလေး၏ လှပတင့်တယ်သော ရုပ်ရည်အတွက် ၎င်းအား တိုင်းရင်းသားများက အင်ဂဇာဟု အမည်ခေါ်ကြ၏။ အင်ဂဇာမှာ ၎င်းတို့ ဘာသာအရ လှပခြင်းဟု အဓိပ္ပာယ်ရ၏။ ဆာဖိတ်အား ""ဘန" ဟု ခေါ်ကြ၏။ ဘန အဓိပ္ပာယ်မှာ ရင်ကော့ခြင်းဟု ရ၏။ ဆာဖိတ်မှာ ရင်ကော့၍ ကြွားကြွားဝါဝါ သွားတတ်သောကြောင့် ဤကဲ့သို့ မှည့်ဟန်တူ၏။

ဟင်၏ အကြံပေးချက်မှာ အလွန်သင့်လျော်ပေသည်။ သူ၏ ညွှန် ကြားချက် အတိုင်းပင် ကျွန်ုပ်တို့ သွားရန် ပြင်ကြလေတော့၏။

တနင်္ဂနွေ နှစ်ပတ်မျှကြာပြီး နောက်တစ်နေ့ နေမွန်းလွဲအချိန်တွင် ကျွန်ုပ်တို့ ပစ္စည်းများကို ပေါင်းမိုးလှည်းကြီးနှင့် သုံးစီး တင်ဆောင်ကာ





ဗူးလူးနယ်ဘက်သို့ ထွက်ခဲ့ကြ၏။ လှည်းများမှာ ကျွယ်ဝန်းလှ၍ နောက်ပိုင်း တွင် ကျွန်ုပ်တို့အဖို့ အိပ်ရာနေရာ ရပေ၏။

ဟင်သည် လှည်းပေါ်တွင် လိုက်၍ ရင်နယ်၊ ဆာဖိတ်နှင့် ကျွန်ုပ်တို့ သုံးယောက်မှာ မြင်းကိုယ်စီနှင့် ဖြစ်ကြ၏။

ခရီးထွက်၍ မကြာမီကလေးတွင် ကျွန်ုပ်တို့သည် အနှောင့်အယှက် တစ်ခုနှင့် တွေ့ရ၏။ ဆာဖိတ်စီးသော မြင်းသည် အဘယ်အကြောင်းကြောင့် မသိ၊ ရုတ်တရက် "ပတတ်ရပ်" လိုက်ရာ သတိမမူဘဲ အေးအေးဆွာဖြင့် ရင်ကော့၍ လိုက်ပါလာသော ဆာဖိတ်မှာ လေထဲသို့ မြောက်သွားပြီး အရှိန်ဖြင့် မြေပေါ်သို့ ကျလေ၏။

ရင်နယ်။ ။ 'လှပ်ကြပါဦး၊ ဆာဖိတ် ဘာဖြစ်သွားသလဲ။ ခရီးမှ ဆက်လက်သွားနိုင်ပါဦးမလား'

ယင်းသည့်၌ပင် ကျွန်ုပ်တို့ အံ့သြလောက်အောင် ဆာဖိတ်သည် ရုတ်ခြည်း အလွန်သွက်လက်စွာ ထ၍ ခုန်ကာ–

'လှပ်ကြပါဦး၊ ကယ်ကြပါဦး'

ဟု အော်လျက် ပတ်ချာလှည့် ပြေးလေသည်။ သူ၏ တင်ပါး အောက်၌ကား မြွေတစ်ကောင် တွဲလောင်းနေသည်ကို မြင်ရ၏။

ကျွန်ုပ် မြင်းပေါ်မှ ခုန်ဆင်းကာ မြွေကို အနီးရှိ တုတ်နှင့်ရိုက်ရာ မြွေမှာ မြေကြီးပေါ်သို့ ပျော့ခွေ၍ ကျလေ၏။ အသေအချာ ကြည့်ရသည့်၌ မြွေ၏ တစ်ကိုယ်လုံးမှာ ဆာဖိတ်၏ တစ်ကိုယ်လုံး ဖင်ထိုင်မိလိုက်သော ဒဏ်ရာဖြင့် ကြေမွနေကြောင်းကို တွေ့ရလေ၏။

ကျွန်ုပ်။ ။ 'မြွေ သေပါပြီ၊ မကြောက်ပါနဲ့တော့ ဆာဖိတ်'

ဆာဖိတ်။ ။ 'ကျွန်တော် မြွေကို အလွန်ရွံမုန်းပါတယ်။ ဒီခရီးက အောင်မြင်စွာ ပြန်ခဲ့ရလို့ရှိရင် ကျွန်တော် မြွေမရှိတဲ့ အိုင်ယာလန်ကို သွားနေ မယ်။ ဒါပေမဲ့ နိမိတ်မကောင်းဘူး၊ ကျွန်တော်ဖြင့် ပြန်လာရလိမ့်မယ်လို့ မထင်ဘူး'

ကျွန်ုပ်။ ။ 'မင်းကို မြွေက မသတ်နိုင်ဘဲ မင်းက မြွေကို သတ်တာပဲ။ မင်းအတွက် နိမိတ်ကောင်း ဖြစ်ရမှာပေါ့'

၎င်းနောက် ကျွန်ုပ်တို့သည် လိုက်၍ ပို့ကြသော အိမ်စောင့်ကြီးများအား မှာထားစရာများကို မှာထားပြီး ခရီးဆက်ခဲ့ကြလေ၏။

ရင်နယ်။ ။ 'ယခုအချိန်ဟာ ခင်ဗျားအဖို့ အတော် ဝမ်းနည်းမှာပဲ။ အိမ်နဲ့ ခွဲခွာလာရတဲ့ လူဆိုတော့ လွမ်းစရာပေါ့'

ကျွန်ုပ်။ ။ ဝမ်းမနည်းပါဘူးဗျာ၊ ကျွန်တော်က ခရီးသွားရတာတွေ၊ ဘေးဥပဒ်တွေနဲ့ မကြာခဏ ရင်ဆိုင်ခဲ့ရတာတွေ များနေတော့ ရိုးနေပါပြီ။ ခင်ဗျားအဖို့သာ ဝမ်းနည်းစရာ ဖြစ်ပါတယ်'

ရင်နယ်။ ။ 'မဟုတ်ဘူး အယ်လင်၊ ယခု အချိန်အခါဟာ ကျွန်တော်ရဲ့ မျှော်လင့်ခြင်း ကင်းနေတဲ့စိတ်ကို မျှော်လင့်ချက်ကလေးတွေ ထပ်မံဝင်လာတဲ့ အချိန်ပါပဲ။ ယခုအလုပ်ဟာ ကျွန်တော်ရဲ့ ဇနီးနဲ့ တွေ့ရအောင် နောက်ဆုံး ကြိုးစားချက်ပါပဲ။ ကျွန်တော့်စိတ်ကို အလင်းပေးနေတဲ့ နောက်ဆုံး ကြယ်ကလေးဟာ ဒီခရီးလမ်းနဲ့ တူပါတယ်။ ဒီကြယ်ကလေးရဲ့ အလင်းရောင် ပျောက်ကွယ်သွားမယ်ဆိုရင် ဒီကြယ်ကလေးနဲ့ အတူ ကျွန်တော်လည်း ဒီကမ္ဘာကြီးက ပျောက်ကွယ်မှာ မလွဲဘူး အယ်လင်။ ဒီအတွက်ကြောင့် ကျွန်တော်ဟာ ယခုအချိန် မျှော်လင့်ချက်တွေ ရှိနေတာမို့ ပျော်ရွှင်နေပါတယ်။ ခင်ဗျားကို ကျေးဇူး အထူးတင်ပါတယ်'

ဤသို့ ပြောဆိုကာ ကျွန်ုပ်အား သူ၏ ညာဘက်လက်ကို လှမ်း၍ ပေးလေ၏။ ကျွန်ုပ်လည်း အားရပါးရ ၎င်း၏လက်ကို ဆွဲကိုင်ကာ၊ တစ်ဦးနှင့် တစ်ဦး သေမှခွဲမည့် မိတ်ဆွေအဖြစ်ဖြင့် နှုတ်ဆက်လိုက်လေသတည်း။

အခန်း ၇

## သဲကန္တာရ၌ တွေ့ဆုံခြင်း

ကျွန်ုပ်တို့ သွားရာခရီး၌ ကြုံတွေ့ရသော အဖြစ်အပျက်များကို အလုံးစုံ မဖော်မပြတော့ပြီ။ အတိုချုံး၍သာ ပြပါအံ့။ လမ်းခရီးမှာ စိတ်ဝင်စားဖွယ်ကောင်းပါ၏။ ကျွန်ုပ်တို့ မုဆိုးစရိုက် အမဲပစ်ရန်လည်း သားကောင်များပေါလှပေသည်။ ကျွန်ုပ်တို့သည် ဇူးလူးနယ်တွင် နိုင်ငံရေး အရှုပ်အထွေးများကြောင့် မငြိမ်မသက်လှသော်လည်း၊ ကောင်းမွန်ချောမောစွာ ဖြတ်သန်းနိုင်ခဲ့ကြပါသည်။ ၎င်းနယ်မှ ကျွန်ုပ်၏ မိတ်ဆွေ မဇိတုဘုရင်ထံ ခြေမြန်တော်များ လွှတ်ကာ လူတာမြစ် တစ်နေရာသို့ လူလွှတ်ကြိုဆိုရန် အကြောင်းကြားလိုက်ပါသည်။ ၎င်းမြစ်မှာ ဖြတ်ကူးရန် တံတား မရှိ၍ ကျွန်ုပ်တို့၏ လှည်းများကို ကမ်းပါးအထိသာ ယူဆောင်နိုင်သည်။ မြစ်၏ တစ်နေရာ၌ လူများဖြတ်ကူးနိုင်အောင် တိမ်ပါ၏။ ၎င်းမြစ်တိုင်အောင် ဇူးလူး အထမ်းသမား ၅၀ မျှ ကျွန်ုပ်တို့ ခေါ်ဆောင်လာပါသည်။ ၄ ရက်တိုင်အောင် ထိုမြစ်ကမ်းခြေမှ ကျွန်ုပ်တို့ စောင့်နေရပါသည်။ မိုးများ သည်းထန်နေပါ၍ မြစ်ကို ဖြတ်မကူးနိုင်ပါ။ နံနက်တိုင်း ကျွန်ုပ်တို့သည် အနီးရှိ မြင့်မားလှသော သစ်ပင်ကို တက်၍ မှန်ဘီလူးဖြင့် မဇိတု လူရိုင်းများကို စောင့်မျှော်မိပါသည်။ လူတစ်ယောက်၏ အရိပ်အယောင်မျှ မမြင်ရပေ။ ၄ ရက်မြောက်သောနေ့၌ မြစ်ရေ အရှိန် ယုတ်လျော့လာ၍ လူများ ဖြတ်ကူးနိုင်သောအခြေ ရောက်ရှိလေ၏။ နောက်တစ်နေ့၌ မြစ်ကိုဖြတ်ရန် ကျွန်ုပ်တို့ ပြင်ဆင်ကြပါသည်။

ဤနေရာ၌ အခက်အခဲတစ်ခုကို တွေ့ရပါသည်။ အဖိုးအခ ဘယ်လောက်ပင်ပေးမည် ဆိုသော်လည်း ဖုးလူး အထမ်းသမားများသည် မြစ်ထဲသို့ဆင်းရန် ငြင်းဆန်ကြပါသည်။ ၎င်းမြစ်ရေမှာ ပညာဖြင့် စီမံထားသော ရေ ဖြစ်သည်ဟု ဆိုကာ၊ ၎င်းရေဖြင့် ထိရမှာ သေမလောက် ကြောက်နေကြပါသည်။ ကျွန်ုပ်တို့မှာ ကြံရာမရ လက်မှိုင်ချ၍ ဘာလုပ်ရမည် မသိဘဲ လွန်မင်းစွာ စိတ်ပျက်လျက် ရှိစဉ်၊ ထိုနေ့ည အရုဏ်မကျင်းမီ အချိန်ကလေးတွင် ကျွန်ုပ်၏ တပည့် ဟင်သည် ကျွန်ုပ်နှင့် ရင်နယ်တို့အိပ်ရာ လှည်းနောက်မြီးကို ငြိမ်သက်စွာ ဝင်လာပြီး၊ အဝေးမှ လှေသံများ ကြားရကြောင်းကို ပြောလာ၏။ ဟင်သည် တဝေါဝေါ စီးဆင်းလျက်ရှိသော ရေသံများထဲမှ အဘယ်ကဲ့သို့ ကြားနိုင်သည် မစဉ်းစားနိုင်ပေ။ နံနက် လင်းလျှင်လင်းချင်း ကျွန်ုပ်သည် တက်နေကျ အပင်မြင့်ကြီးပေါ်ကို တက်ကာ ကြည့်ပြန်တော့၏။ ပထမ မြူများ ဖုံးနေသော်လည်း မကြာမီ ၎င်းမြူများ လွင့်စဉ်သွား၍ မြစ်၏ တစ်ဖက်ကမ်းမှ လှေ တစ်ရာခန့် လောက်ကို မြင်ရပါ၏။ ၎င်းတို့၏ ဝတ်ပုံစားပုံနှင့် လှံစွပ်ကြီးများကို မြင်ရခြင်းဖြင့် မဇိတု လူရိုင်းများ ဖြစ်ကြောင်းကို သိရပါသည်။ သူတို့လည်း ကျွန်ုပ်ကို မြင်လျှင်မြင်ချင်းပင် ညာသံပေးကာ မြစ်အတွင်းသို့ တစ်ဦးလက် တစ်ဦးအားပြု၍ အပြေးအလွှား ဆင်းကြလေ၏။ ဤအပြုအမူကို မြင်ရသည်၌ ဖုးလူး အထမ်းသမားများသည် သူတို့လှံစွပ်များကို ကိုင်ကာ မြစ်ကမ်းပေါ်သို့ ကူးလာသော လူရိုင်းများကို ထိုးသတ်ရန် ပြင်ဆင်ကြသဖြင့်၊ ကျွန်ုပ်သည် သစ်ပင်မှ လျှောဆင်းကာ တစ်ဖက်မှ ကူးလာကြသော သူများမှာ ကျွန်ုပ်၏ မိတ်ဆွေများ ဖြစ်ကြောင်းကို အော်၍ သတိပေးရ၏။ သို့တိုင်အောင် ဖုးလူး အကြီးအမျူးက–

'မိတ်ဆွေဖြစ်စေ၊ ရန်သူဖြစ်စေ ကျွန်ုပ်တို့ ဒီလောက်ဝေးတဲ့ ခရီးအပင်ပန်းခံ လာရပြီးမှ ဒီခွေး မဇိတုတွေကို မသတ်ရရင် အလွန်နစ်နာမယ်'

ကျွန်ုပ်သည် ပါလာသော သေနတ်ဖြင့် ချိန်ရွယ်ကာ ဖုးလူးများကို ခပ်ဝေးဝေး လွတ်ရာသို့ မောင်းထုတ်ရပါတော့၏။ မဇိတုများနှင့် ပူး၍





ပေးလိုက်လျှင် ဘာဖြစ်မည်ကို မတွေးဝံ့ပါ။ မဇိတုများသည် နီးကပ်၍ လာကြလေသည်။ ကျွန်ုပ်၏ ပျော်ရွှင်ဝမ်းမြောက်မှုမှာ ၎င်းတို့ အကြီးအကဲ အဖြစ် လိုက်ပါလာသော မိတ်ဆွေဟောင်းကြီး "ဘာဘင်ဘာ" ကို မြင်ရခြင်းပင် ဖြစ်တော့၏။ ကျွန်ုပ်၊ ဟင်၊ ဘာဘင်ဘာမှာ ရှေးယခင်က ကောင်းတူဆိုးဖက် အသက်စွန့်၍ အတူတကွ ဆောင်ရွက် လုပ်ကိုင်ခဲ့ဖူးသူများ ဖြစ်ပါသည်။

ဘာဘင်ဘာသည် ကျွန်ုပ်ဆီသို့ ဝမ်းသာအားရ ပြေးလာကာ–

'ခင်ဗျား မျက်နှာကို တစ်ဖန် တွေ့ရမယ်လို့ ကျွန်တော် မမျှော်လင့်မိဘူးဗျာ။ ဘယ်လိုမှ မမျှော်လင့်ခဲ့ဖူးပါဘူး'

၎င်းနောက် ကျွန်ုပ်သည် ရင်နယ်မြို့စားကလေးနှင့် ဆာဖိတ်တို့အား မိတ်ဖွဲ့၍ ပေးလေသည်။

ဘာဘင်ဘာ။ ။ (ရင်နယ်မြို့စားကလေးကို လက်ညှိုးထိုးလျက်) 'ဒီက မိတ်ဆွေကြီးဟာ လူတွင် အကြီးအကဲ ဖြစ်ရမယ်။ ဟိုက မိတ်ဆွေကတော့ (ဆာဖိတ်ကို ကြည့်၍) ဥဒေါင်းယောင်ဆောင်တဲ့ ကျီးကန်းနဲ့ တူတယ်'

ကျွန်ုပ်သည် ဘာဘင်ဘာ လူကဲခတ် ကောင်းခြင်းကို ချီးမွမ်းမိပေ၏။ အကြောင်းမှာ ဆာဖိတ်သည် ဤစဉ်အခါက ရင်နယ်မြို့စားကလေးကဲ့သို့ပင် ကောင်းမွန်သပ်ရပ်သော အဝတ်အစားများ ဝတ်ထားလေသည်။

ကျွန်ုပ်တို့သည် မကြာမီ နံနက်စာများ စားသောက်ကြပါသည်။ ထမင်းစားရင်း မဇိတုပြည်၏ အဖြစ်အပျက်များကို သိရသည်မှာ၊ ဘော်စီဘုရင် နတ်ရွာစံ၍ ၎င်း၏သားတော် ထီးနန်းဆက်ခံခြင်း၊ ဘင်ဇာမြို့ကို ထပ်မံ ပြုပြင်ခြင်း၊ မြို့ရိုးများကို ပိုမိုခိုင်ခံ့အောင် စီမံခြင်းများ ဖြစ်လေသည်။ ထမင်းစားပြီးလျှင် ပြီးချင်း ကျွန်ုပ်သည် ဖုးလူးအထမ်းသမားများကို ထိုက်သင့်သော အခကြေးငွေများပေးကာ ပြန်၍ လွှတ်လိုက်လေ၏။ သူတို့သည် ကျွန်ုပ်တို့အား နှုတ်ဆက်သော သီချင်းများဆိုကာ၊ မဇိတု လူရိုင်းများ၏ သွေးကို သောက်လိုသော မျက်လုံးကြီးများဖြင့် ပြန်သွားကြလေတော့သည်။

ကျွန်ုပ်တို့သည် လှည်းများကို စွန့်ပစ်ကာ မဇိတုတို့အား ပါလာသမျှ ပစ္စည်းများကို ထမ်းစေ၍ ၎င်းတို့ တိုင်းပြည်သို့ လာခဲ့ကြလေ၏။ ကျွန်ုပ်တို့သည် တစ်လတာမျှ ဘင်ဇာမြို့တော်သို့ ရောက်အောင် ခရီးပြင်း နှင်ခဲ့၏။ လမ်း၌ မှတ်သားရလောက်အောင် ဘာမျှ မဖြစ်ပျက်ခဲ့ပေ။ ကျွန်ုပ်တို့ ဘင်ဇာမြို့အနီး ရောက်ကြောင်း သိသောအခါ ဒုတိယ ဆော်ဓိဘုရင်သည် ၎င်း၏ အခြွေအရံများဖြင့် မြို့အပြင်သို့ ထွက်၍ ကြိုဆိုပေသည်။ ထိုည၌ ကျွန်ုပ်တို့အား ချီးမြှင့်သော ညစာ စားပွဲကြီး ကျင်းပလေ၏။ ဆော်ဓိဘုရင်နှင့် ဘာဘင်ဘာတို့သည် အထူးပျော်ရွှင်သူများ ဖြစ်ကြ၏။ ဘုရင်က ကျွန်ုပ်တို့အား မည်မျှကြာအောင် ၎င်း၏ ဧည့်သည်တော်အဖြစ် နေမည်ကို မေးရာ၊ ကျွန်ုပ်က ကျွန်ုပ်တို့မှာ အာဖရိကမြောက်ပိုင်း ကင်ဒါလူမျိုးတို့ထံ သွားရမည်ဖြစ်၍ ကြာကြာမနေနိုင်ကြောင်း ပြောသောအခါ၊ ဘာဘင်ဘာသည် ရုတ်တရက် အံ့သြသွားလျက်–

'ပြန်လမ်းမရှိတဲ့ နေရာများ သွားမယ်ကြံတာ ခင်ဗျား စိတ်မှ ကောင်းရဲ့လားဗျာ'

ကျွန်ုပ်။ ။ 'အရင်တစ်ခါ ရိကာမြို့ကို သွားမယ်ကြံတုန်းကလည်း ခင်ဗျား ကျွန်တော့်ကို ရူးတယ် ထင်တာပဲ'

ဘာ။ ။ 'ဟုတ်ကဲ့၊ ဒါပေမဲ့ အဲဒီခရီးနဲ့ ယခုသွားမယ့် ခရီးနဲ့ နှိုင်းစာရင် ပထမခရီးဟာ ဘာမှ မပြောလောက်သေးပါဘူး'

ထို့နောက် ကျွန်ုပ်သည် ဟာရ၊ မရုတို့နှင့် တွေ့ဆုံရန် ၎င်းတို့၏ ဖိတ်ကြားခြင်းများကို အကြောင်းပြန်ရ၏။

ဘာ။ ။ 'သူတို့က ခင်ဗျားတော့ "ဂျန" ဆင်ကြီးကို အရှင်လတ်လတ် ပူဇော်ချင်လို့ ဥက္ကာဆင်ခေါ်တာနဲ့ တူတာပဲ။ ဒီဆင်ကြီးကို ဘယ်လိုသွားမှ မစူးဘူး။ ခင်ဗျား ကျည်ဆန်တောင် ပေါက်နိုင်မယ် မထင်ဘူး'

ကျွန်ုပ်။ ။ 'တစ်ပွဲတစ်လမ်း စမ်းရသေးတာပေါ့ဗျာ'

ရင်နယ်။ ။ 'ကျွန်ုပ်တို့ မသွားလို့ မဖြစ်တဲ့ အကြောင်း ရှိပါတယ်'





ဤကဲ့သို့ အချီအချ ပြောနေစဉ် ဆာဖိတ်သည် ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသော်လည်း၊ သူ၏ မျက်နှာထားမှာ မသွားလိုတဲ့ နောက်သို့ ပြန်ချင်ဟန် တူ၏။

ဆာဖိတ်။ ။ 'အဲဒီမှာ မြွေရှိသလားလို့ မေးစမ်းပါ'

ဘင်ဘာ။ ။ 'ရှိပြီလား။ ကင်ဒါလူမျိုးတို့ ဘုရားကျောင်းဆောင်ရဲ့ အစောင့်အရှောက်အဖြစ် အလွန်ကြီးတဲ့ မြွေကြီးတစ်ကောင် ရှိတယ်လို့ ကျွန်ုပ် ကြားဖူးတာပဲ'

မဇိတု လူမျိုးများထံ ၄ ရက်တိုင်အောင် ကျွန်ုပ်တို့ အပန်းဖြေကြပါသည်။ ၄ ရက် ပြည့်သောအခါ ဘာဘင်ဘာကိုယ်တိုင် ခေါင်းဆောင်၍ ကျွန်ုပ်တို့အား ကင်ဒါနယ်စပ်အထိ လိုက်ပို့ရန် ဖြစ်ပေ၏။ ကျွန်ုပ်တို့ ဘင်ဇာမြို့မှ မထွက်မီ တစ်နာရီခန့်လောက်ပင် အလွန် မသာယာသော ငိုသံကြီးများကို ကြားရလေ၏။ အကြောင်းကို သိလို၍ ငိုသံကြားရာ ဈေးဘက်ဆီသို့ ထွက်ခဲ့ရာ၊ ကျွန်ုပ်သည် လူအုပ်ကြီးတစ်စု ငိုပွဲကြီး ဆင်နေခြင်းကို တွေ့ရလေ၏။

အကြောင်းကို မေးကြည့်ရာ ကျွန်ုပ်တို့သည် ပြန်လမ်းမရှိသော နေရာသို့ သွားမည်ဖြစ်ပါ၍ ၎င်းတို့ ထုံးစံအတိုင်း သရဏဂုံတင်သည့် သဘောမျိုးပြုနေကြောင်းကို သိရသောအခါ၊ ကျွန်ုပ်နှင့် အတူပါ အဖော်တစ်စုမှာ စိတ်မကောင်းခြင်း ဖြစ်ကြပါသည်။ ၎င်းတို့၏ ထုံးစံကို အပြစ်မပြောလို၍ ကျွန်ုပ် နှုတ်ဆိတ်နေလိုက်ပါသည်။

ကျွန်ုပ်။ ။ (ရင်နယ်ဘက်သို့ လှည့်ကာ) 'အတိတ် နိမိတ်တော့ တယ်ကောင်းတယ်။ ဘယ့်နှယ် ခရီးဆက်ဦးမယ်လား'

အမှန်ပြောရမည်ဆိုလျှင် ကျွန်ုပ်စိတ်မှာ အတော်ပင် တုန်လှုပ်ထိခိုက်မိပေ၏။

ရင်နယ်။ ။ 'ကျွန်ုပ်တော့ သွားမှာပဲ။ သို့သော် ခင်ဗျားတို့၊ ဟာင်တို့၊ ဆာဖိတ်တို့တော့ ကိုယ့်အသက်ကိုစွန့်ပြီး သွားစရာအကြောင်း မမြင်ပါဘူး'

ကျွန်ုပ်။ ။ 'ခင်ဗျားသွားရာ ကျွန်တော် လိုက်မှာပဲ။ ကျွန်တော်သွားရာ "ဟင်" လိုက်မှာပဲ။ ဆာဖိတ်တော့ သူ့ဆုံးဖြတ်ချက်နဲ့ သူပဲ'

ဤအကြောင်း ဆာဖိတ်အား ပြောပြသောအခါ ဆရာကောင်းတပည့် ပီပီ သူ့ဆရာနှင့် သေတောင် ခွဲမည်မဟုတ်ကြောင်း ပြောလေ၏။

ထို့နောက် ကျွန်ုပ်တို့သည် ဘော်ဇီတို့အား နှုတ်ဆက်ကာ ခရီးဆက် ထွက် ခဲ့ကြလေတော့၏။

ကျွန်ုပ်တို့သည် တစ်လကျော်မျှ အရပ်ဒေသ အမျိုးမျိုးကို ဖြတ်ကျော် ခဲ့ရလေသည်။ လူသူလေးပါး အနေအထိုင်မှာ တဖြည်းဖြည်း နည်း၍ လာခဲ့ လေပြီ။ နောက်ဆုံးတွေ့ရသော တောရွာကလေးမှ မိုင် ၁၀၀ လောက် လျှောက်မိသောအခါ ကျွန်ုပ်တို့သည် အိုးအိမ် မရှိ၊ တွေ့ရာနေ တွေ့ရာစား ဖြစ်သော လူပုကလေးများဖြင့်သာ တစ်ခါတစ်ရံ တွေ့ရတော့၏။

၎င်းလူပုကလေးများသည် ကျွန်ုပ်တို့အား တစ်နေ့တွင် ဆိပ်လူးမြား ဖြင့် ချောင်းမြောင်း ပစ်ခတ်ကြပါသည်။ မဇိတုလူမျိုး ၂ ဦးမှာ ပွဲချင်းပြီး သေရှာကြ၏။ ဆာဖိတ်၏သတ္တိကို ဤနေရာတွင် ချီးမွမ်းရတော့၏။ မိမိ၏ နှစ်လုံးပြူးဖြင့် ပစ်ခတ်ရာ အရာမရောက်သည့်အတွက် လူပုကလေး တစ် ယောက်၏နောက်သို့ အမိလိုက်ကာ ခွတ်အတင်းဖမ်းပြီး ကျွန်ုပ်တို့၏ စခန်း ချရာ တဲသို့ ထမ်းခဲ့၏။ သူ၏ သတ္တိကြောင့် ကျွန်ုပ်တို့မှာ ၎င်းလူပုကလေး များ၏ အနှောင့်အယှက်မှ ကင်းစေရ၏။

အသို့ဟူမူ ဟင်သည် လူပုများ၏ စကားကို တတ်သောကြောင့် ဖမ်းမိသော လူပုအား မိမိအဖော်များကို ကျွန်ုပ်တို့အား မနှောင့်ယှက်ရန် အော်ပြောစေ၏။ အကယ်၍ နှောင့်ယှက်လျှင် ၎င်းအား သတ်၍ ပစ်မည့် အကြောင်း ပြောထား၏။ ကံအားလျော်စွာ ဖမ်းမိသော သူမှာ လူပုများ၏ အကြီးအကဲ ဖြစ်သောကြောင့် ကျွန်ုပ်တို့မှာ လူပုတို့၏ ရန်မှ ကင်းဝေးရ ပေတော့၏။ ၎င်းတို့ ကျက်စားရာ ဒေသကို ကျော်လွန်မှ ၎င်းလူပုအား ဖြန်လွှတ်လိုက်ရာ၊ မျောက်တဲ့သို့ လျင်မြန်စွာ ပျောက်ကွယ်၍ သွားလေ၏။





ကျွန်ုပ်တို့ နောက်ဆုံး ရောက်ရှိနေသော နေရာမှာ မုဆိုးတို့၏ ပျော်စရာ အကောင်းဆုံးဒေသ ဖြစ်လေ၏။ အမဲများမှာ အကြီးဆုံးမှ အငယ် ဆုံး အကောင်အထိ တွေ့ရ၏။ ဆင်များမှာ ကျွန်ုပ်တို့ ဖြတ်ကျော်ခဲ့သည့် ချုံအတိပြီးသော လွင်ပြင်ကြီးမှ လည်းကောင်း၊ သဲကန္တာရကြီးမှ လည်း ကောင်း မကြာခဏ ပေါ်ပေါက်လာကြ၏။ ဤနေရာမှ စောင့်၍ ဆင်များကို ပစ်ခဲ့လျှင် ဆင်စွယ်များကို အလိုရှိသလောက် ရရှိပေလိမ့်မည်။

သို့သော် ဘော်ဇီဘုရင်ကို လက်ဆောင်တော်အဖြစ်ပေးရန် ဆင် ဆယ်ကောင်မျှသာ ပစ်ခဲ့ပါသည်။ လူသူကို တွေ့ဖူးဟန် မရှိသော ဆင်ကြီး များမှာ ကျွန်ုပ်တို့အား အလွန်နီးသည့်တိုင်အောင် အကာယ်ခံကြပေ၏။ ဤကဲ့ သို့ အမဲများကို ပစ်ခတ်ကာ ကျွန်ုပ်တို့သည် ကန္တာရအစွန်မှ ဟာရနှင့်မရတို့ အလာကို စောင့်ဆိုင်းနေကြ၏။

တနင်္ဂနွေ နှစ်ပတ်မျှ ဤကဲ့သို့ စောင့်စား၍ နေခဲ့ရာ ကျွန်ုပ်တို့မှာ ငြီးငွေ့၍ လာပေတော့၏။ မဇိတု လူရိုင်းများလည်း ပျင်းရိကာ ဂနာမငြိမ် ကြတော့ပေ။ နှစ်ခါတိတိ ကျွန်ုပ်နှင့် ရင်နယ်သည် မြင်းများ စီးကာ သဲကန္တာရ အတွင်းသို့ ကျွန်ုပ်တို့ မျှော်လင့်နေသော ဟာရတို့၏ အစအနကို ရှာဖွေကြ၏။ အချည်းနှီးပင်။

သဲကန္တာရကြီးမှာ မိုးမဆုံး မြေမဆုံး တစ်မျှော်တစ်ခေါ်ကြီး ကျယ်ဝန်း လှပေ၏။ အလွန်ကြမ်းတမ်းသည့် ဒေသကြီးပင်တည်း။ သဲများဖြင့် လေ တိုက်တိုင်း ပွတ်ခြင်းခံရသော ကျောက်စ ကျောက်နများမှာ ညိုသော အဆင်း ကို ဆောင်လျက် ပြောင်လက် ချောမွေ့လှပေ၏။ ရေဟူ၍ လုံးဝ မမြင်ရပေ။ ဒုတိယ၊ တတိယ စုံစမ်းပြီးသောအခါ ဘာဘင်ဘာသည် ကျွန်ုပ်တို့ထံသို့ လာကာ မိမိသည် မိမိ၏ တပည့်လက်သားများကို ထိန်းလို့ မရတော့ကြောင်း ကို ပြောလေ၏။

ကျွန်ုပ်တို့အား အချိန်ဖြုန်းကာ ဘယ်အတွက် မလှုပ်မယှက် နေကြ ပါသနည်းဟု မေး၏။ ကျွန်ုပ်တို့က ကင်ဒါလူမျိုးများ လာရောက် ကြိုဆို

မည့် အကြောင်း ပြောသောအခါ၊ ဘာဘင်ဘာက ကင်ဒါလူမျိုးများ နေထိုင်ရာ အရပ်သည် သဲကန္တာရတစ်ဖက် မိုင်ပေါင်းများစွာ ဝေးကွာနေသောကြောင့် ကျွန်ုပ်တို့ ရောက်နေသည့် သတင်းကို ဘယ်လိုနည်းနှင့်မှ သိနိုင်မည်မဟုတ်သောကြောင့်၊ ကျွန်ုပ်တို့၏ ပြမှုဆောင်ရွက်ချက်များသည် လွန်စွာမှားကြောင်း အပြစ်တင်လေ၏။

ကျွန်ုပ်။ ။ 'ကင်ဒါလူမျိုးတွေဟာ ထူးခြားတဲ့အတတ်နဲ့ မြင်နိုင်တယ်။ ကျွန်ုပ်တို့ ရောက်နေတာကို သိမှာပဲ'

ဘာ။ ။ 'ခင်ဗျား အဲဒီလိုယုံရင် ခင်ဗျားတို့ချည်း စောင့်နေရစ်ခဲ့ရလိမ့်မယ်လို့ ကျွန်တော် ထင်တယ်'

ကျွန်ုပ်သည် ရင်နယ်ဘက်သို့ လှည့်ကာ–

'ဘယ့်နှယ် မြို့စားကလေး၊ ကျွန်တော်တို့ အကြံကို လက်လျှော့တော့မလား။ ရှေ့ခရီး ဆက်ရမယ်ဆိုရင် ကျွန်ုပ်တို့ အလောင်းကို ကျွန်ုပ်တို့ ထမ်းသွားတာနဲ့ တူတာပဲ။ ဒီ မဇီတုတွေ ပြန်သွားပြီးတဲ့နောက်မှ ကျွန်ုပ်တို့ မျှော်လင့်သူတွေ မပေါ်လာဘဲ နောက်ပြန်လှည့်မယ်ဆိုရင် လာရင်းဒေသကို ကျွန်ုပ်တို့လူစု ပြန်ရောက်ဖို့ရန် ခဲယဉ်းလိမ့်မယ်။ ခင်ဗျားပဲ ကြည့်ဆုံးဖြတ်တော့လေ'

ရင်နယ်မြို့စားကလေးမှာ အထူး စိတ်လှုပ်ရှားဟန် ရှိပေ၏။ နောက်ဆုံး၌–

'ကျွန်တော်တော့ ဒီမှာပဲ နေရစ်ခဲ့တော့မယ်ဗျာ'

ကျွန်ုပ်။ ။ 'ဒီလိုဆိုရင် ကျွန်တော်တို့အားလုံး ဒီမှာနေရမှာပေါ့။ ကျွန်ုပ်တို့ရဲ့ နဂိုဆုံးဖြတ်ချက်အတိုင်း၊ တစ်ယောက်ကိုတစ်ယောက် မခွဲတမ်းဘဲ မဟုတ်လား'

နောက်ဆုံး ဘာဘင်ဘာနှင့် ကျွန်ုပ်တို့သည် သဘောတူညီချက်တစ်ခု ပြုလုပ်ရလေ၏။ ၎င်း တူညီချက်မှာ ဘာဘင်ဘာနှင့် သူ့လူတစ်စုသည် နောက်ထပ် ၃ ရက် စောင့်ဆိုင်းရမည် ဖြစ်၏။ ၎င်း ၃ ရက်မှ ကျော်လွန်၍





ကျွန်ုပ်တို့ စောင့်စားနေသည့်သူများ မပေါ်လာလျှင် သူတို့နှင့်အတူ ပြန်ရန်ပင် ဖြစ်၏။

အချိန်များသည် တရွေ့ရွေ့ ကုန်ခဲ့လေသည်။ သဘောတူညီသော ၃ ရက်သည် အပြီးသတ်ရန် နာရီပိုင်းမျှ လိုတော့၏။ အချိန် ရွေ့လျောတိုင်း ကျွန်ုပ်၊ ဟင်နှင့် ဆာဖိတ်တို့မှာ လေးသော ဝန်ထုပ်ဝန်ပိုးကြီးကို တဖြည်းဖြည်း ချရသည့်အလား စိတ်များသည် ပေါ့ပါးသလောက်၊ ရင်နယ်မြို့စားကလေး၏ စိတ်မှာ တဖြည်းဖြည်း လေးလံ၍ လာဟန် ရှိလေ၏။

ရင်နယ်၏ ဇနီးသည် ကေန်စင်ဇစ် ဟာရတို့ထံ၌ ရှိသည်ဆိုပါက ကျွန်ုပ်သည် အသက်ကို ပဓာနမပြုဘဲ စွန့်စားရန် အသင့်ရှိပါ၏။ ဟာရထံ၌ ရင်နယ်၏ဇနီးသည် ရှိရမည်ဟုလည်း ကျွန်ုပ် ထင်မိ၏။ သို့ပင် ဖြစ်ငြားသော်လည်း နိုင်းမြစ်ထဲသို့ ခုန်ဆင်းကာ မိမိ၏ ဇီဝိန်ကို ချွေသွားသည့်ဘက်က ပို၍ ဖြစ်နိုင်ဖွယ်ရာ အကြောင်းရှိသည်ကို ကျွန်ုပ် ယုံကြည်မိပေ၏။ မရှိသော သူကို ရှမ်းဆ၍ မိမိ၏ အသက်ဆံဖျား ရှာဖွေရမည့် အလုပ်မှာ လွန်စွာ မိုက်မှားလှပေ၏။

ကျွန်ုပ်သည် သတ်မှတ်သည့် ၃ ရက်ကုန်၍ လာလမ်းကို ပြန်ဖို့ရာ စောင့်စားမိတော့၏။ သို့သော် ကံတရား၏ စီမံချက်မှာကား ကျွန်ုပ် မျှော်လင့်သကဲ့သို့ မဟုတ်ပေ။ ညဥ့်သန်းခေါင်ကျော် အချိန်၌ (သေသေချာချာ ပြောရမည်ဆိုလျှင် ည နာရီပြန် ၂ ချက်တီးတိုင်၌) ဟင်သည် အလန့်တကြား ကျွန်ုပ်၏ တဲအတွင်းသို့ ဝင်ပြေးလာကာ–

'အဘ မျက်စိ ဖွင့်ကြည့်စမ်းပါ၊ ကုလားနှစ်ယောက် အဘတဲအပြင်ဘက်မှာ ရောက်နေတယ်'

သတိနှင့် ကျွန်ုပ်၏ ရှက်ထည်တဲ အကာကို မ၍ လရောင်ထဲကို မျှော်ကြည့်လိုက်ရာ၊ တစ်ကိုယ်လုံး ဖြူဖွေးသော အဝတ်များကို ဝတ်ထားသော လူတစ်ဦး၏ ပုံသဏ္ဍာန်ကို ခပ်လှမ်းလှမ်းတွင် မြင်လိုက်ရလေ၏။ ရုတ်တရက် သူခိုးလားဟု အယူရှိကာ အိပ်ရာအောက်ရှိ ခြောက်လုံးပြူးကို ယူလိုက်လျှင် ယူလိုက်ချင်း အသံခပ်နက်နက်ဖြင့် ပြောသံကြားရ၏။

'အယ်လင်ကွာတာမိန်း၊ သင်သည် သင့်ထံလာသော ဧည့်သည်များကို သေနတ်နှင့် ဧည့်ခံခြင်းမှာ သင်၏ အလေ့အထပင် ဖြစ်ပါသလော'

ဤအခါမှ ကျွန်ုပ် စဉ်းစားသည်မှာ မှောင်ထဲတွင် ကျွန်ုပ်၏ အိပ်ရာအောက်မှ သေနတ်ကို ယူငင်သည်ကို မြင်နိုင်သောသူသည် အဘယ်ကဲ့သို့ သူပေနည်း။ ၎င်း၏ အသံသည် ကြားဖူးသလိုလို ရှိနေ၏။ ၎င်းနောက်မှ ကျွန်ုပ် အမှတ်ရကာ–

'ဟုတ်တယ် ဟာရူ၊ အထူးသဖြင့် ဧည့်သည်များမှာ ဤကဲ့သို့ အချိန်မတော် မထင်မရှား လာခဲ့လျှင် ကျွန်ုပ်သည် သေနတ်နှင့် ဧည့်ခံပါတယ်။ ဘယ့်နှယ် အသင့်အား ကျွန်ုပ်တို့ စောင့်နေသည်မှာ ကြာမြင့်လေပြီ။ သို့သော် အသင်တို့၏ ကတိစကားကို ဤကဲ့သို့ ရိုသေစွာ စောင့်ထိန်းခြင်းကို တွေ့ရတာ အလွန်အံ့သြပါတယ်'

ဟာရူ။ ။'အရှင့်အား ကျွန်ုပ် တောင်းပန် ဝန်ချပါတယ်။ အရှင်သည် ဘင်ဇာမြို့တော်သို့ ရောက်ရှိကြောင်းကို ကြားကတည်းက ကျွန်ုပ်တို့ လာရောက် ကြိုဆိုရန်ပင် ဖြစ်ပါသည်။ သို့သော် ကျွန်ုပ်တို့မှာ သာမန်လူများ ဖြစ်ကြသည့်အတိုင်း ကံစီမံသည်ကို မပစ်ပယ်နိုင်ပါ။ အရှင်၌ ပါလာသော ပစ္စည်းများ၏ အရေးအတွက်ကို ကြည့်၍ ကုလားအုပ်များ စုဆောင်းရပါသည်။ ဤလောက် များပြားသော လူများအတွက် သောက်ရေအလို့ငှာ သဲကန္တာရတွင် ရေမရသော ဌာနတစ်ခု၌ ရေတွင်းတစ်တွင်း တူးရပါသည်။ သို့အတွက် ခရီးနှောင့်နှေးလျက် ရှိပါသည်'

ကျွန်ုပ်။ ။'ဟုတ်ပေလိမ့်မယ် မှော်ဝိဇ္ဇာ၊ သို့မဟုတ် လူညာကြီးဟာရူ။ ကျွန်ုပ်၏ တဲအတွင်းသို့ ဘရန်ဒီကလေး အချမ်းပြေ သောက်ရန် ဝင်ခဲ့ပါလော့'

ကျွန်ုပ်၏ ဖိတ်ကြားချက်အတိုင်း ဟာရူနှင့် မရူသည် တဲအတွင်းသို့ ဝင်လာကြ၏။ မဟာအဓေဒင်များ မဟုတ်သောကြောင့် ကျွန်ုပ် ကမ်းလှမ်းသော အရက်ကို သောက်ကြပါသည်။





ဟာရူနှင့် မရူတို့မှာ လွန်ခဲ့သည့် ၂ နှစ်ခန့်က တွေ့ရသည့်အတိုင်း ဘာမှ ပြောင်းလဲခြင်း မရှိပါ။ သူတို့အား အတန်ကြာ စူးစိုက်ကြည့်ရှုပြီး သိလိုဇောဖြင့်–

'သင်တို့သည် ရင်နယ်၏ ဇနီးလောင်းအား ခိုးယူရန် အားထုတ်ပြီး အဘယ်ကဲ့သို့ အင်္ဂလန်နိုင်ငံမှ လွတ်မြောက်ပါသလဲ။ ရင်နယ်၏ ဇနီးကို အီဂျစ်ပြည်မှ သွေးဆောင်ပြီး ယခု အဘယ်မှာ ထားသလဲ'

ဟု စိတ်တိုစွာ မေးမြန်းလိုက်ပါ၏။

'ကျွန်ုပ်တို့အား ခွင့်လွှတ်ပါ အရှင်'

ဟု ဟာရူက ဣန္ဒြေရစွာ ပြုံး၍ ပြောသည်။

'ကျွန်ုပ်တို့သည် အင်္ဂလန်မှ သင်္ဘောဖြင့် ပြန်ခဲ့ကြပါသည်။ အရှင် အမိန့်ရှိသော အကြောင်းနှင့် ပတ်သက်၍ ကျွန်ုပ်တို့ ဘာမျှ မသိရပါ။ ကျွန်ုပ်တို့သည် မည်သူ့ မိန်းမကိုမှ မသွေးဆောင်ခဲ့ပါ။ အမှန်မှာ ကျွန်ုပ်တို့ သန္တာလည်ဆွဲကြိုးကို လက်ဆောင်အဖြစ် ပို့ခြင်းခံရသော ရင်နယ်၏ ဇနီးလောင်းအား ကျွန်ုပ်တို့ သိလိုသော မေးခွန်းများကို မေးရန်မှ တစ်ပါး အခြား ရည်ရွယ်ချက်များ မရှိပါ။ အရှင် ဝင်ရောက် စွက်ဖက်ခြင်းအတွက် ကျွန်ုပ်တို့ ကုန်စင်အောင် မမေးခဲ့ရပါ။ ကျွန်ုပ်တို့ထံ၌ အသားဖြူ အပျိုချောများ ပေါလွန်း၍ တိုင်းတစ်ပါးမှ အသားဖြူ မိန်းမတစ်ဦးကို သွေးဆောင်ခေါ်ငင်ရန် မလိုပါ အရှင်'

ကျွန်ုပ်။ ။'ကျွန်ုပ် ဒါတော့ ဘယ်ပြောနိုင်မလဲ၊ ကျွန်ုပ် သိတာကတော့ သင်တို့နှစ်ဦးဟာ ညာတဲ့ လိမ်တဲ့ဘက်မှာ တစ်ဖက်ကမ်းခပ်တဲ့ ဝိဇ္ဇာတွေပဲ'

ဤကဲ့သို့ ပြောကြားချက်မှာ သာမန်လူများဆိုလျှင် လွန်စွာ စိတ်ဆိုးဖွယ် ကောင်းသော်လည်း၊ ဟာရူနှင့်မရူမှ သူတို့အား ချီးမွမ်း၍ ပြောသည့် အလား ဦးညွှတ် အရိုအသေ ပြုကြလေ၏။ ထို့နောက် ဟာရူက–

'မိန်းမနဲ့ ပတ်သက်တဲ့ စကားတွေ ရပ်ဆိုင်းပြီး ယောကျ်ားများနှင့်

ဆိုင်သော စကားများကို ပြောကြပါစို့။ အရှင့်ကို ပြောခဲ့သည့်အတိုင်း အရှင် ဤနေရာသို့ ရောက်ရှိလေပြီ။ ကျွန်ုပ်တို့လည်း ကတိအတိုင်း လာရောက် ကြိုဆိုကြခြင်း ဖြစ်ပေသည်။ ကျွန်ုပ်တို့သည် အရှင် ဒီကို ရောက်မည်ဆိုတာ ဘယ်လို သိသလဲဆိုတာ အရှင်နှင့် မဆိုင်ပါ။ အရှင်သည် ကျွန်ုပ်တို့၏ တိုင်းပြည်ကို ဖျက်ဆီးနေသော "ဂျန" ဆင်ဆိုးကြီးကို နှိမ်နင်းရန် ယခု ခရီးထွက်ရန် အဆင်သင့်ပါပြီလော။ အရှင်၏ ဆုတော်ငွေအဖြစ် ဆင်စွယ် များကို ယူရန် လိုက်မည် မဟုတ်ပါလော။ လိုက်မည် ဖြစ်ပါက ကျွန်ုပ်တို့၏ ကုလားအုပ်များသည် အဆင်သင့် စောင့်ဆိုင်းလျက် ရှိပါကြောင်း'

ကျွန်ုပ်။ ။ 'ကျွန်ုပ်နှင့်အတူ အခြားသုံးဦး ပါပါသေး၏။ ကျွန်ုပ်၏ တပည့်သည် ကျွန်ုပ်ဖြင့် ခွဲမည်မဟုတ်။ ကျွန်ုပ်သည် ရင်နယ်နှင့် သေအတူ ရှင်မကွဲ ဖြစ်၏။ ရင်နယ်၏တပည့် ဆာဖိတ်သည် သူ့သခင်နောက်မှ ထက်ကြပ်မကွာ လိုက်ပေလိမ့်မယ်'

ကျွန်ုပ်၏ ရှင်းလင်းချက်ကို ကြားသိရသောအခါ ဟာရုနှင့် မရုတို့ သည် စိတ်ရှုပ်ထွေးဟန် လက္ခဏာရှိပေ၏။ ၎င်းတို့နှစ်ဦး ခေါင်းချင်းဆိုင်ကာ ကျွန်ုပ်တို့ နားမလည်သော စကားဖြင့် တိုင်ပင်ကြလေ၏။ ထို့နောက် ဟာရုက ပြောသည်မှာ–

'ကျွန်ုပ်တို့၏ လျှို့ဝှက်သော နယ်အတွင်းသို့ အရှင် တစ်ယောက် တည်းသာ ဝင်ခွင့်ပြုနိုင်ပါမည်။ အရှင်၏ တာဝန်မှာ "ဂျန" ဆင်ကြီးကို သတ်ရန်ဖြစ်၏။ ကျွန်ုပ်တို့သည် အခြားသူများကို မခေါ်နိုင်ပါ'

ကျွန်ုပ်။ ။ ' ဒီလိုဆိုရင် သင်တို့ ဆင်ကြီး သင်တို့ပင် သတ်လေ လော့။ ကျွန်ုပ်၏ အဖော်များ မပါဘဲ ဤနေရာမှ ကျွန်ုပ်သည် တစ်လှမ်းမှ မရွေ့။ ကျွန်ုပ်သည် ဤဌာနမှာပင် ကျွန်ုပ် အလိုရှိသလောက် ဆင်စွယ်များကို ရနိုင်ပါ၏'

ဟာရု။ ။ 'အရှင့်ကို အတင်း ခေါ်ဆောင်သွားပါက ဘာတတ်နိုင် မည်လဲ'





ကျွန်ုပ်။ ။ 'အသင်တို့ နှစ်ဦးစလုံး ကျွန်ုပ် ယခု သတ်လိုက်လျှင် ကော သင်တို့ ဘာတတ်နိုင်မည်လဲ။ ဒီမှာ ကျွန်ုပ်၏ အမိန့်ကို နာခံမည့် သူ့ရဲကောင်း မြောက်မြားစွာ ရှိ၏။ သင်တို့သည် စစ်တိုက်ခြင်းကို အလိုရှိ ပါက ယခုပင် ကျွန်ုပ်က စစ်ကြေညာခြင်း ပြုလိုက်ပါသည်'

ဟာရု။ ။ 'စိတ်မရှိပါနှင့် အရှင်၊ ကျွန်ုပ်တို့ မိတ်ဖွဲ့ခြင်းကို သွေးထွက် သံယို မဖြစ်ပါစေနဲ့တော့။ အမှန်မှာ ကျွန်ုပ်တို့သည် အရှင် ထင်သည်ထက် ပို၍ အရှင်၏ အနှောင့်အယှက်မှ ကင်းလွတ်နိုင်ပါသည်။ အရှင်၏ အပေါင်း အဖော်များသည် မိမိတို့၏ သဘောအလျောက် လိုက်လာနိုင်ကြပါသည်။ သို့သော် တစ်ခု သတိပေးလိုသည်။ သူတို့သည် ကျွန်ုပ်တို့ နယ်အတွင်းသို့ လူအဖြစ် ဝင်လာကြသော်လည်း ပြန်၍ ထွက်ခွာကြသောအခါ အရိုးမှာ ဝိညာဉ်အဖြစ်သာ ထွက်ခွာကြရပါလိမ့်မည်။ ကျွန်ုပ်တို့ ပညာဖြင့် သိရှိရပါ သည်'

ကျွန်ုပ်။ ။ 'သင်တို့က အချို့သူများကို သတ်ဖြတ်ပစ်မည်ဟု ရည်ရွယ်ပါသလား'

ဟာရု။ ။ 'မဟုတ်ပါ။ ကျွန်ုပ်တို့ အဖို့မှာ သာမန်လူသားများထက် ပိုမိုစွမ်းဆောင်သော အရာများ ကျွန်ုပ်တို့ ကင်ဒါနယ်ထဲတွင် ရှိကြပါသည်။ ၎င်းအရာများသည် အရှင်၏ အဖော် သုံးဦးအနက် နှစ်ဦး၏ အသက်ကို ရန်ရှာကြပါလိမ့်မည်။ အရှင်၏ အတွက်မှာ ဘာမှ စိုးရိမ်ဖွယ် မရှိပါ'

ကျွန်ုပ်။ ။ 'သင်တို့၏ စကားကို ကျွန်ုပ် ဘယ်ကဲ့သို့ ယုံကြည်ရ မည်လဲ။ သင်တို့သည် ကျွန်ုပ်တို့အား လှည့်စား၍ သင်တို့နယ်ထဲသို့ ခေါ် ဆောင်ကာ ကျွန်ုပ်တို့ကို သတ်ဖြတ်၍ ပစ္စည်းများ လုယူမည် မယူမည် ဆိုတာ မသိနိုင်ပါ'

ဟာရု–မရု။ ။ 'ကျွန်ုပ်တို့သည် သူငယ်ဘုရားကို တိုင်တည်၍ အရှင်တို့အား ဘေးရန်မပြုရန် သစ္စာပြုပါ၏'

ဤသို့ သစ္စာပြုကြသည်ကို မြင်ရသောအခါ ကျွန်ုပ်သည် ပြုံးရယ် မိပေ၏။

ဟာရ။ ။ 'အရှင်သည် ကျွန်ုပ်တို့အား ယုံကြည်ဟန် မရှိပါ။ မယုံကြည်လျှင် တဲအပြင် ထွက်၍ အရှင် ကျွန်ုပ်တို့အား မကြာခဏ တက်ကာ မျှော်၍ ကြည့်ရှုနေကျ ဖြစ်သော ခြတောင်ကြီးပေါ်မှ မြောက်အရပ်ဆီသို့ မျှော်၍ ကြည့်ပါ'

ကျွန်ုပ် ခြတောင်ပေါ် နေ့စဉ် တက်ကြည့်သည်ကို ဟာရ မည်သို့ သိလေသနည်း။ ကျွန်ုပ် မတွေးတတ်ပါ။

ဟာရ ပြောကြားချက်အတိုင်း ကျွန်ုပ်သည် ပေ ၂၀ မျှ မြင့်သော ခြတောင်ပေါ်မှ တက်ကာ မြောက်ဘက်သို့ မျှော်ကြည့်ရာ ၂၀၀ မျှ ရှိသော ကုလားအုပ် အဖွဲ့ကြီးကို ခပ်ဝေးဝေးတွင် မြင်ရလေ၏။ ကုလားအုပ် တစ်ကောင် တစ်ကောင်ပေါ်၌ တစ်ကိုယ်လုံး အင်္ကျီရှည် အဖြူကြီးများ ဝတ်၍ လှံစွပ်ကြီးများကို ကိုင်ကာ ရပ်နေသော သူများကို တွေ့ရသည်။

ဟာရ။ ။ 'အရှင် မြင်ရပြီ မဟုတ်ပါလော။ ကျွန်ုပ်တို့၌ မကောင်းသော အကြံအစည် ရှိပါမူ အရှင်တို့ အိပ်ပျော်နေစဉ်ကတွင် ဤမျှ များပြားသော စစ်တပ်အဖွဲ့နှင့် အသာအယာပင် အရှင်တို့အား ဖမ်းယူနိုင်ပါသည်။ သို့သော် ဤလူများမှာ အရှင်တို့အား မိတ်ဆွေအဖြစ် ခေါ်ဆောင်ရန် လာကြခြင်းသာ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ သစ္စာမှာ မှန်သောသစ္စာ ဖြစ်ပါသည်။ ယခု ကျွန်ုပ်တို့ ပြန်ပါတော့မည်။ နက်ဖြန် နံနက် အရှင်တို့ စားသောက်ပြီးသော အခါ ကျွန်ုပ်တို့ နှစ်ယောက်တည်း ထပ်မံ လာခဲ့ပါဦးမည်'

ဤကဲ့သို့ ပြောဆိုကာ ဟာရ ညီအစ်ကိုမှာ အရိပ်သဖွယ် ပျောက်ကွယ်၍ သွားကြလေ၏။

အခန်း ၈

## ဝက်ခေါင်းထိုး တိုက်ခြင်း

ဆယ်မိနစ်လောက် ကြာသောအခါ ကျွန်ုပ်တို့၏ အဖြစ်အပျက်များသည် ကျွန်ုပ်တို့ တစ်ဖွဲ့လုံးသို့ ပျံ့နှံ့သွားလေ၏။ ပထမ လူအများ ရုတ်ရုတ်ရက်ရက် ဖြစ်သွားသော်လည်း ဘာဘင်ဘာသည် မိမိ၏ လူများကို စည်းကမ်း သေဝပ်စွာ ပြန်၍ အုပ်ထိန်းလိုက်၏။ အကြောင်းရှိက ခုခံရန် အားလုံး ပြင်ဆင်ကြ၏။ ကျွန်ုပ်သည် ရင်နယ်နှင့် အဖော်များအား ဟာရနှင့် တွေ့ဆုံသည်မှ အဆုံးတိုင် ပြန်၍ ပြောသည်။

ကျွန်ုပ်။ ။ 'သည်လူတွေကတော့ ကျွန်ုပ်ကို သူတို့နယ်ကို တစ်နည်းနည်းနဲ့တော့ ပါအောင် ခေါ်ကြမှာပဲ။ ဒါဟာ "ဘယ်သူမပြု မိမိမှု" ဖြစ်လေတော့ ကျွန်ုပ်အတွက် ဘာမှ မပူပင်ပါဘူး။ သို့သော် သူတို့က ခင်ဗျားတို့တစ်တွေတော့ မခေါ်လိုဘူး။ ဒါကြောင့်မို့ ခင်ဗျားတို့ ရပ်တန်းက ရပ်ပြီး ဒီကပဲ ပြန်ချင်ကြရင် ပြန်နိုင်တာပဲ'

ဟင်။ ။ 'ကျွန်တော့်အတွက်တော့ ဘာမှ အထူးမပြောပါဘူး။ အဘ သွားရာ လိုက်မှာပဲ။ နောက်ဆုံး ပြောမယ်၊ အဘသေရင် အတူ သေမှာပဲ။ ဒီအတွက်ကြောင့် ကျွန်တော့်ကို ဘာမှ အထူးမမေးနဲ့တော့။ တစ်မှေးလောက် အိပ်လိုက်ပါဦးမယ်'

ပြောပြောဆိုဆို ဟင်သည် ကျွန်ုပ်၏ အနီး၌ ပစ်လိုက်ကာ သခင်ကို ချစ်သော ခွေးကလေးကဲ့သို့ တရှူးရှူး အိပ်ပျော်၍ သွားလေ၏။

ကျွန်ုပ်သည် ရင်နယ်အား ကြည့်ကာ အဖြေကို နားစိုက်နေမိ၏။

ရင်နယ်။ ။ 'ကျွန်ုပ်တော့ လိုက်မှာပဲ'

ကျွန်ုပ်။ ။ 'ဟာရုတို့က ခင်ဗျား ဇနီး သူတို့ဆီမှာ မရှိဘူးလို့ ပြောတယ်'

ရင်နယ်။ ။ 'ရှိရှိ မရှိရှိ ကျွန်ုပ်အဖို့ ဒီခရီး သွားနေရသလောက် ကလေးမှာ စိတ်ဝင်စားဖွယ် ကိုယ်တွေ့ အဖြစ်အပျက်ကလေးတွေ တွေ့ချင်လို့ ပါပဲ။ ဒါပေမဲ့ သူတို့ပြောတဲ့ စကားကို ကျွန်တော် နည်းနည်းမှ မယုံပါဘူး။ သူတို့ဟာ ကျွန်တော့် ဇနီးအကြောင်းကို သူတို့ပြောတာထက် ပိုသိတယ်လို့ ကျွန်တော် ထင်နေတယ်'

ကျွန်ုပ်။ ။ 'ဒါကတော့ ခင်ဗျားဘာသာ ခင်ဗျား ဆုံးဖြတ်ဖို့ ရှိပါတယ်။ ခင်ဗျား တွေးတာ မှန်ပါစေလို့ ဆုတောင်းပါတယ်'

၎င်းနောက် ဆာဖိတ်ဘက်သို့ လှည့်ကာ–

'ဘယ့်နှယ်လဲ၊ ဆာဖိတ်ကော ဘယ်လို သဘောရသလဲ'

ဟု မေးလိုက်ပြီးမှ၊ သူ့ကို သတိပေးလိုသော သဘောဖြင့်–

'မင်း အဖြေမပေးမီ သေသေချာချာ စဉ်းစားပါ။ သူတို့ ပြောတဲ့ အတိုင်းဆိုရင် ဟို လေးဦးအနက် နှစ်ဦးသာ အရှင် ပြန်နိုင်မယ်။ သူတို့ပညာ မှန်တယ်လို့ မယူဆသော်လည်း မဖြစ်နိုင်ဘူးလို့ မပြောနိုင်ဘူး'

ဆာဖိတ်။ ။ 'ကျွန်တော်တော့ ကံစီမံသလို ခံရမှာပဲလို့ အောက်မေ့ရမှာပဲ။ ကျွန်တော့်မှာ ပူစရာ ပင်စရာ အမေအိုကြီးရယ်၊ နှမငယ်ကလေးရယ် ရှိပါတယ်။ သူတို့အတွက်လည်း ဆရာက ဖူလုံအောင် ပေးကမ်းခဲ့ပြီမို့ ဘာမှ စိုးရိမ်စရာ မလိုတော့ပါ။ ကျွန်တော် တစ်ယောက်တည်း မဇီတုတွေနဲ့ လိုက်သွားလည်း သူတို့နယ်မှ နေရင်းဌာန ရောက်အောင် တစ်ယောက်တည်း ပြန်ဖို့လည်း ဖြစ်နိုင်မယ် မဟုတ်ဘူး။ သို့အတွက် ကျွန်တော်လည်း အတူ လိုက်ပြီး ဘုရားသခင်ကို အားထားရမှာပဲ'





ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက်များကို ကျွန်ုပ်၏ မိတ်ဆွေ ဘာဘင်ဘာ အား ပြောပြသောအခါ၊ ဘာဘင်ဘာမှာ ဘာမျှ ထူးထူးတွေတွေ မပြောတော့ဘဲ မျက်ရည်များ တတွေတွေ စီးဆင်းလျက်–

'အယ်လင်၊ ခင်ဗျားမှာ အလွန် သတ္တိကောင်းသူ တစ်ဦးဖြစ်၍ ကျွန်ုပ် သိရသည့်အတိုင်း ဆုံးဖြတ်မည်ဆိုတာ အစကပင် ရိပ်မိပါသည်။ အသင့်မှာ လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်ပါ၍ သင့်အား ရောက်မည် ဖြစ်သော ဘေးအပေါင်းမှ ကျော်လွှားနိုင်လိမ့်မည်ဟု ကျွန်ုပ် ယုံကြည်ပါသည်။ အသင်၏ အပြန်ကို ကျွန်ုပ် မျှော်လင့်စောင့်စား၍ နေပါမည်။ ဤနေရာမှ နေ၍ သင်တို့အားလုံး ကျွန်ုပ်၏ မျက်စိအောက်မှ ပျောက်ကွယ်၍ သွားသည့် တိုင်အောင် ကျွန်ုပ်သည် ကြည့်မျှော်၍ နေရစ်ခဲ့ပါမည်။ ဘော်မီဘုရင်အား လည်း သင်ပေးလိုက်သော ဆင်စွယ်များကို ဆက်သလိုက်ပါမည်'

ဤကဲ့သို့ ကြေကွဲ ဝမ်းနည်းစွာ နှုတ်ဆက်ကြပြီးနောက်၊ ဆယ်မိနစ် လောက် ကြာသောအခါ မဇီတု လူရိုင်းများသည် ကျွန်ုပ်တို့အား အရိုအသေ ပြုကာ ထွက်ခွာ၍ သွားကြလေ၏။ ကျွန်ုပ်တို့ လေးဦးမှာ အထုပ်အပိုးများ၏ အကြားတွင် ထိုင်လျက် ကျန်ရစ်ခဲ့ကြပါသည်။ ကျွန်ုပ်၏ စိတ်မှာ ခြောက်သွေ့သွေ့ကြီး ဖြစ်နေရစ်ခဲ့ပါသည်။ ကျွန်ုပ်တို့၏ အထုပ်အပိုးများကို ခရီး ဆက်လက်ထွက်ရန် ပြင်ဆင်နေရသည်မှာ ဆယ်မိနစ်မျှ ကြာပေ၏။

မကြာမီ၌ ကုလားအုပ်များနှင့် လူရိုင်းတပ်ကြီး ရောက်လာကာ ကျွန်ုပ်တို့နှင့် ကိုက် ၅၀ အကွာတွင် ရပ်၍ ၎င်းတို့ အဖွဲ့ထဲမှ လူ နှစ်ယောက်သည် ကျွန်ုပ်တို့ ရှိရာသို့ လာကြလေ၏။ ထိုသူများမှာ ဟာရုနှင့် မရာတိုပင်တည်း။ ကျွန်ုပ်တို့ မျက်မှောက် ရောက်သောအခါ အရိုအသေ ပြု၍–

'ရင်နယ် မြို့စားကြီးခင်ဗျား၊ ရင်နယ် မြို့စားကြီးအား ကျွန်ုပ်တို့၏ နံရျာလှသော အိမ်၌ ဧည့်ခံရန် အသင့်ရှိပါသည်။ ခင်ဗျား၏ အင်္ဂလန်ရှိ ရဲတိုက်ကြီးကဲ့သို့ ခမ်းနားလှသော အဆောက်အအုံလောက် ကျွန်ုပ်တို့အိမ်မှာ

မကောင်းပါ။ ခင်ဗျားၵ် လာပသောစနီး ကျွန်ုပ်တို့ထံ ရှိသည်ဟု မထင်ပါနှင့်။ ခင်ဗျားဇနီးမှာ နိုင်းမြစ်ထဲတွင် ဆုံးရှုံးရှာလေပြီဟု ကျွန်ုပ်တို့ ထင်ပါသည်။ ခင်ဗျားအတွက် အလွန် ဝမ်းနည်းပါ၏။ အားလုံးသော အရာများမှာ ဘုရားသခင်၏ အလိုတော်အတိုင်း ဖြစ်ရပါမည်။ ဘုရားသခင်က ယူလိုသောအခါ ယူ၍၊ ပေးလိုသောအခါ ပေးပါသည်။ ခင်ဗျား မိန်းမကို တစ်နေ့၌ လူကောင်း ပကတိ ပို၍ လှပစွာ တွေ့ရကောင်း တွေ့ရပါလိမ့်မည်' (ဘင်တု ဘာသာဖြင့် ပြောသည်။)

ဤကဲ့သို့ ဟာရုက ပြောလိုက်သောအခါ ကျွန်ုပ်သည် သူ့အား စူးစိုက်သော မျက်လုံးများဖြင့် ကြည့်လိုက်ပါသည်။ အကြောင်းမှာ ကျွန်ုပ်သည် သူ့ကို ဘယ်သောအခါကမျှ ရင်နယ်၏ ဇနီးသည်၊ ကိုယ်မှ စိတ်ကွာလျက် ရှိကြောင်း မပြောမိပေ။ ဤကဲ့သို့ အကြောင်းမှန်ကို ဟာရုသည် ဘယ်လိုနည်းနှင့် သိပါသလဲ။ ဟာရုသည် မိမိစကား မှားသွားကြောင်းကို သိရှိသည့်အလား အခြားစကားများကို ဆက်ကာ ပြောပြန်၏။

'အရှင်အား ကျွန်ုပ်၏ ဝတ္တရားအတိုင်း ကတိပေးလိုပါသည်။ "ဂျန" ဆင်ဆိုးကြီးသည် မိမိ အုပ်စိုးသော နယ်အတွင်းသို့ ကျူးကျော်လာသော မျက်နှာအသစ်များကို အနည်းငယ်မျှ မနှစ်သက်ပါ'

ကျွန်ုပ်။ ။ 'ဒါကို ကျွန်ုပ် သိရှိပြီး ဖြစ်ပါသည်'

ငင်းနောက် ဟာရုသည် ဆာဖိတ်ဘက်သို့ လှည့်၍–

'သင်ရော ပါလာတယ်၊ ဝမ်းသာပါတယ်။ ကျွန်ုပ်တို့ နယ်မှာ မြွေများများ ရှိတယ်။ သင် သိမယ်'

ထိုအခိုက် မရုသည် ပြုံးကာ ဟာရုအား တီးတိုးစကား ပြော၏။ ဟာရုက ပြန်ပြောသည်မှာ–

'ဆာဖိတ် ကျွန်ုပ်ညီက ပြောတယ်။ ခင်ဗျား လမ်းမှာ မြွေပေါ်ထိုင်ခဲ့တယ်၊ မြွေသေသွားတယ်တဲ့။ ခင်ဗျား မြွေ နောက်ထပ် တွေ့ရဦးမယ်။ သို့သော် ထိုင်လို့ မရဘူး'





ဤကဲ့သို့ ဟာရု၏ ကပြက်ကချော်ပြောသော စကားမှာ မှန်ကန်လွန်းလှရကား ကျွန်ုပ်မှာ အတော် ကျောချမ်းမိ၏။

သုံးနာရီခန့် ကြာသောအခါ ကျွန်ုပ်တို့သည် ခရီးအတော် ပေါက်ရောက်ခဲ့ကြလေ၏။ ကျွန်ုပ်သည် ကုလားအုပ် အဖြူကြီးပေါ်မှ မှန်ပြောင်းဖြင့် ကျွန်ုပ်တို့ ထွက်ခွာခဲ့သော တဲနေရာကို ပြန်ကြည့်မိသည်။ ကျွန်ုပ်တို့၏ ကုလားအုပ်စု အစီအစဉ်မှာ အောက်ပါအတိုင်း ဖြစ်၏။

ကျွန်ုပ်တို့၏ ရှေ့ဆောင်တပ်အဖြစ် လူဆယ်ယောက်က အမြန်ဆုံး ကုလားအုပ်များဖြင့် တစ်မိုင်လောက်က သွားနှင့်ကြ၏။ ငင်းတို့၏နောက် ကိုက် ၄၀၀ လောက်မှ ကင်ဒါ ကုလားအုပ်အဖွဲ့ ၅၀၊ ငင်းနောက်မှ စစ်တပ်အဖွဲ့၊ ကုန်တင်တပ်၊ ငင်းနောက် သောက်ရန်ရေ၊ စားဖွယ်သောက်ဖွယ်များ၊ ရွက်ထည်တဲများ၊ ကျွန်ုပ်တို့ ပစ္စည်းများ၊ သေနတ်များ၊ ခဲယမ်းမီးကျောက် တင်ဆောင်သော ကုလားအုပ်အဖွဲ့၊ ငင်းနောက် ကျွန်ုပ်တို့ မျက်နှာဖြူလေးဦး၊ ကျွန်ုပ်တို့၏ ဘေးတစ်ဖက်တစ်ချက် မိုင်ဝက်ခန့်လောက်မှ ခွာ၍ ကုလားအုပ်အဖွဲ့ ၅၀ စီ ခြံရံပြီးလျှင် ကျွန်ုပ်တို့၏ နောက်မှ ကုလားအုပ် အပိုများ ဖြစ်ပေ၏။ ဟာရုနှင့် မရုတို့မှာ ကျွန်ုပ်တို့၏ မနီးမဝေးမှ လိုက်ကြပါသည်။

ကျွန်ုပ်တို့သည် တစ်နေ့ပြီးတစ်နေ့ ခရီးဆက်ကာ ထွက်ကြပါသည်။ ကန္တာရကြီးမှာ အဆုံးရှိဟန် မတူပါ။ အရှေ့ဘက်တစ်ခွင် သဲပြင်ကြီးမှ နေကြီးသည် နံနက်တိုင်း ထွက်ပေါ်လာ၍ အနောက်ဘက် သဲပြင်တွင် ဝင်သွားဟန် ရှိပါသည်။ ညတိုင်း ညတိုင်း ကျွန်ုပ်တို့သည် ဖွယ်ဖွယ်ရာရာ မဟုတ်ဘဲ အစားအစာများကို စားကာ ကြယ်ရောင်များ၏ အောက်တွင် အိပ်ကြ၍၊ အဆုံးအစ မမြင်သော အရှေ့ဘက်မှ အရုဏ်ကျင်းကာ အလင်းရောင်များ ပေါ်လာမှ ခရီးဆက်ကြပြန်ပါသည်။

ကျွန်ုပ်တို့သည် စကားသိပ်ပြီး မပြောကြပါ။ အသံတိတ်သော လဟာပြင်ကြီး၏ ဓာတ်သည် ကျွန်ုပ်တို့သို့ ကူးစက်ကာ အာစေး ထည့်ထားသကဲ့သို့ ရှိပေ၏။ ကျွန်ုပ်၏ အဖို့မှာ အိပ်မက်ထဲတွင် ခရီးသွားနေသကဲ့သို့

ကျွန်ုပ်၏ နောက်ကြောင်းများကို ပြန်ပြီးတွေးလျက်၊ ဤတိုတောင်းလှသော မျက်လှည့်ပြပွဲနှင့် တူသည့် သက်တမ်းကလေး၏ လေးနက်သော ပြဿနာ အမျိုးမျိုးတို့ကို တွေဝေ သုံးသပ်ကာဖြင့် အချိန်ကုန်လေ၏။ ကျွန်ုပ်တို့သည် မကြာခဏ ရေတွေ့သော အရပ်များ၌ ရပ်ကာ လူရော ကုလားအုပ်ပါ ရေသောက်ကြရပါသည်။ ကျွန်ုပ်တို့၏ လမ်းခရီး၌ လူမဆိုထားဘိ၊ တစ်ကောင်တလေသော တိရစ္ဆာန်ကိုမျှ မတွေ့ရပေ။ ကန္တာရမှာ အလွန် ခြောက်ခန်းလှ၏။ ဤသို့လျှင် ရက်ပေါင်း မြောက်မြားစွာပင် လာခဲ့ရ ပါသည်။

တစ်နေ့ကို ခရီး မိုင်သုံးဆယ်နှုန်းဖြင့် တွက်ပါက အနည်းဆုံး မိုင် တစ်ထောင်လောက်တော့ ရောက်ပြီဟု ခန့်မှန်းမိကာ၊ သဲကန္တာရကြီး၏ မျက်နှာပြင်မှာလည်း မသိမသာ ပြောင်းလဲလာခဲ့၏။ အချို့ နိမ့်သော အရပ် ဒေသများ၌ မြက်ပင်ကလေးများကို တွေ့ရ၏။ ၎င်းနောက် ချုံပုတ်များ တွေ့ရပြန်၏။ တစ်ခါတစ်ရံ သစ်ပင်များကိုပင် တွေ့ရလျက် ၎င်းတို့ အကြား၌ သမင်၊ ဒရယ်ကလေးများ ဖြတ်ပြေးသည်ကို မြင်လိုက်ရလေသည်။ ကျွန်ုပ် သည် ဒရယ်ကလေး နှစ်ကောင်ကို သေနတ်ဖြင့် ပစ်ရာ ကုလားအုပ်တို့မှာ သေနတ်သံကို မကြားဖူးသည့်အလား ထိတ်လန့်စွာ ကြည့်ရှုကြလေသည်။

ထိုညဉ့် ကျွန်ုပ်တို့သည် ကန္တာရ ခရီးထွက်သည်မှ ပထမဆုံး အသား ဟင်းဖြင့် စားသောက်နေစဉ် ကျွန်ုပ်တို့၏ ကုလားအုပ်အဖွဲ့၏ အစီအစဉ်မှာ နဂိုမူလအတိုင်း မဟုတ်တော့ဘဲ တစ်မျိုးတစ်ဖုံ ပြောင်းလဲကြောင်း တွေ့ရပေ သည်။ ကုလားအုပ်များကို ခါတိုင်းလို ဝေးလံစွာ သွား၍ မိမိဘာသာ မြက်စား ခွင့် မပြုတော့ဘဲ လူများ၏ စောင့်ရှောက်ခြင်းဖြင့် စားစေ၏။ ကျွန်ုပ်တို့နှင့် အတူ စားသောက်လျက်ရှိသော ဟာရနှင့် မရုတို့အား အကြောင်းကို မေးသော အခါ၊ ကျွန်ုပ်တို့သည် ယခု ကင်ဒါ လူနက်တို့၏ နယ်စပ်သို့ ရောက်နေ၍ ၄ ရက်လောက် ခရီးဆက်သွားလျှင် ၎င်းတို့၏ နယ်သို့ ရောက်တော့မည် ဖြစ်ကြောင်း ပြောလေ၏။





ကျွန်ုပ်။ ။ 'ခင်ဗျားတို့ လူမျိုး အချင်းချင်းပဲ။ ခင်ဗျားတို့ကို ဧည့်ခံ လိမ့်မပေါ့'

ဟာရ။ ။ 'ဟုတ်ကဲ့၊ လှံများဖြင့် ဧည့်ခံပါလိမ့်မယ်။ ယခုတွေ့ရမည့် ကင်ဒါများဟာ အသားနက်တွေ ဖြစ်ပါတယ်။ ကျွန်ုပ်တို့၏ ရန်သူများ ဖြစ်ပါတယ်။ အထူးသဖြင့် ခင်ဗျားတို့လို မျက်နှာသစ်များကို ၎င်းတို့နယ်ထဲ သို့ အနည်းငယ်မျှ ကျူးကျော်ခံမည် မဟုတ်ပါ'

ကျွန်ုပ်။ ။ 'သင်တို့ထက် လူဦးရေ များနေလျှင် အဘယ်ကြောင့် သင်တို့ မျိုးမပြုတ်သနည်း'

ဟာရ။ ။ 'ကျွန်ုပ်တို့၏ ပညာစွမ်းကို ကြောက်ခြင်းအားဖြင့် ကျွန်ုပ် တို့အား အန္တရာယ မပြုရဲပါ။ ကျွန်ုပ်တို့ သူငယ်ဘုရား၏ စိတ်ဆိုးခြင်းကို မခံရဲကြပါ။ သို့သော် သူတို့ နယ်စပ်အနီး၌ ကျွန်ုပ်တို့ကို တွေ့ရှိခဲ့လျှင် အမှန် သတ်ဖြတ်သည့်ဘက်က များပါတယ်'

ကျွန်ုပ်။ ။ 'ယခုအတိုင်းဆိုတော့ သင်တို့ တိုင်းပြည်နှစ်ပြည်မှာ စစ်ဘေး စစ်ရန်တွေနဲ့ ပိုင်းနေတာပေါ့'

ဟာရ။ ။ 'ဟုတ်ပါတယ်၊ ကျွန်ုပ်တို့ ပညာအရ ကျွန်ုပ်တို့ အမျိုး နှစ်မျိုးအနက် တစ်မျိုးမျိုးပြုတ်အောင် နောက်ဆုံးစစ်ပွဲကြီး မကြာမီအတွင်း ဆင်ကြတော့မည်ကို သိပါသည်။ ဒါကြောင့် အရှင့်ကို ခေါ်ဆောင်ရခြင်း ဖြစ်ပါတယ်'

ထိုညဉ့် ကျွန်ုပ်တို့သည် အနှောင့်အယှက် မရှိဘဲ အိပ်ကြရပါသည်။ နောက်တစ်နေ့၌ ကျွန်ုပ်တို့သည် အရုဏ်မတက်မီ ခရီးထွက်ကြပါသည်။ ညနေ၌ ရေများ ပေါပေါရသော နေရာတွင် စခန်းချကြပါသည်။ ကျွန်ုပ်တို့ လူစုသည် တဲစခန်းအတွက် ပြုပြင်စီမံ နေဆဲတွင် ဟာရသည် ကျွန်ုပ်ကို လာရောက်ခေါ်ငင်ကာ တစ်ခေါ်လောက်တွင် ရှိသော တောင်ကမူစာကလေး သို့ သွားကြပါသည်။ တောင်ကမူစာကလေး၏ အမြင့်ဆုံးနေရာသို့ ရောက် သည်နှင့် တစ်ပြိုင်နက်၊ ကျွန်ုပ်သည် အာဖရိကတိုက် ရောက်ခဲ့သမျှသော

ဌာနအသီးသီးတွင် အကောင်းဆုံးသော ရှုမျှော်ခင်းကြီးကို မြင်ရလေသည်။

ကျွန်ုပ်တို့ ရပ်နေသော တောင်ကမူစာ ခြေရင်းမှ မြေသည် ခပ်စောက်စောက် မြောက်ဘက်သို့ နိမ့်လျှောလျှော ဆင်းသွား၏။ နောက်ဆုံး ကျယ်ပြန့်သော လွင်ပြင်ကြီးအဖြစ် ပြောင်းလဲသွားလေ၏။ ၎င်း လွင်ပြင်ကြီးကို ဖြတ်သန်း၍ ဖြူဖွေးသော မြစ်ကြီးသည် မြစ်လက်တက်ကလေးများ ခြံရံလျက် အရှေ့မှ အနောက်သို့ စီးဆင်းလေသည်။ ၎င်းမြစ်၏ အခြားတစ်ဖက်ရှိ မြေမျက်နှာပြင်မှာ တစ်ဖန် နိမ့်ရာမှ တဖြည်းဖြည်း မြင့်မားသွားပြီးလျှင် အလွန်ဝေးကွာသော အရပ်၌ တောင်ကလေး တစ်ခုကို မြင်ရ၏။ ၎င်း တောင်ကလေး၏ နောက်ဘက် မျက်စိဆုံးရာ ဌာန၌ ညိုမည်းသော တောင်တန်းကြီးများကို မြင်ရပြန်လေသည်။ လွင်ပြင်ကြီး၏ အရှေ့နှင့် အနောက်ဘက်ဆီမှာ အဆုံးအစ ရှိဟန် မတူပေ။ ၎င်းလွင်ပြင်ကြီးမှာ အလွန် မြေသြဇာကောင်းလှ၏။ နေရာတိုင်းလိုလိုပင် လူနေရွာကလေးများကို တွေ့ရ၏။ အနောက်ပိုင်းမှာ တောအုပ် ဖုံးလွှမ်းလျက် ရှိ၏။

ဟာရ။ ။ 'ကင်ဒါလူမျိုးတို့၏ တိုင်းပြည်ကို အားရပါးရ ရှုပါလေ။ ယခုမြင်ရသော တာဝမြစ် ဒီဘက်ကမ်းသည် ကင်ဒါလူမျိုးနက်တို့၏ ဒေသဖြစ်၍ တစ်ဖက်ကမ်းမှာ ကျွန်ုပ်တို့၏ လူဖြူမျိုးများ ဒေသ ဖြစ်ပါသည်'

ကျွန်ုပ်။ ။ 'ဟိုတောင်ကုန်းကလေးဟာ ဘာလဲ'

ဟာရ။ ။ 'အဲဒီတောင်ကလေးဟာ တောင်ထွား တောင်မြတ် ဖြစ်ပါတယ်။ ကျွန်ုပ်တို့၏ "ကလေးဘုရား" စံရာ တောင်ကလေး ဖြစ်ပါတယ်။ ၎င်းတောင်ဆီသို့ ကျွန်ုပ်တို့ ဘုန်းတော်ကြီးမှ တစ်ပါး သာမန်လူတို့ မတက်ရောက်ကြပါ'

ကျွန်ုပ်။ ။ 'ရိုးရိုးလူတွေ တက်ရင် ဘာဖြစ်သလဲ'

ဟာရ။ ။ 'သေတာပဲ'

ကျွန်ုပ်။ ။ 'တောင်ကလေးကို အစောင့်အရှောက် ထားတာပေါ့'





ဟာရ။ ။ 'သာမန်လူသားတို့ အစောင့်အရှောက် မဟုတ်ပါ။ ကျွန်ုပ်တို့၏ ဘုရားသူငယ်ကို စောင့်ရှောက်သော ပီညာဉ်တော်ပင် ၎င်းတောင်တစ်ခုလုံးကို စောင့်ရှောက်ပါတယ်'

ကျွန်ုပ်သည် ၎င်းတောင်တော်ကလေးနှင့် ပတ်သက်၍ နောက်ထပ် ဟာရထံ၌ မေး၍ မရတော့သဖြင့် ကင်ဒါလူမျိုးများ၏ လူဦးရေကို မေးရာ၊ လူနက်မျိုးမှာ အရွယ်ရောက်သူ နှစ်သောင်းခန့်ရှိ၍ လူဖြူမျိုးမှာ နှစ်ထောင်ခန့်သာ ရှိကြောင်း သိရပါသည်။ ဤကဲ့သို့ စကားပြောနေခိုက် ဟာရထံသို့ လူတစ်ယောက် လိုက်လာကာ တစ်စုံတစ်ခုကို ပြောလိုက်၏။ ဟာရ၏ မျက်နှာမှာ အတော်ပင် ပျက်လျက် ရှိပေ၏။

ကျွန်ုပ်။ ။ 'ဘာဖြစ်တာလဲ ဟာရ'

ဟာရ။ ။ 'ဘာဖြစ်တာလဲဆိုတာ ဟိုမှာသာ ကြည့်ပါတော့'

ဟာရ လက်ညှိုးညွှန်ရာဘက်သို့ ကြည့်လိုက်ရာ မိုင်ဝက်လောက်တွင် လူတစ်ယောက် မြင်း ဒုန်းစိုင်းကာ ရွာဘက်သို့ သွားနေသည်ကို မြင်ရလေ၏။

ဟာရ။ ။ 'သူဟာ ကင်ဒါလူနက်တို့ ဘုရင်ဆင်ဘာ၏ အထောက်တော် တစ်ယောက်ဖြစ်တယ်။ သူ ဆင်ဘာနေတဲ့ သည်ခ်နေရာက မြင်ရတဲ့ တောထဲမှာ မြို့တော်ကို သွားတာပဲ။ ကဲ ကျွန်ုပ်တို့ ပြန်ကြစို့၊ လ ထွက်ရင် ထွက်ချင်း ခရီးဆက်ရမှာပဲ'

ကျွန်ုပ်တို့သည် လ ထွက်သည်နှင့် တစ်ပြိုင်နက် ကုလားအုပ်များကို ခရီးပြင်း နှင်ခဲ့ကြရ၍ အမောမပြေခင်ပင် ခရီးဆက်လက် ထွက်ကြလေ၏။ တစ်ညဥ့်လုံး လွင်ပြင်ကြီးကို ဆင်းကြရပါသည်။ တစ်ခါ၌ မရှုသည် မိမိ၏ ပြုံးရွှင်သော မျက်နှာထားဖြင့် ကျွန်ုပ်တို့၏ သေနတ်များကို အဆင်သင့် ပြင်ထားရန် ဟာရအစား လာရောက် သတိပေး၏။

ကျွန်ုပ်တို့သည် သတိပေးသည့်အတိုင်း ငါးလုံးထွက် ရိုင်ဖယ်သေနတ်များကို ကိုင်ဆောင်ကြပါသည်။ ဟင် မှာ မိမိ ကိုင်ဆောင်နေကျ ဖြစ်သော

အင်တွန်ဘီသေနတ်ကလေးကိုပင် ကိုင်ဆောင်၏။ ပဟင်သည် ကိုက်တစ်ရာခန့် အတွင်း၀ယ် အလွန်လက်ဖြောင့်သူတစ်ဦး ဖြစ်ပေ၏။ ၎င်းမှ ကျော်လွန်လျှင် အသုံးမကျတော့ချေ။ နောက် နာရီဝက်လောက် ကြာသောအခါ နေမင်းသည် မိမိအား တစ်ညလုံး လွှမ်းမိုးထားသော အနက်ရောင် ကမ္ဗလာကြီးကို ဖယ်ရှားကာ နီရဲသောဖြိုလွှာဖြင့် အရှေ့ကောင်းကင် တစ်ခုလုံးကို ဖုံးလွှမ်းစပြုချေပြီ။ ကျွန်ုပ်တို့သည် မြက်များ ထူထပ်ပေါများသော နေရာဌာနသို့ ရောက်နေကြ၏။ ဤအခိုက်တွင် အကြောင်း တစ်စုံတစ်ခုကြောင့် ကျွန်ုပ်တို့ ကုလားအုပ် အဖွဲ့ကြီးမှာ ဟာရူ၏ အမိန့်ပေးချက်အရ ရပ်တန့်ရလေပြီ။

ရှေ့မိုင်ဝက်လောက်တွင် အဝတ်ဖြူ အရှည်ကြီးများဖြင့် ဆင်ဘာ၏ မြင်းသည်တော် အမြောက်အမြားနှင့် ခြေကျင်စစ်သားပေါင်း ငါးရာခန့် ကျွန်ုပ်တို့ထံသို့ အမြန်လာရောက်နေသည်ကို တွေ့ရလေ၏။ ၎င်းတို့၏ လက်နက်မှာ လှံစွပ်ကြီးများပင် ဖြစ်၏။ ခေတ္တအကြာတွင် ၎င်းတို့အထဲမှ လူနှစ်ယောက်သည် မြင်းစီးလျက် ဒုန်းစိုင်းကာ ကျွန်ုပ်တို့ ရှိရာသို့ လာလေ၏။ ၎င်းလူနှစ်ယောက်အနက် တစ်ယောက်မှာ အလံဖြူကို ကိုင်ဆောင်လျက် ရှိ၏။

ကျွန်ုပ်တို့၏ ရှေ့ဆောင်တပ်သည် ၎င်းလူ နှစ်ဦးကို အနှောင့်အယှက် မပြုဘဲ ၎င်းလူ နှစ်ဦးသည် ကျင်လည်စွာ ကုလားအုပ်များကို ရှောင်တိမ်း၍ ဟာရူနှင့် မရူရှိရာသို့ ရောက်လာပြီး၊ မိမိတို့တွင် ပါလာသော လှံစွပ်ကြီးများကို မြှောက်ကာ အရိုအသေ ပြုကြ၏။ ထိုသူများ ပုံသဏ္ဍာန်မှာ ကြည့်လို့ ကောင်း၏။ အသားမှာ နက်ပြောင်၍ မိမိတို့၏ ပခုံးပေါ်တွင် လိမ်တွန့်လျက်ရှိသော ဆံပင်များသည် ပျံ့ဝဲလျက်။

တမန်တော်တစ်ယောက်။ ။ 'ကလေးဘုရား၏ ဂိုဏ်းအုပ်ကြီး၊ ကျွန်ုပ်တို့သည် "ဂျုန" ဘုရားသခင်၏ ကိုယ်စားလည်တော်ဖြစ်သော ဆင်ဘာ ဘုရင်ကြီး၏ တမန်တော်များ ဖြစ်ကြပါတယ်'





ဟာရူ။ ။ 'ဂျုန မိစ္ဆာကြီး၏ နောက်လိုက်များ၊ သင်တို့ဘုရင်က ကျွန်ုပ်တို့ထံ ဘာအတွက် လွှတ်လိုက်ပါသနည်း'

သံတမန်။ ။ 'စစ်တိုက်ဖို့ရန် အတွက်ပင် ဖြစ်ပါတယ်။ အသင်တို့မှာ ကျွန်ုပ်တို့၏ နယ်ထဲသို့ ကျူးကျော်ကြပါသည်။ သင်တို့ ပထမလာစဉ်က "ဆင်ဘာ" ဘုရင်မင်းမြတ်က အနှောင့်အယှက် မပြုခြင်းမှာ သင်တို့သည် ပြန်လမ်းမရှိသော သဲကန္တာရ အတွင်းသို့ ဝင်သွားကာ အမှန်မုချ သေဘေးနှင့် တွေ့ရမည်ကို ယုံကြည်သောကြောင့်ပင် ဖြစ်ပါသည်'

ဟာရူ။ ။ 'ဂျုနနှင့် ကလေးဘုရား မည်သူက တန်ခိုးကြီးမားသည်ကို မကြာမီ သိရပါလိမ့်မည်။ သို့သော် ကျွန်ုပ်တို့သည် သွေးထွက်သံယို ကိစ္စမှ ရှောင်နိုင်သလောက် ရှောင်လိုပါသည်။ ကျွန်ုပ်တို့ သင်တို့နယ်အတွင်းသို့ လာခြင်းမှာ စစ်တိုက်ရန် မဟုတ်ပါ။ ယခု ကျွန်ုပ်တို့သည် ကလေးဘုရားအတွက် လူဖြူများကို ခေါ်ဆောင်ခဲ့ရာ သင်တို့နယ်မှ လွှဲ၍ ခေါ်ဆောင်စရာ အခြားလမ်း မရှိလို့ ဖြစ်ပါတယ်'

သံတမန်။ ။ 'သင်တို့ တတ်သလောက် ကျွန်ုပ်တို့မှာလည်း အတတ်ပညာ ရှိပါသည်။ ဤလူဖြူများအား ခေါ်ဆောင်ခြင်းမှာ ကျွန်ုပ်တို့ ကိုးကွယ်သော "ဂျုန" ဘုရားသခင်၏ သွေးကိုဖောက်ကာ သင်တို့၏ ဘုရားငယ်ကို ပူဇော်ရန်ပင် မဟုတ်ပါလော။ သင်တို့၏ လက်နက်ဆန်းဖြင့် "ဂျုန" အရှင်မြတ်ကို ဖျက်ဆီးနိုင်မည် ထင်ပါသလော။ မိုက်မဲလေစွတကား။ ဤလူဖြူများကို ကျွန်ုပ်တို့ ဘုရင်ကြီး၏ လက်ကို အပ်ပါလော့။ အပ်ခဲ့ပါလျှင် သင်ဟာရူနှင့် မရူတို့အား သင်တို့၏ ဒေသသို့ လွှတ်လပ်စွာ ပြန်ခွင့်ပြုပါလိမ့်မည်'

ဟာရူ။ ။ 'သင်တို့၏ ဘုရားသခင် "ဂျုန" ကို အဘယ်ဘေးရန်မှ မပြုနိုင်လျှင် အဘယ်ကြောင့် ဤလူဖြူများကို အလိုရှိပါသနည်း။ သင်တို့၏ "ဂျုန" ဆင်ကြီးအား ပူဇော်ခြင်း အလို့ငှာ ဤလူဖြူများအား ပေးအပ်ရမည်ဆိုသော် ကျွန်ုပ်တို့သည် ဧည့်သည်များကို စောင့်ရှောက်အပ်သော အိမ်သည်

၏ ဝတ္ထုရားများကို ပျက်ကွက်သည် မမည်ပါလော။ ယခုပင် သင်တို့၏ ဘုရင် "ဆင်ဘာ" အား ပြန်၍ သံတော်ဦးတင်ပါလေ။ အကယ်၍ ဆင်ဘာသည် ကျွန်ုပ်တို့အား အပ်ဖျားဖြင့်ပင် ထိခိုက်အောင် ပြုလုပ်ပါက ကျွန်ုပ်တို့ ဘုရားသခင်၏ သုံးတန်သော ကျိန်စာ၊ သုံးသွယ်သော ဒဏ်သည် ၎င်းနှင့်တကွ ၎င်း၏ တိုင်းသူပြည်သားများ အပေါ်တွင် ကျရောက်လတ္တံ့။ ကောင်းကင်ဒဏ်၊ တော်မွတ်ခြင်းဒဏ်၊ စစ်ဘေးဒဏ်သည် ၎င်း၏ တိုင်းသူပြည်သားများ အပေါ်တွင် ကျလတ္တံ့ဟု ငါတို့ဏ်းအုပ် အမိန့်ရှိကြောင်း ပြောလေ။ ပြန်လေလော့'

ဟာရု၏ တင်းမာခက်ထန်သော စကားကို ကြားရသောအခါ ကျွန်ုပ်တို့ စစ်သားများက တညီတညာတည်း သောက်ခံသည့် သဘောဖြင့် လှံစွပ်များကို မြှောက်လိုက်ကြသည်၌၊ သံတမန်များမှာ ထိတ်လန့်ပုံ ပေါ်ပေါက်လာပြီး နောက်ထပ် ဘာမျှ မပြောတော့ဘဲ မြင်းများကို ချာခနဲ လှည့်ကာ ဒုန်းစိုင်းသွားကြလေ၏။

ဟာရုသည် 'ကျွန်ုပ်တို့ စစ်တိုက်ရမည်' ဟု ပြောဆိုကာ စစ် အစီအစဉ်များ ပြုလုပ်ကြလေ၏။ ကုလားအုပ်တပ်ကြီးမှာ ခြေကြက်များ ပျံ့သကဲ့သို့ မြားခေါင်းသဖွယ် စီစဉ်ထားလေ၏။ ဟာရုသည် မြားခေါင်းထိပ်တွင် နေ၍ ကျွန်ုပ်၊ ဟင် နှင့် မရုမှာ လက်ဝဲဘက်အခြမ်းမှ အလယ်တွင် ချထားလေ၏။

ကျွန်ုပ်တို့ မျက်နှာဖြူများကို တခြားစီ နေရာချထားခြင်းကို ကန့်ကွက်ရာ ဟာရုက ဤသို့ ပြုခြင်းအားဖြင့် မြား၏သေးသွား နှစ်ဖက်စလုံးရှိ စစ်သားများကို အားပေးခြင်းဖြင့် တစ်ကြောင်း၊ အကယ်၍ တစ်ဖက် အရေးနိမ့်လျှင် ကျန်တစ်ဖက်က အတင်းစွတ်တိုး၍ ထွက်နိုင်ရန်လည်းကောင်း စီစဉ်ခြင်း ဖြစ်၍ ကျွန်ုပ်တို့ မကန့်ကွက်နိုင်တော့ပါ။ သာဖိတ်၏ မျက်နှာမှာ ကြောက်စိတ်များ မှုန်နေပေ၏။ ရင်နယ်မှာ စစ်တိုက်ဝါသနာ ရှိရင်းစွဲအတိုင်း ပျော်ရွှင်ဟန် ရှိပေ၏။ ဟင် မှာ ဘာမျှ မဖြစ်သည့်အလား မထူးခြားပေ။ ကျွန်ုပ်မှာ အနည်းငယ်မျှ ဝမ်းသာမိပေ၏။





ဟင်သည် ဘာမျှ အရေးမစိုက်သည့်အလား ကုလားအုပ်အမြင့်ကြီးပေါ်တွင် မျောက်ကလေးကဲ့သို့ တင်ပလ္လင်ထိုင်ကာ အေးဆေးစွာ ဆေးတံပင် ခဲနေသေး၏။ အခွင့်ရလျှင် ကျွန်ုပ်သည် သူ့အား ဖခြနှင့် ကျောက်လိုပါ၏။ ဟင် ၏ အပြုအမူကို ကင်ဒါ စစ်သားများပင် မချီးမွမ်းဘဲ မနေနိုင်ပါ။ ၎င်းစစ်သားများက ဤသို့ပင် ပြောသံ ကြားရပါသေး၏။

'ဟော့ ကြည့်ကြစမ်းပါ၊ သူဟာ တို့ ထင်သလို မျောက် မဟုတ်ဘူး၊ လူပဲ။ သူ့ဆရာထက်တောင် လူစွမ်းကောင်းပုံ ရပါသေးတယ်'

အစီအစဉ်များ ပြီးလျှင်ပြီးချင်း သံတမန်များ ပြန်သွား၍ နာရီ တစ်မတ်လောက် အတွင်းတွင် ဟာရုသည် မြင့်မြတ်သော တောင်တော်ဘက်သို့ ဦးသုံးကြိမ် ညွှတ်ပြီးလျှင် မိမိ၏ ခြေနင်းကွင်းပေါ်တွင် လှံကို မြှောက်၍ မက်တတ်ရပ်လျက် ကျယ်လောင်သော အသံကြီးဖြင့်–

'တိုက်စေ'

ဟူသော အမိန့်ကြီး ထွက်ပေါ်လာလေ၏။

အခန်း ၉

## အယ်လင် အဖမ်းခံရခြင်း

ကုလားအုပ်များကို အမြန်စီးရခြင်းသည် အသည်းအေးဖွယ် ကောင်းလှ၏။ ၎င်းတို့သည် ခရီး အတော်ပန်းကြသော်လည်း စစ်မြင်းများ၏ စိတ်ဓာတ်များ ရုတ်တရက် ဝင်လာဟန်ရှိ၏။ ဆောက်မတတ်သော လွင်ပြင်ကြီးကို ကျွန်ုပ်တို့သည် တစ်ရှိန်ထိုး ဆင်းလျက် ရှိကြ၏။ ကျွန်ုပ်တို့ စစ်သားများသည် ရန်သူများ၏ အနီးသို့ ရောက်လျှင် ရောက်ချင်း–

'ဂျန သေပါစေ၊ ဘုရားသူငယ် အောင်မြင်ပါစေ'

ဟု အော်ကာ ညာသံပေးကြလေ၏။

ရန်သူများမှာ ညာသံပေးကြလျက် ရှစ်ပေခန့် ထုထပ်အောင် ခြေလျင် စစ်သားများကို စီတန်း၍၊ ရှေ့ဆုံးက လှံရှည်ကြီးများဖြင့် ချိန်ရွယ်ကာ ကျွန်ုပ်တို့အလာကို စောင့်မျှော်နေကြ၏။ ရှေ့ဆုံး နှစ်တန်းမှ လူများသည် ဒူးတစ်ဖက် ထောက်ကာ လှံရှည်များဖြင့် ချိန်ရွယ်၍ အသင့်စောင့်နေ၏။ ၎င်းစစ်သားများ၏ ဘေးတစ်ဖက်တစ်ချက် အတော်ကွာဝေးသော နေရာ၌ မြင်းစီးသူရဲ တစ်ရာခန့် စုရုံးလျက် ရှိ၏။ ကျွန်ုပ်တို့၏ ကုလားအုပ်တပ်ကြီးမှာ အရှိန်ပြင်းစွာဖြင့် ခြေလျင်စစ်သားများ၏ အကြားသို့ ထောပတ်ကို ဓားဖြင့် လှီးဖြတ်လိုက်သည့်အလား အလွယ်တကူ တိုးဝင်သွားလေ၏။ ဆင်ဘာ၏ စစ်သားများသည် အပြိုလိုက် မြေပေါ်တွင် တလိမ့်ခေါက်ကွေး ဖြစ်နေသည့် အပေါ်တွင် ကျွန်ုပ်တို့၏ စစ်သားများသည် လှံမိုး ရွာချလေ၏။





ကျွန်ုပ်သည် ဝမ်းသာမိတော့၏။ ကျွန်ုပ်တို့ဘက်မှ စစ်အောင်လျက် ရှိတော့၏။ သို့သော် ကျွန်ုပ်တို့၏ ဝမ်းသာခြင်းမှာ စောလွန်းလှ၏။ မကြာမီ ကင်ဒါလူနက် စစ်သားများသည် ကုလားအုပ်ကြီးများ အကြားတွင် ပေါ်လာကာ ကုလားအုပ်ကြီးများကို တွင်တွင်ကြီး ဓားမြှောင်များဖြင့် ထိုးခုတ်ကြ၏။ ဘေးတစ်ဖက်တစ်ချက်မှ မြင်းတပ်များသည် ကျွန်ုပ်တို့အား တစ်ပြိုင်တည်း ဗွတ်တရွတ် ပိတ်ညှပ်ကာ တိုက်ကြ၏။ ၎င်းတို့သည် ကျွန်ုပ်တို့ မြားနှစ်ဖက်၏ အလယ်မှ ဖောက်ထွင်းသဖြင့် ကျွန်ုပ်တို့၏ စစ်တပ်မှာ နှစ်ပိုင်း ပြတ်သွားလေတော့၏။ ကံအားလျော်စွာ ၎င်းမြင်းတပ် နှစ်ဖက်စလုံးတို့မှာ အရှိန်မသတ်နိုင်ဘဲ အားလွန်ကာ တစ်ဖက်နှင့်တစ်ဖက် ရှုပ်ထွေး ရောယှက်သွားလေတော့၏။

ဤအခိုက်တွင် မည်သူက အမိန့်ပေးလိုက်သည် မသိ။ ကျွန်ုပ်၊ ဟင်နှင့် မရုတို့ ခေါင်းဆောင်သော ကုလားအုပ် သုံးဆယ်ခန့်မှာ နောက်သို့ လှည့်ကာ မြင်းတပ်များကို တအားသွန်၍ တိုက်ကြ၏။ သို့သော် မြင်းတပ်အင်အားမှာ အလွန်သာလျက် ရှိသောကြောင့် ကျွန်ုပ်တို့၏ ကုလားအုပ်များမှာ လှံရှည်ကြီးများ၏ဒဏ်ကို မခံနိုင်ဘဲ တဖြည်းဖြည်း ပျောခွေကာ မြေပေါ်သို့ လဲကျလေ၏။

ဟင် စီးသော ကုလားအုပ်တစ်ကောင်မှာ ကံအားလျော်စွာ ကျန်နေ၍ ကျွန်ုပ်တို့သည် လဲနေသော ကုလားအုပ်များ၏ ကိုယ်ကို အကွယ်အကာ ယူကာ ခုခံကြရ၏။ ကျွန်ုပ်သည် ယခုအချိန်တိုင်အောင် သေနတ်ကို အသုံး မပြုသေးချေ။ သို့သော် ကျွန်ုပ်တို့၏ အသက်မှာ ယခုအချိန်တွင် အလွန် စိုးရိမ်ဖွယ် အခြေသို့ ဆိုက်ကပ်နေလေပြီ။ သို့အတွက် ကျွန်ုပ်၏ ငါးလုံးပြူး သေနတ်ဖြင့် မြင်းတပ်ထဲသို့ ပစ်လိုက်ရာ၊ မြင်းငါးကောင်မှ မြင်းစီးသူရဲများမှာ မြေပေါ်သို့ ဇောက်ထိုးမိုးမျှော် ထိုးကျသွားလေ၏။

ဤအခြင်းအရာကို မြင်ရသည့် ကင်ဒါလူနက် စစ်သားများမှာ လျှပ်စစ် ဓာတ်လိုက်သော လူများကဲ့သို့ ငေးမောနေကြပြီးနောက် စစ်သားများသည်

လျှင်မြန်စွာ နောက်ဆုတ်ကြလေ၏။ ထို့နောက် တစ်ဖန် ကျွန်ုပ်ထံသို့ ခွတ်တိုးလာကြပြန်ရာ နောက်တစ်ကြိမ် ၎င်းတို့အား သေနတ်ဖြင့် ချိန်ပစ်လိုက်ပြန်သဖြင့် ဒုတိယအကြိမ် နောက်ဆုတ်ကြရပြန်၏။ တတိယအကြိမ် ကြိုးစားကြပြန်ရာတွင် ကျွန်ုပ်သည် လူသုံးယောက်နှင့် မြင်းတစ်ကောင်သာ မှန်တော့၏။ ကျွန်ုပ်ကား အခက်ကြုံလေပြီ။ အကြောင်းမူကား ကျွန်ုပ်တွင် ပါလာသော ကျည်ဆန်များ ကုန်ခန်းသွားခြင်းကြောင့် ပေတည်း။

ရန်သူများသည် ရပ်တန့်နေကြပြန်ရာ ဤအချိန်၌ ကျွန်ုပ်သည် သေးပတ်လည်သို့ လှမ်းကြည့်မိ၏။ ကျွန်ုပ်တို့၏ ကုလားအုပ်တပ်ကြီးသည် ရန်သူများကို ဖောက်ထွင်းသွားကြကြောင်း တွေ့ရလေပြီ။ ထိုအခိုက်၌ မရသည် ဖြူးရွှင်သော မျက်နှာဖြင့် သွေးများ ပေကျံနေသော လှံကြီးကို ဝှေ့ယမ်းကာ ကျွန်ုပ်ထံသို့ လာပြီးလျှင်–

'သူငယ်ဘုရားသည် အခြားလူများကို ကယ်ဆယ်၍ ကျွန်ုပ်တို့ကို စွန့်ထားခဲ့လေပြီ။ ကျွန်ုပ်တို့ ကိုယ်ကို ကျွန်ုပ်တို့ သတ်သေကြပါစို့၊ သို့မဟုတ် သေသည့်တိုင်အောင် လက်နက်ဖြင့် ခုခံကြပါစို့'

ဟု ပြောလေ၏။

ကျွန်ုပ်။ ။'ကျွန်ုပ်မှာ ယမ်းတောင့် မရှိတော့ဘူး။ လက်နက်ချလျှင် ဘာဖြစ်မလဲ'

မရ။ ။'ဂျုန ထံ ယူပြီး ကျွန်ုပ်တို့၏ သွေးဖြင့် ပူဇော်ကြပါလိမ့်မည်။ သေရမည့် အတူတူ ကျွန်ုပ်ကိုယ်ကို ကျွန်ုပ် သတ်သေတော့မည်'

ကျွန်ုပ်။ ။'အသက်နှင့် ကိုယ်နဲ့ မကွာသေးသမျှ ကာလပတ်လုံး အကြံကို မလျှော့ကောင်းဘူး။ ကျွန်ုပ်မှာ ခြောက်လုံးပြူး ကျည်ဆန်နှစ်တောင့် ကျန်သေးတယ်။ နောက်ဆုံး မျှော်လင့်ချက် မရှိဘူးဆိုတော့မှ ကိုယ့်ကိုယ်ကိုယ် သေနတ်နဲ့ အဆုံးစီရင်ကြတာပေါ့'

မရ။ ။'အရှင့်မှာ ကျွန်ုပ်တို့ ဘုရားသခင်၏ ဉာဏ်တော်အရောင် ရောက်နေပေတယ်။ အရှင် လုပ်သလို ကျွန်ုပ် လိုက်လုပ်ပါတော့မည်'





မရသည် ကျန်ရှိနေသော မိမိ၏ လူများကို ဤအတိုင်း ပြောပြလေ၏။ ထိုခဏ၌ ဆင်ဘာ၏ တပ်သားများသည် ကျွန်ုပ်တို့ထံသို့ ချီတက်လာကြပြန်ရာ၊ မျှော်လင့်ချက်ကင်းသော ကျွန်ုပ်တို့ စစ်သားများလည်း အသက်ကို ပဓာန မထားဘဲ တစ်ရှိန်ထိုး ဆီးကြို တိုက်ခိုက်ကြသဖြင့် ရန်သူစစ်သားများမှာ အကျအဆုံး များလှတော့၏။ ဤအပြုအမူကို မြင်သော အခြားစစ်သားများသည် ဒေါသအမျက် ခြောင်းခြောင်းထွက်ကာ ကျွန်ုပ်တို့ ရှိရာသို့ 'ဂျုန ဂျုန' ဟု အော်ကာ ပြေးလာလေ၏။ ၎င်းလူအုပ်ကြီးအား မုတ်ဆိတ်ဖြူဖြူ လူကြီးတစ်ယောက် ခေါင်းဆောင်လျက် ရှိ၏။ ထိုလူကြီး ဆွဲထားသော ငွေကြိုးများကို ကြည့်ခြင်းအားဖြင့် အရေးပါ အရာရောက်သော လူကြီး ဖြစ်ဟန်တူ၏။

ကျွန်ုပ်သည် စိတ်ထားကောင်းစွာနှင့် သေနိုင်ရန်အတွက် အားခဲနေစဉ် သေနတ်သံတစ်ချက် ကျွန်ုပ် နောက်ဘက်ဆီမှ ကြားလိုက်ရပြီးနောက်၊ မုတ်ဆိတ်ဖြူကြီးမှာ လက်ကြီးများမြှောက်ကာ မြေပေါ်သို့ လဲကျသွားသည်ကို မြင်လိုက်ရလေ၏။ ကျွန်ုပ်သည် နောက်သို့ လှည့်ကြည့်လိုက်သောအခါ ကုလားအုပ်ကြီးပေါ်တွင် အေးဆေးစွာ ဆေးတံသောက်လျက် လက်ထဲ၌ နှစ်လုံးပြူးသေနတ် ကိုင်ထားသော ဟင် ကို မြင်ရလေ၏။ ဤအဖြစ်အပျက်သည် ကင်ဒါလူမျိုးတို့အား များစွာ အံ့သြကြေကွဲစေ၏။ ၎င်းတို့သည် ရှေ့သို့ မတိုးကြတော့ဘဲ လဲကျနေသော မုတ်ဆိတ်ဖြူကြီးကို ဝိုင်းရုံကြလေ၏။ ၎င်းတို့အထဲတွင် ခက်ထန်သော မျက်နှာကြီးနှင့် ငွေကြိုး မြောက်မြားစွာ ဝတ်ဆင်ထားသော လူတစ်ဦးသည် မြင်းပေါ်မှ ဆင်းကာ ထိုမုတ်ဆိတ်ဖြူကြီးကို စမ်းသပ်ကြည့်ရှုလေ၏။

မရ။ ။ 'ဒီလူဟာ ဆင်ဘာတုရင်ပဲ။ သေတဲ့လူဟာ သူ့ရဲ့ဦးလေး အရင်း စစ်သေနာပတိကြီး ဖြစ်တယ်'

ကျွန်ုပ်။ ။ 'ဒါဖြင့် တူအတွက် ယမ်းတောင့် တစ်တောင့်လောက် လိုချင်ပါဘိကွယ်'

ဤအခိုက်၌ "ဟင်" သည် ကုလားအုပ်ပေါ်မှ–

'အဘ ကျွန်တော် သွားပြီ၊ ကုလားအုပ်ပေါ်မှာ ကျွန်တော့် သေနတ် မောင်းမတင်တတ်ဘူး' ဟု ပြောဆိုကာ ချုံများထူထပ်သော တောထဲတွင် ကွယ်ပျောက်သွားလေ၏။

ကျွန်ုပ်၏ ရန်သူများသည် အချိန်ကြာမြင့်စွာ ဆွေးနွေးတိုင်ပင် နေကြပြီးနောက် လူတစ်ယောက်သည် အလံဖြူ တစ်ခုကိုင်ကာ ကျွန်ုပ်တို့ထံ သို့ လာလေ၏။ ကျွန်ုပ်ကလည်း ၎င်းတို့မြင်စေရန် သေနတ်ကို အောက်သို့ ချထားလိုက်လေ၏။ ထိုသူသည် မရအနီးသို့ ချဉ်းကပ်၍ ပြောသည်မှာ–

'ဂိုဏ်းခေါင်းဆောင်ကြီး မရ၊ ဆင်ဘာဘုရင်က ဤသို့ မှာလိုက်ပါသည်။ သင်တို့၏ ဘုရားသခင်သည် ယနေ့အဖို့၌ တန်ခိုးကြီးမားပေ၏။ သင်တို့၏ နောက်လိုက်များ လွတ်မြောက်သွားသော်လည်း သင်တို့ကား မလွတ်နိုင် တော့ပါ။ သို့သော် သင်တို့ လက်နက်ချခဲ့လျှင် ဘုရင်မင်းမြတ်၏ မြို့တော်သို့ ခေါ်ဆောင်၍ စစ်ပြေငြိမ်းသည့်တိုင်အောင် ကျွေးမွေးထားပါလိမ့်မည်။ လက်နက် မချခဲ့လျှင်မူကား သင်တို့အား စစ်သည်တော်များ ဝိုင်းရံကာ အစာရေစာ အငတ်ထား၍ သတ်ပါလိမ့်မည်'

မရ။ ။ 'အရှင် ဘယ်လို အဖြေပေးမလဲ'

ကျွန်ုပ်။ ။ 'သင့်လူစုတွေက ကျွန်ုပ်တို့ကို ကယ်နိုင်ဖို့ လမ်းမြင် သလား'

မရ။ ။ (ခေါင်းယမ်းကာ) 'သူတို့နယ်ကို လာ၍ ကယ်ရန် မဖြစ် နိုင်ပါ'

ကျွန်ုပ်။ ။ 'ဘုရင့်စကား တည်ပါ့မလား'

မရ။ ။ 'တည်ဖို့ဘက်က များပါတယ်'

၎င်းနောက် ကျွန်ုပ်တို့နှစ်ယောက် တိုင်ပင်ကာ ဤသို့ စကားပြန် လိုက်၏။

'ကျွန်ုပ်တို့သည် ဆင်ဘာဘုရင်၏ အကြံပေးချက်ကို လက်ခံပါ





သည်။ ဆင်ဘာ ဘုရင်အား ဤဝိဇ္ဇာမယ လက်နက်ဖြင့် ဤနေရာက သတ်ပစ်နိုင်သော်လည်း ကျွန်ုပ်တို့သည် ဆင်ဘာ၏ ကတိကို ယုံကြည်၍ ဘေးဥပဒ် မပေးတော့ပါ။ ဆင်ဘာသည် စကားဖောက်ခဲ့လျှင်မူကား ကျွန်ုပ်တို့ ဘုရားသခင်၏ ကျိန်စာသင့်ဆဲမည်။ ဆင်ဘာသည် မြင့်မြတ်သော စေတနာ ထားကြောင်း ထင်ရှားစေရန် ကျွန်ုပ်တို့နှင့်အတူ အေးမြကြည်လင်သော ရေများ သောက်ရန် ကျွန်ုပ်တို့ထံ လာရောက်ပါစေ'

တမန်တော်။ ။ 'အသင်တို့ ဝိဇ္ဇာမယ လက်နက်ကြီးကို ပေးအပ် ပါလော့။ ဘုရင်မင်းမြတ် လာပါလိမ့်မည်'

ကျွန်ုပ်သည် အသုံးမဝင်သော သေနတ်ကြီးကို အပ်လိုက်လေ၏။ သေနတ်ကြီးကို မရဲတရဲကိုင်လျက် ဘုရင်၏ စေတမန်သည် ဘုရင့်ထံသို့ ပြန်သွားလေ၏။ ဘုရင်သည် လူအနည်းငယ် ခြံရံကာ သားရေ ရေအိတ်ကြီး နှင့် တကွ ကျွန်ုပ်တို့ထံသို့ ရောက်လာ၏။ ဆင်ဘာ၏ မျက်နှာထားမှာ ခက်ထန်လှ၍ ရှည်လျားသော မုတ်ဆိတ်မွေးကြီးသည်လည်း ၎င်း၏ ကြမ်း ကြုတ်သော မျက်နှာကို ပို၍ ကြမ်းကြုတ်စေ၏။ မျက်လုံးကြီးမှာလည်း ပြူး၍ နက်မှောင်လှပေ၏။ ကျွန်ုပ်အား အံ့သြစွာ ကြည့်ပြီးနောက် မရအား ဤသို့ ဆို၏။

'ဂိုဏ်းခေါင်းဆောင်ကြီး မရ၊ ကျွန်ုပ်သည် ကတိကို မဖျက်၊ ကတိအတိုင်း တစ်ဆံချည်မှ မတိမ်းစောင်း၊ မချွတ်ချော်စေရပါ။ ကျွန်ုပ်သည် သင်တို့နှင့် မေတ္တာရေချမ်း ကမ်းလှမ်းရန်အတွက် လာခြင်းဖြစ်ပါသည်။ ၎င်းမေတ္တာ ရေအေးဖြင့် ကျွန်ုပ်တို့၏ စိတ်နာချက်များကို ယခု ဆေးကြောကြကုန်အံ့'

ဟု ဆိုကာ ဆင်စွယ် ရေခွက်မှ ရေအနည်းငယ်ကို ကျွန်ုပ်တို့ သံသယ ကင်းစေခြင်းငှာ ကိုယ်တိုင် သောက်၍ ပြပြီးမှ ကျွန်ုပ်တို့အား ပေးလေ၏။ ကျွန်ုပ်တို့သည် အလွန် ရေငတ်သောကြောင့် အားရပါးရ သောက်ချလိုက် လေ၏။

ရေများ သောက်ပြီးသောအခါ ကျွန်ုပ်တို့အတွက် မြင်းများ ယူဆောင်

လာကြ၍၊ ကျွန်ုပ်တို့သည် စစ်သားများ ခြံရံကာ သုံးနာရီမျှ ကြာအောင် ခင်ဘာ၏ မြို့တော်သို့ သွားကြရပါသည်။ ကျွန်ုပ်တို့ ဖြတ်သန်းသွားရသော အရပ်မှာ ကောက်ပဲသီးနှံများ လွန်စွာ ဖြစ်ထွန်းလှသဖြင့် မိုးကောင်းသော ဒေသဖြစ်ကြောင်း သိနိုင်ပေ၏။ နှစ်နာရီခန့် ကြာသောအခါ ကျွန်ုပ်တို့သည် တောကြီးထဲသို့ ဝင်စ ပြုလာလေ၏၊ ကျွန်ုပ်တို့ မမြင်စဖူးသော သစ်ပင်ကြီး အမြောက်အမြား တွေ့ရ၍ သစ်ရွက်များမှာ နေပြောက် မထိုးနိုင်အောင် ထူထပ်လှပါ၏။ မြေပေါ်တွင် ချုံပုတ်များ မရှိပ်ပေ့ဘွေးတော့ပါ။ သို့သော် အလင်းရောင် နည်းလှ၍ စိတ်ညစ်ညူးဖွယ် ကောင်းလှ၏။

ညနေအချိန်တွင် လေးငါး မိုင်မျှ ကျယ်ပြန့်သော မြေကွက်လပ်ကြီး သို့ ရောက်ကြပါ၏။ ၎င်းမြေကွက်လပ်ကြီးမှာ လူမပြုပြင်ဘဲ အလိုအလျောက် ဖြစ်နေဟန် တူပါသည်။ ၎င်းမြေသည် ပတ်ဝန်းကျင် မြေများထက် နိမ့်နေ သည်က တစ်ကြောင်း၊ မြေဩဇာ ကောင်းမွန်သည်က တစ်ကြောင်းကြောင့် ခန်းခြောက်သွားသော ရေအိုင်ကြီးနှင့် တူပါသည်။ ၎င်းမြေကွက်ကြီးကို ဖြတ်ကျော်၍ မကြာမီပင် ခင်ဘာမြို့တော်သို့ ရောက်ကြပါသည်။

မြို့ကြီးမှာ ကျုံးပတ်ပတ်လည် ဝိုင်းထားပြီးလျှင် သစ်သားမြို့ရိုးကြီး ဖြင့် ကာကွယ်ထားပါသည်။ ကျုံးမျက်နှာ တစ်ဖက်တွင် တံတားတစ်ခုစီ ဖြတ်သန်း၍ မြို့၏အရှေ့ဘက် တံခါးမှ ဝင်ခဲ့ရာ တံခါးမှူးသည် ဘုရင်အား အကြောင်းကြားပြန်၏။ မြို့မှာ လမ်းမတော်ကြီး နှစ်ခုရှိ၍ တစ်ခုမှာ တောင်မှ မြောက်သို့၊ တစ်ခုမှာ အရှေ့မှ အနောက်သို့ ဖြောင့်မတ်စွာ ဖောက်လုပ် ထား၏။ လမ်းဘေး တစ်ဖက်တစ်ချက်ရှိ လူနေအိမ်များမှာ မြေအိမ်များဖြစ်၍ သက်ငယ်များ မိုးလျက်ရှိ၏။

အိမ်တိုင်းလိုပင် အိမ်ခေါင်သို့ တက်ရန် လှေကားများ တပ်ဆင်ထား ၏။ တစ်မိုင်လောက် ရောက်သောအခါ ဒုတိယ မြို့ရိုးတစ်ခုကို တွေ့ရပါ သည်။ ၎င်းမြို့ရိုးအတွင်းသို့ ဝင်မိသောအခါ ငါးဧကခန့် ကျယ်သော မြေ ကွက်လပ်ကြီး တစ်ခုရှိ၍ ပတ်ဝန်းကျင်၌ မြင်းတဲများကို တွေ့ရပါသည်။





၎င်းနေရာမှာ ဈေးနေရာနှင့် တူပါသည်။ ၎င်းနေရာ၌ ကျွန်ုပ်တို့ မြင်းများကို ထားခဲ့၍ ခြေကျင်လျှောက်လာခဲ့ကြပါသည်။

မကြာမီ အဆောက်ကြီးသော အိမ်ကြီးကို တွေ့ရပါသည်။ ၎င်းအိမ်ကြီး မှာ ခင်ဘာနေသော နန်းတော် ဖြစ်ကြောင်း သိရပါသည်။ ၎င်းအိမ်ကြီး၏ နောက်ဘက်၌ မိဖုရားများနေသော အိမ်ငယ်ကလေး မြောက်မြားစွာ တွေ့ရ ပါသည်။ ၎င်းအိမ်ကြီး၏ ဝဲယာမှာ ရှယ်တူ အိမ်နှစ်လုံးရှိရာ၊ တစ်လုံးမှာ ဘုရင်၏ ဧည့်သည်တော်များအတွက် ဖြစ်၍ ၎င်းအိမ်သို့ ကျွန်ုပ်နှင့် မရှာကို ခေါ်သွားပါသည်။

ကျွန်ုပ်တို့ အိမ်နောက်ရှိ တဲတန်းတွင် ကျွန်ုပ်တို့နှင့် အတူ ဖမ်းလာ သော ကင်ဒါလူမျိုး ၃ ဦးအား ထားပါသည်။ ရောက်လျှင်ရောက်ချင်း ကျွန်ုပ်တို့အဖို့ စားစရာများ ယူလာပါသည်။ ပဲပိစိလုံးပြုတ်နှင့် အခဲကြော်များ ဖြစ်၍ ကျွန်ုပ်သည် ပေးလာသော အစာများကို ဆာလောင် မွတ်သိပ်သည် အလျောက် မြိန်မြိန်ရှက်ရှက်ကြီး စားပါသည်။ ၎င်းနောက် ဘာကိုမျှ မတွေး တော့ဘဲ အိမ်၏ ထောင့်တစ်ထောင့်ရှိ မြေ့ရာ အကြမ်းကြီးပေါ်တွင် တစ်ခါတည်း အိပ်ပျော်သွားလေတော့သတည်း။

## အခန်း ၁၀

## ပထမ ကျိန်စာ

ကျွန်ုပ်၏ အိပ်ရာပေါ်သို့ ပြတင်းပေါက်မှ တိုးဝင်လာသော အပူရှိန်ကြောင့် နိုးလာ၏။ ယမန်နေ့က တွေ့ကြုံရသော အဖြစ်အပျက်နှင့် ယခု ရောက်ရှိသော အခြေအနေကို သတိရပါတော့၏။ ကျွန်ုပ်သည် အလွန် ကြောက်မက်ဖွယ် ကောင်းသော လူရိုင်းအုပ်ကြီး၏ အလယ်တွင် အကျဉ်းခံနေရလေပြီ။ သူတို့နှင့် ကျွန်ုပ်သည် ဘယ်သောအခါကမှ ရန်သူ မဖြစ်ဖူးခဲ့သော်လည်း မြောက်မြားလှသော သူတို့၏ လူများကို သတ်မိပေ၏။ သူတို့သည် ကျွန်ုပ်အပေါ်တွင် အာဃာတ ထားမည်ဆိုက ထားထိုက်ပေ၏။

လူရိုင်းတို့၏ ဘုရင်သည် ကျွန်ုပ်၏ အသက်ကို ချမ်းသာပေးမည် ဆိုသည်ကား မှန်၏။ သို့ပင်ဖြစ်သော်လည်း ဤကဲ့သို့သော သူ၏ ကတိစကားသည် မည်မျှ လေးနက်မည်ဟု စဉ်းစား၍ မရပါ။ လုပ်ဇာတ်ထဲများကကဲ့သို့ သိကြားသော် လည်းကောင်း၊ နတ်သော် လည်းကောင်း ပေါ်ပေါက်ကာ ကျွန်ုပ်အား လာရောက် မကယ်ဆယ်ပါက ကျွန်ုပ်၏ သက်တမ်းသည် ရက်ပိုင်းမျှ လိုပေတော့မည်။ ကျွန်ုပ်နှင့် မဆိုင်သော အလုပ်ကို ဝင်ရောက်လုပ်ကိုင်မိသောကြောင့် မည်သည့် အပြစ်ဒဏ်မျိုးမဆို ကျွန်ုပ် ခံထိုက်လှပေ၏။

ရင်နယ်နှင့် ဆာဖိတ်တို့ လွတ်မြောက်သွားခြင်းအတွက် ကျွန်ုပ် ဝမ်းမြောက်မိ၏။ သို့သော် သူတို့သည် မည်သည့် ဘေးများဖြင့် ကြုံတွေ့ရဦးမည်ကို မသိနိုင်သေးပါ။ မည်ကဲ့သို့ မိမိတိုင်းပြည်ကို ပြန်နိုင်မည်ဟုလည်း





မသိနိုင်ပါ။ ဟင် သည် ကုလားအုပ်ဖြင့် လာလမ်းအတိုင်း ထွက်ပြေး၏။ ဤသဲကန္တာရကြီးကို တစ်ဦးတည်း အစာရေစာ မပါဘဲ မည်ကဲ့သို့ ဖြတ်ကျော်ပါမည်နည်း။ ဟင် ၌ တစ်ခေါက် ရောက်ဖူးသော လမ်းကို ဘယ်တော့မှ မမေ့တတ်သော သတ္တိရှိ၏။ သို့သော် တစ်ယောက်တည်း ပြန်ရမည် ကိစ္စမှာ လွယ်ကူသောကိစ္စ မဟုတ်ပေ။

ကျွန်ုပ်သည် အိမ်၏ပတ်ပတ်လည် ကြည့်မိ၏။ ကျွန်ုပ်၏ ကျည်ဆန် နှစ်တောင့်ထိုးထားသော ခြောက်လုံးပြူး သေနတ်မှာ မရှိတော့ပေ။ ၎င်းနောက် ကျွန်ုပ်၏ မျက်စိသည် မရုထံသို့ ရောက်သွား၏။ မရုသည် ကြမ်းပေါ်၌ ထိုင်ကာ ပါးစပ်မှာ တတွက်တွက် ရွတ်ဖတ်နေဟန် ရှိ၏။ မရု၏ အစဉ်ပြုံးရွှင်နေတတ်သော မျက်နှာမှာ ရွှင်ပျခြင်း မရှိတော့ပေ။

ကျွန်ုပ်။ ။ 'ဒီထဲကို တစ်ယောက်ယောက် လာပြီး ကျွန်ုပ်ရဲ့ သေနတ်ကို ယူသွားတယ် ထင်တယ်'

မရု။ ။ 'ဟုတ်တယ် အရှင်၊ ညက သန်းခေါင်လောက်မှာ လူနှစ်ယောက် ဝင်လာကြတယ်'

ကျွန်ုပ်။ ။ 'ဘာ့ကြောင့် ကျွန်ုပ်ကို မနှိုးသလဲ'

မရု။ ။ 'ဘာ့ကြောင့် နှိုးရမှာလဲ အရှင်၊ ကျွန်ုပ်တို့ နိုးနေရင် သတ်သွားမှာပေါ့'

ကျွန်ုပ်။ ။ 'ကျွန်ုပ်တို့ အကြောင်းကို ဟရုတို့က သိပ့်မလား မဆိုနိုင်ဘူး။ ကျွန်ုပ်တို့ ဘီလပ်မှာ အရှုခိုင်းတဲ့ အမိုးအငွေ့တွေ သူတို့ ရှုကြည့်ရင် သိကောင်းပါရဲ့နော်'

မရု။ ။ 'အဲဒီ အမိုးအငွေ့တွေဟာ ဘာမှ သတ္တိ မရှိပါဘူး။ ဒီအငွေ့တွေဟာ ရှုသူရဲ့ ဦးနှောက်ထဲ ရောက်ပြီး စိတ်ထဲက ကူးသမျှ စိတ်ကူးတွေ ရှုသူရဲ့ ဦးနှောက်ထဲမှာ ပေါ်လာတာပါပဲ။ ဒီပြင် ဘာမှ မတတ်နိုင်ပါဘူး'

ကျွန်ုပ်။ ။ 'အို....ဒါဖြင့် အလကားဟာပဲ။ ဘာမှ အားကိုးဖို့ မမြင်ပါကလား'

မရူ။ ။ 'ဟုတ်ကဲ့။ သို့သော်...ကလေးဘုရားတော့ ရှိပါသေးတယ်'

ကျွန်ုပ်။ ။ (စိတ်တိုစွာဖြင့်) 'မရူ၊ သင် ယခု ပြောသလိုဖြင့် သင်တို့ရဲ့ အနိုးအငွေ့ဟာ သတ္တိ ဘာမျှ မရှိဘူးဆိုရင် သင်တို့ ကလေးဘုရားကို ကျွန်ုပ် ဘယ်လို ယုံကြည်ရမလဲ။ သူ ဘာတတ်နိုင်သလဲ၊ သေရတော့မယ့် အတူတူ မထိမ်ဖုက်ဘဲ ပြောပြစမ်းပါ'

မရူ။ ။ 'ဟုတ်ကဲ့ အရှင်၊ ကလေးဘုရား ဘယ်သူလဲ ဆိုတာကိုတော့ ကျွန်ုပ်ကိုယ်တိုင် အသေအချာ မပြောနိုင်ပါ။ သို့သော် သူဟာ ကျွန်ုပ်တို့ ကိုးကွယ်တဲ့ အရှင်မြတ်အဖြစ်နဲ့ နှစ်ပေါင်း တစ်ထောင်ကျော်လောက်ကစပြီး ပေါ်ပေါက်ခဲ့ပါတယ်။ ကျွန်ုပ်တို့ ဘိုးဘေးဘီဘင်များ အီဂျစ်ပြည်မှ ထွက်ပြေးခဲ့ရစဉ်က ၎င်းကလေးဘုရားကို ယူဆောင်လာခဲ့ကြဟန် တူပါသည်။ ၎င်းကလေးဘုရားကို မျိုးရိုး အစဉ်အဆက် ဘုန်းတော်ကြီးများက စောင့်ထိန်းရပါသည်။ ၎င်းဘုန်းကြီးများ၏ ဂိုဏ်းအုပ်ကြီးမှာ ကျွန်ုပ်၏ အစ်ကိုကြီး ဟာရုပင် ဖြစ်ပါသည်။

'ကျွန်ုပ်တို့ အယူဝါဒမှာ ကလေးဘုရားဟာ ဘုရားသခင်၏ ဝိညာဉ်တော် စွဲကပ်နေသော ရုပ်တုတော် တစ်ခုဖြစ်ကြောင်း ယုံကြည်ကြပါသည်။ ၎င်း၏ တန်ခိုးတော်ဖြင့် ကျွန်ုပ်တို့မှာ သံသရာမှ လွတ်မြောက်၍ ကောင်းသော အကျိုးကျေးဇူးများ ပေါ်ထွန်းနိုင်ပါသည်။ ၎င်းကလေးဘုရားကို မယ်တော်အဖြစ်ဖြင့် မိန်းမမြတ်တစ်ဦးက စောင့်ထိန်းရပါသည်။ ၎င်းမိန်းမမြတ်က ကလေးဘုရားကိုယ်စား ရေးရေးများကို ဟောကြားနိုင်ပါသည်။ ၎င်းမယ်တော် မိန်းမမြတ် ကွယ်လွန်သည့်အခါက ကျွန်ုပ်တို့မှာ အခက်အခဲ ကြုံရပါသည်။

'ထိုခဏ၌ ကလေးဘုရား၏ အသံတော် ကွယ်ပျောက်၍ ၎င်း၏ အကြံဉာဏ်များ မရတော့ဘဲ ရန်သူများ၏ ဒဏ်ကို ခံရပါသည်။ မယ်တော် ကွယ်လွန်သည်မှာ ကြာလှပါပြီ။ မသေခင် မယ်တော်က မိမိသည် အင်္ဂလန်နိုင်ငံသို့ ဝင်စားမည့်အကြောင်း ပြောခဲ့သောကြောင့် ကျွန်ုပ်နှင့် ဟာရုတို့





ထိုနိုင်ငံသို့ လိုက်လံ ရှာဖွေခဲ့ပါသည်။ ရင်နယ် မြို့စားကြီး၏ ဖနီးလောင်းတွင် လခြမ်းသဏ္ဌာန်ကလေး ပါသောကြောင့် မယ်တော် ဝင်စားသူ ဖြစ်သည်ဟု ကျွန်ုပ်တို့ ထင်မိပါသည်။ သို့သော် ထင်မြင်ချက် မှားပါသည်'

(ကြုံနေရာ၌ မရူ၏ အသံမှာ မှုမမှန်ပါ။) ၎င်း၏ မှုမမှန်သော အသံကြောင့် သူ၏ စကားများကို ယုံကြည်ရန် ခဲယဉ်းလှ၏။

မရူသည် ကျွန်ုပ်၏ မျက်နှာကို စူးစိုက်ကာ ကြည့်လျက် ဆက်လက်ပြောသည်မှာ-

'၎င်း လခြမ်းသဏ္ဌာန်ပါသော မိန်းကလေး တစ်ဦးကို ကျွန်ုပ်တို့ နယ်မှာပင် အင်္ဂလန်က အပြန်တွင် တွေ့ရပါသည်။ အင်္ဂလန်မှာ ဝင်စားမည်ဟု ပြောခြင်းမှာ သေခါနီးတွင် စိတ်ဖောက်ပြန်နေသောကြောင့် ဖြစ်ဟန်တူပါသည်'

ကျွန်ုပ်။ ။ 'သင်ပြောပြ၍ အလုံးစုံ သိရပေပြီ၊ ကျေးဇူးတင်ပါ၏။ သို့သော် ဆင်ဆိုးကြီး "ဂျုန" အကြောင်းကို သိရပါစေဦး။ ဒီဆင်ဟာ ဘုရားလား။ ဘုရားရဲ့ ဝိညာဉ်ဟာ ဆင်ထဲ အောင်းနေသလား။ ကလေးဘုရားနဲ့ ဘယ်လို ဆက်သွယ်နေပါသလဲ'

မရူ။ ။ 'ကျွန်ုပ်တို့ ကင်ဒါလူမျိုးများ၏ အယူမှာ "ဂျုန" သည် မိစ္ဆာဝါဒ အကောင်ဆိုးကြီး ဖြစ်၍ မကောင်းကျိုး ပေးနိုင်ပါသည်။ ကျွန်ုပ်တို့ ကိုးကွယ်သော ကလေးဘုရားသည် ကောင်းကျိုးကို ဖြစ်ထွန်းစေနိုင်ပါသည်။ အရှင်တို့၏ အယူဝါဒအရဆိုလျှင် "ဂျုန" သည် ရှိုင်တန်နှင့် တူပါသည်။ ၎င်း "ဂျုန" နှင့် ကလေးဘုရားဟာ အစဉ် ရန်ဖက် ဖြစ်ပါသည်။ အစကတည်းက အဆိုး ဘယ်အခါမှ မတည်ပါ။ နောက်ဆုံး တစ်ခုက တစ်ခု အပေါ်ဟက် လႊမ်းမိုးရေး ကောင်း ဖြစ်ပါသည်'

ကျွန်ုပ်။ ။ 'ဒါတော့ ဟုတ်ပါပြီ၊ "ဂျုန" ဟာ ဘယ်သူလဲ၊ ဘာလဲ ဆိုတာ သိပါရစေဦး'

မရူ။ ။ 'ကင်ဒါ လူနက်မျိုးများ ကိုးကွယ်တဲ့ ရန်သူတော် ဘုရား

ဖြစ်ပါသည်။ မိစ္ဆာလူမျိုးများ ဖြစ်သည့်အလျောက် ၎င်းဆင်ကြီးကို ကိုးကွယ်ကြပါသည်။ ၎င်းဆင်ကြီးကလည်း သူ့အား မကိုးကွယ်သော လူများကို တွေ့ရာသချိုင်း စိတ်ရှိတိုင်း သတ်ပါသည်။ ဟိုဘက် တောအုပ်ကြီးမှာ သူ ကျက်စားပါသည်။ စစ်ဖြစ်သောအခါ ဆင်ကြီးကို အသုံးပြုကြပါသည်။ ကင်ဒါလူနက်တို့၏ ဘုန်းတော်ကြီးများ စကားကို နားထောင်ပါသည်'

ကျွန်ုပ်။ ။ 'ဒီဆင်ကြီး အသက် ဘယ်လောက်ရှိပြီလဲ'

မရ။ ။ 'မပြောနိုင်ပါ။ ကိုယ်ထည် ကိုယ်လုံး ကြီးမား၍ အစွယ်ကြီးများကို ကြည့်ခြင်းအားဖြင့် အသက် လွန်စွာရှည်လှဟန် တူပါသည်'

ကျွန်ုပ်။ ။ 'ဒီဆင်ကြီးကို တွေ့ဖူးသလား'

မရ။ ။ (တုန်လှုပ်သော ကိုယ်ဖြင့်) 'မတွေ့ဖူးပါ။ တွေ့မိလျှင် အသက်သေရဖို့ ရှိပါသည်။ သို့သော် မကြာမီ တွေ့ရပါလိမ့်မည်။ ဘာနိမိတ်ယောက်တည်းတော့ မဟုတ်ပါ' (ကျွန်ုပ်အား ကြည့်ပြောသည်။)

ဤအခိုက် ကျွန်ုပ်တို့အား ထမင်း လာပို့ကြသော လူများ ရောက်လာကြ၍ စကားလက်စ ပြတ်သွားကြ၏။ ပို့လာသော အစားအသောက်များကို စားပြီးသောအခါ အိမ်နံဘေးသို့ ကျွန်ုပ်တို့ နှစ်ယောက် ထွက်လာကြပါသည်။ ကျွန်ုပ်တို့၏ ကုလားအုပ်မောင်းသမား သုံးဦးနေသော တဲသို့ ရောက်သောအခါ ထိုသူသုံးဦးမှာ ထိတ်လန့်တုန်လှုပ်သော အမူအရာ ရှိပေ၏။ ၎င်းတို့အား အားပေးစကား ပြော၍ ထိုသူများက မိမိတို့၏ သားမယားများကို လွမ်းဆွတ်ကြောင်း ပြောကြ၏။ ကျွန်ုပ်တို့ကလည်း စိုးရိမ်ပူပန်စရာ မရှိကြောင်းနှင့် အားပေးစကား ပြောကာ အိမ်ထဲသို့ ပြန်ဝင်ခဲ့၏။ ၎င်းနောက် ဘေးပတ်ပတ်လည် ကြည့်ရန် အိမ်မိုးပေါ်သို့ တက်ခဲ့ကြပါသည်။

အိမ်၏ အမိုးမှာ ရွှံ့နှင့် အင်္ဂတေ ရောစပ်ထားသည့်ပြင် ညနေအချိန် အေးအေးလူလူ တက်ရောက်နေနိုင်ရန် ခပ်ပြေပြေကလေး မိုးထားလေသည်။ ၎င်းနေရာမှ ကြည့်လိုက်ရာ ဈေးနေရာဘက်၌ လူတွေ စုရုံးကာ ပွဲတစ်ခု ကျင်းပနေဟန် ရှိပေ၏။ စင်မြင့်တစ်ခု၏ ရှေ့တွင် မီးပုံတစ်ခု ဖို၍ စင်မြင့်၏





နောက်တွင် "ဆင်ဘာ"သည် အတိုင်ပင်ခံ အဖွဲ့ဟု ထင်ရသော လူတစ်စု ခြံရံလျက် ထိုင်နေပါသည်။ စင်မြင့်၏ ရှေ့တွင် စားပွဲခုံကြမ်းတစ်ခု ရှိ၍ ၎င်းအပေါ်တွင် ဆိတ်တစ်ကောင် သတ်၍ တင်ထား၏။

အဝတ် အကြောင်အကျား ဝတ်ဆင်ထားသော သူတစ်ဦးသည် ဆိတ်သေကောင်ကို စမ်းသပ်ကြည့်ရှု၍ မနှစ်မြို့သော အသံကြီးဖြင့် ခွေးအူသလို အော်လိုက်၏။ မရအား အကျိုးအကြောင်း မေးသောအခါ....

'ကျွန်ုပ်တို့ကို သတ်ပစ်ရမည်၊ အရှင်ထားရမည် ဆိုတာ နတ်မေးနေတာပဲ'

ဟု မရက တိတ်လေးလေးဖြင့် ပြန်ပြော၏။

ဤအခိုက်၌ ဆင်ဘာထံသို့ အရုပ်ဆိုးသော ဘုန်းကြီးတစ်ပါးသည် လက်ထဲတွင် မည်းမည်းသဏ္ဌာန်လေးတစ်ခု လာ၍ ပေး၏။ ၎င်းအရာဝတ္ထုကလေးသည် ဘာဖြစ်သည်ဟု မခွဲခြားနိုင်ပါ။ ကျွန်ုပ်တို့သည် ဒိုင်းခနဲမြည်သံ ကြားလိုက်ရ၍ ၎င်းကို ယူလာသော ဘုန်းကြီးမှာ ခြေတစ်ဖက်ကို မ ကာ အော်ဟစ်နေတော့၏။

ကျွန်ုပ်သည် မရဘက်သို့ လှည့်ကာ....

'မနေ့က သူတို့ တိတ်တိတ် ယူသွားတဲ့ သေနတ်ဟာ ဖောင်းပြတ်သွားဟန် တူတယ်'

ထိုအခိုက် ဆင်ဘာက အော်ပြောလိုက်ရာ အနီးရှိ လူတစ်ယောက်က ခြောက်လုံးပြူးသေနတ်ကို မီးထဲသို့ ပစ်ချလိုက်ပါသည်။ ၎င်းအပြုအမူကို မြင်ရသော ကျွန်ုပ်မှာ အသက်ရှူ ရပ်သွားတော့၏။ နောက်တစ်ခဏ၌ ဒုတိယ ပေါက်ကွဲသံကြီး ကြားလိုက်ရ၏။ အနီးရှိ လူတစ်ယောက်လည်း လဲကျသွားတော့၏။ စုဝေးလျက်ရှိသော လူထုကြီးသည် ဆင်ဘာနှင့်တကွ ကြောက်အားကြီးကာ ခြေဦးတည့်ရာ ထွက်ပြေးကြ၏။ ကျွန်ုပ်တို့လည်း အိမ်အောက်ထပ်သို့ ဆင်းလာခဲ့ကြပါသည်။

နောက် နာရီဝက်လောက် ကြာသောအခါ လူလေးယောက်သည်

ထမ်းစင်တစ်ခုဖြင့် လုသေကောင်ကြီးကို ထမ်းကာ ကျွန်ုပ်တို့ အိမ်ရှေ့သို့ လာ၍ ချထားကြ၏။ ၎င်းနောက် ဆင်ဘာသည် သက်တော်စောင့်များနှင့်အတူ ရောက်လာ၍ ဆင်ဘာ၏ နောက်မှ ဘုန်းကြီးတစ်ပါးသည် ခြေထောက်ကို ကြပ်ဗည်းသော လှနစ်ယောက်ဖြင့် တွဲ၍ ပါလာလေ၏။ ဆင်ဘာက ကျွန်ုပ်တို့အား အိမ်ပြင်သို့ ထွက်လာရန် ပြောသည်နှင့် ကျွန်ုပ်တို့လည်း အမိန့်ကို နာခံရ၏။ ဆင်ဘာမှာ ကြောက်ခြင်း၊ စိတ်ဆိုးခြင်းဖြင့် ဆတ်ဆတ်တုန်နေ၏။

ဆင်ဘာ။ ။ 'မှော်ဝိဇ္ဇာများ၊ သင်တို့၏ လက်ချက်ကို ရှုကြလော့'

ဟု ဆိုကာ လုသေကောင်ကြီးနှင့် ခြေကျိုးသော ဘုန်းကြီးကို ညွှန်ပြ၏။

မရ။ ။ 'ဘုရင်မင်းမြတ်၊ ဤအလုပ်သည် ကျွန်ုပ်တို့အလုပ် မဟုတ်ပါ။ ဘုရင်မင်းမြတ်နှင့်သာ သက်ဆိုင်ပါသည်။ ကျွန်ုပ်တို့၏ "ဝိဇ္ဇာမယ" လက်နက်ကို ခိုးယူသည်အတွက် စောင့်ထိန်းသောနတ် စိတ်ဆိုး၍ အပြစ်ပေးခြင်း ဖြစ်ပါသည်'

ဆင်ဘာ။ ။ 'သင်တို့၏ ဝိဇ္ဇာမယ လက်နက်ကို ယူသူများ ဒုက္ခတွေ့ရသည်မှာ မှန်၏။ သို့သော် သင်တို့ လက်နက်စောင့်သော နတ်မင်းက သင်တို့ အမိန့်ဖြင့် ပြုလုပ်၍ ဤကဲ့သို့ ဖြစ်ရခြင်း မှန်ပါသည်။ ကျွန်ုပ် အထူးဘာမျှ မပြောလို။ မနေ့က သင်တို့အသက်ကို ကျွန်ုပ် အာမခံခဲ့သည်။ သို့သော် သင်တို့ကပင် စတင်၍ ကတိဖျက်သောကြောင့် ကျွန်ုပ်ကလည်း ပြန်၍ ရုပ်သိမ်းတော့မည်။ ကျွန်ုပ်၏ စကားကို ကောင်းစွာ မှတ်သားလော့.... သင်တို့သည် သင်တို့အတတ်ဖြင့် သေဆုံးသွားသော ကျွန်ုပ်၏ တပည့်အား သုံးရက်အတွင်း ပြန်ရှင်အောင် လုပ်၍ ဘုန်းတော်ကြီး၏ ခြေမကို ပြန်ကောင်းအောင် လုပ်ပေးရမည်။ မလုပ်လျှင် သင်တို့ သေခြင်းဆိုးနှင့် သေဆရမည်'

ဤသို့ ကြောက်မက်ဖွယ်ကောင်းသော အမိန့်ကို ကြားရသောအခါ၊ မရက ပြုံးလျက် ပြောသည်မှာ–





'အို...ဘုရင်မင်းမြတ်၊ သေသောသူကို ပြန်ရှင်အောင် လုပ်နိုင်သောသူသည် ဤလောကတွင် ရှိပါသလော...ကလေးဘုရားပင် မတတ်နိုင်ပါ'

ဆင်ဘာ။ ။ 'အို...မှော်ဝိဇ္ဇာ၊ သင်သည် သေသူကို ရှင်အောင် လုပ်နိုင်သော နည်းကို ရှာလော့။ မလုပ်နိုင်လျှင် အများသွားရာလမ်းသို့ လိုက်ရလိမ့်မည်'

မရ။ ။ 'ကျွန်ုပ်၏ အစ်ကို ဟရက သင့်အား ဘာပြောခဲ့ပါသနည်း။ ဘုရင်မင်းမြတ်သည် ကျွန်ုပ်တို့၏ အသက်အန္တရာယ် ပြုခဲ့သော် အရှင့်အား သုံးတန်သော ကျိန်စာ သင့်လိမ့်မည်ဟု မပြောခဲ့ပါသလော။ ဘုရင်မင်းမြတ် ထပ်မံ၍ နားထောင်ဦးလော့။ ကျွန်ုပ် မရသည် ထပ်မံ၍ ဆိုလိုက်မည်။ အကယ်၍ ကျွန်ုပ်တို့ တစ်ဦးဦးအား အရှင်သည် မကောင်းကြံစည်ငြားအံ့။ ကျိန်စာအတိုင်း အမှန် သင့်လိမ့်မည် '

ဤကဲ့သို့ မရက ပြောလိုက်သောအခါ ဆင်ဘာသည် မှန်ကျသော ဆင်ကြီးသဖွယ် ဒေါသအမျက် ခြောင်းခြောင်းထွက်ပြီးလျှင် မိမိ၏ လှံကြီးကို ဦးခေါင်းပေါ်၌ ဓား့ယမ်းကာ အရက်မူးသဖွယ် သွက်သွက်လည်အောင်က လေတော့၏။ သူ့ကိုယ်တွင် ဆင်ထားသော ငွေချွဲကြိုး တန်ဆာပလာတို့မှာ တချွင်ချွင် မြည်ကြ၏။ ကျွန်ုပ်လည်း ဒီတစ်ခါဖြင့် ကိစ္စချောချေပြီဟု ထင်မိ၏။ ကနေစဉ်ပင် ကလေးဘုရားအား အမျိုးမျိုး ရှုပ်ချ၏။ ကလေးဘုရားသည် ကင်ဒါ လူနက်မျိုးတို့ အပေါ်တွင် အစဉ် မကောင်းကြံခဲ့သည့်အတွက် "ဂျန" အရှင်က ဖျက်ဆီးပါလော့၊ အစွယ်ဖြင့် အစိတ်စိတ် အမြွာမြွာ ချေမွှန်းပါလော့၊ ဓားဖြင့် နင်းပါလော့...အစရှိသဖြင့် အမျိုးမျိုး ပြောလေ၏။ ထို့နောက် ဆင်ဘာသည် နောက်လိုက်များဘက်သို့ လှည့်လျက် လုသေကောင်ကို အသက်ရှူသာအောင် ဦးခေါင်းဖော်ပြီး ခြံထောင့်တွင် မြှုပ်ထားလိုက်ရန် အမိန့်ပေးလေ၏။

၎င်းနောက် ကျွန်ုပ်တို့အား သုံးရက်အတွင်း အသက်ရှင်အောင် လုပ်ပေးရန် ပြော၍ လျင်မြန်စွာ ထွက်စွာသွားလေ၏။

များမကြာမီ လှသေကောင်အား မြှုပ်နှံခြင်းကိစ္စ ပြီးဆုံးကြ၏။ လှသေကောင့်သည် ပြူးကြောင်သော မျက်လုံးများဖြင့် အိမ်ဘက်ဆီသို့ ကြည့်နေဟန်တူ၏။ အလွန် မနှစ်မြို့ဖွယ် အမင်္ဂလာကြီးပင်တည်း။ တစ်ခဏ ကြာသောအခါ လူတစ်ယောက်သည် အိုးကြီးတစ်လုံးကို ယူလာ၍ လှသေကောင်အား နေပူမိုးရွာမှ ကာကွယ်စေခြင်းငှာ ဦးခေါင်းကို စွပ်ပေးလေ၏။ များမကြာမီ ကောင်းကင်တစ်ခုလုံး မည်းမှောင်လာ၍ ရုတ်တရက် ချမ်းအေးလာသောကြောင့် မရုက ကျွန်ုပ်အား ရာသီဥတု ပြောင်းလဲချက်ကို ပြောပြလေ၏။ ဤပြောင်းလဲချက်ကြောင့် ကင်ဒါလူနက်တွေမှာလည်း အတော် ထိတ်လန့်နေပုံ ရ၏။

ကျွန်ုပ်တို့၏ အိမ်မိုးပေါ်မှ မျှော်ကြည့်လိုက်သောအခါ၊ ဈေးနေရာတွင် လူများ စုဝေးကာ ကောင်းကင်သို့ လက်ညှိုးထိုးလျက် အမျိုးမျိုး ပြောဆိုနေကြဟန် တူ၏။ ရာသီကား နွေဦးပေါက် ကောက်ရိတ်ချိန် ဖြစ်ပေ၏။ စပါးပင်များ၌ စပါးနှံကြီးများသည် ရိတ်လှီးရန် အသင့် ရှိနေကြ၏။ နေ့အချိန်သည် တစ်စုံတစ်ရာ အထူးအထွေ မတွေ့ရဘဲ ကုန်လွန်သွား၏။ ကျွန်ုပ်တို့ထံသို့ ပို့လာသော အာဟာရများမှာ မြိန်ရှက်ခြင်း အလျှင်းမရှိဘဲ စားလိုက်ရပါသည်။ ထိုညမှာ မိုးသားများကြောင့် မှောင်မည်းလျက် ရှိ၏။ ကျွန်ုပ်တို့လည်း အိပ်ပျော်လိုက်၊ နိုးလိုက်ဖြင့် အချိန်ကုန်သွား၏။ သန်းခေါင်အချိန်လောက်တွင် ကျွန်ုပ်တို့၏ အိမ်နောက်ဖေးဆီမှ ခြေသံများနှင့် လူတစ်ယောက် အော်သံ ကြားလိုက်ရပြီး အားလုံး တိတ်ဆိတ်သွားသောကြောင့် ကျွန်ုပ်လည်း အထူး ဘာမျှ မတွေးတောဘဲ ငိုက်သွားပါသည်။

ညကုန်၍ နေမင်း၏ အရောင်သည် ထူထပ်သော တိမ်လိပ်တို့ အကြားတွင် ထိုးဖောက်လျက် ရှိ၏။ ချမ်းအေးလှသောကြောင့် ကျွန်ုပ်နှင့် မရုတို့သည် နိုက်နိုက်တုန်လျက် ကုလားအုပ်မောင်းသမားများထံသို့ ထွက်ခဲ့ကြ၏။ ၎င်းတို့နေသော တဲအတွင်းသို့ ဝင်သွားရာ ကျွန်ုပ်တို့ လူသုံးဦး အနက် နှစ်ဦးသာလျှင် မလှုပ်မယှက် ကြောင်တက်ကြီး ထိုင်နေသည်ကို





တွေ့ရ၏။ လူတစ်ဦး အဘယ်သို့ သွားသည်ကို မေးသောအခါ သူတို့ မသိကြောင်း၊ ညသန်းခေါင်ကျော်၌ သူတို့ လာရောက်ချည်နှောင် ခေါ်သွားကြောင်း ပြောပြ၏။ ကျွန်ုပ်တို့သည် ထိုနေ့နံနက် အာဟာရများကို အသည်းတထိတ်ထိတ်ဖြင့် စားသောက်ကြပါသည်။

ကျွန်ုပ်တို့ နှစ်ယောက်သည် ကင်ဒါတို့၏အကြံကို စောင့်ကြည့်ကြ၍၊ တစ်ယောက် အိပ်လိုက်၊ တစ်ယောက် ထိုင်လိုက်ဖြင့် အချိန်ကုန်ခဲ့၏။ ညသန်းခေါင်အချိန်၌ နောက်ဖေးဘက်ဆီမှ အဝတ်ဖြင့် ပါးစပ်ကို ပိတ်ထားသော အသံဖြင့် အစ်တစ်တစ် အော်လိုက်သော အသံကို ကြားလိုက်ရာ၊ ကျွန်ုပ်တို့၏ သွေးများမှာ အေးသွားသည်ဟု ထင်လိုက်ရပါသည်။ တစ်နာရီလောက် ကြာသောအခါ ဈေးနေရာတွင် မီးဖိုတစ်ခု မြင်ရပါသည်။ ၎င်းကို လူတွေ ဝိုင်းကာ ဘာလုပ်သည်ဟု မသိရပါ။ နောက်တစ်နေ့၌ ကုလားအုပ်မောင်းသမား တစ်ယောက်သာ ကျန်တော့၏။ ၎င်းအား မေးရာ ဘာမျှ မပြောဘဲ သူ့ကို တစ်ယောက်တည်း ထားမပစ်ခဲ့ရန် တောင်းပန်လေ၏။ ကျွန်ုပ်တို့သည် သူ့အား ခေါ်ဆောင်ရန် ကြိုးစားသော်လည်း အစောင့်အရှောက်များက ပြန်၍ ဆွဲခေါ်သွား၏။

ထိုည၌ ကျွန်ုပ်တို့သည် အိမ်မိုးပေါ်သို့ ရောက်ကြပြန်ပါသည်။ ဤညတွင် နှစ်ယောက်စလုံး မအိပ်ဘဲ အခြေအနေကို စောင့်ကြည့်ကြပါသည်။ ဥတုသည် လွန်မင်းစွာ အေးလျက် ကျွန်ုပ်တို့မှာ စိတ်ရော ကိုယ်ပါ ဆင်းရဲရပါသည်။ ကြောက်မက်ဖွယ် တစ်ခုခု ဖြစ်တော့မည်ဟု ထင်မိ၏။ ကျွန်ုပ်၏ စိတ်မှာ ကမ္ဘာကြီးတစ်ခုလုံး ပျက်ခါနီးနေသော သူ၏ စိတ်နှင့် ထပ်တူထပ်မျှ ရှိလိမ့်မည်ဟု ထင်၏။ ညသန်းခေါင်ယံအချိန်တွင် ယမန်ညကကဲ့သို့ နောက်ဖေးဆီမှ လူ့အော်သံ၊ ဆူသံများ ကြားရပြန်၏။ ချွေးသီးများကို သုတ်ကာ လူတစ်ယောက်တော့ သွားပြန်ပြီ ဟု ကျွန်ုပ်နှင့် မရုတို့ တိုးတိုးပြောမိ၏။

မရုက 'မကြာမီ ကျွန်ုပ်တို့လည်း သူတို့နဲ့ လိုက်ရမှာပဲ'ဟု ပြော၏။

တစ်နာရီလောက် ကြာသောအခါ ဈေးနေရာတွင် ခါတိုင်းကဲ့သို့ မီးပုံကြီးကို မြင်ရ၍ လူများ သွားလာ လှုပ်ရှားသည်ကိုလည်း မြင်ရ၏။ ဤကဲ့သို့ မဖွယ်ရာသော ပွဲကြီး လုပ်နေဆဲတွင် ဥက္ကာခုသိ၏ ဆိုးရွားမှုမှာ ထိပ်တန်းသို့ ရောက်လာလေပြီ။ ရုတ်တရက် မမျှော်လင့်ဘဲ လေပြင်းမုန်တိုင်းကြီး တိုက်ခတ်လာတော့၏။ လေမှာ လွန်မင်းစွာ ပြင်းသဖြင့် ၎င်းနှင့် ထိသော နေရာတိုင်းမှာ ထက်သော သွားများဖြင့် အကိုက်ခံရသကဲ့သို့ ရှိတော့၏။ မိုးကြိုးထစ်ချုန်းကာ ကောင်းကင်တစ်ခုလုံး လျှပ်စီးများသည် ငွေကို အရည်ကျိုကာ ပက်ဖြန်းသကဲ့သို့ တဝင်းဝင်း တလက်လက် တပြက်ပြက် ရှိတော့၏။ ၎င်းလျှပ်စီးအရောင်ဖြင့် ဈေးနေရာ တစ်ပိုက်တွင် ပျားပြားလှစွာသော လူအုပ်ကြီးသည် ကောင်းကင်ကို မော့ကာ လက်ညှိုးထိုးလျက် ရှိကြ၏။ မိနစ်အနည်းငယ် ကြာသောအခါ နားကွဲမတတ် ကောင်းကင်တစ်ခုလုံး သွက်သွက်ခါ မြည်ဟည်းသွား၏။ အသံသည် နေရာတိုင်းမှ ပေါ်ဟန်ရှိ၏။ ၎င်းနောက် လေးလံသော အရာဝတ္ထုကြီး တစ်ခုသည် ကျွန်ုပ်တို့ ရပ်နေသော ခေါင်မိုးပေါ်သို့ ကျကာ လွင့်စဉ်သွား၏။ ထိုနောက် ကျွန်ုပ်တို့၏ ပခုံးပေါ်သို့ အရာဝတ္ထုတစ်ခု ပြင်းထန်စွာ ကျလာပြန်ရာ လဲမတတ် ယိုင်သွားကြ၏။

ကျွန်ုပ်က မရအား ..... 'အောက်ဆင်း၊ ငါတို့ကို ခဲတွေနဲ့ ပိုင်းပေါက်နေတယ်' ဟု အော်ကာ အောက်သို့ ဆင်းပြေးကြပါသည်။ ကျွန်ုပ်သည် အိတ်ထဲမှ မီးခြစ်ကို ယူ၍ ခြစ်ကြည့်လိုက်ရာ မရ၏ မျက်နှာမှ သွေးများ စီးကျနေသည်ကို တွေ့ရ၏။ နံဘေးသို့ ကြည့်လိုက်သောအခါ ခဲဟု ထင်ရသော အရာများသည် ရေခဲတုံးကြီးများ ဖြစ်နေသည်ကို တွေ့ရလေ၏။

'ရေခဲမုန်တိုင်းနှင့် မိုးကြီး' ဟု မရက ပြုံးကာ ပြောလိုက်၏။ ဖြုန်းဖြုန်း ဒိုင်းဒိုင်းနှင့် မိုးသီးသံတို့သည် ဆူညံလျက် ရှိ၏။ လူများ ပြေးသံ၊ အော်သံ၊ ငိုသံတို့သည် နားကွဲမတတ် ရှိတော့၏။ မိုးကြီးသည် နာရီဝက်ခန့် ရွာပြီးသော် တဖြည်းဖြည်း စဲသွား၍ မကြာမီ တိတ်သွားကာ လကြီး ပေါ်လာလေ၏။ ကျွန်ုပ်တို့သည် အိမ်ခေါင်းမိုးပေါ်သို့ တက်ကြပြန်ရာ အိမ်မိုးပေါ်တွင် ရေခဲ





တုံးများ တစ်ပေခန့်မျှ ဖုံးလွှမ်းနေ၏။ ဈေးနေရာနှင့် အခြားနေရာများမှာ ဖွေးဖွေးပြူနေတော့၏။ မကြာမီ ရေခဲတုံးများ အရည်ပျော်ကာ တဝေါဝေါ စီးဆင်းသော ရေသံများ ကြားရ၏။ လွတ်ပြေးသော ကျွဲ နွား မြင်းများ၏ အသံများလည်း ကြားရ၏။ လူများ၏ ညည်းသံ၊ အော်သံ၊ ခေါ်သံများလည်း ဆူညံလျက် ရှိ၏။

မရသည် ကျွန်ုပ်ဘက်သို့ လှည့်ကာ ဤသို့ ဆို၏။

'လူငယ်တော်ဘုရားသည် အသွင်အားဖြင့် ငယ်သော်လည်း အားတော်မှာ ကြီးမားလှပေ၏။ ဘုရားသခင်၏ ပထမဆုံး ကျိန်စာသင့်ပုံကို ကြည့်ပါလော့'

ကျွန်ုပ်သည် မိုးကြီး သည်းထန်ပုံကို နံနက်လင်းမှ ထင်ရှားစွာ တွေ့မြင်ရပါသည်။ ကျွန်ုပ် တွေ့မြင်ခဲ့သော ကောက်ပဲသီးနှံများမှာ ကလင်းတွင် နွားဖြင့် နယ်ထားသကဲ့သို့ တစ်မျှော်တစ်ခေါ်ကြီး တွေ့မြင်ရပါသည်။ ကျွန်ုပ် တွေ့မြင်ရသော သစ်တောမှာ အာဏိတ် ဆောင်းရာသီ၏ ဒဏ်ကို ခံရဘိသကဲ့သို့ အရွက် တစ်ရွက်မျှ မရှိတော့ပါ။ ကျွန်ုပ်တို့၏ အိမ်သောင်တွင် မြုပ်ထားသော အလောင်းကောင်ကြီးမှာ အစအနမျှပင် မတွေ့ရတော့ပေ။ ပျက်စီးခြင်း၊ ခေါင်းပါးခြင်း၊ ငတ်မွတ်ခြင်း တည်းဟူသော နတ်မိစ္ဆာသည် ၎င်းတို့ တိုင်းပြည်တွင် ချည်းနင်း ဝင်ရောက်လေပြီတကား။

## အခန်း ၁၁

## "ဂျုန်"

ထိုနေ့ နံနက်တွင် ကျွန်ုပ်တို့အဖို့ စားစရာ မပို့လာတော့ပေ။ အစားအစာ မရှိ၍လော၊ အလုပ် များနေကြ၍လော မပြောနိုင်ပါ။ ကျွန်ုပ်တို့အဖို့ ယခင်အခါများက ပို့ထားသော အစားအစာများ ကျန်နေသေး၍ စားစရာ အတွက် ပူစရာ မရှိပါ။ ကျွန်ုပ်တို့သည် ပြုလုပ်နေကျအတိုင်း အိမ်နောက်ဖေး တဲတန်းသို့ ထွက်လာရာ တဲမှာ တစ်ဦးတစ်ယောက်မျှ မရှိတော့ဘဲ ရှင်းလင်း နေပါတော့သည်။

ကျွန်ုပ်။ ။'ငါတို့ တပည့်များကို သူတို့ သတ်ပစ်လိုက်ပြီ'

မရ။ ။'သူတို့ သုံးဦးကို "ဂျုန်" အား ပူဇော်လိုက်တာပဲ။ ကျွန်ုပ်တို့ ညတိုင်း မြင်ရတဲ့ မီးပုံကြီးဟာ ဒီအတွက်ပါပဲ။ ကျွန်ုပ်တို့ အလှည့်သာ ကျန်တော့တယ်'

ကျွန်ုပ်သည် စိတ်ဆိုးလှသဖြင့် စကားပင် မပြောနိုင်ဘဲ အိမ်တက်သို့ လှည့်ပြန်ခဲ့ရာ၊ ဖရိုဖရဲ ဖြစ်နေသော ခြံတံခါးကို စိတ်ဆိုးမာန်ဆိုးဖြင့် ဖွင့်ကာ ဆင်ဘာသည် နောက်လိုက်များနှင့်အတူ ကျွန်ုပ်ရှေ့သို့ ရောက်လာတော့၏။ ၎င်း၏နောက်မှ ခြေတစ်ဖေါင်ကျိုး ဘုန်းကြီးလည်း မျက်နှာထားဆိုးကြီးနှင့် လိုက်ပါလာ၏။ ကျွန်ုပ်သည် သည်းခံလိုသောစိတ် အလျှင်းမရှိတော့ဘဲ ဝေါက်ငမ်း ဟစ်အော်မိ၏။





'ငါတို့၏ တပည့်သုံးဦးကို သင်တို့ ရက်ရက်စက်စက် သတ်ပစ်သည် မဟုတ်လော၊ သင်တို့၏ မိစ္ဆာနတ်ကို ပူဇော်သည် မဟုတ်လော၊ သင်တို့ မကောင်းမှု၏ အကျိုးကို ကြည့်လိုက်ကြလော။ (ကျွန်ုပ်သည် လက်ဖြင့် ဘေးတစ်ဝိုက်သို့ ညွှန်ပြ၏) သင်တို့၏ ကောက်ပဲသီးနှံတွေ ဘာဖြစ်နေကြ သနည်း။ လာမည့် ဆောင်းတွင်းတွင် သင်တို့ ဘယ်လိုနေလို့ ဘယ်လို စားကြမည်နည်း။ (ကျွန်ုပ် စကားကိုကြားသော လူသိုက်ကြီးမှာ ခေါင်းငိုက် စိုက် ကျသွား၏) သင်တို့ ငါတို့ကို အဘယ်ကြောင့် ချုပ်ထားသနည်း။ ယခုထက် ဆိုးသော ဘေးကြီးကို တွေ့လိုကြသေးသလော' ဟု၍ ကြိမ်းမောင်း ကာ ကျွန်ုပ်သည် သက်ပြင်း ရှူလိုက်မိပါတော့သည်။

'ကျွန်ုပ်တို့သည် သေသု အသက်ရှင် မရှင် လာကြည့်ကြပါသည်' ဟု ဆင်ဘာက လေးကန်စွာ ပြော၏။

ကျွန်ုပ်။ ။(လှုသေရှိရာသို့ လက်ညှိုးထိုးကာ) 'ငါတို့ကို ချုပ်ထား လျှင် သင်တို့အားလုံး ယခုလဆန်း မတိုင်မီ ထိုသူနောက်သို့ လိုက်ကြရမည်၊ မှတ်ကြလော့'

ကျွန်ုပ်၏ ခြိမ်းခြောက်သံကို ကြားလိုက်ရသော လူအုပ်ကြီးမှာ ထိတ် လန့်သည့် အမူအရာများ ဖော်ပြကြ၏။

ဆင်ဘာသည် ရိုသေသော စကားလုံးများ သုံးကာ ဤသို့ ဆို၏။

'အရှင်၏ အတတ်ပညာသည် ကြီးမားလှပေ၏။ ကျွန်ုပ်တို့ တိုင်း ပြည်မှာ ကြီးကျယ်လှသော ဘေးဆိုးကြီးနှင့် တွေ့ကြုံနေရပါပြီ။ အရှင်၏ အတတ်ပညာဖြင့် ရွာစေသော ရေခဲမိုးကြီးသည် မြောက်မြားစွာသော ကျွန်ုပ် တို့ တိုင်းသူပြည်သားများအား သေစေပါပြီ။ ကျွန်ုပ်တို့၏ ကောက်ပဲသီးနှံ များလည်း ပျက်စီးကုန်ပါပြီ။ နိုင်ငံတော်အဝန်းမှ သတင်းများအရ အရပ်တိုင်း မှာပင် ဆင် မြင်း ကျွဲ နွားများ ဆုံးရှုံးကြပါပြီ။ ဝတ်မှတ်ခေါင်းပါးသော ဘေးဆိုးကြီးနှင့် မကြာမီ ရင်ဆိုင်တိုးကြရပါတော့မည်'

ကျွန်ုပ်။ ။'သင်တို့နှင့် ထိုက်တန်သော အပြစ်ဒဏ်ပဲ မဟုတ်လား'

ဆင်ဘာသည် ကျွန်ုပ်အား တကယ့်ပိဋကကြီး သို့မဟုတ် လူညာကြီး ဟူသော မျက်နှာထားဆိုးကြီးနှင့် ကြည့်လျက် ခြေကျိုးဘုန်းကြီးနှင့် တီးတိုး တိုင်ပင်လေ၏။

သူတို့ တိုင်ပင်သော စကားများကိုကား မကြားရပေ။ သူတို့၏ မျက်နှာထားကိုသာ အကဲခတ်နေရ၏။ ခြေကျိုးကိုယ်တော်မှာ ဦးခေါင်းတွင် ရေခဲမှုန်ထားသော ဒဏ်ရာကြောင့် ကြပ်စည်းထားရ၏။ ခြေရော ခေါင်းပါ ဤကဲ့သို့ အနာရသည့်အတွက် ကျွန်ုပ် ဝမ်းသာမိ၏။ ၎င်းဘုန်းကြီး၏ ပုံသဏ္ဍာန်မှာ လွန်စွာပင် အရုပ်ဆိုးလှ၏။ ပြူးကြောင်သော မျက်လုံးကြီး နှစ်လုံးမှာ မည်းနက်သော မျက်နှာပေါ်တွင် ဝေါလောကြီး ထွက်နေ၏။ ပြားချပ်သော နှာခေါင်း၊ ထူထပ်သော နှုတ်ခမ်း၊ ကောက်ချိတ်သော ဆံပင် များကြောင့် အထူးပင် အရုပ်ဆိုးလှ၏။ ဤအခိုက်အတန့်၌ ၎င်းဘုန်းကြီး ကိုယ်တိုင်ပင် အားငယ်နေပုံ ပေါ်၏။ သို့သော် ၎င်း၏စိတ်ထားမှာ မကောင်းမှု ပြုရန် အစဉ် တိုက်တွန်းနေ၏။ ဆင်ဘာ၏ စကားအရ ၎င်း၏ မသမာသော အကြံကို သိရပါသည်။ ထိုသို့ ဆင်ဘာနှင့် ၎င်း၏ အတိုင်ပင်ခံ ဘုန်းတော် ကြီး တီးတိုး တိုင်ပင်ပြီးသည့်နောက် ဆင်ဘာက–

'ကျွန်ုပ်တို့သည် အရှင်နှင့် "ကလေးဘုရား" ၏ ဂိုဏ်းထောက်အား စစ်ကြီးပြီးသည့်တိုင်အောင် ချုပ်နှောင်၍ ထားရန် ဖြစ်ပါသည်။ သို့သော် ကျွန်ုပ်တို့၏ အကုသိုလ်ကံ သို့မဟုတ် အရှင်၏ ပညာသည် ယနေ့အဖို့ ကျွန်ုပ်တို့အပေါ် ဖုံးလွှမ်းသွားပါသောကြောင့် အရှင်တို့အား ချုပ်နှောင်၍ မထားတော့ပါ။ ယနေ့ နေဝင်သော အချိန်တွင် တာဝမြစ်ကြီးကို ကူးနိုင်သော နေရာသို့တိုင်အောင် ကျွန်ုပ်တို့ လိုက်၍ ပို့လိုက်ပါမည်။ အရှင်တို့ သွားလိုရာ သွားကြပါတော့။ အရှင်တို့၏မျက်နှာ တစ်ဖန် ပြန်၍ မမြင်ရပါစေနဲ့ ဟု ကျွန်ုပ်တို့ ဆုတောင်းပါမည်'

ဤစကားကို ကြားလျှင် ကျွန်ုပ်သည် အလွန်ပင် ဝမ်းသာမိပေ၏။ ကျွန်ုပ်၏ ဝမ်းသာမှုမှာ ဆောလွန်းလှချေသည်။





ဤကဲ့သို့ ပြောဆိုပြီး ဆင်ဘာ ချာခနဲ လှည့်ကာ ပြန်သွား၍ ဝင်း ပေါက်သို့ ရောက်သောအခါ၊ တစ်ပေါင်ကျိုး ကိုယ်တော်မြတ်သည် ကျွန်ုပ်တို့ အား တစ်စုံတစ်ရာ ကျိန်ဆိုသွားသည်ဟု ထင်လိုက်ရ၏။

ကျွန်ုပ်။ ။ 'ဘာပဲပြောပြော ကျွန်ုပ်တို့တော့ လွတ်ကြရတော့မှာပဲ'

မရ။ ။ 'ဟုတ်ကဲ့ အရှင်။ သို့သော်လည်း ကျွန်ုပ်တို့ကို လွှတ်မဲ့ နေရာဟာ မိစ္ဆာ "ဂျန" ကြီး ကျက်စားရာဒေသ ဖြစ်ပါတယ်'

ကျွန်ုပ်သည် စကား ဆက်လက် မပြောတော့ပါ။ "ဂျန" ဆင်ကြီး ကျက်စားရာဌာန ဖြစ်သော်လည်း ၎င်းအား သတိနှင့် ပုန်းလျှိုးသွားက လွတ်မြောက်နိုင်ပေလိမ့်သည်။ ဆင်ဘာ၏ လက်တွင်းဝယ် အရှင်လတ်လတ် မီးရှို့ခံရသည်လောက် ဆိုးဝါးမည် မဟုတ်ပေ။

ဆင်ဘာသည် မိမိ၏ စကားအတိုင်း နောက်ပါ မြင်းသည်တော်များ နှင့် မြင်းအိုနှစ်ကောင် ယူဆောင်ကာ ကျွန်ုပ်တို့ထံသို့ ပေါ်လာ၏။ ကျွန်ုပ် တို့သည် သယ်နိုင်သမျှ အစားအစာကလေးများကို ယူဆောင်၍ ဆင်ဘာ ၏ အမိန့်အတိုင်း မြင်းပေါ်သို့ တက်ကြလေ၏။ မကြာမီ၌ လယ်ယာကွင်း များကို ဖြတ်ကျော်ပြီး တောကြီးမျက်မည်းထဲသို့ ရောက်ကြပါသည်။

ဤအချိန်၌ တောသာခေါင်တွင် ညဥ့်အမှောင်သည် နက်မည်းလှ လေရကား တစ်ယောက်နှင့် တစ်ယောက်ကိုမျှ မမြင်ရပေ။ ကျွန်ုပ်တို့၏ လမ်းပြများကား အဘယ်ကဲ့သို့ လမ်းကိုကြည့်၍ မြင်နိုင်သည်ကို မတွေးတတ် အောင် ရှိလေသည်။ ကျွန်ုပ်၏ စိတ်မှာ မငြိမ်သက်လှ။ ကျွန်ုပ်တို့အား ဤနေရာ ဤဌာနသို့ ခေါ်ဆောင်လာခြင်းမှာ အဘယ်ကဲ့သို့သော အကြံဖြင့် ခေါ်ဆောင်လာပါသနည်း။ ကျွန်ုပ်တို့အား နောက်မှ နေ၍ ဓားဖြင့် ဖြစ်စေ၊ လှံဖြင့်ဖြစ်စေ ထိုးလိုက်လေမလားဟု တွေးတောကာ အတော်ပင် ကြောက်လန့် မိပေ၏။ တစ်ခါတစ်ခါ ကျွန်ုပ်သည် မြင်းကို တရကြမ်း စီး၍ ထွက်ပြေးရန် ကြံစည်မိသေး၏။ သို့သော် အစောင့်အရှောက်များ ဘေးပတ်လည် ဝိုင်းလျက် ရှိသည်က တစ်ကြောင်း၊ မရအား တစ်ယောက်တည်း ထားမပစ်ရက်ခဲ့သည်

က တစ်ကြောင်း ကျွန်ုပ်၏အကြံကို လက်လျှော့လိုက်ရပါသည်။ ကျွန်ုပ်မှာ ဘာမျှ ထွေထွေထူးထူး စိတ်မကူးနိုင်တော့ဘဲ ကံတရားကိုသာ အောက်မေ့ခဲ့ရပါတော့၏။ အချိန်အတော်ကြာ သွားမိသောအခါ ကျွန်ုပ်တို့သည် ကြောက်မက်ဖွယ် တောကြီးထဲမှ ထွက်ခဲ့ကြပါသည်။ လမင်းလည်း အရှေ့လောကဓာတ်မှ ထွက်ပြူ၍ လာပါသည်။ လရောင်ဖြင့် ကျွန်ုပ်တို့သည် ရွံ့ညွန်ချုံပုတ် သစ်ပင် ထူထပ်ပေါများသော လွင်တီးခေါင်ကြီးသို့ ရောက်ရှိနေကြောင်း သိရပါသည်။ ဤနေရာသို့ ရောက်သောအခါ ကျွန်ုပ်တို့အား လိုက်ပို့သောသူများ ရပ်ကြလေ၏။

ဆင်ဘာ။ ။ (အသံအက်ကြီးဖြင့်) 'အဘယ် ကဝေများ ဤတွင် ဆင်းကြလော့၊ ကျွန်ုပ်တို့သည် ရှေ့သို့ ခရီးဆက်တော့မည် မဟုတ်ပေ။ ဤနေရာသည် စုန်း ကဝေ တစ္ဆေ ဇော်ဂနီတို့၏ ကျက်စားရာ ဌာနကြီးဖြစ်၍ အသင်တို့နှင့်သာ သင့်လျော်သော ဒေသကြီးပေတည်း။ ဤလမ်းအတိုင်းသာ လိုက်ကြလေလော့။ မကြာမီ သင်တို့သည် ရေအိုင်ကြီး တစ်ခုသို့ ရောက်လတ္တံ့၊ ၎င်းရေအိုင်ကို ဖြတ်ကျော်၍ သွားပြီးလျှင် တစ်ဖက်၌ တာဝမြစ်သို့ သင်တို့ ရောက်လတ္တံ့။ ၎င်းတာဝမြစ်ရေသည် သင်တို့အား စားမျိုပါစေလော့။ ဤလမ်းကို "သူ့" တစ်ယောက်သည် ဆောင်၏။ "သူ" အား မည်သူမျှ တွေ့လိုကြမည် မဟုတ်ပေ'

ဤကဲ့သို့ ပြောဆိုပြီးလျှင် ပြီးချင်း ဆင်ဘာ၏လူများသည် ကျွန်ုပ်တို့နှစ်ဦးအား မြင်းပေါ်မှ ဆွဲချကြ၏။

ကျွန်ုပ်တို့ မြေပေါ်သို့ ရောက်လျှင်ရောက်ချင်း ဆင်ဘာနှင့် သူ့လူစုသည် လျင်မြန်စွာ လာလမ်းအတိုင်း ပြန်ကြလေ၏။

ကျွန်ုပ်သည် မရုအား ကြည့်ကာ 'ဘယ့်နှယ်လဲ'

မရု။ ။ 'ရှေ့ဆက် သွားကြရုံပေါ့။ မသွားဘဲနေလျှင် ကျွန်ုပ်တို့အား လာရောက် သတ်ကြလိမ့်မည်'

ကျွန်ုပ်။ ။ 'ကဲ သွားကြစို့ရဲ့၊ ဆင်ဘာက ဤလမ်းကို "သူ"ဆောင့်တယ်လို့ ပြောတာ ဘာလဲ'





မရု။ ။ '"ဂျွန" ကို ရည်ရွယ်ပြီး ပြောတာနဲ့ တူတယ်' (ညည်းတွားသံနှင့် ပြောသည်)

ကျွန်ုပ်။ ။ 'ဒီလောက်ကြီး မရိုးရိမ်ပါနဲ့၊ ဒီလိုကျယ်တဲ့ နေရာကြီးမှာ ဆင်တစ်ကောင်တည်းက ကျုပ်တို့ကို သတ်နိုင်ဖို့ မလွယ်ပါဘူး'

မရု။ ။ 'ဒီမှာ ဆင်တွေ အများကြီး ရှိတာပဲ၊ ဆင်ဘာပြောတဲ့ ရေအိုင်ကြီးဘေးမှာ ဆင်သချိုင်းကြီးပဲ။ ယခု ကျွန်ုပ်တို့ လျှောက်နေတဲ့ လမ်းဟာ ဆင်သချိုင်းကို သွားတဲ့ ဆင်လမ်းကြီးပဲ။ ဒီလမ်းကို ဘယ် သက်ရှိသတ္တဝါမှ မသွားရဲဘူး'

ကျွန်ုပ်။ ။ 'ဒါဖြင့် ကျွန်ုပ် ဘိလပ်တုန်းက အငွေ့ရှူပြီး ကြည့်လို့ မြင်တာ တကယ်ပေါ့'

မရု။ ။ 'ဟုတ်တယ်။ ကျွန်ုပ်အစ်ကို ဟရု လမ်းမှားပြီး ဒီနေရာကို ရောက်စဉ်က တွေ့ခဲ့တာတွေ အရှင့်ရဲ့ ဦးနှောက်ထဲကို သွင်းပေးတာတွေပဲ'

ကျွန်ုပ်သည် ဘာမျှ စကားမပြောတော့ဘဲ ဘေးပတ်လည်ကို ကြည့်ရှုစုံစမ်း၏။ မရု ပြောသလိုပင် အားလုံးမှန်ကြောင်း တွေ့ရ၏။ တစ်ခါတစ်ခါ မှိန်းမဖေး လရောင်လေး ရေးရေးတွင် ကြီးမားသော အရိပ်ကြီးများသည် ဆိတ်ငြိမ်စွာ ဟိုမှ သည်မှ ရွေ့ရှားနေဟန် ထင်ရသည်။ ၎င်းတို့မှာ ဆင်ကြီးများ သော်လည်းကောင်း၊ သစ်ကုလားအုပ်ကြီးများ သော်လည်းကောင်း၊ သို့မဟုတ် စိတ်ကပင် ထင်မြင်မိ၍လော ဟု အသေအချာ မပြောနိုင်ပါ။ လူကလည်း နည်း၊ လက်နက်လည်း မပါ၊ ဤ လဟာပြင်ကြီး၏ ကြောက်မက်ဖွယ် အလယ်တွင် ကျွန်ုပ်တို့၏အခြေမှာ မျှော်လင့်ဖွယ် မရှိတော့ပေ။ မရု၏ ရဲစိတ်များလည်း တဖြည်းဖြည်း ယုတ်လျော့ကာ ကြောက်စိတ်များ ဝင်နေပြီဖြစ်၍၊ ကျွန်ုပ် မြင်သမျှကို ပြော၍ ပြရလျှင် သာ၍ပင် ဆိုးဝါးတော့မည် ဖြစ်သောကြောင့် ဘာမျှမပြောဘဲ အသာနေလိုက်ရပါသည်။

ကျွန်ုပ်တို့သည် ၂ နာရီခန့် စကားမပြောဘဲ စိတ်လေးစွာ လျှောက်ခဲ့ကြရာ လမ်းခရီးတွင် ဘာအကောင်မျှ မတွေ့ဘဲ ရှိနေရာမှ၊ ၄က်ဆိုး

တစ်ကောင်သည် ကျွန်ုပ်တို့၏ ဦးခေါင်းပေါ်သို့ အတန်ကြာ ပျံဝဲပြီး "ဂိ" ဟူသော အသံရှည်ကြီးဖြင့် အော်မြည်ကာ ပျောက်ကွယ်သွားပါ၏။

မရှ။ ။"ဒီ ငှက်ဆိုးကြီးဟာ "ဂျနု" ရဲ့ ရှေ့တော်ပြေး ငှက်ကြီးပဲ"

'အလကား မဟုတ်မဟတ်'ဟု ကျွန်ုပ်က ဆိုလိုက်ရပြားလည်း ဤအချိန် ဤဒေသ၌ ဤကဲ့သို့ အသံဆိုးကြီးကို ကြားလိုက်ရခြင်းသည် ကျောချမ်းဖွယ်ပင် ဖြစ်တော့၏။

ကျွန်ုပ်တို့သည် မကြာမီ ကုန်းမြင့်ကလေးပေါ်သို့ ရောက်ကြ၏။ ၎င်းမှ လှမ်းမျှော်၍ ကြည့်လိုက်ရာ ကျွန်ုပ်၏တစ်သက်တွင် မရောက်ဖူး၊ မကြုံဖူး လွန်စွာမှ ဆိတ်ငြိမ်လှသော သချိုင်းကုန်းကြီးနှင့် တူလှသော လွင်တီး ခေါင်ကြီးကို တစ်မျှော်တစ်ခေါ်ကြီး တွေ့မြင်ရလေ၏။ ၎င်း၏ တစ်ဖက် အစွန်းတွင် ရွှံ့ဗွက်ရေကဲ့သို့ နက်မည်းပြီးလျှင် ကျူပင်များ၊ အမြိုက်များ ပြည့်နှက်နေသော ရေအိုင်ကြီး တစ်ခုကို တွေ့ရလေ၏။

၎င်းရေအိုင်ကြီး၏ ခပ်လှမ်းလှမ်းတွင် တောအုပ်ကြီး ရှိ၍ ၎င်း၏ အရှေ့ဘက်တွင် ကျောက်ခဲအတိ ဖုံးလွှမ်းသော မြေပြင်ကျယ်ကြီးကို မြင်ရ သည်။ ၎င်းရေအိုင်ကြီးနှင့် ကျွန်ုပ်တို့ ရောက်ရှိနေသော ကုန်းကလေးမှာ တစ်မိုင်ခန့်မျှ ဝေးကွာပါသည်။ ကျွန်ုပ် မြင်ရသော အရာများသည် ကျွန်ုပ် အသည်းနှလုံးကို လွန်စွာမှ တုန်လှုပ်စေပါသည်။ မြင်ရသော အရာများ၏ ပင်ကိုကပင် ကြောက်ခမန်းလိလိ ဖြစ်သည့်အပြင် ကျွန်ုပ်သည် ၎င်းအရာများ ကို အငွေ့ဖြင့် ရှုကာ ကိုယ်တွေ့ကြုံရသော အကြောင်းကြောင့်ပင် ပို၍ ထိတ်လန့်နေပေတော့၏။ ကျွန်ုပ်တို့၏ ရှေ့တည့်တည့်၌ အဖုအထစ် ပေါများ၍ ပြေပြစ်ခြင်း အလျှင်းမရှိသော မြေပြင်ကြီးများမှာ ကျောက်တုံး ကျောက်ခဲများဖြင့် ပြည့်နှက်နေ၏။ ၎င်းကျောက်ကြို ကျောက်ကြားထဲမှ ဆူးပင်နှင့် မြက်ပင်ရိုင်းများလည်း ပေါက်ရောက်လျက် ရှိသည်။ ကျွန်ုပ်သည် နောက်သို့ ပြန်ဆုတ်ရန် စိတ်ကူးဖြင့် လာလမ်းသို့ မျှော်လိုက်ရာ ခပ်လှမ်းလှမ်း ဆူးပင် ချုံနွယ်အကြားဝယ် ဆင်၏ ကိုယ်သင္ချိုင်းကြီးများ ပေါ်ချည် တစ်





လှည့်၊ ပျောက်ချည်တစ်ခါ မြင်ရသည်။ ကြံရာမရတော့ဘဲ ဖြစ်လိုရာ ဖြစ်စေ တော့ဟု သဘောပိုက်ကာ ကျွန်ုပ်တို့သည် ဆင်သွားလမ်းကြီးအတိုင်း ရေအိုင် ကြီး ရှိရာသို့ အပြေးကလေးပင် ဆင်းသက်ခဲ့ကြပါတော့၏။

၁၀ မိနစ်၊ ၁၅ မိနစ်လောက် အကြာတွင် ရေအိုင်ကြီး၏ အရှေ့ဘက် ကမ်းသို့ နင်းမိကြပါသည်။ ကျူပင်များ၏အတွင်း လေညင်းကလေး တိုက် လိုက်သော အသံသည် တရှဲရှဲ မြည်လျက်ရှိပေ၏။ ကျွန်ုပ်၏ ဘေးပတ် လည်သို့ ကြည့်လိုက်သောအခါ ဆင်စွယ်ရိုးကြီးများနှင့် ပြည့်နှက်နေသည်ကို တွေ့ရ၏။ အချို့ အရိုးများမှာ ရေညှိများ တက်နေ၏။ အချို့ အရိုးများမှာ လတ်လတ်ဆတ်ဆတ် ဖြူဖြူဖွေးဖွေးကြီးပင် ရှိသေး၏။

ကျွန်ုပ်တို့၏ ဘေးပတ်လည် နစ်ဖာလုံခန့် အတွင်းမှာ ကျွန်ုပ်၏ တစ်သက်တွင် သုံးမကုန် စွဲမကုန်နိုင်အောင် ဆင်စွယ်များ ပေါများလှပေ၏။ ၎င်းဆင်စွယ်ကြီးများကို လိုချင်သော စိတ်သည် ကျွန်ုပ်အား အားသစ် ထပ်မံလောင်းလိုက်သကဲ့သို့ ရှိပေတော့၏။

ဤကဲ့သို့ တွေဝေနေစဉ် ကျွန်ုပ်၏ မျက်လုံးများသည် ဆင်စွယ်များ ထဲမှ ကျွန်ုပ်နှင့်တူရူ ခပ်လှမ်းလှမ်းရှိ မည်းမည်းသင္ချိုင်းကြီး အပေါ်သို့ ကျရောက်လေတော့၏။ ၎င်းသင္ချိုင်းကြီးမှာ သေခါနီး ဆင်ကြီး၏ သင္ချိုင်း ပင်တည်း။ ဆင်ကြီးမှာ ဘယ်ညာယိမ်းလျက် မိမိ၏ ကြီးမားလှသော ကိုယ် ကြီးကို အတော်ပင် ထိန်း၍ ရပ်နေ၏။ တစ်မိနစ်လောက် ကြာသောအခါ ၎င်း၏ နှာမောင်းကြီးကို မ ကာ စူးရှသော အသံကြီးဖြင့် အော်မြည်လေ၏။

ဆင်ကြီးနှင့် ကိုက် ၅၀ လောက်အကွာတွင် တောင်ကုန်းကလေး တစ်ခု ရှိ၏။ ကျွန်ုပ်သည် ၎င်းတောင်ကုန်းကို အသက်ရှူမှားမတတ် ကြည့် နေမိ၏။ တကယ်ပင် ကျွန်ုပ်၏ မျက်စိသည် ကျွန်ုပ်အား လှည့်စားခြင်း မဟုတ်ပေ။ ၎င်းတောင်ကုန်းကလေးပေါ်၌ ကြီးမားလှသော အတ္တဘောကြီး သည် အထင်အရှား မားမားကြီး ရပ်လျက်ရှိ၏။

ဤအခိုက်တွင် ကောင်းကင်၌ မှုန်မွှားသော လမင်းကြီးအား တိမ်ပုပ်

များ ဖုံးအုပ်မှုကြောင့် ၎င်းသဏ္ဍာန်ကြီးမှာ မထင်မရှားကြီး ဖြစ်နေပေ၏။ မကြာမီ တိမ်ပုပ်သည် လွင့်စဉ်၍ သွားလေ၏။ ကျွန်ုပ်သည် အိပ်မက်ထဲတွင် တွေ့ခဲ့ရသော အကောင်ကြီးကို စင်ကြယ်သော ကောင်းကင်ပြင်ကြောင့် ထင်းထင်းကြီး မြင်ရလေတော့၏။

ဘယ်လောက်ကြီးတဲ့ သတ္တဝါကြီးပေနည်း။ အမြင့်နှင့် ကိုယ်ထည်ကြီးမှာ ရိုးရိုးဆင်ကြီးများထက် တစ်ဆခွဲမျှ ရှိပေလိမ့်မည်။ ကြီးမားလှပေသည်။ အစဉ်အလာကို ဖိဆန်သော သတ္တဝါကြီးပေတကား။ ဆင်မျိုး ဆင်နွယ်ဝယ် ကြောက်မက်ဖွယ် ဆင်ဘီလူးကြီးပင်တည်း။ ၎င်း၏ မည်းနက်သော ကိုယ်ကြီးမှာ ထူထဲ၍ ကြမ်းတမ်းသော အမွေးအမှင်ကြီးများသည် ရှုပ်ထွေးလျက်ရှိ၏။ ၎င်း၏ အစွယ်ကြီးတစ်ချောင်းမှာ ကြီးမားတုတ်ခိုင်လှ၍ တစ်ဖက်မှာ အလယ်လောက်မှ သွင်သွင်ကျိုးနေ၏။ ၎င်း၏ နားရွက်ကြီး နှစ်ဖက်မှာ လူတစ်ရပ် ထန်းခလက် ထဲကလေးပမာ ကြီးမားလှပေသည်။ နှာမောင်းကြီးမှာ ထန်းပင်လုံးကြီးပမာခန့် ရှိလိမ့်မည်ဟု ခန့်မှန်းမိတော့၏။

ကျွန်ုပ်သည် ဆင်အရိုးစုကြီး၏ နောက်ကွယ်တွင် ဝပ်တွားကာ ဆင်ပစ် ရိုင်ဖယ်သေနတ်တစ်လက်ကိုသာ တောင့်တမိ၏။ ကျွန်ုပ်၏ နောက်ကွယ်ဝယ် မရသည် မြေကြီးတွင် ပြားပြားဝပ်နေလေ၏။

"ဂျုန" ကြီးသည် မားမားကြီးရပ်ကာ လေထဲသို့ နှာမောင်းကြီးကို မြှောက်၍ ရှူရှိုက်နေပြီးနောက် တောင်ကုန်းကလေးပေါ်မှ တသိမ့်သိမ့် ဆင်းလာပြီး သေခါနီး ဆင်ကြီးဘက်ဆီသို့ သွားလေ၏။ ဂျုန ကြီး ရောက်လျှင် ရောက်ချင်း ၎င်းသေခါနီး ဆင်ကြီးသည် မိမိ၏ နှာမောင်းကြီးကို မ ကာ ဂျုနကို ဆီး၍ ကြိုဟန်ပြုသည်။ ဂျုနကြီးသည် မိမိ၏ ကြီးမားသော ခွန်အားကြီးနှင့် တအားသွန်၍ တစ်ခါတည်း ထိုးလိုက်ရာ ဆင်နှာကြီးမှာ တစ်ချက်မျှ ရှုးရှူးမြှာ အော်ပြီး မရထာပွဲ ဝင်ရှာလေ၏။ ဂျုနကြီးသည် ဆင်သေကြီးအား အားရပါးရ နင်းနယ်ပြီးသည့်နောက် အနီးတွင် တွေဝေကာ ရပ်တန့်၍ နေသေးသည်။





ဤအခိုက်တွင် ရေအိုင်ကြီးဘက်ဆီမှ တိုက်ခတ်လျက်ရှိသော လေပြည်လေညင်းကလေးသည် ငြိမ်သက်၍ တစ်ချက်တစ်ချက်သာလျှင် ဝှေ့ယမ်းလာ၏။ မုဆိုးအလုပ်တွင် တစ်ဖက်ကမ်းခတ်သည့်အတိုင်း ကျွန်ုပ်သည် လေ၏သဘောကို ကောင်းစွာ နားလည်၏။ လေပြည်လေညင်းကလေးများမှာ ဂျုနကြီးရှိရာမှ ကျွန်ုပ်တို့ ရှိရာဘက်သို့သာလျှင် တစ်ချက်တစ်ချက် သော့လျက် ရှိသောကြောင့် ကျွန်ုပ်သည် ဝမ်းသာမိပေ၏။

သို့သော် ဤကဲ့သို့ ဝမ်းမြောက်နေဆဲ ခဏ၌ပင် လေပြည်ကလေး၏ သရမ်းခြင်းဒဏ်ကို ကျွန်ုပ်တို့ ခံရပေတော့သည်။ လေအေးကလေးသည် ကျွန်ုပ်၏နောက်စေ့နှင့် လည်ကုပ်ကို ဝင်ရောက်တိုးဝှေ့လိုက်သည်ကို သိရသည်နှင့် တစ်ပြိုင်နက်၊ ဂျုနကြီးမှာ တွေဝေ မိန်းမောသော အမူအရာများ လုံးဝ မရှိတော့ဘဲ၊ ရုတ်တရက် လူသေကောင်ကို အသက်သွင်းလိုက်သကဲ့သို့ ဂဏှာ မငြိမ်တော့ဘဲ ကျိုးကန်းပမာ ပျာယာခတ်လေ၏။

'ဘုရား ဘုရား၊ ငါတို့အနံ့ ရသွားပါပကော' ဟု အသည်းတအေးအေး ဖြစ်နေရတော့၏။

ဤအခိုက် လေသရမ်းကလေးသည် ကျွန်ုပ်၏ နဖူးတည့်တည့်သို့ တိုက်ခတ်ပြန်၏။ ဘုရားကယ်မခြင်းပေလော၊ မဟုတ်ပေ။ အကြောင်းမှာ ဂျုနကြီးမှာ အလွန်ပါးနပ်လှသော ဆင်ကြီးဖြစ်ရကား သူ၏ ကြီးမားလှသော နားရွက်ကြီးနှစ်ခုကို ထောင်ကာ နားစိုက်လျက် ရှိ၏။ သူ၏ နှာမောင်းကြီးမှာ လေထဲသို့ ယမ်းကာ အနံ့ကို ရှူလျက်ရှိလေပြီ။ ကိုယ်ကြီးလည်း လှုပ်ရှားလာလေပြီ။ ကုန်ရထားကြီးကဲ့သို့ ကျွန်ုပ်တို့ ရှိရာဘက်သို့ ဖြည်းဖြည်းချင်း လျှောက်လာကာ မိမိ၏နှာမောင်းဖြင့် မြေကြီးကို ရှူလိုက်၊ လေထဲကို ရှူလိုက်ဖြင့် အလုပ်များနေချေပြီ။

ကျွန်ုပ်သည် ဓားချွေးများ ပြန်လျက် ရှိတော့၏။ မည်ကဲ့သို့ သေရပါမည်နည်း။ ဆင်ကြီးသည် ကျွန်ုပ်အား အစွယ်ကြီးဖြင့် ကော်လိုက်မည်လော။ ကျွန်ုပ်အား လေထဲသို့ မြှောက်ကာ ပစ်လိုက်မည်လော။ ကျွန်ုပ်၏

သေးကွေးလှသော ကိုယ်ကလေးပေါ်တွင် ၎င်း၏ကြီးမားလှသော ကိုယ်ဖြင့် ဖိနှိပ်မည်လော။

ဤစဉ်တွင် ကျွန်ုပ်၏ နောက်မှ မရသည် ကြောက်အားပိုပြီး အထစ်ထစ် အငေါ့ငေါ့ဖြင့် တီးတိုးပြောသည်မှာ–

'ကျွန်ုပ်တို့တော့ သေ သေ သေရတော့မှာပဲ။ ကျွန်ုပ်မှာ မသေခင် ပို မိန်းမ....ရင်နယ်....မိန်း....မိန်းမ'

ကျွန်ုပ်။ ။ 'တိတ်တိတ်နေ၊ ကြားသွားမယ်'

အမှန်ပြောရလျှင် ဤအခိုက်အတန့်၌ ကျွန်ုပ်သည် အဘယ် မိန်းမ အကြောင်းကိုမှ စိတ်မဝင်စားနိုင်ပေ။ ကျွန်ုပ်သည် တင်းမာခက်ထန်သော မျက်နှာထားဖြင့် မရအား ကြည့်လိုက်၏။ မရ၏မျက်နှာမှာ သွေးဖွယ် သွေး မရှိတော့ပေ။ လွန်ခဲ့သော သုံးရက်က အသက်ကျက်ပြီးသော သူကဲ့သို့ မျက်နှာမှာ ဟောက်ပက်ကြီးဖြစ်ကာ မျက်လုံးကြီးများမှာ အရောင်မရှိ၊ ပြာလဲ့လဲ့ကြီး ဖြစ်နေသည်။

ကျွန်ုပ် ပြောသည့်အတိုင်း မှန်လှ၏။ ဂျူနကြီးသည် မရ၏စကားကို ကြားကာ တစ်ရှိန်ထိုး ပြေးလာလေပြီ။ သူ၏နှာမောင်းကြီးသည် ရှေ့သို့ ဆန့်တန်းကာ ကိုက် ၂၀ လောက် ပြေးလာပြီးလျှင် ရပ်ပြန်၏။ မိမိ၏ နှာမောင်းကြီးဖြင့် ရှေးကကဲ့သို့ ရှူရှိုက်ပြန်၏။

ဂျူနကြီး၏ ပြုမူချက်ကို မြင်ရသော မရမှာ မိမိ၏ စိတ်ကို ထိန်းသိမ်းခြင်းငှာ မတတ်နိုင်ရှာတော့ဘဲ ထိုင်ရာမှ ခုန်ထပြီး ရေအိုင်ကြီး ရှိရာသို့ ထွက်ပြေးလေ၏။ ဘယ်မျှလောက် ပြေးရှာလေသနည်း။

ဂျူနသည် မီးရထားခေါင်းတွဲကြီးကဲ့သို့ တရှူးရှူး တရှားရှား မြည်ဟည်းကာ မရနောက်သို့ လိုက်လေသည်။ မရသည် ရေအိုင်ကြီးသို့ ရောက်လေပြီ။ တစ်ရှိန်ထိုး ခုန်ဆင်းကာ လျင်မြန်စွာ ကူးတော့၏။ မရသည် မိကျောင်းများ မရှိလျှင် လွတ်ပေတော့မည်။ အကြောင်းမှာ ဆင်သည် ရေကြောက်၍ ကူးမည် မဟုတ်ပေ။ သို့သော် ကျွန်ုပ်၏အတွေး မှားလေပြီ။ ဂျူနသည် ထင်သည့်





အတိုင်း မဟုတ်ဘဲ ရေထဲသို့ ဆင်းကာ လိုက်လေတော့၏။ မရထက်ပင် ရေကူး သာပေသေးသည်။ မရသည် ဤအကြောင်းကို သိဟန်တူ၏။ ထို့ကြောင့် ချက်ချင်းလှည့်ကာ ကမ်းရှိရာသို့ ပြန်ကူးလာ၏။ ဂျူနလည်း ပြန်လှည့်သည်။ အကောင်အထည် ကြီးမား၍ မမြန်လှပေ။

မရသည် ကမ်းပေါ်သို့တက်ကာ ကျောက်ကြိုကျောက်ကြား၌ ပြေးလွှားနေပြန်၏။ ဂျူနလည်း နောက်က ထက်ကြပ်ပင်တည်း။ မကြာမီ မရသည် ကျွန်ုပ် ပုန်းအောင်းနေရာသို့ တစ်ရှူးထိုး ပြေးလာတော့၏။ လုပ်မိလုပ်ရာပင် လုပ်သလော၊ သွေးရူးသွေးတန်းပင် ကျွန်ုပ်၏ ကယ်ဆယ်ခြင်းကို မျှော်လင့်၍လော မသိနိုင်။

ဤနေရာ၌ ကျွန်ုပ်အား စာဖတ်သူတို့သည် အဘယ်အကြောင်းကြောင့် မရနောက်သို့ ဂျူန လိုက်နေစဉ် တခြားဘက်သို့ မပြေးပါသနည်းဟု မေးဖွယ်ရှိပေ၏။ ဖြေစရာ အများပင်။

ပထမ အချက်တွင် ကျွန်ုပ်သည် ပြေးပေါက် မမြင်သောကြောင့်။

ဒုတိယ အကြောင်းမှာ ကျွန်ုပ် ပြေးပင် ပြေးသော်လည်း ဆင်စွယ်ရိုးများဖြင့် တိုက်မိကာ ဧကန်လဲမည်။

တတိယ ကျွန်ုပ်သည် ပြေးရန်ကိုပင် သတိမရပါ။

စတုတ္ထကား ဂျူနကြီးသည် ကျွန်ုပ်ကို ယခုတိုင် မမြင်သေးခြင်း။

နောက်ဆုံး အကြောင်းကား ကြောက်ဒူးတုန်၍ မြေပေါ်မှ ထခြင်းငှာ မစွမ်းတော့ပါ။ ကျွန်ုပ်၏ ကိုယ်ကာယရှိ အားလုံးသော အကြောအခြင်များ သေလျက် ရှိတော့၏။

မရသည် ကျွန်ုပ်နှင့် ဝါးတစ်ရိုက်ခန့် အကွာသို့ ရောက်သည်၌ ရပ်တန့်လိုက်ကာ၊ ဂျူန ကို မျက်နှာချင်းဆိုင်၍ ကြောက်မက်ဖွယ်ရာ ကျိန်ဆဲလေသည်။ သူ့ကျိန်စာများကိုကား ကျွန်ုပ် သဲသဲကွဲကွဲ နားမလည်။ "သူငယ်တော် ဘုရား" ဟူသော စကားကိုသာ ကျွန်ုပ် နားရှင်းပါသည်။

သို့ရာတွင် သူ၏ ဤကျိန်စာသည်ပင် မုန်ယိုနေသော ဆင်ရိုင်းကြီးကို

ဟာန့်တားနိုင်လေသလား မသိ။ ဂျုနသည် အရှိန်သတ်၍ ရပ်တန့်လိုက်ပြီး တွေတွေကြီး လုပ်နေသေး၏။ မရု၏ ဘာသာစကားကို နားလည်သည့် အလား စဉ်းစားဟန်ပင် ပြုနေသည်ဟု ထင်ရသည်။

သို့ရာတွင် နောက်ဆုံး၌ကား မရု၏ စကားများသည် သူ့ကို ရှုးသွပ်စေဘိသကဲ့သို့ ပါးစပ်မှ အမြှုပ်တစီစီ ထွက်ကာ သံကုန်မြည်ဟည်းလျက် နှာမောင်းကြီးကို မြှောက်၍ တစ်ရှိန်ထိုး ပြေးလာပြီး မရုကို ထိုးလိုက်လေ၏။

ကျွန်ုပ်မှာ မျက်စိကို မှိတ်လိုက်မိကာ ပြန်ဖွင့်ကြည့်လိုက်သော အခါကား၊ မရုသည် လေထဲသို့ မြှောက်တက်သွားသည်ကို မြင်ရပါသည်။ နောက် မြေပေါ်သို့ "ဗုန်း" ခနဲ ပြန်ကျလေတော့၏။ ဂျုနသည် မရု၏ အလောင်းကို အသာအယာ မ ယူလေ၏။ ကျွန်ုပ်သည် အလောင်းကို တခြားသို့ ယူသွားရန် ဆုတောင်းပါသည်။ သို့သော် ဆုတောင်းသလို မဖြစ်ပေ။ ပြည်းညင်းစွာ မရု၏ အလောင်းကို ကလေးများ ပုခက်လွှဲသကဲ့သို့ သူ့နှာမောင်းဖြင့် လွှဲကာ၊ ကျွန်ုပ် ပုန်းကွယ်နေသော ကျောက်တုံးကြီးဆီသို့ ယူဆောင်လာလေတော့၏။

ကြာမြင့်စွာ ဆင်ကြီးလည်း ကျွန်ုပ်၏ အပေါ်တွင် ရပ်ကာ ကျွန်ုပ်အား ထူးဆန်းသော သတ္တဝါကလေးပမာ ကြည့်ရှုနေ၏။ ကျွန်ုပ်၏ စိတ်၌ ဤကဲ့သို့ ကြည့်ရှုနေခြင်းမှာ နှစ်ပေါင်းတစ်ရာခန့် ကြာသည်ဟု ထင်မိပါသည်။ ဂျုန၏ နားရွက်မှ ရေပေါက်ကြီးများသည် ကျွန်ုပ်၏ ကျောပေါ်သို့ တစ်ပေါက်ချင်း ကျဆင်းနေသည်။ ၎င်းရေ၏ အအေးဓာတ် မရှိခဲ့လျှင် ကျွန်ုပ်သည် ဇောက်မုချ မေ့မြောသွားမည် အမှန်ဖြစ်ပါ၏။ ဤနေရာ၌ ကျွန်ုပ်သည် ရုတ်တရက် သတိရသည်နှင့် သေချင်ဟန်ဆောင်၍ နေလိုက်သည်။

၎င်း သတ္တဝါကြီးသည် အသေကောင်ကို ရှုံရှာကောင်း ရှုံရှာပေလိမ့်မည်။ ကျွန်ုပ်သည် မျက်စိမှိတ်နေရာမှ မပွင့်တပွင့်ကလေး ဖွင့်ကြည့်





လိုက်မိရာ၊ ကျွန်ုပ်၏ မျက်နှာပေါ်သို့ ကြီးမားသော သူ့ခြေသည်းကြီးတစ်ခု မိုးလာသည်ကို မြင်ရသဖြင့် ဘုရားသခင်ကိုသာ အောက်မေ့လိုက်မိတော့သည်။ သို့သော် ထိုခဏကလေး အတွင်းမှာပင် သူ့ခြေသည်းဖောင်းသည် ကျွန်ုပ် ကျောတွင် ခြစ်မိခြင်းကို ထောက်၍ သူ့ခြေရာ ပြောင်းနင်းသည်ကို သိရပါသည်။ကျွန်ုပ် ကျောနံဘေး၌ ဒုတ်ခနဲ ကျသံကို ကြားလိုက်ရပါသည်။

ဂျုနသည် ခြေချော်၍ လဲသွားမည်ကို စိုးရိမ်ဟန် ရှိ၏။ ၎င်းနောက် နှာမောင်းကြီးဖြင့် ကျွန်ုပ် ကျောမှ ခြေ၊ ခြေမှ ကျောအထိ အပြန်အလှန် စမ်းသပ်လေတော့၏။ အခံရ ခက်လှန်းလှဘိ၏။ တစ်ဖန် နှာမောင်းကြီးသည် အောက်ပိုင်းဘက်ဆီသို့ စမ်းပြန်၏။ တင်ပါးပေါ်သို့ ရောက်လျှင် နှာမောင်းဖျားဖြင့် ဆွဲလိုက်ရာ ကျွန်ုပ်၏ ဘောင်းဘီစုတ်ကာ အသား အနည်းငယ်ပြုတ်၍ ပါသွား၏။ နာလိုက်သည်ကား ပြောစရာ မရှိ။ သို့သော် မလှုပ်ရဲပါ။ အနည်းငယ် လှုပ်လိုက်လျှင် သေရမည် အမှန်ပင်တည်း။

ဂျုန ကြီးသည် ကျွန်ုပ်၏ အသားတစ်ကို ထူးဆန်းသကဲ့သို့ နှာမောင်းကြီးကို မြှောက်၍ လ ရောင်တွင် ဦးခေါင်းကြီးကို ဖောင်းကာ ငုံကာ အသေအချာ စုံစမ်းကြည့်ရှု နေလေသည်။ ကျွန်ုပ်၏ နောက်ဆုံးအချိန်ကား ရောက်ပေပြီ။ ကျွန်ုပ်၏ သွေးနံ့များသည် ထောင်းခနဲ ထ လာ၏။ ဂျုန သည် အနံ့ရလေပြီ။ ကျွန်ုပ်သည် ဘုရားသခင်ကို နောက်ဆုံး ဤသေခြင်းဆိုးကြီးမှ ကယ်တင်ရန် တမ်းတလိုက်ကာ မျက်စိ မှိတ်လိုက်တော့၏။

## အခန်း ၁၂
## အသက်ရှင်ရေး၊ လိုက်လျှင်ပြေး

သေကံမရောက် သက်မပျောက် ဆိုသည့်အတိုင်း ကျွန်ုပ်၏ သေရမည့် အချိန်အခါသည် မစေ့ရောက်သေးပေ။ မျက်စိကို စုံမှိတ်ကာ ဂျုန၏ ခြေထောက်ကြီးဖြင့် ဇိစနဲ့နေအောင် နင်းချေလိုက်မည့် အခါကိုသာ အသည်းတထိတ်ထိတ်ဖြင့် မျှော်လင့်နေခိုက် "ဒိုင်း" ဟူသော အသံကြီးသည် ကျွန်ုပ်၏ နားတွင်းသို့ ဝင်လာ၏။ မျက်စိကို ဖွင့်၍ ကြည့်လိုက်ရာ ကျွန်ုပ်သည် ဂျုန၏ ဘယ်ဘက် မျက်စိထဲမှ သွေးများ ဖြာကျနေသည်ကို တွေ့ရလေ၏။ သေနတ်၏ ကျည်ဆန်သည် ၎င်း၏ မျက်လုံးအတွင်းသို့ ဖောက်ဆွင်းဝင်သွားသည်ကို တွေ့ရတော့၏။ ဂျုနကြီးသည် နှာမောင်းကြီးကို တန်းကာ ခြေဦးတည့်ရာသို့ တစ်ရှိန်ထိုး ပြေးလေသတည်း။ ထို့နောက် ကျွန်ုပ်သည် ဘာမှ သတိမရတော့ဘဲ အတန်ကြာ မေ့မြောသွားလေ၏။

မကြာမီ ကျွန်ုပ်သည် 'အဘ အဘ၊ ဘယ့်နှယ်နေသေးသလဲ' ဟူသော ခေါ်သံကြားသဖြင့် မျက်စိကို ဖွင့်ကြည့်လိုက်ရာ၊ ကျွန်ုပ်၏ တပည့် "ဟင်" သည် ခြေမကိုင်မိ လက်မကိုင်မိ ကျွန်ုပ်၏ ဘေးနားတွင် အလွန်စိုးရိမ်သော မျက်နှာနှင့် တွေ့ရလေ၏။

ဟင်။ ။ 'အဘ သတိရပြီလား၊ ကျွန်တော်တို့ ဒီနေရာက သွားဖို့ အချိန်တော်ပြီ ထင်ပါတယ်။ ကျွန်တော် ပစ်လိုက်တာ ဂျုနကြီး မျက်လုံး





မှန်သွားတယ်။ ဒီလောက် အကောင်အထည်ကြီးတဲ့ သတ္တဝါကြီးဟာ ဒီလောက် သေးငယ်တဲ့ ခဲစာကလေးနဲ့ ဖြိုလှဲမယ် မဟုတ်ဘူး။ ကျွန်တော့် (အင်ဖွန်ဘီ) သေနတ်ကလေးဟာ သူ့ သေအောင် မတတ်နိုင်ဘူး'

ကျွန်ုပ်သည် ခေတ္တမျှဖြင့် အကြောင်သား ငေးနေမိတော့သည်။ ယခု စကားပြောနေသူမှာ ဟင် မှ ဟုတ်ပါလေစ။

ကျွန်ုပ်။ ။ '"ဟင်" မင်း ဒီကို ဘယ်လိုရောက်လာသလဲ'

ဟင်။ ။ 'အဘကို သရဲစီးတဲ့ ဆင်ကြီး လက်ထဲမှ ကယ်တင်ရအောင် ရောက်လာတာပေါ့'

၎င်းနောက် ဟင် သည် မိမိသေနတ်ကို ကျောက်တုံးတစ်ခုပေါ်တွင် ထောင်လိုက်ပြီးနောက် ဒူးထောက်၍ ကျွန်ုပ်ကို စမ်းသပ်ပြီး 'လက်မတင်ကလေးပဲ အဘ။ ကျွန်တော် နည်းနည်းကလေး နောက်ကျရင် အဘဟာ ဂျုနလောက်ရှိ ကျွန်တော့် နှာခေါင်းလို ပြားနေမှာပဲ။ ကဲ အဘ စကားပြောနေလို့ မဖြစ်သေးဘူး၊ ကျွန်တော့်မှာ ကုလားအုပ် ပါတယ်။ လေးရက်လောက် အနားရလို့ တော်တော် အားရှိနေပုံ ပေါ်ပါတယ်။ ဒီနေရာဟာ အစိမ်း၊ တာရွှေ၊ ကဝေ၊ သရဲ မကောင်းဆိုးဝါးတို့၏ ဘုရင်တွေ ကျက်စားတဲ့ ဌာနဖြစ်ပါတယ်။ ကြာကြာနေလို့ တော်မယ် မထင်ဘူး။ ဂျုနကြီးလည်း သူ့သွေးတွေ ဆေးပြီး ပြန်လာလိမ့်မယ်လို့ ထင်ပါတယ်'

ကျွန်ုပ်သည် စကားပြောလိုစိတ် အလျှင်း မရှိတော့၍ ဘာမျှ မပြောဘဲ၊ မရှု၏ အလောင်းကို ဝမ်းနည်းစွာ ကြည့်နေမိတော့၏။ မရှုမှာ အိပ်ပျော်ကျနေဘိသကဲ့သို့ ပျော့ပျောင်းစင်းစင်းကလေး ဖြစ်နေရှာ၏။

ကျွန်ုပ်သည် နောက်ဆုံး ကြည့်ခြင်းဖြင့် မရှုကို လှိုက်လှိုက်လှဲလှဲ ကြည့်ကာ၊ ဟင် ခေါ်ရာသို့ လိုက်ရန် ခြေလှမ်းပြင်တော့၏။ ကျွန်ုပ်သည် ကောင်းတူဆိုးဖက် အတူတကွ အကျွဲးခံရသော မရှုအား ခင်မင်၍ နေသောကြောင့် တဖင့်နွဲ့နွဲ့ မျက်ရည်ရွဲဖြင့် အားခဲကာ အနိုင်နိုင် ခွဲခဲ့ရပါသည်။

ဟင်ကို အားပြုကာ ဆင်စွယ် ဆင်ရိုးများကို ဖြတ်ကျော်၍ ရေအိုင်

ကြီး အရှေ့ဘက်ဆီသို့ ဖြတ်ကျော်လာခဲ့ပါသည်။ ကိုက် ၂၀၀ လောက် ရောက်သောအခါ ကျောက်တုံးကလေး ဘေးတွင် အေးဆေးစွာ ဝပ်လျက် အစာစားနေသော ကုလားအုပ်ကြီးကို တွေ့ရလေ၏။ ကုလားအုပ်တွင် ချည်နှောင်ထားသော ရေဘူးကို ယူကာ ဟင် သည် သူ မသောက်ရက်ဘဲ အရေးရှိက အသုံးပြုရန် အဆင်သင့် သိမ်းထားသော ဝီစကီကို ငှဲ့ပေးပါသည်။ အရက်ရှိန်ကလေးကြောင့် ကျွန်ုပ် အဖော်အတန် အားပြည့်လာကာ ကျွန်ုပ်တို့ နှစ်ယောက်သည် ကုလားအုပ်ပေါ်သို့ တက်ပြီး တာဝမြစ်ဘက်ဆီသို့ ထွက်ခွာလာခဲ့ကြပါတော့၏။

ဟင် ယခုကဲ့သို့ ရောက်လာပုံ ပြောပြ၍ သိရသည်မှာ၊ သူသည် စစ်မြေပြင်မှ အဝေးသို့ ထွက်မပြေးဘဲ မြို့နှင့် မနီးမဝေး တောင်ခြေတစ်ခုဝယ် ဂူတစ်လုံးတွင် ခိုအောင်းနေပြီး ကျွန်ုပ်တို့အား ဆင်ဘာ ဖမ်းသွားသောအခါ နောက်ယောင်ခံ၍ လိုက်ခဲ့သည်။ ထိုနောက်၌ ယခု ကုလားအုပ်ထားသော နေရာတွင် ပုန်းလျှိုးကာ ကျွန်ုပ်တို့ အခြေအနေကို စောင့်စားကြည့်နေပြီး ယခု လိုက်လာခြင်း ဖြစ်၏။ ကျွန်ုပ်အနား ဆင်ကြီးက မားမားရပ်နေချိန်တွင် သူ့မှာ ကြံရာမရ ဖြစ်နေသည်။ သူ့သေနတ်ကလေးက ဂျနှ၏ အသားကြီးကို မဖောက်ထွင်းနိုင်လည်း သိသည်။ သို့ရာတွင် နောက်ဆုံး၌ ဂျနကြီးက ကျွန်ုပ် အသားကို နှာမောင်းနှင့် မြှောက်၍ လရောင်ဖြင့် မော်ကြည့်နေစဉ်တွင် အခွင့်အရေးကောင်း ရကာ မျက်စိကို ပစ်ယည့်လိုက်ခြင်း ဖြစ်ပေ၏။

ကျွန်ုပ်တို့သည် ကျောက်တုံး၊ ကျောက်ခဲများကို သတိကြီးစွာဖြင့် ရှောင်ရှားကာ ဆင်သွားလမ်းကြီးသို့ ရောက်အောင် လာခဲ့ကြပေ၏။ ၎င်းလမ်း၌ ကျွန်ုပ်တို့သည် ပိုမို၍ လျင်မြန်အောင် သွားနိုင်ကြသည်။ သို့သော် ဆင်များ သွားလာထားသည့်အတွက် လမ်းမှာ အပေါက်များဖြင့် ပြည့်နှက်နေ၍ ကျွန်ုပ်တို့ ကုလားအုပ်မှာ မြန်သင့်သလောက် မမြန်ချေ။ မကြာမီ ကျွန်ုပ်တို့သည် ဆင်သချိုင်းကြီးကို ကျော်လွန်၍၊ ရေအိုင်ကြီးလည်း နောက်၌ ကျန်နေရစ်ခဲ့ပါသည်။ ကျွန်ုပ်တို့၏ သွားရသော လမ်းမှာ သုံးမိုင်လောက်တွင်





ကည်ရှိသော ရိုးတစ်ခု ဖြစ်၏။ ရိုးထိပ်သို့ မကြာမီ ရောက်ကြပါသည်။ ၎င်းရိုးထိပ်မှ မျှော်၍ ကြည့်ရာ မြက်များ အနည်းငယ် ပေါက်ရောက်လျက် ရှိသော သဲပြင်ကြီးကို တွေ့ရ၏။ ၎င်းသဲပြင်ကြီး၏ အဆုံး ဆယ်မိုင်လောက် ဝေးသော နေရာတွင် ဖြူဖွေးသော မြစ်ပြင်ကျယ်ကြီးကို တွေ့ရပါသည်။ ကျွန်ုပ်တို့သည် ဝမ်းမြောက်စွာ ၁၅ မိနစ်ခန့် ခပ်သွက်သွက်ကလေး လာခဲ့ကြပြီး ကျွန်ုပ်တို့၏ နောက်မှ အသံတစ်သံ ကြားရသဖြင့် လှည့်ကြည့်လိုက်ရာ၊ ရိုးကလေးပေါ် လရောင်အောက်တွင် နှာမောင်းကြီးကို ဆန့်တန်း၍ မားမားကြီး ရပ်နေသော ဂျန ဆင်ကြီးကို မြင်ရပါတော့သည်။

၎င်းနောက် ဂျနကြီးသည် ဒေါသကြီးစွာ စည်ကြီးကို တီးသကဲ့သို့ မြည်းဟည်းလေတော့၏။

ဟင်။ ။ 'အလို ဘုရားရေ၊ ဟိုအကောင်ကြီး ကျွန်တော်တို့ နောက်က လိုက်လာပါပကော'

ကျွန်ုပ်သည် ကုလားအုပ်ကို ခြေဖြင့် တအားလွှဲကာ ကန်ပြီး 'ပြေးပြေး တအားပြေး၊ တို့အသက်ဘေး ခြေကုန်ပြေးမှ လွတ်မည်' ဟု အော်ကာ ကုလားအုပ်ကို ဒုန်းစိုင်းလေတော့၏။ ကျွန်ုပ်တို့ စီးလာသော ကုလားအုပ်သည် အမျိုးမှန် အပြေးသန်လှပေ၏။ မိမိ၏ ဒေသမှန်သော သဲပြင်ကြီးတွင် ရောက်ရှိနေပြီဖြစ်၍ ဘာမျှ စိုးရိမ်ဖွယ် မရှိပြီ။ လေ၏ အဟုန်ဖြင့် ကုလားအုပ်ကား ပြေးလေပြီ။ တစ်မိုင်ပြီး တစ်မိုင် သဲပြင်ကြီးကို ဖြတ်သန်းလျက် ရှိချေပြီ။ သို့သော် ကျွန်ုပ်တို့သည်ကား အပေါင်းအဖော် မပါ၊ ဗလာသက်သက် သွားသည် မဟုတ်ပေ။ ဂျနကြီးသည် ရေကြောင်းပြ သင်္ဘောကလေးကို တိုက်သင်္ဘောကြီးက လိုက်နေသကဲ့သို့ နောက်မှ ထက်ကြပ်မကွာ လိုက်နေတော့၏။ ကျွန်ုပ်တို့ ကုလားအုပ်သည် ဘယ်လိုပင် ပြေးနိုင်သည် ဆိုစေကာမူ ဂျနကြီးသည် တဖြည်းဖြည်း နီးကပ်လာတော့၏။ နောက်ဆုံး မြစ်နှင့် တစ်မိုင်ခန့် အလိုတွင် ဂျနကြီးသည် ကျွန်ုပ်တို့နောက် ကိုက်ငါးဆယ်မျှ လောက်သာ ကွာတော့၏။

ကျွန်ုပ်။ ။ 'ဒီပြဿနာကြီးကို တို့ နိုင်ရမယ်၊ မြစ်ကြီး ကပ်နေပြီ'

ဟင်။ ။ 'နိုင်ပုံပေါ်တယ်၊ ဒါပေမဲ့ မြစ်ရဲ့ဘေးတစ်ဝိုက်မှာ ကျောက်ခဲတွေ မြင်ရတယ် အဘ။ ကျွန်တော့် သေနတ်နဲ့ ဆင်ကြီးကို လှမ်းမပစ်နိုင်ဘူးလား'

ကျွန်ုပ်။ ။ 'မဖြစ်နိုင်တာ မပြောနဲ့၊ ခွေးပစ်တဲ့ သေနတ်နဲ့ လှမ်းပစ်လို့ အလကားပေါ့'

မကြာမီ ကျွန်ုပ်တို့ ကုလားအုပ်ကြီးသည် မြစ်ကမ်းခြေသို့ ရောက်လေပြီ။ ဟင် ပြောသည့်အတိုင်း ကမ်းနားတစ်ဝိုက်မှာ ကျောက်စ ကျောက်နတွေဖြင့် ပြည့်နှက်နေ၍ ကုလားအုပ်၏ အရှိန် နှေးသွား၏။ သို့သော် မကြာမီ ကျောက်တုံးများ ကျော်လွန်ကာ ရေစပ်သို့ ရောက်သွားလေသည်။ ဂျုနကြီးသည် ဆယ်တောင်လောက်သာ ကွာတော့၏။ ကျွန်ုပ်သည် ဂျုန၏ ဟောက်ပက်ကြီးဖြစ်နေသော မျက်လုံးအိမ်ထဲမှ သွေးများ စီးကျနေသည်ကို မြင်ရ၏။

ရေကိုကြောက်သော ကုလားအုပ်သည် ရုတ်တရက် ရေကို မြင်လိုက်ရသဖြင့် ရပ်တန့်သွားလေ၏။ သို့သော် ကံအားလျော်စွာ ဂျုနကြီးက မြည်ဟည်းလိုက်သဖြင့် ကုလားအုပ်သည် ကြောက်အားလန့်အားနှင့် ရေထဲသို့ တစ်ရှိန်ထိုး ဆင်းပြေးလေ၏။ ရေသည် လေးပေထက် မနက်ပေ။ ဂျုနသည် ရေထဲတွင် တဝုန်းဝုန်း လိုက်လာ၏။ ငါးတောင်မျှ ကွာတော့၏။ ကျွန်ုပ်သည် အဆင်သင့် မောင်းတင်ထားသော သေနတ်ဖြင့် ဂျုနကြီးအား ပစ်ခတ်လေတော့၏။သေနတ်ကျည်ဆန် မှန်သည် မမှန်သည်တော့ မပြောနိုင်။ သို့သော် မကြာမီက ဤကဲ့သို့ အသံဖြင့် မိမိ၏မျက်လုံး ပေါက်ထွက်သွားဖူးသည်ကို သတိရသည့်အလား ဂျုနသည် ရပ်ဆိုင်း၍ နေတော့၏။ ဤကဲ့သို့ တွေဝေ ရပ်ဆိုင်း၍နေသည့် အခိုက်အတန့်မှာ အလွန် အဖိုးတန်လှသည်။ ကျွန်ုပ်တို့သည် ဂျုနနှင့် ခပ်ခွာခွာကလေးသို့တိုင်အောင် ရောက်သွားလေတော့၏။ ဂျုန ကြီးသည် ဘွိုင်လာအိုးကြီး လိမ့်လာသည့်ပမာ လိုက်လာပြန်၏။





ကျွန်ုပ်တို့ မြစ်လယ်သို့ ရောက်သောအခါ ကုလားအုပ်ကြီးသည် ခြေချော်၍ လဲလေ၏။ ကျွန်ုပ်တို့ နှစ်ဦးလည်း ရေထဲသို့ ကျွမ်းထိုးကျလေ၏။ သေနတ်ကို ကိုင်ကာ ကျွန်ုပ်သည် တစ်ဖက်ကမ်းသို့ ဟင်ကို လက်တွဲ၍ ကူးခတ်ရပါသည်။ ရေသည် မနက်လှ။ ခြေဖျားထောက်ကာ မကြာမီ ကမ်းသို့ ရောက်ကြပါသည်။ ဂျုနကြီးကား ဤအချိန်၌ ကျွန်ုပ်တို့ ကုလားအုပ်အနီးသို့ ရောက်ကာ စိတ်ရှိတိုင်း ကြဲလေတော့၏။ အစွယ်ကြီးဖြင့် ဆောင့်ကာ ထိုးလိုက်သည်။ ခြေကြီးဖြင့် ဖိ၍ နင်းလိုက်သည်။ နှာမောင်းကြီးဖြင့် ရစ်သိုင်းကာ မြှောက်၍ ရိုက်လိုက်သည်။ ဤအခိုက်၌ ကျွန်ုပ်တို့မှာ တစ်ဖက်ကမ်းရှိ သစ်ပင်တစ်ပင်ပေါ်သို့ တက်ရောက်ရန် အချိန်ရ၍၊ ပေသုံးဆယ်ခန့် အမြင့်တွင် တွယ်ကပ်ကာ အမောကြီး မောနေပါတော့သည်။

ဂျုနကြီးသည် ကုလားအုပ်ကြီးကို ကျေကျေနပ်နပ်ကြီး စီရင်ပြီးလျှင် ပြီးချင်း ကျွန်ုပ်တို့ ရှိရာသို့ လိုက်လာလေသည်။ ခက်ခဲခြင်း မရှိဘဲ ကျွန်ုပ်တို့ ပုန်းကွယ်သော နေရာကို တွေ့လေ၏။ ဂျုနကြီးသည် စဉ်းစားသကဲ့သို့ သစ်ပင်ကို ပတ်ချာလှည့်နေပြီးနောက် သူ၏တုတ်ခိုင်သော လက်မောင်းကြီးဖြင့် သစ်ပင်ကို ရစ်ပတ်ကာ နုတ်လေတော့၏။ ဤအခိုက်မှာ အလွန်ပင် အသည်းထိတ်ဖွယ် ကောင်းလှ၏။ သို့သော် ထိုသစ်ပင်မှာ နှစ်ပေါင်းများစွာ ရေ၏ဒဏ်၊ လေ၏ဒဏ်များကို အနိုင်ရခဲ့ပြီးမှ ဆင်၏ဒဏ်ကို မခံနိုင်ဘဲနေမည်လော။ သစ်ပင်သည် အနည်းငယ် လှုပ်ရှားသည်မှ တစ်ပါး ဘာမျှ မဖြစ်။

မိမိ၏ ကြိုးစားချက်မှာ အရာမရောက်မှန်း သိသဖြင့် ဂျုနကြီးသည် သစ်မြစ်များကို မိမိ၏ အစွယ်များဖြင့် ထိုးကော်လေသည်။ သစ်မြစ်ကြီးများမှာ ကျောက်ကြိုကျောက်ကြားတွင် ပေါက်ရောက်နေသောကြောင့် ဤကြိုးစားချက်သည်လည်း အလဟဿပင်။

ရှင်းနောက် ဂျုနကြီးသည် တစ်မျိုး အကြံထုတ်ပြန်၏။ သူ၏ ကိုယ်ကြီးကို နောက်ခြေပေါ်သို့ အားပြုကာ ရှေ့ခြေနှစ်ဖက်ကို မြှောက်၍ သစ်ပင်

လုံးကို ပေါက်သည်။ သစ်ပင်ကြီးမှာ သွက်သွက်ခါ သွားလေတော့၏။ ထက်ပိုင်းကျိုး၍ သွားလေမလားဟု စိုးရိမ်ရတော့သည်။ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် ဘာမှုမဖြစ်ပေ။ သို့သော် သစ်ပင်ကြီး၏ ခါလိုက်သော အရှိန်ကြောင့် ကျွန်ုပ်မှာ ဟင် က ဆွဲကိုင်၍ မထားလျှင် ဇောက်မှုချ လွင့်စဉ်၍ ကျသွားမည် ဖြစ်ပါ၏။ ဂျုနသည် သုံးခါတိတိ ဤကဲ့သို့ပြုလုပ်ရာ ကျွန်ုပ်တို့ အသည်းထိတ်ဖွယ် ကောင်းလှအောင် သစ်မြစ်ကြီးများ ကြွတက်လာလေတော့၏။ ပင်စည်နှင့် မနီးမဝေး မြေကြီးတွင် အက်ကြောင်းကြီး ပေါ်လာတော့၏။ ကံအားလျော်စွာ ၎င်းအက်ကြောင်းကြီးကို ဂျုနကြီး မမြင်ချေ။ မိမိ၏ ကြိုးပမ်းမှုများသည် ဘာမျှ အရာမရောက်သောကြောင့် ဂျုန သည် ကိုယ်ရှိန်သတ်ကာ နှာမောင်းကြီးကို ဘယ် ညာ ယိမ်းလျက် အကြိမ်သစ်၊ ဘဏ်သစ် ထုတ်ပြန်လေသည်။

ဤတွင် ကျွန်ုပ် စိတ်ကူးရကာ 'ဟင် သေနတ်ပေး၊ ငါ ကျန်နေတဲ့ မျက်လုံးကို ပစ်လိုက်မယ်'

ဟင်။ ။'ယမ်းတောင့်တွေ ရေစိုကုန်ပြီ အဘ၊ ပစ်လို့ရမှာ မဟုတ်တော့ဘူး'

အသုံးမဝင်သော သေနတ်ကြီးကို ကိုင်ကာ သစ်ပင်ပေါ်မှာ ထိုင်နေရခြင်းသည် လွန်စွာ စိတ်ချောက်ချားလှတော့၏။ ယမ်းတောင့်ကလေး တစ်တောင့်ရှိပါမူ ကျွန်ုပ်သည် သေချာပေါက် ဤသတ္တဝါကြီး၏ ကျန် မျက်လုံးကို ပစ်ဖောက်နိုင်၏။

အတန်ငယ် ကြာသောအခါ ဂျုနကြီးသည် မိမိ၏ နောက်ဆုံး ကြိုးစားချက်ကို စတင် ဆောင်ရွက်လေတော့သည်။ ယခင်နည်းအတိုင်း နောက်ခြေကို အားပြုကာ ရှေ့ခြေကို သစ်ပင်ပေါ်သို့ တင်ပြန်သည်။ နောက် တဖြည်းဖြည်း ရှေ့ခြေနှစ်ချောင်းကို ဆန့်တန်းနိုင်သမျှ ဆန့်တန်းကာ ကျွန်ုပ်တို့နှင့် ၎င်းအကြားရှိ သစ်ကိုင်းများကို ချိုးဖဲ့လေတော့၏။

ကျွန်ုပ်။ ။'ဒီပြဿနာကြီး တို့နေတဲ့ နေရာကို မီမယ် မထင်ဘူး။ ကျောက်တုံးတစ်တုံး ရွှေ့ပြီး တက်ရင်တော့ မပြောတတ်ဘူး'





ဟင်။ ။'အို အဘ၊ ကျယ်ကျယ်မပြောနဲ့။ ဒီကောင်ကြီး ကြားသွားရင် အဘ အကြံအတိုင်း သူ လုပ်မှာ စိုးရတယ်'

ဟင်၏ သတိပေးချက်မှာ ရယ်ဖွယ်ကောင်းလှသော်လည်း ၎င်းစကားကို လိုက်နာသင့်သည်ဟု ယူဆသင့်၏။ အဘယ်သူသည် ဤမျှလောက် ပါးနပ်၍ ကောက်ကျစ်စဉ်းလဲသော ဆင်ကြီးကို တွေ့ဖူးပါသနည်း။ ကျွန်ုပ်တို့ ပြောစကားကို နားမလည်ဟု ပြောနိုင်ပါအံ့နည်း။ ကျွန်ုပ်တို့သည် အထက်သို့ တက်နိုင်သမျှ တက်ကာ အခြေကို စောင့်ကြည့်နေရပါတော့သည်။ ဂျုနကြီးသည် သစ်ကိုင်းများကို ရှင်းလင်းပြီးလျှင်ပြီးချင်း သူ့ နှာမောင်းကြီးကို အစွမ်းကုန် ဆန့်တန်းကာ တဖြည်းဖြည်း ကျွန်ုပ်တို့ ရှိရာသို့ မြွေကြီးပမာ ရွရွကြီး တက်လာတော့၏။ မကြာမီ ၎င်း၏ နှာဝမှ ပူနွေးသော အာငွေ့များသည် ကျွန်ုပ်တို့ မျက်နှာသို့ လာ၍ ဟပ်လေ၏။ ကျွန်ုပ်တို့နှင့် လက်မ အနည်းငယ်သာ ကွာတော့သည်။ ကျွန်ုပ်တို့သည် တုတ်ခိုင်သော သစ်ကိုင်းကြီးပေါ်တွင် အလျားမှောက်၍ တွယ်ကပ်နေကြရာ၊ ဂျုန၏ နှာမောင်းကြီးမှာ ဟင်၏ ဦးခေါင်းဆီသို့ ဝဲလျက်ရှိရာမှ နောက်ဆုံး၌ အစွမ်းကုန် ဆန့်တန်းလိုက်ရာ၊ ဟင်၏ ဦးခေါင်းမှ ဦးထုပ်သည် ပြုတ်၍ ပါသွားတော့၏။ နီထွေးသော အာခေါင်ထဲသို့ ဦးထုပ်ကို သွင်းလိုက်ကာ ဝါးမျိုလေသည်။ ၎င်းအရာကို မြင်သောအခါ ဒေါသကို မချုပ်တည်းနိုင်သော ဟင်သည် ကြမ်းတမ်းစွာ ဆဲဆိုပြီး မိမိ၏ခါးက ဓားမြှောင်ကို ဆွဲထုတ်လိုက်သည်။

အသစ်တစ်ဖန် နှာမောင်းကြီးသည် တက်၍ လာပြန်ချေပြီ။

'ဒီတစ်ခါတော့ မီတော့မယ် ထင်တယ်'

ဟင် ထံမှ စကားပြန် မရ။ ဓားမြှောင်ကို မြှောက်၍ စောင့်နေသည်။ ဓားမြှောင်၏ အရောင်သည် ထွက်ခါစ နေရောင်တွင် ဝင်းပြောင်၍ သွားတော့၏။ ဓားသည် ဂျုန၏ နှာမောင်းဖျား အတွင်းသားတွင် တန်းလန်းကြီး ပါသွားကာ တစ်တောလုံး ဆူညံသွားတော့သည်။ ဂျုန၏ စူးရှစွာ အော်လိုက်

သော အသံကြီးသည် ကျွန်ုပ်အား မြောက်၍ပင် တက်သွားမတတ် ဖြစ်တော့၏။ ဂျုန သည် ကိုယ်ကြီးကို အနိုင်နိုင်ထိန်းကာ မြေပေါ်သို့ ခြေထောက်မှ လျှင် ထောက်မိချင်း တစ်ဟောလုံး ပုံတင်ထပ်မျှ အော်မြည်လျက် ပြေးလေ သတည်း။

ဟင် သည် အမျိုးမျိုးဆဲကာ မိမိ၏ ဦးထုပ်ကို ပြန်ပေးရန် လက်သီး တပြပြနှင့် တောင်းနေသေး၏။ ကျွန်ုပ်၏ တစ်သက်နှင့် တစ်ကိုယ်တွင် ဤမျှ ကြီးမားသော ဆင်ကြီးမှာ ဖမ်းကို ကြွက်မြီးတန်းလျက် ပြေးရသည်ကို မြင်ရခြင်းသည် ကြည့်၍ အကောင်းဆုံးဟု ထင်မိပါသည်။

ဟင်။ ။ 'အဘ ဒီသတ္တဝါကြီး ကျွန်တော်တို့ကို သတိရအောင် နှာမောင်းနှင့် မျက်စိ ဒဏ်ရာရသွားပြီ။ ကဲ ကျွန်တော်တို့ ဒီနေရာ မဖြစ်သေးဘူး။ ဒီပြဿနာကြီးဟာ သစ်ကိုင်းယူလာပြီး ကျွန်တော်တို့ကို ရိုက်ချကောင်း ရိုက်ချလိမ့်မယ်'

ကျွန်ုပ်တို့သည် သစ်ပင်ပေါ်မှ ဆင်းကာ ခပ်သုတ်သုတ်ကလေး ခရီးဆက်ကြလေ၏။ ကျွန်ုပ်တို့သည် မျက်စိလည်စရာအကြောင်း မရှိတော့ပေ။ ကျွန်ုပ်တို့၏ ရှေ့တည့်တည့်၌ "သုငယ်တော် ဘုရား" စံပျော်ရာ တောင်ကမူကလေးကို မြင်ရလေပြီ။ တောင်ကလေးမှာ မိုင် ၂၀ ခန့် ဝေးသည်ဟု ထင်ရ၏။ သို့သော် တကယ် သွား၍ ကြည့်သောအခါ ထင်သည်ထက် ဝေးနေကြောင်း သိရ၏။ နာရီပေါင်း အတော်ကြာ သွားမိသည့် တိုင်အောင်လည်း၊ ၎င်း တောင်ကလေးမှာ မြင်စလောက်က ကဲ့သို့ပင် ဝေးနေသေး၏။

ကျွန်ုပ်တို့ လမ်းလျှောက်ရသည်မှာ အလွန်ငြီးငွေ့ဖွယ်ပင်။ ကျွန်ုပ်သည် ညက ကြုံတွေ့ခဲ့ရသော ကြောက်မက်ဖွယ် အဖြစ်အပျက်များအပြင် ဂျုန၏ ကောင်းမှုကြောင့် ပြတ်၍ ပါသွားသော အသား တစ်နေရာမှ တောင့်တင်းကာ အတော်အောင့်လျက် ရှိ၏။ ခြေလှမ်းတိုင်း နာကျင်လှပေသည်။

ပထမ ၁၀ မိုင်လောက်တွင် လူနေသော လက္ခဏာ မတွေ့ရ။ ၁၀ မိုင်က ကျော်မှ နွားအုပ်ကြီးများကို တွေ့ရ၏။ ၎င်းနောက် ကောက်ပဲသီးနှံများ





စိုက်ပျိုးထားသော လယ်ကွက်များကို တွေ့ရသည်။ နောက် မကြာမီ လူနေတဲများကို မြင်ရ၏။ ကျွန်ုပ်တို့ကို မြင်ရသော အချို့လူများသည် ပြေးလွှားပုန်းကွယ်ကြကုန်သည်။

ကျွန်ုပ်သည် ဟင် ကို တွဲကာ လျှောက်ခဲ့၍ ရွာစည်းရိုးမှ တစ်ခေါ်လောက် အကွာသို့ ရောက်သည်တွင် လူသုံးဆယ်ခန့်မျှ လှံတွေနှင့် ထွက်လာကာ ကျွန်ုပ်တို့ကို ဝိုင်းကြပါသည်။ ၎င်းတို့မျက်နှာထားမှာ ကျွန်ုပ်တို့ကို အစိမ်းလိုက် ဝါးစားမည့်ဟန် ပေါ်နေသဖြင့်–

ကျွန်ုပ်။ ။ 'ကျွန်ုပ်တို့သည် "သုငယ်တော် ဘုရား" ၏ ဧည့်သည်တော်များ ဖြစ်ပါတယ်'

လူအုပ်ကြီးမှ အသံတစ်သံ။ ။ 'လူညာတွေ၊ "သုငယ်တော် ဘုရား" ၏ ဧည့်သည်တော်များသည် ငါတို့၏ ရန်သူပိုင်းပြည်က ဘယ်သောအခါမျှ မလာ။ သင်တို့သည် ဆင်ဘာ၏သူလျှိုများ ဖြစ်ရမည်။ ဂျုန ၏ အနံ့သည် သင်တို့ကိုယ်၌ စွဲကပ်လျက် ရှိ၏။ သင်တို့အား အရှင် မထားနိုင်'

ကျွန်ုပ်သည် စိတ်မရှည်နိုင်တော့ပေ။ ဘေးအမျိုးမျိုးနှင့် ကြုံတွေ့လာသည့်အတိုင်း ဘာကိုမျှ ဂရုမစိုက်တော့ဘဲ ဖြစ်လိုရာ ဖြစ်စေတော့ ဟူသော သဘောနှင့်–

'ကဲ သတ်လိုလျှင် သတ်လေတော့၊ "သုငယ်တော်ဘုရား" ၏ ဒဏ်ကို သင်တို့ ခံကြလော့။ သင်တို့သည် ပေါ်ကြလော့၊ စစ်တိုက်ကြလော့၊ သေကြလော့'

ကျွန်ုပ်၏ ကြိမ်းဝါးချက်များသည် အရာရောက်ပုံ ပေါ်သည်။ ရှည်လျက် ရှိသော လူအုပ်ကြီးသည် ငြိမ်သွား၏။ သို့သော် နောက်ဆုံး၌ ကျွန်ုပ်တို့ကို သတ်လိုသူများက အနိုင်ရဟန် တူသည်။ ကျွန်ုပ်တို့ကို တစ်ဖန် ဝိုင်းရံကြပြန်ကုန်၏။ ကျွန်ုပ်သည် စိတ်မောကိုယ်မောဖြစ်ကာ ငြိမ်ငြိမ်သက်သက်ကြီးပင် ထိုင်နေလိုက်တော့၏။ ကျွန်ုပ်၏ ရင်ဝဆီသို့ စိုက်လာသော လှံသွားများကို မမြင်ရလေအောင် မျက်စိကို စုံမှိတ်ထား၏။ ဤအခိုက်

ဟင်က အားရဝမ်းသာ အော်လိုက်သည်နှင့် မျက်လုံးကို ဖွင့်၍ ကြည့်လိုက်ရာ၊ ရွာဝဆီမှ ဝတ်ရုံဖြူလူကြီး ခေါင်းဆောင်သော လူတစ်စု ကျွန်ုပ်တို့ဆီသို့ အမြန် လာနေသည်ကို မြင်ရလေ၏။

ကျွန်ုပ် ဝမ်းသာလိုက်ပုံကား ပြောစရာ မရှိ။ ထိုဝတ်ရုံဖြူကား ဟာရ ဖြစ်လေသည်။ ဟာရသည် လှံကြီးကို ဆွဲယမ်းကာ တစ်စုံတစ်ရာ အော်မြည်လိုက်ရာ ကျွန်ုပ်တို့ကို ဝိုင်းထားသော လူအုပ်ကြီးသည် မြေကို အလျားလိုက် ဝပ်ကာ အရိုအသေ ပေးကြကုန်၏။ ဟာရသည် ကျွန်ုပ်တို့အား ဝိုင်းထားသော လူစု၏ အကြီးအကဲထံ သွားပြီး လှံကို တအားစိုက်လိုက်ကာ–

'ဟဲ့ ခွေးတွေ၊ ဘုရားသခင်၏ ဧည့်သည်တော်များကို ဘာ့ကြောင့် ဆော်ကားရသလဲ' ဟု ဒေါက်ငမ်းလေ၏။

ကျွန်ုပ်လည်း အားပျော့ကာ မေ့မြောသွားလေသတည်း။

အခန်း ၁၃

## ဂူတွင်းစံပျော် အစောင့်တော်

ကျွန်ုပ် သတိရ၍ မျက်စိကို ဖွင့်ကြည့်လိုက်သောအခါ အိပ်ရာတစ်ခုပေါ်သို့ ရောက်နေကြောင်းကို တွေ့ရပါသည်။ ဘေးပတ်လည်ရှိ အသုံးအဆောင်များမှာ အရှေ့နိုင်ငံသား အသုံးအဆောင်များ ဖြစ်ပေသည်။ ပြတင်းပေါက်မှာ ကဲလားထောက်၍ မြက်များဖြင့် စီမံထား၏။ ၎င်းပြတင်းပေါက်မှ အတော်ဝေးကွာသော နေရာတွင် "သုငယ်တော်ဘုရား" စံပျော်တော်မူသော တောင်ပုလုကလေးကို မြင်ရပါသည်။ ကျွန်ုပ်သည် ဘယ်ကို ရောက်နေသနည်းဟု ဇဝေဇဝါ ဖြစ်နေစဉ် ဖိနပ်သံကို ကြားလိုက်၍ လှည့်ကြည့်လိုက်ရာ ဟင် ကို တွေ့ရ၏။

ဟင်။ ။ 'သုငယ်တော်မြို့ကို ရောက်နေပြီ အဘရေ၊ ပျော်စရာကောင်းလိုက်တာ။ စားစရာတွေကလည်း ပေါပါဘိသနဲ့။ အဘမှာတော့ သုံးရက်လုံးလုံး အိပ်နေလို့ နွားနို့လောက်ပဲ ကျွန်တော်တို့ ကြည့်ပြီး တိုက်နေရတယ်'

ကျွန်ုပ်။ ။ 'ဟုတ်ပါလိမ့်မယ်၊ ငါ အခု အတော်လန်းလာပြီ။ ရင်နယ်နဲ့ ဆာဖိတ်တို့ကော ဘယ်မှာလဲ'

ဟင်။ ။ 'သူတို့ ဒီမှာပဲ ဘေးကင်းစွာ နေကြပါတယ်။ အဘ သတိမေ့နေတုန်း သူတို့ပဲ အဘကို ဂရုစိုက် ပြုစုကြပါတယ်'

ဤအခိုက်တွင် ဆာဖိတ် ဝင်လာ၏။ သူ၏လက်ထဲတွင် စားစရာ စွပ်ပြုတ် ပါလာ၏။

ဆာဖိတ်။ ။ 'ဝမ်းသာလိုက်တာ ခင်ဗျာ၊ ကျွန်တော်တို့ ခင်ဗျားကို သိပ်ချီးရိမ်တာပဲ'

ကျွန်ုပ်သည် ဆာဖိတ်ပေးသော စွပ်ပြုတ်ကို သောက်ပြီးနောက် ဟင်နှင့် ဆာဖိတ်အား လမ်းလျှောက်ထွက်သွားသော မြို့စားကလေးအား သွားရောက်ရှာဖွေရန် လွှတ်လိုက်၏။

မကြာမီ ဟာရ ဝင်လာ၍ ကျွန်ုပ်အား ဦးညွှတ်ကာ အနီးရှိ ဖျာတစ်ချပ်ပေါ်တွင် ထိုင်ပြီး–

ဟာရ။ ။ 'အရှင့်မှာ တန်ခိုးကြီးတဲ့ အစောင့်ရှိတာ အမှန်ပဲ။ အရှင့်အား သေပြီလို့ အောက်မေ့တာ ယခုလို အသက်နှင့် တွေ့ရတော့ ဝမ်းသာလို့ မဆုံးနိုင်ပါဘူး'

ကျွန်ုပ်။ ။ 'ဟုတ်ပါလိမ့်မယ်၊ သင်၏ မေ့အတတ်ဖြင့် ကျွန်ုပ်တို့ကို မကယ်နိုင်တာလည်း အံ့သြပါရဲ့'

ဟာရ။ ။ 'ဟုတ်ကဲ့၊ အပြစ်တင်မယ်ဆို တင်ပါတော့။ ဒါပေမဲ့ ဒီအတတ်ကြောင့် အရှင်တို့ အသက်ချမ်းသာရာရတာ အမှန်ပါပဲ။ ကျွန်ုပ်မှာ စစ်မြေပြင်မှ အတင်းပြေးလာစဉ် ဒူးတွင် ဒဏ်ရာရ၍ နှစ်ရက်တိတိ "သုငယ်တော် ဘုရား"၏ မျက်မှောက်တော်သို့ မရောက်ရပါ။ ယခု တတိယနေ့မှ ရောက်၍ "သုငယ်တော်ဘုရား"၏ အမိန့်ချမှတ်ချက်အရ အရှင်တို့ လွှတ်လာကြောင်း သိရပြီး အရှင်တို့ အသက်ကို လူသရမ်းတွေ လက်ထဲမှ ကယ်ဆယ်နိုင်ခြင်း ဖြစ်ပါတယ်'

ကျွန်ုပ်။ ။ 'ဘေးရန်အပေါင်းက ကျွန်ုပ် လွှတ်လာ၍ ဝမ်းမြောက်သော်လည်း မရအတွက် ဝမ်းနည်းပါတယ်'

ဟာရ။ ။ 'ကျွန်ုပ် ဒီအကြောင်းတွေကို အစကပင် သိပြီး ဖြစ်ပါတယ်။ ဂျုနှင့် မရမှာ အင်အားချင်း မမျှပါ၊ အရှင်နှင့် အရှင့်တပည့် အပေါ်မှာသာ ဂျု အစွမ်းသတ္တိ မလွှမ်းမိုးနိုင်ပါ'

ကျွန်ုပ်။ ။ 'ဒီနေရာမှာ ဟာရ လွဲနေပြီ ထင်တယ်။ ကျွန်ုပ်တို့





ဂျုကို မျက်လုံးတစ်ဖက် ကန်းအောင်နှင့် နှာမောင်းမှာ အနာရအောင်လောက်သာ တတ်နိုင်တယ်'

ဟာရ။ ။ 'ဒီလောက် လုပ်နိုင်တာ ကျွန်ုပ်တို့ ဘိုးဘေးအဆက်ဆက်မှာ ဘယ်တော့မှ မကြားဖူးခဲ့ပါဘူး။ အစကပင် ဒီလောက် လုပ်နိုင်လျှင် နောက်ဆုံးမှာ သူ့အပေါ် လုံးဝ နိုင်ဖို့ပါပဲ'

ကျွန်ုပ်။ ။ 'မပြောတတ်ဘူးလေ၊ ဂျုဟာ ဘာလဲ'

ဟာရ။ ။ 'ကျွန်ုပ် ပြောဖူးပါတယ်၊ မကောင်းတဲ့ ဝိညာဉ်နဲ့ ဆင်အသွင် ဖန်ဆင်းပြီး နေတာနဲ့ တူပါတယ်'

ကျွန်ုပ်။ ။ 'ကျွန်ုပ် ထင်တာတော့ အလွန်ဆိုးသွမ်းတဲ့ ဆင်ကြီးပဲ။ ဘာဖြစ်ဖြစ် တစ်နေ့တော့ နိုင်ရမှာပဲ။ ဟိုရေအိုင်နားမှာ တွေ့ရဖို့သာ စိုးရိမ်တယ်'

ဟာရ။ ။ 'တခြားနေရာတွေမှာတော့ တွေ့စရာ အပုံကြီးပဲ ရှိပါတယ်။ အရှင်က ဂျု သွားမတွေ့လျှင် ဂျုက အရှင့်ကို လာတွေ့မှာ အမှန်ပါပဲ၊ သူ့ကို ခေါ်သွားဖူးတဲ့ လူကို ဘယ်တော့မှ ကျေမယ် မဟုတ်ပါဘူး။ မတွေ့ တွေ့အောင် ရှာမှာပါပဲ။ ကျွန်ုပ်တို့ နယ်ထဲမှာပင် အရှင် သွားလေရာ ရာ သတိနှင့်သာ သွားပါ'

ကျွန်ုပ်။ ။ 'ဒီကောင်ကြီး သင်တို့နယ်ကို ကျူးကျော်ပါသလား'

ဟာရ။ ။ 'မှန်ပါတယ်၊ တစ်ခါတစ်ရံ ဒီအကောင်ကြီးကို တွေ့ရပါတယ်။ တစ်ခါက "သုငယ်တော်ဘုရား" ၏ တောင်တော်ပေါ်တွင် မြင်ဖူးပါသေးတယ်။ ဘယ်လိုလာလို့ ဘယ်လိုပြန်သွားတယ် ဆိုတာတော့ မပြောနိုင်ပါ'

ကျွန်ုပ်။ ။ 'သေနတ်ကောင်း တစ်လက်နှင့်သာ တွေ့စမ်းချင်ပါတယ်။ ကဲ ဟာရကို တစ်ခု မေးစရာ ရှိသေးတယ်။ ဟာရ၏ညီ မရ မသေခင်က ရင်နယ်မြို့စားကလေးရဲ့ မိန်းမနဲ့ ပတ်သက်တဲ့အကြောင်း ပြောသွားပါတယ်။ သူ့စကားကို နားထောင်ဖို့ရာ ကျွန်ုပ် အချိန်မရပါ။ ဒါပေမဲ့ အဲဒီမိန်းမဟာ ဟိုတောင်ပေါ်မှာ ရှိတယ်လို့ ပြောသလိုလို ထင်မိတာပဲ'

ဟာရု၏ မျက်နှာမှာ ကျောက်ရုပ်ကဲ့သို့ ဖြစ်သွားလေသည်။

ဟာရု။ ။ 'အရှင် အကြား လွဲပါလိမ့်မယ်၊ သို့မဟုတ် မရုဟာ သေခါနီး ကယောင်ချောက်ချား ပြောတာ ဖြစ်ပါလိမ့်မယ်။ ဒီတောင်ပေါ်မှာ ရင်နယ်မြို့စားရဲ့ မိန်းမ မရှိပါ။ ကျွန်ုပ် တစ်ခု သတိပေးလိုပါတယ်၊ ဒီ တောင်ပေါ်ကို ကျွန်ုပ်တို့ ဘုန်းတော်ကြီးများမှ လွဲ၍ မည်သူမှ မတက်ရပါ။ တက်ခဲ့လျှင် သေမင်းနှင့် ရင်ဆိုင်တိုးခြင်း ဖြစ်ပါလိမ့်မည်။ ဒီတောင်ပေါ်မှာ အစောင့် ရှိပါတယ်။ ၎င်းအစောင့်တော်သည် ဂျုနထက်ပင် ကြောက်စရာ ကောင်းပါသေးတယ်။ ဒီအစောင့်တော်အကြောင်းကို မေးလျှင် ဖြေနိုင်မည် မဟုတ်ပါ။ မိမိ အသက်ကို မြတ်နိုးသော သူသည် ၎င်းအစောင့်တော်နှင့် မတွေ့ရန် ဆုတောင်းပါသည်'

၎င်းနောက် ကျွန်ုပ်တို့သည် အခြား အကြောင်းအရာများကို ဆက်လက် ပြောဆိုကြလေ၏။

ကျွန်ုပ်။ ။ 'ကင်ဒါ လူနက်တွေရဲ့ နယ်တော့ အတော်ပျက်စီးကုန်တာပဲ'

ဟာရု။ ။ 'ဒါဟာ "သူငယ်တော်ဘုရား" ၏ ပထမဆုံး ကျိန်စာ ဒဏ်ချက်ပါပဲ။ ဒုတိယ ကျိန်စာဟာ ဝေမှတ်ခြင်း ဘေးဆိုးကြီးပါပဲ'

ကျွန်ုပ်။ ။ 'သူတို့တော်လျှင် သင်တို့ထံက လုကြမှာပေါ့'

ဟာရု။ ။ 'အမှန်ပါပဲ၊ အဲဒီအခါ တတိယ ကျိန်စာအတိုင်း စစ်ကြီး ဖြစ်ဖို့ရန် ရှိပါတယ်။ ဒါတွေအားလုံး အစကတည်းက သိပြီးဖြစ်ပါတယ်။ ကျွန်ုပ်တို့ကို ဒီအတွက် ကူညီရန် အရှင့်ကို ခေါ်လာရခြင်း ဖြစ်ပါတယ်။ အရှင့်မှာ သေနတ်တွေ ပါလာလို့ ကျွန်ုပ်တို့ကို ပစ်ခတ်နည်း သင်ပေးပါ'

ကျွန်ုပ်။ ။ 'ဒီပစ္စည်းတွေ ကျွန်ုပ် မပိုင်ပါ။ ကျွန်ုပ် ဒီကို ရောက်လာရခြင်းမှာ သင်တို့အပေါ် ဆိုးသွမ်းနေတဲ့ ဆင်ကြီးကို သတ်ပြီး ဆင်စွယ်များ ယူရန်သာ ဖြစ်ပါတယ်။ သေနတ်တွေမှာ ရင်နယ်ပိုင် ပစ္စည်းဖြစ်၍ သူပိုင် ပစ္စည်းကို သုံးလိုက သူတောင်းတဲ့ အဖိုးအခကို ပေးမှ ဖြစ်မှာပေါ့'





ဟာရု။ ။ 'ရင်နယ်မြို့စားဟာ ကျွန်ုပ်တို့ သဘောမတူဘဲ ကျွန်ုပ်တို့ နယ်ထဲသို့ ကျူးကျော်လာသည့်အတွက် သူ့အသက်ကို ကျွန်ုပ်တို့ ပိုင်ပါတယ်၊ သူ့အသက်ဖိုးကို တန်ကြေးထား၍ ပေးရပါလိမ့်မယ်။ ကဲ အရှင့်မှာ ကောင်းကောင်း မကျန်းမာသေးပါ၊ စကားအပြော များလျှင် မောပါလိမ့်မည်။ ကျွန်ုပ် သွားရန် အချိန်လည်း တော်ပြီ။ မသွားခင် နောက်ထပ် မှာချင်တာ ကတော့ အရှင်နဲ့ အရှင့်လူတစ်စုမှာ အသက်နှင့်ကိုယ် မြဲစေလိုက "သူငယ် တော် ဘုရား"၏ တောင်တော်ပေါ်သို့ ဒီပြတင်းပေါက်မှ မြင်ရတဲ့ ကျောက် ကမ်းပါးကြီး အထိသာ တက်ရောက်ခွင့် ရှိပါသည်။ ၎င်းက လွန်ပြီး မတက် ရောက်ရန် မှာထားပါလေ'

ဤကဲ့သို့ ပြောဆိုပြီးနောက် ကျွန်ုပ်အား ဦးညွှတ်ကာ ထွက်သွားလေ၏။ မကြာမီ ရင်နယ်မြို့စားကလေးသည် လမ်းလျှောက်ရာမှ ပြန်ရောက်လာ၍ ကျွန်ုပ်တို့ နှစ်ယောက်သည် မသေမီ မမျှော်လင့်ဘဲ ယခုကဲ့သို့ တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်၍ မဆုံးနိုင်အောင် ရှိတော့၏။ ကျွန်ုပ် သည် တနင်္ဂနွေ တစ်ပတ်ခန့် အိပ်ရာထဲတွင် နေရပါသေးသည်။ ဂျုန၏ ဒဏ်ချက်သည် အိပ်ရာထဲတွင်ပင် အနာရှိန်သေ၍ လာပါသည်။ သို့သော် လမ်း ကောင်းစွာ မလျှောက်နိုင်သေးပါ။ ဟင် ၏ အကူအညီဖြင့် ဥယျာဉ် အတွင်း ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်ကာ "သူငယ်တော်ဘုရား" ၏ တောင်ကို ရှုမျှော်ခြင်းအားဖြင့် အချိန်ကုန်လွန် ခဲ့ရပါသည်။

၎င်းတောင်မှာ မည်သည့်တောင်နှင့်မျှ မဆက်စပ်ဘဲ ထီးထီးတည် နေသော တောင်ကလေးပင် ဖြစ်ပါ၏။ မြို့နှင့် မနီးမဝေးတွင် ရှိ၍ ဘေးပတ် လည် ညီညာသော မြေမှ တစ်မိုင်ခန့် ခပ်ပြေပြေကလေး မြင့်သွားရာ၊ တစ်မိုင် အတွင်းဝယ် မြက်ပင်များမှတစ်ပါး ဘာပင်မျှ မတွေ့ရပေ။ ၎င်းမြက်ပင်များ အကြားတွင် ဆိတ်များ၊ သိုးများကို တွေ့ရပါသည်။ မြင့်တက်သွားသော ကုန်းအဆုံးဝယ် ပေတစ်ရာခန့် မြင့်၍ ကျောက်နံရံကြီးကဲ့သို့ ရှိသော တောင် ကမ်းပါးကြီးမှာ တောင်တစ်ခုလုံးကို ပတ်လည်ဝိုင်းလျက် ရှိ၏။ ၎င်းကျောက်

ကမ်းပါးကြီး အထက်ဝယ် တောင်သည် မပြေပြစ်တော့ဘဲ မတ်စောက်၍ သစ်ပင်ကြီးများဖြင့် ဖုံးအုပ်လျက် ရှိ၏။

တစ်နေ့သောအခါ ၎င်းတောင်ကလေးကို စူးစိုက်ကြည့်နေနိုက် ဟာရုသည် အိမ်ထဲသို့ ဝင်လာကာ–

'ဘယ့်နှယ်လဲ၊ သူငယ်တော်ရဲ့ စိမာန်ဟာ မထူးဆန်းဘူးလား'

ကျွန်ုပ်။ ။'ဟုတ်ကဲ့၊ အလွန်တင့်တယ်လှပါတယ်။ ဒီတောင်ပေါ်ကို တက်ဖို့ရာ ဒီက မြင်ရတဲ့ ကျောက်ကမ်းပါးကြီးကို ဘယ်လိုကျော်မလဲ'

ဟာရု။ ။'ဒီကျောက်ကမ်းပါးကြီး တက်လို့ မရဘူး။ သို့သော် ဒီတောင်ပေါ်ကို တက်ဖို့ လမ်းတစ်လမ်းတော့ ရှိပါတယ်။ ကျွန်ုပ် ပြောတဲ့အတိုင်း ဒီလမ်း တက်တဲ့လူဟာ သွားလမ်းသာ ရှိတယ်၊ ပြန်လမ်း မရှိတော့ဘူး'

၎င်းနောက် ကျွန်ုပ်၏ ကျန်းမာရေး အခြေအနေကို မေးမြန်းပြီးနောက်၊ ကင်ဒါလူနက်တို့သည် မိမိတို့ ကောက်ပဲသီးနှံများ ပျက်စီးကုန်၍ ဝတ်မှုတ်ခေါင်းပါးသော ဆားကြီးဖြင့် ကြုံတွေ့ရမည့်အရေးကို မျှော်တွေးကာ စိတ်ရှုပ်နေသည့် အကြောင်းများ ကြားသိရကြောင်းကို ကျွန်ုပ်အား ပြောပြလေ၏။

ကျွန်ုပ်။ ။'ဒီလိုဆိုရင် သင်တို့မှာ ရှိတဲ့ အစားအစာတွေကို အတင်းလုမှာ မစိုးရိမ်ရဘူးလား'

ဟာရု။ ။'စိုးရိမ်ရတာပေါ့။ ဒါကြောင့် အရှင့်ကိုယ်ကို မြန်မြန် ကျန်းမာအောင် ဂရုစိုက်ပါ။ ကျွန်ုပ်တို့အားလုံး ကောက်ပဲသီးနှံတွေ တနင်္ဂနွေ နှစ်ပတ်အတွင်း ရိတ်ပြီး သိမ်းဆည်းကြပါမည်။ ကျွန်ုပ်လည်း သူငယ်တော်ထံ သွားရန် ကိစ္စကလေး ရှိပါသေးတယ်။ သို့သော် နောက်သုံးရက်ကြာလျှင် ဒီ ပြန်ရောက်ပါလိမ့်မည်။ အရှင်တို့အားလုံး ကျွန်ုပ် မရှိခိုက် ကျွန်ုပ်၏ တပည့်များက ပြုစုကြပါလိမ့်မည်။ ဘာမျှ မစိုးရိမ်ကြပါနှင့်'

ဟု ပြောကာ ဟာရုလည်း ထွက်ခွာသွားလေ၏။





ထိုနေ့ညနေ ကျွန်ုပ်၏ တပည့် ဟင် သည် နိုင်းစေလိုက်သည့်အတိုင်း တောင်ကလေး၏ အခြေအနေကို သွားရောက်စုံစမ်းရာ ဘာမျှ နေရာမကျခဲ့ကြောင်း ကြားသိရ၏။ ကျွန်ုပ်တို့သည် ထိုနေ့မှစ၍ လေးဦးသား ခေါင်းချင်းဆိုင်ကာ ထိုတောင်ပေါ်သို့ တက်ရမည့် နည်းလမ်းများကို ဆွေးနွေး တိုင်ပင်ကြလေ၏။

ကျွန်ုပ်၏ အနာမှာ ယခုတိုင် ကောင်းစွာ အကင်းမသေသေး၍ လမ်းမလျှောက်နိုင်သေးပါ။ သို့အတွက် ကျွန်ုပ်သည် ကိုယ်တိုင်စွန့်စား၍ တက်လိုသော်လည်း မဖြစ်နိုင်ပေ။ နောက်ဆုံး ရင်နယ်သည် ကျွန်ုပ် နေကောင်းအောင် မစောင့်နိုင်ဘဲ မိမိတစ်ဦးတည်း တက်ရန် ဆုံးဖြတ်လေ၏။

ဆာဖိတ်ကလည်း မိမိသည် မိမိတစ်ဦးတည်း မနေလို၊ ဆရာနှင့် မည်သည့်အခါမျှ မခွဲဘဲ ရှင်အတူ သေအတူ လိုက်ပါမည့် အကြောင်းကို ပြောပြလေ၏။ ကျွန်ုပ်က ဤကဲ့သို့ နှစ်ဦးတည်း သွားရခြင်းထက် လေးဦးလုံး သွားပါက ပိုမို စိတ်ချရကြောင်း၊ သေလျှင်လည်း အားလုံး၊ ရှင်လျှင်လည်း အားလုံးဖြစ်ရမည့် အကြောင်းများကို ပြောပြသော်လည်း ရင်နယ်မှာ မစောင့်အည်းနိုင်သဖြင့် ကျွန်ုပ် အကြောင်းပြချက်များကို ဂရုမပြုတော့ပေ။ ၎င်းနှင့် တပည့်ဆာဖိတ် နှစ်ဦးတည်း သွားမည့်အကြောင်း၊ ၎င်းတို့ ဆရာတပည့် နှစ်ယောက်မှာ သင့်တော်သော ကာလအတွင်း မပေါ်ပေါက်လာခဲ့လျှင် ဤပစ္စည်း ရစ် အရပ်မှ တစ်နည်းနည်းဖြင့် ထွက်မြောက်ရန် မှာထားလေ၏။ ရင်နယ်မှာ တစ်ခုခုကို လုပ်ရန် ဆုံးဖြတ်ပြီးလျှင် ဖျက်၍ ရတော့မည့် လူစားမျိုး မဟုတ်သောကြောင့်၊ ကျွန်ုပ်လည်း စိတ်လေးလေးဖြင့် နောက်ထပ် တစ်စုံတစ်ရာ မပြောတော့ဘဲ ရင်နယ်တို့၏ ခရီးအတွက် လိုသည့် ပစ္စည်းများကို စီမံရပါတော့သည်။

နောက်တစ်နေ့ မွန်းလွဲအချိန်၌ ဒရယ်များ ပစ်ခတ်ရန် ဟူသော အကြောင်းပြချက်ဖြင့် ရင်နယ်နှင့် ဆာဖိတ်တို့သည် သေနတ်များ ယူဆောင်ကာ တောင်ကလေး၏ အောက်ခြေသို့ ထွက်ခွာသွားကြလေ၏။

ဟာရ၏ ခွင့်ပြုချက်အရ ကျွန်ုပ်တို့ လှုစုမှာ တောင်ကလေး၏ ကျောက်ကမ်းပါးကြီးတိုင် တက်ခွင့်ရကြ၏။ ကျွန်ုပ်တို့သည် တစ်ဦးနှင့် တစ်ဦး ခွဲခွာရသည့် အခိုက်အတန့်၌ အလွန် ဝမ်းနည်းကြေကွဲကြ၏။ အထူးသဖြင့် ဆာဖိတ်သည် အလွန် ဝမ်းနည်းလှစွာနှင့် မိခင်ကြီးထံသို့ နောက်ဆုံးရေးသော စာတစ်စောင်ကို ကျွန်ုပ်အား ထုတ်ပေးကာ၊ ၎င်းစာကို မိခင်ကြီးထံသို့ တစ်နည်းနည်းဖြင့် ရောက်အောင် ပေးပို့ရန် မှာကြားလေ၏။ ကျွန်ုပ်လည်း ဆာဖိတ်အား စိတ်အားတင်းရန် ကြိုးစားသော်လည်း အချည်းနှီးပင် ဖြစ်တော့၏။ ကျွန်ုပ်၏လက်ကို ဆွဲကာ ဆာဖိတ်သည် ကျွန်ုပ်ကဲ့သို့ သမာဓိနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကြီးတစ်ယောက်နှင့် တွေ့ဆုံရသည့်အတွက် ဝမ်းသာကြောင်း ပြောဆို၍၊ စီးကျလာသော မျက်ရည်စကို သုတ်ကာ ထွက်သွားလေ၏။

ရင်နယ်တို့၏ ခရီးဆောင် ပစ္စည်းများမှာ–

၁။ အစားအစာ လွယ်အိတ်တစ်လုံး၊

၂။ အရက်ချိုင့်တစ်ခု၊

၃။ သေနတ်နှစ်လက်၊

၄။ ခြောက်လုံးပြူး နှစ်လက်၊

၅။ မီးအိမ်တစ်ခု၊

၆။ မီးခြစ်သုံးလုံးတို့ ဖြစ်လေသည်။

အထက်ပါ ပစ္စည်းများကို ယူဆောင်ကာ ရင်နယ်တို့ ဆရာတပည့် နှစ်ယောက်သည် ထွက်ခွာသွားကြလေ၏။

မကြာမီ ဟင် သည် ဝမ်းနည်းလှသော မျက်နှာထားနှင့် ပြန်၍ လာရာ–

ကျွန်ုပ်။ ။ 'ဟင် မင်း ဘာဖြစ်လို့လဲ၊ မင်း ကြည့်ရတာ မျက်နှာ မကောင်းပါကလား'

ဟင်။ ။ 'ကျွန်တော် အလွန်ချစ်တဲ့ ဆာဖိတ်အတွက်ပါပဲ။ သူဟာ





ကျွန်တော့်အပေါ်မှာ အလွန် ကောင်းရှာတယ်၊ အခြား မျက်နှာဖြူများလို ကျွန်တော့်အပေါ်မှာ အနိုင်ကျင့်ချင်တဲ့စိတ် မရှိရှာဘူး။ အစားကောင်း အသောက်ကောင်းဆိုလျှင် ကျွန်တော့်ကို သတိရတာချည်းပဲ'

ကျွန်ုပ်၊ ။ 'သူ မကြာမီ ပြန်လာမှာပဲ၊ ဘာဝမ်းနည်းစရာ ရှိသလဲ'

ဟင်။ ။ 'အဲဒါ ထင်သလို မဟုတ်ဘူး။ သူ့မျက်လုံးမှာ သေမင်းရဲ့ အရိပ်အယောင်တွေ လျှမ်းနေတာကို ကျွန်တော် တွေ့ရတယ် အဘ'

ကျွန်ုပ်။ ။ 'ဒါဖြင့် ရင်နယ်မြို့စားကလေးတော့ ဘယ်လိုနေမလဲ'

ဟင်။ ။ 'သူ့အတွက်တော့ ဘယ်လိုမှ မတွေ့ရဘူး အဘ'

ကျွန်ုပ်သည် ဟင် အား ဤကဲ့သို့ ထင်မြင်ရသည့်အကြောင်း မေးရာ ဘာမျှ ကျေနပ်လောက်အောင် အဖြေမပေးပါ။

ကျွန်ုပ်တို့သည် ထိုည တစ်ညလုံး စိတ်လေးလှ၍ အိပ်၍ မရပါ။ နံနက် အရုဏ်တက်ခါနီး အချိန်တွင် တစ်စုံတစ်ယောက်သည် ကျွန်ုပ်တို့၏ ဝင်းတံခါးကို ခေါက်သံ ကြားရပါသည်။ ၎င်းနောက် ရင်နယ်၏အသံကို ကြားရပါသည်။ ကျွန်ုပ် မီးထွန်းနေစဉ် ဟင် က တံခါးကို ထဖွင့်ပေးလိုက်သဖြင့် ရင်နယ် ဝင်လာ၏။ ရင်နယ်၏ မျက်နှာကို မြင်ရခြင်းအားဖြင့် ကြောက်မက်ဖွယ် တစ်စုံတစ်ရာ ဖြစ်ပျက်လာခဲ့သည်ကို သိနိုင်၏။ ရင်နယ်သည် ရေများကို တစ်ခွက်ပြီး တစ်ခွက် သောက်ရင်း အောက်ပါ အဖြစ်အပျက်များကို ပြောပြလေ၏။

'ဆာဖိတ်တော့ သေရှာပြီ' ဟု ပြော၍ စကားကို ရပ်ကာ၊ ဆာဖိတ်အား သတိရဟန်နှင့် ငေးမောနေ၏။

၎င်းနောက် ဆက်လက်၍–

'ကျွန်တော်တို့နှစ်ယောက် တောင်ကလေးကို တက်ကြတော့ ဒရယ်ကလေးများကို တွေ့သော်လည်း သေနတ်ကို အသုံးမပြုဘဲ နေကြပါတယ်။ ညနေဆည်းဆာအချိန်မှာ ကျောက်ကမ်းပါးကြီးကို ရောက်ကြပါတယ်။ ဒီအခါမှာ လူဝင်နိုင်လောက်အောင် ကွဲအက်နေတဲ့ နေရာကို တွေ့ရပါတယ်။

ဒီ ကျောက်ကြားမှ လူ တက်နိုင်တဲ့ လမ်းကလေးတစ်လမ်း ခပ်လှမ်းလှမ်းမှ ကျောက်ဂူဝကြီးထဲ ဝင်သွားပြီး ပျောက်သွားပါတယ်။

'ကျွန်တော်တို့ ဘာလုပ်ရမလဲ စဉ်းစားနေခိုက် ကင်ဒါလူမျိုး ဆယ်ဦးခန့် ပေါ်လာပြီး ဘယ်လိုမှ မခုခံနိုင်မီ ကျွန်တော်တို့ကို ဖမ်းကြပါတယ်။ ၎င်းနောက် ကျွန်တော်တို့ သေနတ်နဲ့ ခြောက်လုံးပြူးများကို သိမ်းယူပြီး သူတို့အထဲမှ အကြီးအကဲတစ်ယောက်က ကျွန်တော့်အား ဦးညွတ်လျက် ဂူပေါက်ဝသို့ လက်ညှိုးထိုးကာ ရှေ့ကို ဆက်သွားလိုက သွားနိုင်သလိုလို လက်ပြပါတယ်။ ကျွန်တော်လည်း ခေါင်းညိတ်ပြပါတယ်။ ဒီနောက် ထိုသူများက ရယ်ကာမောကာ တောင်အောက်သို့ ဆင်းသွားပါတယ်။ ထိုသူများ ဆင်းသွားတော့ ကျွန်တော်က ဘာလုပ်ရမလဲ စဉ်းစားနေခိုက် နေဝင်ပြီး မှောင်သွားပါတယ်။ ကျွန်တော်က ဆာဖိတ်အား ဘယ်လိုလုပ်လျှင် သင့်တော်မလဲ မေးတော့၊ ဆာဖိတ်က "ကျွန်တော်တို့ ရှေ့ဆက် တက်ကြတာပေါ့၊ ဒီကောင်တွေက ကျွန်တော်တို့မှာ သေနတ် မပါရင် သတ္တိမရှိဘူးလို့ ထင်ကြလိမ့်မယ်။ သခင် မတက်ချင် နေရစ်၊ ကျွန်တော် တစ်ယောက်တည်း တက်ပါမယ်" တဲ့။

'ပြောပြောဆိုဆိုနဲ့ မီးအိမ်ကို ထွန်းပါတယ်။ ကျွန်တော်က ဆာဖိတ်အား အလွန်အံ့သြပြီး ကြည့်နေမိပါတယ်။ ဆာဖိတ်ကို တစ်ခုခုက တိုက်တွန်းနေတယ်လို့ ထင်ရပါတယ်။ ဘာကြောင့်လဲဆိုတော့ နောက်ဆုံး ဆာဖိတ် ပြောဖူးတဲ့ စကားကို သတိရမိလို့ ဖြစ်ပါတယ်။ သူပြောတာက–

"သခင် ကျွန်တော့်ကို ဂူထဲမှ တစ်စုံတစ်ခုက ခေါ်နေပါတယ်။ ကျွန်တော် မသွားဘဲ မနေနိုင်ပါ၊ သခင် ဒီအပြင်မှ စောင့်ကြည့်နေရစ်ပါ" တဲ့။

'ကျွန်တော်က ဆာဖိတ်အား မဝင်စေရန် လက်ကို ဆွဲထားသော်လည်း မရတော့ပါ။ ဆာဖိတ်က ဂူဝသို့ အတင်း ပြေးသွားပါတယ်၊ ကျွန်တော်လည်း ဂူဝသို့ လိုက်ပြေးပါတယ်။ ကျွန်တော် အဝရောက်တော့ ဆာဖိတ်ဟာ





ရှစ်ကိုက်လောက် ဂူတွင်းသို့ ရောက်နေတာကို သူ့မီးရောင်ကလေးအားဖြင့် မြင်ရပါတယ်။ ဒီနောက် အလွန်ကြောက်စရာကောင်းတဲ့ မြွေတွန်သံကြီး ကြားရပါတယ်။ ဆာဖိတ်က "အလို ဘုရား ဘုရား၊ တယ်ကြီးတဲ့ အသံပါကလား" လို့ ကြောက်အားလန့်အားနဲ့ အော်သံကြီးကိုလည်း ကြားရပါတယ်။ ဒီနောက် ဆာဖိတ်ဟာ ရှေ့သို့ ဟပ်ထိုး လဲသွားပါတယ်။ လက်ထဲမှ မီးအိမ်လည်း လွတ်ကျသွားပါတယ်။ သို့သော် မီးအိမ်မှ မီး မငြိမ်းပါ။ ကျွန်တော်က မီးအိမ်ကို ပြေးကောက်ပါတယ်။ ဆာဖိတ်က ဂူတွင်းဘက်သို့ အတင်းပြေးပါတယ်။ ကျွန်တော် လှမ်းကြည့်လိုက်တော့ ဆယ်တောင်ကွာလောက်တွင် ဆာဖိတ်ဟာ လက်နှစ်ဖက်ကို ရှေ့ဆန့်ကာ ဘယ်ယိမ်း ညာယိမ်းဖြင့် က နေပါတယ်။ မြွေတွန်သံကြီးမှာ စည်တီးပေးသလို ထင်စရာပါပဲ။

'ကျွန်တော်က မီးအိမ်ကို မြှောက်ကြည့်လိုက်တော့ အတွင်းဘက်၌ မြွေကြီးဟာ ဂူမိုးကို ထိလုခမန်း ပါးပြင်းကြီး ထောင်နေတာကို တွေ့ရပါတယ်။ မြွေကြီးဟာ ထန်းလုံးလောက် တုတ်ပါတယ်။ ကိုယ်မှာ အစိမ်းနဲ့ အနီကြားကာ မီးရောင်တွင် ဖိတ်ဖိတ်တောက်နေပါတယ်။ မြွေကြီးက ပါးပြင်းကြီးနဲ့ ညာဘက်ယိမ်းပြီး ဆာဖိတ်ကို သံရောင်တောက်နေတဲ့ မျက်လုံးကြီးများဖြင့် စူးစိုက်ကြည့်လိုက်တော့ ဆာဖိတ်ကလည်း ညာဘက်ယိမ်းပြီး က ပါတယ်။

'မြွေကြီးက ဘယ်ဘက်ယိမ်းတော့ ဆာဖိတ်ကလည်း ဘယ်ဘက်ယိမ်း ကပါတယ်။ ဒီနောက် မြွေကြီးက ဂူအမိုးထိအောင် အမြီးကြီး ထောင်ကာ ငြိမ်ငြိမ်နေလိုက်တော့ ဆာဖိတ်ကလည်း ဦးခေါင်းညွတ်ကာ ကိုယ်ကို ရှေ့ကိုင်းပြီး မြွေကြီးကို အရိုအသေ ပြုသလို ငြိမ်သက်စွာ နေပါတယ်။ ဒီနောက် ဖြူဖွေးနေတဲ့ အစွယ်ကြီးနှစ်ချောင်းနဲ့ ဆာဖိတ် ကျောကို ပေါက်လိုက်တော့ ဆာဖိတ်ဟာ ညည်းတွားပြီး မှောက်လျက်လဲပါတယ်။

'ဒီနောက် မြွေကြီးက သူ့ကိုယ်ကြီးနဲ့ ဆာဖိတ်ကို ရစ်ပတ်ပြီး

တဖျစ်ဖျစ် မြည်သံများ ကြားရပါတယ်။ ကျွန်တော်မှာ အားပြတ်ပြီး လဲမသွားရန် ခံရံကို မှီထားရပါတယ်။ ဆာဖိတ်ရဲ့ကိုယ်ဟာ ပြားချပ် ပျော့ခွေနေတာကို မြင်ရပါတယ်။ ဒီနောက် မြွေကြီးက ကျွန်တော့်ကို မျက်လုံးကြီးနဲ့ လှမ်းကြည့်လေတော့ ကျွန်တော်လည်း မရက်နိုင်တော့ဘဲ တစ်ခါတည်း ဂူထဲမှ ထွက်ပြေးခဲ့ပါတယ်'

ကျွန်ုပ်။ ။ 'ခင်ဗျားကို အပြစ်တင်စရာ မရှိပါဘူး။ ဟင် အရက်ပြင်းပြင်း ရေမရောဘဲ ငါ့ပေးစမ်း။ ငါကိုယ်တိုင် ဂူကြီးထဲ ဝင်ကြည့်ရသလိုပဲ၊ ကျောချမ်းလွန်းလို့'

၎င်းနောက် ရင်နယ်မြို့စားက ဆက်လက် ပြောပြန်သည်မှာ–

'ကျွန်တော်တို့အကြောင်းကတော့ ဒါပါပဲ၊ ရှေ့ဆက်ပြီး ပြောစရာ မရှိတော့ပါ။ ကျွန်တော်လည်း ရောက်မိရောက်ရာ ပြေးလာခဲ့တော့ လမ်းအမှားမှားနဲ့ မြို့အစွန် ရောက်တော့မှ လာလမ်းကို မှတ်မိပါတော့တယ်။ တစ်ခု ပြောစရာ ရှိတာကတော့ ကျွန်တော် တောင်ပေါ်က မျက်စိလည်ပြီး ဆင်းလာတုန်း ကျွန်တော့်ကို လူတွေ ပြောင်ကြသလိုလို၊ ရယ်ကြသလိုလို၊ လှောင်ကြသလိုလို အသံတွေ နားထဲမှာ ကြားနေရပါတယ်'

ကျွန်ုပ်တို့သည် အတန်ကြာ ငြိမ်သက်စွာ ထိုင်နေကြပြီးနောက် ဟင်က–

'အဘ မိုးလည်း လင်းလာပြီ။ ကျွန်တော် ဆာဖိတ် ကိုယ်စား ဝမင်းချက်ရတော့မှာလား။ ဆာဖိတ်ကို မြွေကြီးက စားသလို မြွေကြီးကို ကျွန်တော် စားချင်တယ်။ မြွေသားဟာ စားလို့ အလွန်ကောင်းတယ် အဘ'

အခန်း ၁၄

## "ဟင်" သော့ခိုးခြင်း

အချိန်အနည်းငယ် ကြာသောအခါ ကင်ဒါလူတစ်စုသည် ကျွန်ုပ်တို့ထံသို့ လာရောက်ကာ ဆာဖိတ်နှင့် ရင်နယ်တို့ ကိုင်ဆောင်သော သေနတ်၊ ခြောက်လုံးပြူးနှင့် မီးအိမ်များကို ပေးပို့ကြ၏။ ကျွန်ုပ်တို့လည်း ဘာမှ မပြောဘဲ ၎င်းတို့ လာပေးသော ပစ္စည်းများကို လက်ခံလိုက်၏။

ထိုနေ့ ညနေလောက်တွင် ဟာရု ပေါ်လာ၍ ဆာဖိတ်ကို မမြင်၊ ဘယ်သို့ ခရီးလွန်နေပါသနည်း ဟု မေးရာ ကျွန်ုပ်လည်း ဟန်ဆောင်ခြင်းငှာ မတတ်နိုင်ဘဲ ဒေါသဖြင့်–

'အို မုတ်ဆိတ်ဖြူနှင့် လူညာကြီး၊ သင်က ဆာဖိတ်အကြောင်းကို မသိလေဟန် မမေးပါနှင့်။ ဆာဖိတ်ကား ဂူတွင်းစံ မြွေမ၏ဝမ်းဗိုက်တွင် အသက်ကုန်ရှာလေပြီ'

ဟာရု။ ။ (ရင်နယ်ကို ကြည့်၍) 'အို မျက်နှာဖြူ အမတ်ကြီး၊ အရှင်သည် တောင်တော်၏ ဂူဝသို့ အလည်ရောက်မိပါသလား။ ဆာဖိတ်သည် မြွေများ၏ မိတ်ဆွေဖြစ်၍ မြွေများသည် ဆာဖိတ်ကို အားကြီး ချစ်ပါသည်။ ဆာဖိတ် အိတ်ထဲမှ မြွေများ ထွက်လာသည်ကို အရှင် မှတ်မိသည် မဟုတ်ပါလော။ ဆာဖိတ်ကား ယခုအခါ မြွေအကြောင်းကို ကောင်းကောင်း သိလေပြီ မဟုတ်ပါလော'

ရင်နယ်။ ။ 'ဟယ် လူသတ်သမား၊ သင့်ကို ငါ သတ်ချင်လှပြီ'

ဟာရု။ ။ 'စိတ်မရှိပါနဲ့ အရှင်၊ မြွေကြီးသည် သူ့အစာကို စားရခြင်း ဖြစ်ပါသည်။ မြွေ ရှိရာသို့ သွားသောသူ၏ အပြစ်သာ ဖြစ်ပါသည်။ ကျွန်ုပ်က အရှင့်အား မသွားရန် သတိပေးဖူးသည် မဟုတ်ပါလော၊ ယခု ကျွန်ုပ်က

ထပ်မံ သတိပေးလိုက်ပါမည်။ အရှင်တို့သည် မြေရှိရာသို့ သွားလိုက သွားနိုင်ပါသည်။ မည်သူမျှ မတားဆီးစေရပါ။ အရှင်တို့ကပင် မြွေကြီးကို သတ်နိုင်ကောင်း သတ်နိုင်ပါလိမ့်မည်။ သို့သော် ထိုအရပ်သို့ သွားလိုသော သူသည် လက်နက်များ ကိုင်ဆောင်ခွင့်ရမည် မဟုတ်ပါ။ သို့သော် ထိုဂူအတွင်းမှ ဖြတ်သွားသော လမ်းသည် သူငယ်တော် စံပျော်ရာ ဗိမာန်သို့ သွားသော လမ်း မဟုတ်ပါ။ လမ်းမှန်ကိုကား အရှင်တို့ တွေ့ရမည် မဟုတ်ပါ'

ရင်နယ်။ ။ 'ငါတို့ လာရခြင်း ကိစ္စမှာ သင်တို့ ခိုးယူထားသော ကျွန်ုပ်၏ ခနီးကို ပြန်တောင်းရန်ပင် ဖြစ်သည်။ သို့အတွက် ကျွန်ုပ်၏ ချစ်ခနီးကို ပြန်ပေးပါလော့'

ဟာရ။ ။ 'ဒီဟာတွေ အလွန်မှားပါသည်။ အရှင့်ဇနီးကို ကျွန်ုပ်တို့ မခိုးပါ။ အယ်လင်အရှင် ကျွန်ုပ်တို့ နယ်အတွင်းသို့ ဝင်လာခြင်းမှာ မိန်းမအတွက်ကြောင့် မဟုတ်ပါ။ ဂျန ဆင်ကြီးကို ပစ်သတ်ရန် ဖြစ်ပါသည်။ အရှင်လည်း ၎င်းနှင့်အတူ မိတ်ဆွေအဖြစ် လိုက်ပါလာခြင်း ဖြစ်ပါသည်။ အရှင်နှင့် အရှင့်တပည့်မှာ ကျွန်ုပ်တို့အား ခွင့်မပန်ကြားဘဲ အစောင့်တော် မြွေကြီးထံသို့ သွားကြ၍ အရှင့်တပည့် သေရခြင်း ဖြစ်ပါသည်။ ခွင့်မပြုသော နေရာသို့ သွားခြင်းအတွက် သေဒဏ်ပေးလိုက်သည် မဟုတ်ပါလော'

ရင်နယ်။ ။ 'အသင် သတ်လိုလျှင် ကျွန်ုပ် သေရန် အသင့်ရှိပါတယ်'

ဟာရသည် ရင်နယ်အား ရှိုးမွမ်းသော မျက်နှာထားဖြင့် ကြည့်ကာ–

'အရှင်သည် အလွန် ရဲရင့်လှပါ၏။ ကျွန်ုပ်တို့သည် အရှင်တို့အား သတ်လိုသော ဆန္ဒ မရှိပါ။ နောက်ဆုံးတစ်နေ့ အားလုံး လမ်းမှန်ကို တွေ့ရပါလိမ့်မည်။ ကျွန်ုပ်တို့၏ သူငယ်တော်သာလျှင် ရှေ့အဖြစ်အပျက်ကို ကြိုတင်၍ သိနိုင်ပါသည်'

၎င်းနောက် ဟာရသည် ဟင်ဘက်သို့ လှည့်ကာ–

'အသင်လည်း ကြားသည် မဟုတ်လော၊ ကျွန်ုပ်တို့၏ အစောင့်တော်





မြွေကြီးသည် အလွန် ဆာတတ်ပါသည်။ အသင်ကဲ့သို့ သေးငယ်သော လူတစ်ကိုယ်စာလောက်မှာ မြွေကြီး၏ ခံတွင်း၌ ဆားမြည်းရုံသာ ရှိပါလိမ့်မည်'

ဟာရ၏စကားကို ကြားလျှင်၊ ဟင်သည် ဟာရ၏ ဣန္ဒြေကြီးသော မျက်နှာကြီးကို မလှုပ်မယှက်ဘဲ ကြည့်ပြီးလျှင် ဤသို့ ဆိုလိုက်၏။

'မုတ်ဆိတ်ဖြူ မုသာဝါဒီကြီးရဲ့ စကားကို ကျွန်ုပ် ကြားပါတယ်။ သင် ပြောနေသော စကားများသည် ကျွန်ုပ်နှင့် ဘာမျှမဆိုင်ပါ။ ကျွန်ုပ်၏ ရန်သူကား ကျွန်ုပ်၏ သခင်ကို သတ်လိုသော ဂျန ဆင်ကြီးသာ ဖြစ်သည်။ အသင်၏ မြွေကြီးနှင့် ကျွန်ုပ် ဘာဆိုင်သနည်း။ မြွေကြီးကို မသတ်နိုင်ဟု ထင်ပါသလော၊ အသင်တို့၏ မြွေကြီးသည် သင်တို့မုန်းသော ဂျန ဆင်ကြီးကို သတ်နိုင်ပါသလော။ ဤမျှလောက် အသုံးချ၍ မရလျှင် တုတ်တစ်ချောင်းဖြင့် ၎င်း၏ဦးခေါင်းကို အဘယ်ကြောင့် မရိုက်ဘဲ ထားပါသနည်း။ အသင် ကြောက်လျှင် ၎င်းတာဝန်ကို ကျွန်ုပ်အား လွှဲပေးပါလော့'

ဤကဲ့သို့ လေသန်သန်ကြီး ပြောရင်း ဟင်သည် ကြမ်းပေါ်သို့ တံတွေးများ တွေးချလိုက်သေး၏။

ဟာရ။ ။ 'အသင် နိုင်လျှင် မြွေကြီးကို သွားသတ်လော့။ သင် သွားလိုလျှင် သွားနိုင်သည်၊ ဘယ်သူမျှ မတားဆီးပါ။ မြွေကြီးကို သင် သတ်နိုင်လျှင် သင့်အား "မြွေ ရှင်ဘုရင်" ဟူသော ဘွဲ့ထူးဖြင့် ကျွန်ုပ်တို့က ချီးကျူးလိုက်ပါမည်'

ဟင်သည် ဟာရ ပြောသော စကားများကို ပြန်၍ မဖြေဘဲ ငြိမ်သက်စွာ နေသည်နှင့်၊ ဟာရလည်း ကျွန်ုပ်ဘက် လှည့်ကာ–

'အရှင့်အနာ ယခုတိုင် မပျောက်သေးပါကောလား။ ကျွန်ုပ် သူငယ်တော်ထံမှ ၎င်းအနာအတွက် ဖယောင်းချက် ယူဆောင်ခဲ့ပါသည်။ ၎င်း ဖယောင်းချက်ကို အရှင်၏ အနာတွင် တင်ပါလေ၊ ကေန်မုချ သက်သာပါလိမ့်မည်'

ဟု ဆိုကာ ကျွန်ုပ်တို့ထံမှ ပြန်သွားလေ၏။

ကျွန်ုပ်သည် ဟာရ ပေးထားခဲ့သော ဖယောင်းချက်ကို ဤနေ့ညမှာပင် အနာပေါ်သို့ တင်လိုက်ရာ၊ နံနက် လင်းလျှင်လင်းချင်း အနာမှာ ယူပစ်လိုက်သကဲ့သို့ ပျောက်သွားပါတော့သည်။ ၎င်းဆေးကို ကျွန်ုပ်သည် တရိုတသေ သိမ်းထားသော်လည်း အသုံးများသောကြောင့် ယခုအခါ ကျွန်ုပ်ထံ၌ မရှိတော့ပါ။

ဟာရသည် ကောက်ပဲသီးနှံများ သိမ်းဆည်းရေးအတွက် အထူးအလုပ်ရှုပ်နေ၍ ကျွန်ုပ်ထံသို့ ၇ ရက်လောက် မလာနိုင်တော့ပေ။ ဤအတောအတွင်း ကျွန်ုပ်သည် မြို့၏ အခြေအနေကို အပြင်းပြေ လိုက်ကြည့်ခြင်း၊ မြင်းစီးခြင်း၊ လမ်းလျှောက်ခြင်းဖြင့် အချိန်ကုန်လွန်စေပါသည်။

ကျွန်ုပ်သည် ဟင်နှင့်အတူ တောင်တော်ကလေး၏ နံဘေး၌ တောင်စွယ် တစ်လျှောက်ကို လျှောက်၍ ကြည့်ရှုရာ၊ မြေကြီးရှိသော ဂူဝသို့ ရောက်မှန်းမသိ ရောက်သွားကြပါသည်။ ကျွန်ုပ်လည်း ဂူဝတွင် ရပ်၍ အတွင်းသို့ မျှော်မှန်းကြည့်နေစဉ် တစ်ကိုယ်လုံး အဝတ်ဖြူ ဝတ်ထားသော လူတစ်ယောက် ပေါ်လာ၍ ကျွန်ုပ်တို့အား အပြင်းပြေ ဝင်ကြည့်ရန် ပြော၏။

ကျွန်ုပ်သည် ထိုသူအား ပြုံးကာ ၎င်းသူ ထိန်းကျောင်းရန် ရှိသော မနီးမဝေးရှိ ဆိတ်များ၏ ချောမွေ့သော အမွေးများနှင့် ဆိတ်များ၏ မျိုးရိုးကို ဟန်လုပ်ကာ ချီးမြှမ်း၏။ ၎င်း ဆိတ်များမှာ သာမည ဆိတ် မဟုတ်။ တောင်တော်အစောင့်၏ အစာဖြစ်ကြောင်း၊ ၎င်းဆိတ်များကို လဆန်းတိုင်း ဆန်းတိုင်း တစ်ကောင်ကျ ဆက်သရကြောင်း ပြောပြ၍ သိရပေ၏။

အစောင့်တော်သည် မည်သူ ဖြစ်ပါသနည်းဟု မေးသောအခါ ထိုသူသည် ပြုံးရယ်လျက်–

'သိလိုလျှင် ဂူတွင်းသို့ ကိုယ်တိုင် ဝင်ကြည့်ပါလော့'

ဟု ဆိုကာ မြေကြီးစံရာ ဂူသို့ လက်ညှိုး ညွှန်လေတော့၏။ ၎င်း၏ ဖြူစင်သော စေတနာကို အသေအချာ သိရပါသည်။





ထိုနေ့ ညနေ၌ ဟာရသည် မမျှော်လင့်ဘဲ ကျွန်ုပ်ထံသို့ အလည်ရောက်လာ၏။

သူ၏ မျက်နှာမှာ တစ်စုံတစ်ရာအတွက် စိုးရိမ်ကြောင့်ကြဟန် လက္ခဏာ ရှိပါသည်။ ဟာရက–

'အရှင် ကျွန်ုပ်သည် လဆန်း တစ်ရက်နေ့၌ တောင်တော်ပေါ်သို့ တက်ရောက်ပါမည်။ သူငယ်တော်အား ပူဇော်ပွဲ ကျင်းပပြီးသကာလ အမိန့်တော် ပြန်တမ်းများကို နာခံရပါမည်။ အထူးအကြောင်းမှာ ဂျူနှင့် စစ်ဆင်ရမည့်အကြောင်း ပါရှိပါလိမ့်မည်။

ကျွန်ုပ်။ ။ 'ပူဇော်ပွဲကြီးကို ကျွန်ုပ်တို့ မလိုက်နိုင်ဘူးလား'

ဟာရ။ ။ 'လာနိုင်ပါသည် အရှင်။ သို့သော် ဘုရားသခင် မျက်မှောက်ဝယ် လက်နက် မကိုင်နိုင်ပါ။ လက်နက်စွဲကိုင်လျှင် သေဖို့ရန်ပင် ဖြစ်ပါတယ်။ အရှင်သည် သူငယ်တော်၏ ဗိမာန်သို့သွားသော လမ်းကို သိပြီး ဖြစ်ပါတယ်။ ဤမှ မြင်ရသော ဂူကြီးထဲမှ ဖြတ်သန်းပြီးလျှင် ဂူတစ်ဖက်ရှိ တောကြီးကို ကျော်မိသောအခါ ဗိမာန်တော်သို့ ရောက်ပါသည်'

ကျွန်ုပ်။ ။ 'ကျွန်ုပ်တို့ ဂူကို ဖြတ်ကျော်နိုင်လျှင် ဗိမာန်တော်သို့ လာနိုင်သည်ဟု ဆိုလိုပါသလား'

ဟာရ။ ။ 'မှန်ပါတယ်၊ အရှင်တို့အား အထူး ဧည့်သည်တော်အဖြစ်ဖြင့် လက်ခံပါလိမ့်မည်။ အရှင်တို့အား ဘေးအန္တရာယ် မရောက်ရအောင် ကျွန်ုပ် တာဝန်ခံပါတယ်။ သို့သော် အရှင် အဘယ့်ကြောင့် သူရူးစကား ပြောနေပါသလဲ၊ ဂူထဲ ဝင်သောသူဟာ ထွက်လမ်း မရှိဘူးဆိုတာ အရှင် အသိ ဖြစ်ပါတယ်။ ဂူတွင်း၌ နေသူကို တစ်ခါကြည့်လိုက်လျှင် ဖိုဖိန့် ကင်းကွာရကြောင်းကို အရှင် သိပါတယ်။ ထိုဂူတွင်းစံအား လက်နက်ဖြင့် ပစ်ခွင်းရန် ကြံစည်ပါလျှင် ဒီအကြံကို လက်လျှော့ပါ။ ထိုဂူထဲသို့ လက်နက်နှင့် မဝင်ရန် တားမြစ်ထားပါ၍ အရှင်တို့အား နေ့ညမပြတ် စောင့်ကြပ်လျက် ရှိပါသည်။ လက်နက် တစ်စုံတစ်ရာ ကိုင်စွဲကာ ၎င်းဂူကို မဝင်ပါဟု အာမ မခံနိုင်လျှင် ကျွန်ုပ် မပြန်လာမချင်း ဤအိမ်အတွင်းမှ အရှင်တို့ကို ထွက်ခွင့် မပြုနိုင်ပါ'

ရင်နယ်မြို့စားကလေးကမူ ဟာရု တောင်းဆိုချက်ကို မပေးလိုပေ။ သို့သော် ဟင် က–

'အဘရာ ဒီအိမ်ထဲ နေရမယ့်အတူတူ သေနတ်မပါ၊ ဓားမပါဘဲ အပြင်ဘက်မှာ လွတ်လွတ်လပ်လပ် သွားလာနေရတာက ကောင်းပါသေးတယ်' ဟု ပြောလိုက်သေး၏။

ကျွန်ုပ်တို့သည် နောက်ဆုံး၌ လက်နက် မစွဲကိုင်ပါဟု ကတိပေးလိုက်၏။

ဟာရု။ ။ 'အရှင်တို့၏ အာမခံချက် လုံလောက်ပါပြီ။ ဤနယ်ထုံးစံမှာ ကတိဖျက်သော သူအား တာဝမြစ် တစ်ဖက်ကမ်းရှိ ဂျုနဆင်သို့ အစီရင်ခံရန် ပို့ကြပါသည်။ ကျွန်ုပ်တို့ ပွဲတော်ပွဲ၌ မတွေ့ဆုံရလျှင် ဤအိမ်သို့ ကျွန်ုပ် အပြန်တွင် လာခဲ့ပါမည်။ အရှင်တို့လည်း ဤပွဲတော်ပွဲသဘင်ကြီးသို့ မပျက်မကွက် ကြွရောက်ကြရန် ထပ်မံ၍ ကျွန်ုပ်က ဖိတ်ကြားပါသည်'

ဟု ပြောင်ချော်ချော် မျက်နှာထားဖြင့် ပြောပြီးနောက်၊ ဟာရုသည် စောင့်ဆိုင်းလျက်ရှိသော ကုလားအုပ်ကြီး စီးကာ ပျောက်ကွယ်သွားပါသည်။

ရင်နယ်။ ။ 'ဒီတောင်ပေါ် တက်ဖို့ ဒီပြင်လမ်းတော့ ရှိမှာပဲ။ ဒီကုလားအုပ်တွေနဲ့ ဂူထဲကို ဘယ်လိုနည်းနဲ့မှ ဖြတ်သွားနိုင်မှာ မဟုတ်ဘူး'

ကျွန်ုပ်။ ။ 'ရှိတန် ကောင်းပါရဲ့၊ သို့သော် ကုလားအုပ်နှင့် သွားရမည့် လမ်းမှာ ဝေးလွန်းလှ၍ ကျွန်ုပ်တို့ စိတ်ကူးထဲထည့်ဖို့ မလိုဘူးထင်တယ်။ ဒီဂူတွင်းမှ ဖြတ်သွားတဲ့ လမ်းကိုသာ စိတ်ကူးကြပါစို့'

ထိုနေ့ ညစာ ထမင်းစားချိန်တွင် ကျွန်ုပ်၏ တပည့်ရင်း ဟင် မှာ ပျောက်နေတော့၏။ ကျွန်ုပ်၏ အရက်သေတ္တာနှင့် အခြားပစ္စည်းများ ထားသော သေတ္တာသော့တွဲလည်း ပျောက်နေ၍ အရက်ပုလင်း အချို့လည်း ကွဲနေ၏။

ကျွန်ုပ်။ ။ 'ရင်နယ်၊ ဟင် တော့ သော့ခိုးပြီး အရက်တွေ ဖွင့်ယူသွားပြီ။ ဒီကောင် ဘယ်သွားမူးနေသလဲပဲ'





ဟု ပြောပြီးနောက် ကျွန်ုပ်တို့သည် အသီးသီး အိပ်ရာသို့ ဝင်ကြလေ၏။ နောက်တစ်နေ့ အလုပ်မရှိသောသူတို့ ဓလေ့အတိုင်း အိပ်ရာမှ နေမြင့်မှ ထ၍ နံနက်စာကိုလည်း နေမြင့်မှ စားကြ၏။ ကျွန်ုပ်လည်း ကြက်ဥ စားလို၍ မီးဖိုသို့ သွားရန် ဟန်ပြင်ခိုက်တွင် ဟင် သည် ကော်ဖီများ ယူလာလေ၏။

'"ဟင်"၊ မင်းဟာ သူခိုးပဲ'

'ဟုတ်ပါတယ် အဘ'

'မင်း ငါ့သေတ္တာထဲက အဆိပ်ပုလင်းကို ယူတယ် မဟုတ်လား'

'ယူမိပါတယ် အဘ၊ ကျွန်တော် ညက လမ်းလျှောက်မိပါတယ်။ ယခု အားလုံး နေသားတကျ ရှိပါပြီ။ ကျွန်တော့်ကို စိတ်မဆိုးပါနဲ့ အဘ'

ကျွန်ုပ်သည် ဟင် အား ဆုပုကြိမ်းမောင်းနေလျှင် အကျိုးမမြင်သောကြောင့် သူပေးသော ကော်ဖီများကို သောက်လိုက်၏။ ၎င်းပြင် ဟင် ၏ အမူအရာမှာ အရက်မူးနေသော သူနှင့် မတူလှပေ။ ကျွန်ုပ်တို့ စားသောက်ပြီးသောအခါ ဟင်သည် ကျွန်ုပ်တို့ ရှေ့ရှိ ဖျာပေါ်၌ တင်ပျဉ်ခွေ ထိုင်ကာ ဆေးတံမီးညှိပြီး သောက်၍ ရုတ်တရက် ဤသို့ မေး၏။

'အဘ ဟိုဂူကြီးထဲကို ဒီည ဖြတ်မလား။ ဒီလိုဆိုရင် လမ်းရှင်းပါတယ်'

ကျွန်ုပ်။ ။ (မသက်သာသော မျက်နှာဖြင့်) 'မင်း ဘာပြောတာလဲ၊ မူးနေသေးသလား'

ဟင်။ ။ 'မမူးပါဘူး အဘ၊ ဂူတွင်းအောင်း သတ္တဝါကြီးဟာ ကာလနဂါးကြီးပဲ'

ကျွန်ုပ်။ ။ 'မင်း ဘယ့်နှယ်သိသလဲ'

ဟင်။ ။ 'ကျွန်တော် ညက သွားပြီး ဒီအကောင်ကြီး တစ်ခါတည်း အိပ်အောင် လုပ်ပစ်ခဲ့တယ်။ ဘယ်တော့မှ ထ တော့မှာ မဟုတ်ဘူး၊ တစ်ခါတည်း သေအောင် လုပ်ခဲ့တာပဲ'

ကျွန်ုပ်။ ။ 'မင်းဟာ မူးရူးမပေါ်ဘဲ အရက်မူးပြီး ပြောချင်တာတွေ ပြောနေတာ မဟုတ်လား'

ရင်နယ်။ ။ '"ဟင်" ဒီလို မဟုတ်တရုတ်တွေ ပြောဖို့ရာ အချိန် မဟုတ်ဘူးကွ။ မင်းမှာ လုံ မပါ၊ ဓား မပါဘဲ ဒီသတ္တဝါကြီးကို ဘယ်လိုလုပ် သတ်ခဲ့သလဲ'

ဟင်။ ။ 'အရှင်တို့ မယုံလျှင် ကိုယ်တိုင် လိုက်ကြည့်ပါ'

ကျွန်ုပ်။ ။ 'မင်း မမူးဘူးဆိုတာ အသေအချာ မသိရမချင်း မလိုက်ဘူး'

ဟင်။ ။ 'ကျွန်တော် မဟုတ်တာ မပြောပါဘူး။ (ဆေးတံကို လေးလေးပင်ပင်ကြီး တစ်ရှူချင်း သောက်ကာ) ဒီအလုပ်ဟာ သိပ်လွယ်ပါတယ်။ အဘ မှတ်မိတယ် မဟုတ်လား။ တောင်ပေါ်မှာ တွေ့ခဲ့တဲ့ ဆိတ်တွေလေ၊ အစောင့်တော်ဖို့လို့ ဆိုတာလေ'

ကျွန်ုပ်။ ။ 'အေး မှတ်မိတယ်၊ ဘာဖြစ်သလဲ'

ဟင်။ ။ 'တောင်ပေါ်မယ် နေတဲ့သူအဖို့ ဆိုတော့ ဘယ်သူဖြစ်မလဲ၊ မြွေကြီးဖို့ပေါ့'

ကျွန်ုပ်။ ။ 'မင်းက ဒီလိုသိရုံနဲ့ မြွေကြီးကို ဘယ်လို သတ်နိုင်သလဲ'

ဟင်။ ။ 'အစားမတော် တစ်လုပ် ဆိုတဲ့ စကားပုံကို ကြားဖူးတယ် မဟုတ်လား။ ဒီစကားပုံဟာ လူအတွက် ဆိုလိုတာ မဟုတ်ဘူး၊ မြွေများအဖို့ အလွန်မှန်တယ်။ ကျန်တာ တွေးသာ ကြည့်ပါတော့လေ'

ကျွန်ုပ်။ ။ 'ဟောကောင် ကုန်အောင်ပြော၊ ငါ မတွေးတတ်ဘူး'

ဟင်။ ။ 'အဘ သေတ္တာထဲမှာ အဆိပ်ပုလင်းတွေ ရှိတယ် မဟုတ်လား။ အဲဒီအဆိပ်ပုလင်းကို ယူပြီး ဆိတ်တွေထားတဲ့ တောင်ကလေးပေါ် ကျွန်တော် သွားပါတယ်။ သွားတော့ ဘာအစောင့်မှ မတွေ့တာနဲ့ နေကလည်း မဝင့်တဝင် အချိန်မှာ ဆိတ်တစ်ကောင်ရွေးပြီး ဆွဲထုတ်လာခဲ့တယ်။





ဒီဆိတ် ကိုယ်တစ်ကိုယ်လုံး အဆိပ်ရည်တွေ လူးပြီး မြွေကြီးနေတဲ့ ဂူဝထိအောင် ဆွဲသွားတာပေါ့။ ဆိတ်ကလည်း အော်လိုက်တာ။ ဒါပေမဲ့ ဘယ်သူမှ မရှိလို့ တော်ပါသေးတယ်။

'ကျွန်တော်လည်း ဆိတ်ကို ဂူထဲဝင်အောင် ဘယ်လို လုပ်ရပါ့မလဲလို့ အကြံရ ကြပ်နေတုန်း၊ ဂူဝလောက်လည်း ရောက်ရော ဆိပ်လည်း အအော်ရပ်ပြီး မလှုပ်မယှက်ဘဲ ရပ်နေတော့တာပဲ။ ဒီနောက် ဆိတ်က ခုန်ပြီး ရှေ့တိုးလိုက်၊ ရပ်နေလိုက် လုပ်နေသေးတယ်။ နောက်ဆုံး ဆိတ်ကြီးဟာ တစ်ရှိန်ထိုးခုန်ပြီး ဂူထဲကို ဝင်ပြေးပါတယ်။

'ကျွန်တော်လည်း အထဲ ဘာဖြစ်နေတယ်ဆိုတာ ကြည့်ချင်တဲ့ စိတ်က နိုးဆော်နေတာနဲ့ ချောင်းကြည့်တော့ မှောင်ကြီးထဲမှာ ရဲရဲတောက် နီနေတဲ့ မြွေကြီးရဲ့ မျက်လုံးကြီး နှစ်လုံးကို မြင်ရတယ်။ မြွေကြီးဟာ ရေနွေးအိုးထဲက အငွေ့ထုတ်တာလို တရှူးရှူး မြည်တယ်။ ဒီနောက်တော့ သတ်ပုတ်လုံးထွေးနေတဲ့ အသံ၊ အရိုးတွေ ချေမွနေတဲ့ အသံ၊ ရေစုတ်ပြွန်ကြီးက ရေစုတ်သလို အသံကြီးတွေ ဆက်ကာဆက်ကာ ကြားရပါတယ်။ နောက်ဆုံးမှာ အားလုံး ငြိမ်သွားလေတော့ ကျွန်တော်လည်း ဂူနဲ့ ခပ်လှမ်းလှမ်း သွားပြီး စောင့်ကြည့်နေပါတယ်။

'ခန့်မှန်းခြေအားဖြင့် နာရီဝက်လောက်ကြာတော့ ဂုံနီအိတ်ထဲကို စပါးခွံထည့်ပြီး ဂုန်ရုံကို ရိုက်နေတဲ့ အသံမျိုး ကြားရပါတယ်။ ဒီတော့ ကျွန်တော်က ဒီအကောင်ကြီး အစာအိမ်တော့ နာစပြုပြီ၊ အဆိပ်တွေ တန်ခိုးပြပြီ ထင်တယ်လို့ တွေးတောနေတုန်း ဂူထဲက တရှူးရှူး တရှားရှား မြည်သံများ ကြားရပါတယ်။

'အို မကြည့်ဝံ့ပါဘူး အဘရယ်၊ ထန်းလုံးလောက်ရှိတဲ့ မြွေကြီး ဂူဝမှ ထွက်လာပါရော။ ကျွန်တော့်မှာ ကြက်သီးမွေးညင်းတွေ တဖြန်းဖြန်း ထလို့ပေါ့လေ။ မြွေကြီးဟာ တဖြည်းဖြည်း ထွက်လာပြီး ဟိုတွန့်လိုက် ဒီလိမ်လိုက်နဲ့ အမြီးကြီး ထောင်လို့ထောင်၊ ပါးပြင်းကြီး ထလို့ထ လုပ်ပြီး

ကျောက်ခဲတွေ ကိုက်လိုက်၊ သူ့ဗိုက်သူ ကိုက်လိုက် လုပ်နေတော့တာပဲ။ ကျွန်တော်လည်း ကျောက်တုံးကြီးနား ပြားနေအောင် ဝပ်ပြီး ပုန်းနေရပါတယ်။ နောက် မြွေကြီးဟာ မြင်းပြေးသလောက်မက အရှိန်ကြီးနဲ့ တောင်အောက် ဆင်းပြေးပါရော။

'အဲဒီတော့မှ ဒီအကောင်ကြီး မပြန်တဲ့လမ်းတော့ သွားရှာပြီ၊ ငါလည်း အိမ်ပြန်ဖို့ အချိန်တန်ပြီဆိုတာ သတိရပါတယ်။ ဒါပေမဲ့ ကျွန်တော် ပြန်လာရင် မှောင်နဲ့မည်းမည်း တစ်နေရာမှာ ဒီအကောင်ကြီးနဲ့ တွေ့ရင် ခက်ချေရဲ့လို့ စိတ်ကူးရတာနဲ့ အရုဏ်တက်အောင် ကျောက်တုံးကြီးဘေးမှာ ထိုင်နေရပါတယ်။

'ကျွန်တော် တွေးကြောက်မိတာလည်း ခပ်ကောင်းကောင်းပဲ။ နောက် နာရီဝက်လောက် ကြာတော့ ဒီအကောင်ကြီးဟာ မီးရထား စက်ခေါင်းက ရေနွေးငွေ့လွှတ်တဲ့ အသံကြီးမျိုးနဲ့ လားလား ပြန်လာပြန်တယ်။ ဒါပေမဲ့ သွားတုန်းကလောက် မမြန်တော့ဘဲ ခပ်လေးလေးပဲ လာနိုင်တော့တယ်။ ပြီးတော့ ဂူကြီးထဲကို ဝင်ပြီး တရှူးရှူးနဲ့ မြည်နေရာမှ တဖြည်းဖြည်း တိုး၍ တိုး၍ သွားပြီး နောက်ဆုံး ဘာသံမျှ မကြားရတော့ပါ။ ကျွန်တော်လည်း နောက်ထပ် နာရီဝက်လောက် အခြေအနေကို စောင့်ကြည့်နေသေးတယ်။ နောက် တကယ့်အခြေအနေကို သိလိုတာနဲ့ ဂူထဲ ဝင်ကြည့်ဖို့ ဆုံးဖြတ်ပါတယ်။

'ဒီတော့ အဆင်သင့် ပါလာတဲ့ မီးအိမ်ကို ညှိပြီး လက်တစ်ဖက်က တုတ်ကိုင်ကာ တစ်လှမ်းချင်း သတိထားပြီး ဝင်ပါတယ်။ ဆယ်လှမ်းလောက် သွားမိတော့ မြေကြီးပေါ်မှာ ဖြူဖြူကြီး တန်းနေတာ တွေ့ရပါတယ်။

'တကယ် သေမသေ အမြီးကို မီးရှို့ကြည့်တော့ မြွေကြီးဟာ မလှုပ်ရှားတော့ပါဘူး။ ဒီလို အသေအချာ သိရတော့မှ ဂူထဲက ဝမ်းမြောက်ဝမ်းသာ ထွက်လာခဲ့ပါတယ်။

'ကျွန်တော် ဒီသတ္တဝါကြီး သတ်ခဲ့ရတာ ပျော်လို့ကို မဆုံးပါဘူး။





ဆောဖိတ်အတွက် ကျွန်တော် လက်စားချေခဲ့ပါပြီ။ အဘတို့ လိုရာခရီးလည်း သွားနိုင်အောင် ဆောင်ရွက်ခဲ့ပါပြီ'

ကျွန်ုပ်မှာ ဟင်၏ ဉာဏ်ကို ချီးမွမ်းပြီးနောက် ရင်နယ်မြို့စားကလေးဘက် လှည့်ကာ–

'ဘယ့်နှယ်လဲ၊ ဘာလုပ်မလဲ' ဟု မေးပါသည်။

ရင်နယ်။ ။ 'ညအထိ ဘာမှ မလုပ်နိုင်သေးဘူးပေါ့။ ညရောက်တော့ ဂူထဲ ဝင်ပြီး ဘာရှိတယ်ဆိုတာ ကြည့်ကြရုံပေါ့။ ဟရက ဒီဂူထဲက ဖြတ်သွားရဲလျှင် သူတို့ရဲ့ ဘုရားပူဇော်ပွဲကို လာနိုင်ပါတယ်လို့ ပြောတယ် မဟုတ်လား'

ကျွန်ုပ်။ ။ 'ဟရဟာ ဒီစကားကို တကယ် တည်ပါ့မလား'

ရင်နယ်။ ။ 'မတည်ဘူးလို့ ထင်စရာအကြောင်း မရှိပါဘူး။ မတည်လည်း ဂရုမစိုက်ပါဘူး။ ဘာပဲဖြစ်ဖြစ် ဒီအိမ်ထဲ အလကားထိုင် အချိန်ဖြုန်း နေရတာထက်တော့ တော်ဦးမှာပဲ'

ကျွန်ုပ်လည်း ဟရ၏ ပြောဆိုချက်အရ ကျွန်ုပ်တို့အား အဘယ်နည်းနှင့်မျှ သတ်၍ မဖြစ်မည်ကို တွေးတောမိပါသည်။ ကျွန်ုပ်တို့ နှစ်ဦးသည် သူတို့အဖို့၌ အလွန် အသုံးဝင်သော သူနှစ်ဦး မဟုတ်ပါတဲ့လော။

ကျွန်ုပ်လည်း ရင်နယ်နှင့် အတူ လိုက်ပါမည့် အကြောင်းကို ပြောလေ၏။

ရင်နယ်။ ။ 'ဒီလိုဆိုရင် ခင်ဗျားအတွက် မစိုးရိမ်ရဘူးလား'

ကျွန်ုပ်။ ။ 'ဟုတ်ကဲ့၊ ကျွန်ုပ်တို့နှစ်ဦး နောက်ကို ခွဲပြီး အလုပ်လုပ်မယ်ဆိုရင် အလွန်မှားတဲ့ လမ်းကို လိုက်ရာကျမှာပေါ့။ ကျွန်ုပ်တို့ဟာ ယနေ့မှစပြီး မခွဲတဲ့ သေအတူ ရှင်အမျှ နေကြရင် ကောင်းမယ် ထင်တာပဲ။ နောက်ပြီးတော့ ကျွန်ုပ်တို့ နှစ်ယောက်ဟာ ကံတူအကျိုးပေးနဲ့ တူနေတယ်'

အခန်း ၁၅

## ဘုရားသခင်မျက်မှောက်၊ ကျိန်စာသောက်ခြင်း

ထိုနေ့ည နေလုံးကွယ်ပျောက်သည့် အချိန်တွင် ကျွန်ုပ်တို့ သုံးဦးသည် ကင်ဒါလူမျိုးများ ဝတ်ကြသော အကျီရှည် အဖြူကြီးများကို ဝတ်ကာ၊ ထုတ်ကိုယ်စီနှင့် မီးအိမ်များကို အိတ်အတွင်း ထည့်၍ အစားအသောက် အနည်းငယ်စီ ယူဆောင်ကာ ထွက်ခဲ့ကြပါသည်။ မြို့အစွန်နားတွင် ကင်ဒါလူဖြူအချို့နှင့် တွေ့သည်။ ၎င်းတို့အထဲ၌ ကျွန်ုပ်တို့ကို ကောင်းမွန်စွာ သိကျွမ်းသော သူများလည်း ပါရှိပေ၏။ သို့ရာတွင် အကြီးအကဲ ဖြစ်ပုံပေါ်သူက မသက်သာသလို ကြည့်ပြီး–

'အရှင်တို့ အထဲမှာ လက်နက်များ ပါပါသလား'

ကျွန်ုပ်။ ။ 'အလိုရှိလျှင် ရှာနိုင်ပါသည်။ မပါပါ'

'အရှင်၏ စကားကို ယုံပါပြီ၊ ရှာစရာ မလိုတော့ပါ။ အရှင်တို့မှာ လက်နက်မပါလျှင် သွားလိုရာကို သွားနိုင်ပါတယ်။ ဒါပေမဲ့ အရှင်တို့ကို တောင်းပန်လိုပါတယ်၊ ဟိုဂူထဲကိုတော့ အရဲစွန့်ပြီး မဝင်ကြပါလေနဲ့။ အဲဒီဂူကြီးဟာ တစ်ခါရောက်လျှင် တစ်ခေါက်မပြန်သော ဂူကြီး ဖြစ်ပါတယ်။ အရှင်တို့အတွက်ရော ကျွန်ုပ်တို့အတွက်ပါ တောင်းပန်ပါတယ်'

'ဂူတွင်းမှာ အိပ်ပျော်နေသူကို နှိုးဖို့ရန် မရည်ရွယ်ပါ' ဟု စကားပရိယာယ်ဖြင့် ကျွန်ုပ်က ပြန်ပြောပါသည်။





ဟင် အား ရှေ့သွားခေါင်းဆောင်ပြု၍ လာခဲ့ကြရာ နာရီဝက်ခန့်တွင် ဂူဝသို့ ရောက်ကြပါသည်။ အမှန်ပြောရလျှင် ဤမျှ တိုတောင်းလှသော အချိန်ကလေးအတွင်း ဤကြောက်မက်ဖွယ်ကောင်းသော ဂူဝသို့ ရောက်လာခြင်းကို ကျွန်ုပ် မနှစ်မြို့နိုင်ပါ။ လမ်းတစ်လမ်းလုံး ကျွန်ုပ်၏ ဦးနှောက်မှာ အမျိုးမျိုးသော ကြောက်စရာ အွေးလုံးများဖြင့် ပြည့်နှက်၍ နေပါသည်။ ဟင် သည် မိမိ၏ အရက်မူးသည့်အဖြစ်မှ ရုတ်တရက် ရှောင်ရလွယ်အောင် လုပ်ဆောင်၍ ပြောခြင်း မဖြစ်နိုင်ပေဘူးလား။ တကယ် ဟုတ်စေဦးတော့၊ ဤမျှလောက် ကြီးမားသော မြွေကြီးမှာ ခေတ္တ အဆိပ်ရှိန်ကြောင့် မိန်းမော၍ နေခြင်းတော့ မဖြစ်ပေဘူးလား။ ဤမြွေကြီး သေပြီထားဦး၊ သူ့အပေါင်းအဖော်များ ဤဂူထဲတွင် မကျန်ရစ်ပေဘူးလား။ ကျန်ရစ်ခဲ့လျှင် သူတို့အဖော်ကို သတ်သောသူများ သွေးကို သောက်ရန် အားလုံးက စောင့်ဆိုင်း မနေကြပေဘူးလား။

ဤသို့ တွေးတောကာ လာမိတာ မှားပြီဟု စဉ်းစားမိပါသည်။ သို့သော် မထူးတော့ပြီ။ နောက်မဆုတ်နိုင်တော့၊ ဖြစ်လိုရာ ဖြစ်စေတော့ ဟူသော ဆုံးဖြတ်ချက်နှင့် ဂူဝသို့ ရောက်လာပါတော့သည်။ ဂူဝမှာ သချိုင်းကဲ့သို့ ငြိမ်သက်လှတော့၏။ ရဲရင့်သော ဟင်သည် မီးအိမ်ကို ညှိကာ–

'အဘတို့ ဒီကပဲ စောင့်နေကြဦး။ ကျွန်တော် ဝင်ကြည့်လိုက်ဦးမယ်။ ကျွန်တော် တစ်စုံတစ်ခု ဘေးဥပဒ်နှင့် တွေ့နေရင် အဘတို့အားလုံး အသက်ဘေးမှ လွတ်အောင်သာ ပြေးကြပေတော့'

ဟင် ပြောလိုက်သော စကားမှာ အလွန် ယောကျ်ားပီသလှပါသည်။ ကျွန်ုပ်ကိုပင် ကျွန်ုပ် တွေး၍ ရှက်မိသေးသည်။ ဟင် က ထိုသို့ ပြောဆိုပြီး ပျားကဲ့သို့ လျင်မြန်၍၊ ကြောင်ကဲ့သို့ ငြိမ်သက်သော ခြေလှမ်းတို့ဖြင့် ဂူတွင်းသို့ ပျောက်ကွယ်သွားလေ၏။ ကျွန်ုပ်တို့မှာ အသည်းတထိတ်ထိတ် ရှိလှသည်။

သို့သော် တစ်မိနစ်ခန့်ကြာလျှင် ဟင်သည် ထွက်ပေါ်လာကာ ရယ်မောလျက်–

'အားလုံး ကိစ္စတုံးပါပဲ။ မြွေကြီးဟာ ဆာဖိတ်နောက်ကို ကောက်ကောက်ပါအောင် လိုက်သွားတာ အမှန်ပါပဲ။ အခုလောက်ကြာ ငရဲမီးထဲမှာ တလူးလူး တလိမ့်လိမ့် နေရှာတော့မှာပဲ။ ဝင်ခဲ့နိုင်ကြပါပြီ'

ကျွန်ုပ်တို့လည်း ဂူတွင်းသို့ ဝင်သွားကြရာ ကြမ်းပြင်ပေါ်တွင် စန့်စန့်ကြီး သေနေသော မြွေကြီးကို တွေ့ရပါသည်။ အတော်ပင် ရောင် လျှက်ရှိပေသည်။ ကျွန်ုပ်၏ နှာခေါင်းဝသို့ တိုးဝင်လာသော ညှီစို့စို့ အနံ့ကြီးမှာ ဘယ်အခါမှ ပျောက်နိုင်မည် မဟုတ်ပါ။ အလွန်ပင် စက်ဆုပ်ဖွယ် ကောင်းလှပါ၏။ ဤမြွေကြီးသည် ဤဂူတွင်း၌ နှစ်ပေါင်းကြာမြင့်စွာ နေခဲ့၍၊ ဤကဲ့သို့ ဆိုးဝါးသော အနံ့များ တစ်ဂူလုံး စွဲကပ်နေခြင်းမှာ မထူးဆန်းလှပေ။

ဂူ၏ ကြမ်းပြင်တစ်ခုလုံးတွင် အရိုးစု အရိုးပုံများနှင့် ပြည့်နက်နေ၏။ ၎င်းတို့အကြားတွင် လတ်လတ်ဆတ်ဆတ် ဆိတ်ဦးခွံနှင့် လူ၏ အရိုးစုကို တွေ့ရ၏။ ဆာဖိတ်၏ အရိုးများ ဖြစ်ပေမည်။

ဂူမိုး၊ ဂူနံရံများမှ ယိုးထွက်နေသော ကျောက်စွန်း ကျောက်နံ့စွယ်များမှာလည်း မြွေရေများဖြင့် တွဲရရွဲရှိလျက် တသီတတန်းကြီး တွေ့ရသည်။ ထို့ကြောင့် မြွေကြီး၏ တစ်နှစ် တစ်ကြိမ် အရေလဲခြင်းမှာ ကာလ ကြာလှပြီဖြစ်ကြောင်းကို သိနိုင်လေသည်။ ကျွန်ုပ်တို့လည်း ရင်တဖိုဖိုနှင့် ရှေ့ ဘာများ တွေ့ရဦးမည်နည်း ဟု တွေးတောရင်း လျှောက်ခဲ့ကြသည်။ သို့သော် ဘာမျှ မထူးခြားတော့ပေ။

နောက်မှ ကင်ဒါလူမျိုးများထံမှ သိရသည်မှာ ၎င်းမြွေကြီးသည် စစ်သုံ့ပန်း ကင်ဒါလူနက်များဖြင့် ယစ်ပူဇော် ကျွေးမွေးထားသော ပြဿာကြီး ဖြစ်ပေ၏ ။

ဂူ၏ အလျားမှာ ကိုက်တစ်ရာငါးဆယ်လောက် ရှိမည် ထင်ပါသည်။ ၎င်းသည် လူ၏ လုံ့လဖြင့် ဖန်တီးထားသော ဂူမဟုတ်၊ သဘာဝအလျောက် ပေါ်ပေါက်နေသော ဂူကြီး ဖြစ်ပေသည်။ ကျောက်ကြီးများမှာ မီးတောင်ကျောက်များဖြစ်၍၊ ၎င်းဂူကြီး ဖြစ်ပေါ်လာရခြင်း အကြောင်းရင်းမှာ





မီးတောင်၏ အခိုးအငွေ့များဖြင့် ချော်ရည်များ မှုတ်ထုတ်လိုက်သော အရှိန်ကြောင့် ပေါ်ပေါက်လာဟန် ရှိပေသည်။

ဂူ၏ အခြား တစ်ဖက်စွန်းသည် တဖြည်းဖြည်း ကျဉ်းမြောင်း၍ သွားရာ ထွက်ပေါက် မရှိမှာပင် စိုးရိမ်ရ၏။ သို့သော် ဂူအဆုံး၌ လူတစ်ယောက် မတ်တတ်ရပ်သွားနိုင်သော အပေါက်ကလေးတစ်ခု တွေ့ရလေသည်။ ဤလမ်းသည် ကင်ဒါလူမျိုးတို့ ကိုးကွယ်သော "သုငယ်တော်ဘုရား" ၏ ဗိမာန်သို့ သွားသော လမ်းမဟုတ်ကြောင်း ထင်ရှား၏။

၎င်းအပေါက်မှ ထွက်ခဲ့ကြရာ ကျွန်ုပ်တို့သည် ချော်ရည်များ စီးဆင်းသွားဟန်ရှိသော ကျယ်ပြန့်သည့် ချောက်ကြီးကို တွေ့ရပါသည်။ ၎င်းအက်ကြောင်းကြီးမှာ တောအတိ ဖုံးလွှမ်းလျက် ရှိပေသည်။ ဤတောကြီး တစ်ခုလုံး အခြေအနေကို မြင်ရခြင်းဖြင့် ရှေးယခင်က ၎င်းတောင်ကြီးမှာ မီးတောင်ကြီး ဖြစ်ခဲ့ကြောင်း သိရှိနိုင်လေသည်။

ကျွန်ုပ်တို့သည် ချော်ရည်ဆင်းသွားသော အက်ကြောင်းကြီးထဲသို့ သတိဖြင့် ဆင်းကာ တစ်ဖက်ရှိ တောင်ကမ်းပါးယံသို့ တက်ကြသည်။ တောင်ပေါ်ရှိ သစ်ပင်များမှာ ကြီးကျယ် မြင့်မားလှပေသည်။ သို့သော် တစ်ပင်နှင့်တစ်ပင် နီးနီးကပ်ကပ် မရှိကြပါ။ သစ်ပင်ချုံနွယ်များလည်း မများလှ။ အကြောင်းမှာ သစ်ပင်ကြီးများ အုပ်ဆိုင်းထားသောကြောင့် ချုံနွယ်မြက်ပင်များ ပေါက်ရောက်နိုင်လောက်အောင် အပူဒီဂရီ မရနိုင်သည့်အတွက် ဖြစ်ပေသည်။

ပင်စည်ကြီးများနှင့် သစ်ကိုင်းကြီးများမှာ ညှို့မှိုင်းသော ရေညှိများ ဖုံးလွှမ်းနေလျက် စုန်း၊ ကဝေ၊ တစ္ဆေ၊ သရဲများ သဏ္ဌာန်ဆောင်၍ နေသည်ဟု ထင်ရပါသည်။ ၎င်းသစ်ပင်ကြီးများ အောက်၌ မှောင်အတိ ဖုံးလွှမ်းနေ၍ ကျွန်ုပ်တို့၏ ရှေ့တွင် တစ်တောင်မျှလောက်ပင် မမြင်နိုင်ပါ။ သို့သော် ကျွန်ုပ်တို့သည် ရပ်နားခြင်း မရှိကြဘဲ ဟင် က ရှေ့ဆောင်ကာ ခရီးကို တွင်တွင်ကြီး သွားကြပါသည်။ "သုငယ်တော်ဘုရား" ၏ ကျောင်းတော်မှာ

မြောက်ဘူးစူးတွင် ရှိ၍ ကျွန်ုပ်တို့၏ တောင်မြောက်ပြန့်တရိကို ဗိုးနှင့်ကြည့်ကာ လမ်းစဉ်ကို မှန်းဆနိုင်ကြပါသည်။

တစ်နာရီပြီး တစ်နာရီ တောင်ကြီးကို တက်ခဲ့ကြရာ သစ်ပင်ကြီးများကို တိုးမိခြင်း၊ လဲနေသော သစ်ပင်ခြောက်ကြီးများကို တိုက်မိခြင်းများ မကြာခဏ တွေ့ကြုံရပါသည်။ ကျွန်ုပ်တို့သည် ဤမျှလောက်ဖြင့် ကိုယ်ကာယ အန္တရာယ် မဖြစ်သော်လည်း စိတ်၏ အနှောင့်အယှက်မှု တွေ့ကြုံရပေသည်။ အသို့ဟူမူ ၎င်းတောကြီး၏ ပင်ကိုသဘောတရားမှာ တမြွေ ခြောက်သော အိမ်ပျက်ကြီးထဲသို့ ဝင်ရောက် လှည့်လည်နေသကဲ့သို့ပင် ဖြစ်တော့၏။ ဤကဲ့သို့ မှတ်ထင်ရခြင်း အကြောင်းမှာလည်း မှောင်ကြီးအတိ ပိတ်ဆီးသည်က တစ်ကြောင်း၊ သစ်ပင် သစ်ရွက်အကြားတွင် ညည်းတွားသည်နှင့်တူသော လေ၏ အသံကြောင့် သော်လည်းကောင်း၊ မကြာမီကလေးတွင်မှ ကြောက်မက်ဖွယ်ကောင်းသော ဂူတွင်းမှ လွတ်ကင်းခဲ့ရခြင်းကြောင့် သော်လည်းကောင်း၊ သို့တည်းမဟုတ် ကျွန်ုပ်တို့၏ အသက်ကို ရက်စက်စွာ နုတ်ယူရန် စောင့်စားနေသော သေမင်း၏ စေတမန်များကြောင့် သော်လည်းကောင်း ဖြစ်ရပေမည်။

ကျွန်ုပ်တို့ မသိမမြင်ရသော ကြောက်မက်ဖွယ်များသည် ဤတော ဤတောင် ဤဒေသကြီးကို လွှမ်းမိုးလျက် ရှိပေလိမ့်မည်။ ကျွန်ုပ်တို့သည် ဤကဲ့သို့ မည်မည်ရရ ဘာမျှမရှိဘဲ ရိုးတွင်းချဉ်ဆီခိုက်အောင် ထိုးဝင်လျက်ရှိသော ကြောက်စိတ်တွေမှာ မကြုံဖူးအောင်ပင် ရှိပေတော့သည်။ (နောက်၌ ရင်နယ်ဖြို့စားကလေးသည်လည်း ကျွန်ုပ်ကဲ့သို့ပင် ဖြစ်ခဲ့ရကြောင်း ပြောပြ၍ သိရပါသည်။)

မှောင်အတိ မိုက်လျက်ပင် ရှိသော်လည်း ကျွန်ုပ်သည် မှောင်ကြီးထဲတွင် သတ္တဝါန်အမျိုးမျိုး မြင်ရသည်ဟု မှတ်ထင်မိပါသည်။ ဂျုန ဆင်ကြီး၏ မည်းမည်းသတ္တဝါန်ကို ခပ်ဝေးဝေးတွင် မြင်မိသလိုလို ထင်ပါသည်။ ကျွန်ုပ်





၏ ထင်မြင်ချက်ကို ဟုတ်မှန်ကြောင်း ဟင်က တီးတိုးပြောလိုက်သောအခါ သာ၍ ထင်ရှားပါတော့၏။

ဟင်။ ။ 'အဘ ဟိုမှာ ကြည့်စမ်းပါ၊ မီးရဲနေတဲ့ သံခဲကြီးလို ဝင်းနေတဲ့ မျက်စိကြီးနဲ့ ဂျုန ကြီး မဟုတ်လား'

ကျွန်ုပ်။ ။ 'မရှုးစမ်းပါနဲ့ကွယ်၊ ဘယ့်နှယ် ဂျုနကြီး ဒီတောင်ပေါ်ကို လာနိုင်ပါ့မလဲ။ ဒီ လာနိုင်တယ် ထားဦးတော့၊ ဒီလောက် မှောင်တဲ့အထဲ သူ့ကို တို့ မြင်နိုင်ပါ့မလား'

ဤကဲ့သို့ ပြောပင် ပြောရသော်လည်း-

"ဂျုနကြီးဟာ ဒီတောင်ပေါ်မှာ ဝိညာဉ်အဖြစ်နဲ့ဖြစ်စေ၊ နဂိုအဖြစ်နဲ့ဖြစ်စေ၊ တစ်ခါတစ်ရံ တွေ့ရတတ်တယ်" ဟု ဟာရု၏ ပြောခဲ့သော စကားကို သတိရကာ ကျောချမ်းမိပါတော့သည်။

သို့သော်လည်း မကြာမီ ဂျုန ၏ သဏ္ဍာန်ကြီးမှာ ကွယ်ပျောက်၍ သွားလေ၏။ ကျွန်ုပ်တို့သည် မကြာခဏ တောပတ်လည်မှ ငိုသံလိုလို၊ ညည်းသံလိုလို၊ စကားပြောသံလိုလို ကြားရပါသည်။ ကောန်အမှန် ကျတ်တွေ၊ တဈေတွေ ဖြစ်ဟန်တူသည်။

ကျွန်ုပ်တို့သည် ဤမျှ ဆိုးသွမ်းသော ခရီးကို အသည်းတထိတ်ထိတ်နှင့် လာခဲ့၍၊ နောက်ဆုံး၌ တဖြည်းဖြည်း သစ်ပင်များ ပါးလျားလာပြီး ကြယ်များကိုပင် မြင်လာရပါတော့သည်။

ကျွန်ုပ်တို့မှာ အလွန်ကျေးဇူးများလှပါသည်။ ကျွန်ုပ် မှတ်မိသော ကြယ်တစ်လုံးမှာ တောင်တော်ကလေး၏ အထွတ် မြောက်တည့်တည့်တွင် တည်ရှိသောကြောင့်၊ ၎င်းကြယ်ကို မျက်နှာမူကာ ကျွန်ုပ်တို့ ခရီးသွက်သွက် သွားနိုင်ကြပါသည်။

နေအရုဏ်မကျင်းမီ နာရီဝက်ခန့်အလို၌ ရှေ့မှ အတွင်သား သွားလျက်ရှိသော ဟင်သည် ရုတ်တရက် ရပ်လိုက်ကာ-

'ရပ်ကြပါ ရပ်ကြပါ။ ကျွန်တော်တို့ ကမ်းပါးရဲ့ အစွန်းအဖျားပေါ် ရောက်နေကြပါတယ်'

ကျွန်ုပ်သည် တုတ်ဖြင့် စမ်းသပ်ကြည့်လိုက်ရာ လေထဲသာလျှင် တုတ်ကြီးတန်းလန်း ဖြစ်နေတော့၏။

ရင်နယ်မြို့စားကလေးသည် မီးခြစ်၍ ကြည့်မည်ပြုရာ လှသံများလို လို ကြားရပြီး အောက် ကိုက် ငါးဆယ်လောက်ဆီမှ မီးခွက်များ လှုပ်ရှားနေသည်ကို မြင်ရသောကြောင့် မီးမခြစ်ဝံ့တော့ဘဲ ကြွက်ကလေးများကဲ့သို့ ငြိမ်သက်ကာ နေ၏။ အလင်းရောင်ကိုသာ စောင့်စားရတော့၏။

နံနက်မိုးသောက် အရုဏ် ရောက်လတ်သော် ကျွန်ုပ်တို့ အောက်ဆီမှ အလွန်ချိုမြသော သီချင်းသံကလေးများသည် နံနက် လေပြည်ကလေးနှင့် အတူ ပါ၍လာလေသည်။ မကြာမီ ထိုအသံများ ပျောက်ကွယ်သွားပြီး လှသံ ခြေသံများ၊ ကုလားထိုင် ရွှေ့သံများကို ကြားရပြန်၏။ ၎င်းနောက် ချိုအေးသာယာလှသော မိန်းမ သီချင်းဆိုသံတစ်ခု ပေါ်လာပြန်သည်။ ၎င်းသီချင်းမှာ မည်သည့်ဘာသာဖြင့် ဆိုနေကြောင်းကို ကျွန်ုပ် အသေအချာ မပြောနိုင်ပါ။

ကျွန်ုပ်သည် ရင်နယ်၏ တုန်လှုပ်နေသော လက်ကို စမ်းမိတော့၏။

ကျွန်ုပ်။ ။ (လေသံဖြင့်) 'ဘာဖြစ်တာလဲ'

ရင်နယ်။ ။ (လေသံဖြင့်) 'ယခုကြားရတဲ့ အသံဟာ ကျွန်တော့်မိန်းမရဲ့ အသံပဲ'

ကျွန်ုပ်။ ။ 'ဒီလိုဆိုရင် ခင်ဗျားစိတ်ကို ချုပ်တည်းထားဖို့ ကျွန်တော် တောင်းပန်ပါတယ်'

ဤအချိန်၌ ကောင်းကင်ကြီး တစ်ခုလုံးမှာ မီးလုံးကြီး တောက်သကဲ့သို့ နီရဲ၍ လာလေပြီ။ ကျွန်ုပ်တို့အောက်ရှိ ကျောက်ကမ်းပါးကြီးအတွင်းဝယ် စောစောက အုပ်ဆိုင်းလျက်ရှိသော နှင်းများကို ပယ်ခွင်းလိုက်လေသည်။ ကျွန်ုပ်တို့၏ မျက်စိရှေ့တွင် အားလုံးသော အရာများမှာ ထင်ရှားစွာ





ပေါ်လွင်လာလျက်၊ ယခု ကျွန်ုပ်တို့သည် မီးများ အလျှံပြောင်အောင် ထွက်ဖူးသော မီးတောင်ဟောင်းထိပ် တွင်းကြီး နှုတ်ခမ်းတစ်ဖက်တွင် ရောက်ရှိနေကြောင်းကို သိရတော့၏။ ၎င်းတွင်း၏ အောက်ခြေမှာ စက်ဝိုင်းသဏ္ဌာန်ကဲ့သို့ တစ်ဧကလောက် ရှိပေလိမ့်မည်။ အထဲတွင် အဆောက်အအုံကြီး တစ်ခုနှင့် အခြား အဆောက်အအုံကလေးများကို မြင်ရသည်။

အီဂျစ်ပြည်ရှိ ဘုရားကျောင်းဆောင်များနှင့် သဏ္ဌာန်တူသည်။ ၎င်းအဆောက်အအုံ ရှေ့ရှိ ကျောက်ပြားများ ညီညာစွာ ခင်းထားသော နေရာလွတ်ကြီး၌ စိုက်ထူထားသော ကျောက်တိုင်ကြီးများကား ချောမွတ်လှ၍ ထိပ်များတွင် ပန်းအိုးကြီးများသဏ္ဌာန် ပန်းခက်ပန်းလက်တို့ဖြင့် ဆန်းကြယ်စွာ ထုလုပ်ထားပေသည်။

ဤ နေရာလွတ်ကြီးနှင့် မနီးမဝေးတွင် ပထမ မြေရာလောက် မကျယ်ပြန့်သော ဒုတိယ မြေရာလပ်တစ်ခု ရှိပြန်သည်။ ထိုမြေရာအေးတွင် တစ်ဆယ့်နှစ်ပေခန့်ရှိ ကျောက်အတိပြီးသော အဆောက်အအုံ ကလေးမှာ "သူငယ်တော်ဘုရား"၏ စံပျော်ရာ ဗိမာန်ဖြစ်ဟန် ရှိပေ၏။

၎င်းဗိမာန်၏ တံခါးဝ အပြင်ဘက်တွင် ကျောက်တုံးနက်ကြီးတစ်ခုမှာ ပလ္လင်ကဲ့သို့ ညီညာလေသည်။ ထိုကျောက်တုံးကြီးပင်လျှင် "ဘုရားသူငယ်"၏ ပလ္လင်အဖြစ် သုံးကြောင်းကို တွေ့မြင်ရပါသည်။ ဗိမာန်နောက်တွင် လေးထောင့်သဏ္ဌာန် တိုက်ကလေးရှိ၍ ပြတင်းပေါက်ကလေးများဖြင့် ပြည့်နှက်နေသည်။ အဆောက်အအုံကြီးရှေ့ဝယ် လူသုံးရာခန့် ကုလားထိုင်များဖြင့် ထိုင်လျက် ရှိကြရာ မြောက်ဘက်မှာ ယောကျ်ားများ၊ တောင်ဘက်တွင် မိန်းမများ ဖြစ်ကုန်၏။ အားလုံးမှာ ဖြူဆွတ်သော အဝတ်များကို ဝတ်ဆင်လျက် ယောကျ်ားများ၏ ဦးခေါင်းမှာ ခေါင်းတုံးအတိုင်း ပြောင်အောင် ရိတ်ထားပြီး၊ မိန်းမများမှာမူ တစ်ကိုယ်လုံး ခေါင်းမြီးခြုံကာ မျက်နှာကလေးများသာ ဖော်ထားကြသည်။

ဘုရားပရိဝုဏ် အတွင်းဝယ် အရှေ့ဘက်တစ်ခု၊ အနောက်ဘက်

တစ်ခု လမ်းနှစ်ခုရှိ၍၊ ထိုလမ်းများသည် မီးတောင်ယောင်းကြီး၏ ပေါက်ကွဲနေသော နံရံအက်ကြောင်းကြီးမှ လာခြင်း ဖြစ်၏။

နေရောင် တော်တော်လင်းသောအခါ ဘုရားအဆောက်အအုံထဲမှ ဟာရ ခေါင်းဆောင်ကာ ဘုန်းကြီး တစ်ဆယ့်နှစ်ပါး ထွက်ပေါ်လာ၍ လက်ဝဲဘက်တံခါးမှ မယ်သီလ တစ်ဆယ့်နှစ်ပါး ထွက်လာသည်။ မယ်သီလများမှာ အသက်အရွယ်အားဖြင့် မကြီးသေးဘဲ အားလုံး ပြေပြေပြစ်ပြစ် ချောချောမွေ့မွေ့ ရှိကြကုန်၏။

သီလရှင်ကလေးများသည်လည်း သာယာချိုအေးစွာ သီချင်းများ သီဆိုကာ "သူငယ်တော်ဘုရား"၏ ဂန္ဓကုဋိတိုက်တော်ကလေးဘက်သို့ သွားကြကာ၊ ဘုရားဆောင်ကလေး၏ ရှေ့ရှိ ကျောက်နက်ပလ္လင်ပေါ်သို့ ပန်းများကို တစ်ယောက်ပြီးတစ်ယောက် အသီးသီး ရိုသေစွာ တင်ကြ၏။

၎င်းနောက် ဘုန်းတော်ကြီးများက တစ်ဖက်၊ မယ်သီလများက တစ်ဖက်၊ ပလ္လင်၏ရှေ့တော်တွင် တစ်ဖက်စီ တန်းလျက်ရပ်ကာ ဟာရသည် ပန်းများကို ကိုင်ပြီး နေသို့လည်းကောင်း၊ လသို့လည်းကောင်း၊ ပလ္လင်သို့လည်းကောင်း ပါးစပ်မှ ရွတ်ဆိုကာ ပူဇော်ပသလေ၏။

ဤစဉ်၌ အားလုံးသည် ခေတ္တမျှ ငြိမ်သက်နေကြပြီး ဟာရ၏ ဆုတောင်းအဆုံးတွင် ပြိုင်တူ သီချင်းဆိုကြလေသည်။ သီချင်းတစ်ပိုဒ် တစ်ပိုဒ် အဆုံးတွင် အားလုံး အရှေ့သို့ လည်းကောင်း၊ အနောက်သို့ လည်းကောင်း၊ ပလ္လင်တော်သို့ လည်းကောင်း ဦးညွှတ်ကြလေ၏။ ၎င်းနောက် အားလုံး ငြိမ်သက်၍နေစဉ် ဘုရားသခင်၏ ဗိမာန်တံခါး ပွင့်လာပြီး အိုင်ဇစ် ခေါ် ကျွန်ုပ်တို့ အီဂျစ်ပြည်တွင် တွေ့မြင်ခဲ့ဖူးသော ဘုရားသခင်မ ပုံသဏ္ဌာန် အတိုင်း ဝတ်ဆင်ကာ မိန်းမတစ်ဦး ထွက်လာပါသည်။

ဝတ်ဆင်သော အထည်မှာ အလွန်နုးညံ့ ပါးလွှာလှ၍ ၎င်းအဝတ်ရှင်၏ ဖြူဆွတ်သော အသားအရေများကို ဖောက်တွင်း မြင်နိုင်ပါ၏။ ၎င်းမိန်းမ၏ ရွှေရောင်တောက်ပသော ဆံပင်မှာ နောက်သို့ ဖြေကာ ချလျက်၊





ခေါင်းပေါ်တွင် လှပသော ရွှေရုပ်ကလေးနှစ်ကောင် တပ်ဆင်ထားသည့် ဦးသရဖူကို ဆောင်းထားလေသည်။

ထိုမိန်းမ၏ ရင်ခွင်ဝယ် အဝတ်မပါ၊ ဆင်စွယ်ဖြင့် ထုလုပ်ထားသော ကလေး၏ ပုံတော်ကလေးကို ပိုက်လျက် ရှိပေ၏။ သူ့နောက်၌ကား ငှက်ဖြူမွေးများ ဦးခေါင်းတွင် ဆင်မြန်းထားသော သီလရှင်နှစ်ပါး ပါလာလေသည်။

ရင်နယ်။ ။ 'အလို ဘုရား၊ ရှေ့ဆုံးက အိုင်ဇစ်ဟာ ကျွန်တော့် မိန်းမ ပါကလား'

ကျွန်ုပ်။ ။ 'ဒီလိုဆိုရင် ခင်ဗျား မိန်းမကို အသက်နှင့် ပြန်တွေ့ရတဲ့ အတွက် ဘုရားသခင်ကို ကျေးဇူးတင်ရမှာပေါ့'

၎င်းနောက် ဟာရသည် မိမိလက်မှ ပန်းစည်းကို "သူငယ်တော် ဘုရား" ၏ နှုတ်ခမ်းကလေးနှင့် တို့ပြီး၊ အိုင်ဇစ် နှုတ်ခမ်းကို ရိုသေစွာ တို့ပြန်၏။ ထို့နောက် အိုင်ဇစ်အား အရန် မယ်သီလများက တွဲဆောင်ကာ ပလ္လင်တော်အနီးရှိ ကျောက်သားပကာတိဖြင့် ပြီးသော ကုလားထိုင်ကြီးပေါ်တွင် ထိုင်စေလေ၏။

အိုင်ဇစ်ရှေ့တွင် ဖန်သပိတ်တစ်လုံး ချကာ သပိတ်အတွင်းဝယ် မီးထည့်ပြီး ဆေးမှုန့်များကို ပက်ဖြူးလိုက်ရာ ပြာလုံလုံ အခိုးများ ထ လေ၏။ ၎င်းအခိုးများသည် အိုင်ဇစ်၏ နှာခေါင်းဝသို့ ဝင်ကြရာ အိုင်ဇစ်မှာ မိန်းမော သကဲ့သို့ ရှိလေ၏။ ထိုအခိုက် ဟာရသည် အိုင်ဇစ်အား တစ်စုံတစ်ရာ ပြောလိုက်သည်၌၊ အိုင်ဇစ်သည် ကျောက်ရုပ်ကဲ့သို့ မတ်တတ်ထကာ တစ်စုံတစ်ခုကို အမိန့်ချမှတ်သကဲ့သို့ နှုတ်ခမ်းလှုပ်လေသည်။ အတန်ကြာသော အခါ ထိုင်မြဲ ပြန်ထိုင်ပြီး မိမိ ရှေ့တူရူသို့ မလှုပ်မယှက် စိုက်၍ ကြည့်နေလေ၏။

ဤအခါ ဟာရသည် ပလ္လင်ရှေ့၌ တည့်မတ်စွာ ရပ်ပြီးလျှင် အောက်ပါ အတိုင်း ပြောကြား၏။

'အသင်တို့ အားလုံး နားထောင်ကြလော့။ သုငယ်တော်ဘုရား အမိန့်ရှိမှတ်တော်မူသည်မှာ အသင်တို့၊ ကျွန်ုပ်တို့သည် မကြာမြင့်မီအတွင်း သတ္တဝါရ ကပ်ဆိုးကြီးနှင့် ကြုံတွေ့ရတော့မည်။ အသင်တို့ ရန်သူဖြစ်သော ကင်ဒါ လူနက်မျိုးတို့သည် အသင်တို့၏ အစာကို လုကြလိမ့်မည်။ ဆိုးသွမ်းသော ဝိညာဉ် ဂျုနဆင်သည် အသင်တို့နှင့်၊ အသင်တို့ ဘုရားသခင်ကို ဖျက်ဆီးရန် လာကြလိမ့်မည်။ အသင်တို့သည် ၎င်းရန်ကို ခုခံနိုင်မည် မဟုတ်။ သုငယ်တော် ဘုရားလည်း ကောင်းကင်ဘုံတွင် ပြန်ရန် အချိန်တန်နေပြီဖြစ်၍ အသင်တို့အား ဤအချိန်အခါတိုင်အောင် စောင်မ၍ ကြည့်ရှုနေနိုင်မည် မဟုတ်တော့ပေ။ အသင်တို့ အားထားစရာ ဘာရှိတော့သနည်း။

'သို့သော် အားမငယ်ကြလေနှင့်။ သင်တို့၏ ဧည့်သည်တော်များ ဖြစ်ကြကုန်သော လူဖြူများနှင့် ၎င်းတို့၏ တပည့်သည် သင်တို့အား ထိုဘေးရန်ဆိုးကြီးမှ ကယ်တင်ကြမည့်သူများ ဖြစ်သည်။ ထိုသူလေးဦးအနက် တစ်ဦးမှာ မြွေ၏ဘေးရန်ဖြင့် သေရှာလေပြီ။ ထိုသူ သေသည့်အတွက် သင်တို့အချို့မှာ တာဝန်မကင်း ဖြစ်ချေသည်။ ထိုတာဝန် မကင်းသူအဖို့မှာ ဤကပ်မှ မကျော်လွှားနိုင်ကြကုန်။ သင်တို့၏ မြွေကြီးမှာ ထိုအကုသိုလ်ကြောင့် ယခုအခါ မရဏာပွဲသို့ ဝင်ရှာလေပြီ၊ မမှားကြလေနှင့်။ ထိုလူဖြူများ တောင်းဆိုသမျှကို ပေးကြကုန်လော့။ ထိုလူဖြူများသာလျှင် သင်တို့၏ အားထားမှီခိုစရာပင် ဖြစ်တော့၏'

ဟာရ၏ စကားအဆုံး၌ ဆိတ်ငြိမ်စွာ နားထောင်နေသော လူထုကြီးသည် ခေတ္တမျှ ကျက်စီကျက်စီ ဖြစ်သွားသည်။ ဤအသံများ ပြန်ငြိမ်သောအခါ နောက်လိုက် သီလရှင်များက အိုင်ဇစ်ကို အသာ ဖေးမစေပြီး အိုင်ဇစ်၏ ကြော့ရှင်းသော လည်တိုင်မှ လခြမ်းသဏ္ဌာန် အမှတ်ကလေးကို ဖော်ကာ ပရိသတ်အား ပြလေရာ အားလုံးပင် ရိုသေစွာ ဦးညွှတ်ကြကုန်၏။ ထိုနောက် အိုင်ဇစ်သည် ဆင်စွယ်ဘုရားကလေးကို ဦးခေါင်းပေါ်သို့ မြှောက်ချီလိုက်သည်၌ လူထုကြီးသည် တစ်ဖန် ဦးညွှတ်ကြပြန်ကုန်၏။ ဤမှ အိုင်ဇစ်သည်





ဘုရားငယ်ကို ဦးထိပ်သို့ ရွက်၍ နောက်လိုက် နှစ်ယောက်ဖြင့် ဘုရားသုငယ်၏ အဆောင်တော်သို့ ဝင်ရောက် ပျောက်ကွယ်သွားလေ၏။

ဤအချိန်၌ ရင်နယ်မှာ မျက်နှာ မသာမယာ ရှိလေသည်။ ထို့ကြောင့် ကျွန်ုပ်က–

'ခင်ဗျား ဘာလုပ်မယ် စိတ်ကူးသလဲ'

ရင်နယ်။ ။'ကျွန်တော် မိန်းမကို ပြန်တောင်းမှာပေါ့။ ကျွန်တော့်ကို မတားပါနှင့်တော့'

ကျွန်ုပ်။ ။'သူတို့ ပြန်ပေးမယ် မထင်ဘူး'

ဤအခိုက် ဟင်က–

'အဘ၊ ကျွန်တော် အကြံတစ်ခု ပေးပါဦးမယ်။ ခုနင်က သူတို့ဘုရား အမိန့်ချတယ် မဟုတ်လား။ ကျွန်တော်တို့သာလျှင် ယခု သူတို့ ဆိုက်ရောက်မည့် ကပ်ဆိုးကြီးက ကယ်တင်နိုင်မယ် ဆိုတာရယ်၊ ကျွန်တော်တို့ တောင်းတာ ပေးရမယ် ဆိုတာရယ်။ ဒါ့ကြောင့် ရင်နယ်မြို့စားကြီးရဲ့ ဇနီးကို ပြန်တောင်းပေါ့။ မပေးရင် ကျွန်တော်တို့လည်း မကူဘူးလို့ ပြောရင် ကျွန်တော်တို့ အလိုကို သူတို့ လိုက်ရမှာပဲ'

ကျွန်ုပ် ဦးနှောက်ထဲတွင် ဤသို့ပင် တွေးမိပါ၏။ သို့သော် ဟင်ပြောသကဲ့သို့ တင်းတင်းမာမာပြုရန် သင့်လျော်မည် မထင်။ ထို့ကြောင့်–

ကျွန်ုပ်။ ။'ဟုတ်တော့ ဟုတ်ပါတယ်။ သို့သော် ရင်နယ်မြို့စားကို အထူး တောင်းပန်လိုတာက ယခုကဲ့သို့ အခြေအနေမှာ စိတ်ဆောင်တိုင်း မလုပ်ဘဲ ပရိယာယ်ဖြင့် အနုနည်းကို သုံးသင့်ပါတယ်။ ကျွန်ုပ်တို့ သေဖို့ရန် အရေးမကြီးဘူး ထားဦးတော့။ ယခုကဲ့သို့ သူတို့လူမျိုး တစ်မျိုးလုံး ဘေးဆိုးကြီးနဲ့ ကြုံတွေ့နေရတဲ့ အချိန်မှာ သူတို့ကိုးကွယ်တဲ့ ဘုရားသခင်ရဲ့ နတ်ကိုယ်စားဖြစ်တဲ့ အထိန်းတော်ကို ခွဲခွာ၍ ကျွန်ုပ်တို့ ယူမည့်အကြောင်း ရိပ်မိသွားရင် ကျွန်ုပ်တို့ကို ပေးမဲ့အစား ကျွန်ုပ်တို့ ရှေ့မှာပဲ ဖျောက်ဖျက်ပစ်မှာ စိုးရိမ်ရပါတယ်'

ရင်နယ်။ ။ 'အခုလို အကြာကြီး ကွဲပြီး မြင်ရုံသာ မြင်ရ၊ တစ်ဖန် ပြန်ပြီး ကွဲရမယ်ဆိုရင် ကျွန်တော့်စိတ်ကို ဘယ်လို ဖြေရမလဲ'

ကျွန်ုပ်။ ။ 'ဒီလို မဖြစ်စေလိုရင် ကျွန်ုပ်ကို လွှန်ဆန်ပြီး ဘာမျှ မလုပ်ဘူးဆိုတဲ့ ကတိကို ပေးပါ။ ကျွန်ုပ်ကို အားလုံး စိတ်ချယုံကြည်ပါ' (ဤသို့ပင် ပြောရငြားလည်း ကျွန်ုပ်ကိုယ်ပင် ကျွန်ုပ် မယုံကြည်ပေ။)

ရင်နယ်သည် ခေတ္တမျှ စဉ်းစားပြီး 'ကောင်းပါပြီ၊ ခင်ဗျားဟာ ကျွန်တော်ထက် ရှေ့ရေးကို မြင်တဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ ခင်ဗျား ပြောသလို လိုက်နာပါ့မယ်'

ကျွန်ုပ်။ ။ 'ကောင်းတယ်။ ဒီလိုဆိုရင် အောက်ဆင်းပြီး ဟာရထံ သွားကြစို့ရဲ့'

ကျွန်ုပ်တို့သည် ဘုရားအရှေ့ဘက် တံခါးသို့ မီးတောင်ဝမှ ဆင်းသော လမ်းကလေးအတိုင်း လိုက်၍ သွားကြရာ၊ တံခါးပေါက် ရောက်သည် တိုင်အောင် ကျွန်ုပ်တို့ကို မည်သူမျှ မမြင်ရပေ။ ၎င်းနောက် အပေါက်သို့ ရောက်လျှင် ကိုယ်ရှိန်သတ်၍ အောက်ပါအတိုင်း အော်ကာ ပြောလိုက်၏။

'လူဖြူ အရှင်များနှင့် နောက်ပါ တပည့်တို့သည် ဟာရ၏ ဖိတ်ကြားချက်အရ ရောက်ရှိကြလေပြီ။ ကျွန်ုပ်တို့အား ဟာရ၏ မျက်မှောက်သို့ ဆောင်ကြဉ်းကြပါလေ'

လူထုကြီးသည် ကျွန်ုပ်တို့ဘက်သို့ ရုတ်တရက်လှည့်ကာ သူတို့ မျက်လုံးတွေ ပေါက်၍ ထွက်သွားမတတ် ကြည့်ကြကုန်၏။ ထိုနောက် တစ်ယောက်သော သူက 'ဟယ်....ဒီလူဖြူတွေ သတ်ကြလော့။ တို့ရဲ့ မြင့်မြတ်တဲ့ ဘုရားပရိဝုဏ်အတွင်းကို ကျူးကျော်လာကြတယ်'

ကျွန်ုပ်။ ။ 'အသင်တို့ ဘာပြောသနည်း။ သင်တို့၏ ဂိုဏ်းအုပ်ကြီးက ဖိတ်ကြားချက်အရ လာသော ဧည့်သည်တော်များကို ဤကဲ့သို့ ရိုင်းပျစွာ ပြောဆိုကြပါသလော။ သင်တို့ ဘုရားသခင်၏ အမိန့် သတ်မှတ်ထား၍ သင်တို့အား ကယ်တင်မည့်သူများကို သတ်မည်ဟု ဆိုလိုပါသလော'





အသံတစ်သံ။ ။ 'သူတို့ ဒါတွေ ဘယ့်နှယ်သိသလဲ။ သူတို့ဟာ ဝိဇ္ဇာတွေနဲ့ တူတယ်'

ကျွန်ုပ်။ ။ 'ဟုတ်ကဲ့။ သင်တို့သာလျှင် မမြင်ရသောအရာ၊ မကြားရသော အရာကို ပြန်ပြောင်း၍ ပြောနိုင်သည် မဟုတ်၊ ကျွန်ုပ်တို့လည်း အလားတူ တန်ခိုးဣဒ္ဓိပါဒ်နှင့် စုံကြသည်။ သင်တို့၏ အစောင့်တော် မြွေကြီးမှာ သင်တို့ ဘုရားသခင် ပြောသည့်အတိုင်း ကျွန်ုပ်တို့၏ အစွမ်းဖြင့် သေပြီ မဟုတ်လား'

ဤကဲ့သို့ အခြေအတင် ပြောနိုက် လူထုကြီးမှာ ရှုံသွားပြီး၊ ဟာရ ပေါ်ပေါက်လာ၍ ကျွန်ုပ်တို့ကို အရိုအသေပြုသည်။ ကျွန်ုပ်တို့ကလည်း ပြန်၍ ဦးညွှတ်ကြ၏။

ဟာရ။ ။ 'အရှင်တို့ ဒီကို ဘယ်လို ရောက်လာကြပါသလဲ'

ကျွန်ုပ်။ ။ 'အသင် ခွင့်ပြုချက်အရ ဟိုမြွေကြီးရှိတဲ့ ဂူကြီးထဲမှ ဖြတ်သန်းလာခဲ့ပါတယ်။ မြွေကြီးဟာ အရုပ်ဆိုးပေမဲ့ တယ်ယဉ်တာပဲ၊ မြွေနိုင်တဲ့ သူအဖို့တော့ အဆိပ်မရှိတဲ့ သတ္တဝါကြီးပဲ။ ကျွန်ုပ်ကို ဒီမြွေကြီး အရေ ပေးနိုင်မယ်ဆိုရင် အဝတ်ချုပ်ဝတ်ပါရစေ'

ဟာရ။ ။ 'သိပ်ပြီး စွမ်းပါပေတယ်'

ကျွန်ုပ်။ ။ 'ကျွန်ုပ်တို့ သင်တို့ ပူဇော်ပွဲကြီးကို အစမှ အဆုံးပဲ တွေ့ရပါတယ်။ သင်တို့ ဘုရားသခင် အမိန့်ချမှတ်တာတွေ အားလုံးပဲ ကြားရပါတယ်။ ကျွန်ုပ်တို့ ပျောက်ဆုံးသွားသော ရင်နယ်၏ ဇနီးကိုလည်း မြင်ရပါတယ်'

ပထမဆုံးအကြိမ် ဟာရသည် မျက်နှာထား ပျက်သွားကာ မျက်လုံး ကလယ်ကလယ်နှင့် ကောင်းကင် မော်ကြည့်လိုက်၊ ခြေထောက် ငုံ့ကြည့်လိုက်နှင့် ဂနာမငြိမ် ဖြစ်သွားရှာသည်။

၎င်းနောက် အသံအက်ကလေးဖြင့် 'ဘယ့်နှယ်လုပ် မြင်ရသလဲ'

ကျွန်ုပ်။ ။'ဘယ်လို မြင်တယ်ဆိုတာ အရေးမကြီးပါဘူး။ ကျွန်ုပ်တို့ သိလိုတာက ဘယ်တော့ ရင်နယ့် ဇနီးကို ကျွန်ုပ်တို့ လက်ကို အပ်မလဲ'

ဟရု။ ။ 'မဖြစ်နိုင်ဘူး။ အရှင်တို့ရှင်လည်း သေ၊ သူရှင်လည်း သေမှာပဲ။ ဘုရားငယ် ရှိသရွေ့ သူ့ကို လက်မလွှတ်နိုင်ဘူး'

ဤနေရာ၌ ရင်နယ်သည် စိတ်ကို မချုပ်တည်းနိုင်တော့ဘဲ 'ဒီမှာ ကြည့်စမ်း၊ ကျုပ်လက်ထဲမှာ တုတ်ပါတယ်။ သင့်ကို ကျုပ် ရိုက်သတ်လျှင် သင် သေတော့မှာပဲ။ ကျွန်ုပ် ဇနီးကို ပေးလျှင်ပေး၊ မပေးလျှင် သေဖို့သာ ပြင်ပေတော့'

ဟရု။ ။ 'အရှင် ကျွန်ုပ်ကို သတ်နိုင်တယ်ဆိုတာ ယုံပါတယ်။ ကျွန်ုပ်ကို သတ်လိုက်လျှင် ကျေးဇူးပဲ တင်ရဦးမယ်။ ယခုလို ရှုပ်ထွေးတဲ့ အချိန်အခါကြီးမှာ သေရတာက ကောင်းပါသေးတယ်။ သို့သော် ကျွန်ုပ် သေလျှင် အရှင်တို့ အားလုံးလည်း သေမှာပဲ၊ အရှင့်မိန်းမလည်း သေမှာပါပဲ။ ဒါမှ မဟုတ်လျှင် ဆင်ဘာက လာရောက် ယူဆောင်ပြီး မယားလုပ်မှာပဲ'

ကျွန်ုပ်သည် ရင်နယ်အား လက်တို့ကာ 'ကျွန်ုပ် တစ်ခု ပြောပါရစေ။ ကျွန်ုပ်တို့ သင်တို့ ဘုရားသခင်၏ အမိန့်တော်ကို ကြားပြီးပါပြီ။ အမိန့်တော်ကို ယုံကြည်ပါတယ်။ ကျွန်ုပ်တို့ ကူညီမှ ယခု လာမည့် စစ်ကို နိုင်မယ်ဆိုတာ သိရပါတယ်။ ကျုပ်တို့ တောင်းဆိုတာ ပေးလျှင် ကူမှာပဲ၊ မပေးလျှင် မကူဘူး ပေါ့'

ဟရုသည် မိမိ၏ မုတ်ဆိတ်ကြီးကို သပ်ကာ 'အရှင်တို့ ဘာကို အလိုရှိပါသလဲ'

'ကျွန်ုပ်တို့ အကူအညီဖြင့် ကင်ဒါလူနက်တွေကို နိုင်ပြီး "ဂျုန"ဆင်ကြီး ရန်ကို ပယ်ခွင်းနိုင်ခဲ့လျှင် ရင်နယ်မြို့စားကြီး၏ ဇနီးကို ပေးအပ်၍ သင်တို့၏ တိုင်းပြည်မှ ဘေးဘယာ ကင်းရှင်းရာ အရပ်သို့တိုင်အောင် ကျွန်ုပ်တို့အား ပို့ဆောင်ပေးရန် ကတိဖြစ်ပါတယ်'

ဟရု။ ။ 'ကောင်းပြီ၊ ကျွန်ုပ်တို့ ဘုန်းကြီးများနှင့် တိုင်ပင်ပါရစေ။ ဒီမှာ ခဏ စားစရာများ စားပြီး စောင့်ကြပါဦး'

ကျွန်ုပ်တို့ စားစရာများကို စားသောက်နေခိုက် ဟရုသည် ဘုန်းကြီး





တစ်ဆယ့်နှစ်ပါးနှင့် ကျွန်ုပ်တို့ မကြားနိုင်သော နေရာတွင် စကားပြောနေလေ၏။ ၎င်းတို့ အမူအရာကို ကြည့်ရခြင်းအားဖြင့် သဘောတူသူ တု၊ ကန့်ကွက်သူ ကန့်ကွက်လျက် ရှိကြကြောင်း သိရှိရသည်။ မကြာမီ ဟရုနှင့် ထိုဘုန်းကြီးများသည် ဘုရားငယ်၏ ဗိမာန်ကို ဝင်၍ အမိန့်ကို နာခံကြလေ၏။ မှာရိုဝက်ခန့် ကြာသောအခါ ဘုန်းတော်ကြီးတစ်ပါး ထွက်လာ၍ ကျွန်ုပ်အား ဘုရားသခင်၏ မျက်မှောက်သို့ လာရန် ခေါ်၏။ ဘုရားသခင်၏ ရှေ့တော်တွင် ဘုန်းကြီး တစ်ဆယ့်နှစ်ပါးကို တွေ့ရသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ မျက်မှောက်သို့ ရောက်သောအခါ ဟရုက အောက်ပါအတိုင်း ပြော၏။

'ကျွန်ုပ်တို့ အားလုံး အရှင်တို့ တောင်းဆိုချက်ကို တိုင်ပင်ပြီးကြပါပြီ။ ဘုရားငယ်အားလည်း တိုင်တည်လျှောက်ထား၍ အမိန့်တော်ကို နာယူပြီး ပါပြီ။ အရှင်တို့ တောင်းဆိုချက်မှာ–

၁။ ရင်နယ်၏ ဇနီးကို ပြန်၍ ပေးရန်၊

၂။ ဤဒေသမှ ဘေးကင်းရာအရပ်သို့ တိုင်အောင် ပို့ပေးရန်။

၎င်းတောင်းဆိုချက်ကို ကျွန်ုပ်တို့ သဘောတူကြပါသည်။ ကျွန်ုပ်တို့က ဤစည်းကမ်းချက်ကို လိုက်နာရန်အတွက် အရှင်တို့သည် အောက်ပါ ကတိဝန်ခံချက်များကို ပေးရပါလိမ့်မည်။

၁။ ကင်ဒါလူနက်တွေကို ခေါင်းဆောင်၍ စစ်ထိုးခြင်း၊

၂။ ဂျုန ဆင်ကြီး ရန်ကို ပယ်ခွင်းခြင်း၊

၃။ ၎င်းကိစ္စများ မပြီးမချင်း ဘုရားငယ်၏ မယ်တော်ကို တွေ့ဆုံရန် အလိုမရှိရခြင်း။ ဤသုံးချက်ကို အရှင်တို့က လိုက်နာရမည် ဖြစ်ပါတယ်'

ကျွန်ုပ်။ ။ 'ကျွန်ုပ်တို့ ကတိပေးလျှင် သင်တို့၏ကတိ တည်မတည် ဘယ်နယ် သိနိုင်မလဲ'

ဟရု။ ။ 'ကျွန်ုပ်တို့သည် ဘုရားငယ်၏ ရှေ့မှောက်တွင် ကျမ်းရွှက်ပါမည်။ ၎င်းကျမ်းကို မည်သူမျှ မဖျက်နိုင်ပါ'

ကျွန်ုပ်။ ။ 'ဒါဖြင့် ရွက်ပါလော့။ ကျွန်ုပ်တို့လည်း အသင်တို့ ပေးသော ကတိ စည်းကမ်းချက်များကို လိုက်နာရန် အသင့် ရှိပါသည်'

ထိုအခါ ဟာရုနှင့်တကွ ဘုန်းတော်ကြီး တစ်ဆယ့်နှစ်ပါးသည် "ဘုရားသူငယ်" စံပယ်တော်မူရာ ပလ္လင်တော်ပေါ်သို့ လက်များ တင်၍ ကျိန်စာ ရွတ်ကြပါသည်။ ၎င်းနောက် ကျွန်ုပ်တို့အား သစ္စာဆိုရန် ပြောကြား၏။ ပထမ၌ "သူငယ်တော်ဘုရား"၏ သစ္စာတော်ကို ကျိန်ဆိုရန် တိုက်တွန်းကြသည်။ သို့သော် ကျွန်ုပ်တို့က ဘုရားသခင်၏ သစ္စာတော်ကိုသာ ခံလို ကြောင်း ငြင်းဆိုကြသောအခါ၊ ဟာရုသည် ဒေသန္တရ ဗဟုသုတနှင့် ပြည့်စုံသူ ဖြစ်သည်နှင့်အညီ ကျွန်ုပ်တို့ အလိုအတိုင်း အခွင့် ပြုရှာပေ၏။

အခန်း ၁၆

# ဆင်ဘာဘ၏ ရာဇသံ

ပွဲတော် ပသပွဲကြီး ပြီးခဲ့လေပြီ။ အားလုံးသော ဘုန်းတော်ကြီးများနှင့် မယ်သီလများလည်း ပြန်ကြလေပြီ။ ဟာရုသည် ကျွန်ုပ်တို့ထံ လာကာ....

'ကဲ အရှင်တို့နဲ့ပဲ အတူလိုက်ပါရစေတော့။ ကျွန်ုပ် ခရီးရှည်ကြီး အတိုင်း ကုလားအုပ်စီးပြီး မပြန်လိုတော့ပါ'

'ကျွန်ုပ်တို့ လာတဲ့ လမ်းကတော့ ဟိုမြွေကြီးအောင်းတဲ့ ဂူကြီးထဲက ဖြတ်ခဲ့တာပါ။ အဲဒီမြွေကြီးဟာ ကျွန်ုပ်တို့ရဲ့ မျက်လုံးဒဏ်ကို မခံနိုင်လို့ သေရှာပြီ'

ဟာရု။ ။ 'တယ် အညာ ကောင်းပါပေတယ်၊ ဘယ်လို သတ်မလဲ ဆိုတာ သိလိုပါတယ်။ (ရယ်လျက် ပြောသည်) ဒီသတ္တဝါကြီးဟာ အဲဒီ ဂူကြီးထဲမှာ နှစ်ပေါင်း မရေမတွက်နိုင်အောင် နေလာခဲ့ပါတယ်။ မသေနိုင်ဘူး လို့ အယူရှိကြတာပဲ။ အခု သူ မရှိတော့ဘူးပေါ့။ ကောင်းပါတယ်၊ အရှင်တို့ "သူငယ်တော်ဘုရား"ကို ဖူးလိုကြပါသလား။ ဆန္ဒရှိလျှင် ဦးထုပ်ချွတ်ပြီး ကျောင်းတော်ထဲ လိုက်ခဲ့ကြပါ'

ကျွန်ုပ်တို့လည်း ကြည့်လိုကြောင်း ပြောကာ ဟာရု၏ နောက်ပါးမှ ကျောင်းတော်ကလေးထဲသို့ ဝင်သွားကြပါသည်။ ကျောင်းဆောင်နံဘေး၏ ဂူပေါက်ကလေးတွင် ဘုရားကလေးကို တွေ့ရပါသည်။ ရင်နယ်နှင့်

ကျွန်ုပ်တို့သည် တရိုတသေ အသေအချာ ကိုင်တွယ် ကြည့်ရှုကြပါသည်။ အမြင့်မှာ နှစ်ပေခန့်ရှိ၍ အလွန်ကြီးသော ဆင်စွယ်ကြီးတစ်ခုမှ ပါရဂူ မြောက် ဗိသုကာ ဆရာကြီးတစ်ဦး ထုလုပ်ထားဟန် ရှိပေသည်။

နှစ်ပေါင်း အတော်ကြာမြင့်သည့်အတွက် ဆင်စွယ်မှာ ဝါရောင် ပေါက်လျက် မရေမတွက်နိုင်သော အက်ကြောင်းကလေးများပင် ပေါ်လျက် ရှိလေပြီ။ ထုလုပ်သူမှာ အတော် လက်ရာမြောက်လှ၏။ အီဂျစ်ပြည် ကောင်းစားစဉ်က အသက်ရှိသော ကလေးချောကလေး၏ ပုံနမူနာကို ယူကာ ထုလုပ်ထားဟန် တူသည်။ ဆင်စွယ်ရုပ်ကလေးမှာ အသက်ရှိသော သူနှင့် တူလှ၏။

ဘုရားကျောင်းဆောင်မှ အထွက်တွင် ဟာရက၊ ဤရုပ်ပုံတော်ကလေးတွင် နေ လတို့ကို အစိုးရသော ဝိညာဉ်တော်ကို ကိုးကွယ်သော ဘုများမှာ ကောင်းကျိုးမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံသောသူများ ဖြစ်နိုင်ကြောင်း ပြောပြပြီး ဆက်လက်၍–

'အရှင်တို့၊ အရှင်တို့နှင့် ကင်ဒါ လူဖြူတို့သည် ယနေ့ယခု အချိန်မှစ၍ တစ်လှေတည်းစီး တစ်ခရီးတည်း သွားကြသူများ ဖြစ်ကြသည်။ အရှင်တို့၏ ခရီးလမ်းအဆုံးသည် ကျွန်ုပ်တို့၏ အဆုံးတည်း။ အရှင်တို့၏ ကံကြမ္မာသည် အကျွန်ုပ်တို့၏ ကြမ္မာပင်တည်း။ ကျွန်ုပ်တို့၏ လျှို့ဝှက်ချက်သည် သင်တို့၏ လျှို့ဝှက်ချက်ပင်တည်း။ အရှင်ဖြစ်သော ရင်နယ်မြို့စားကြီးသည် တစ်ခု တည်းသော ဆုအတွက် ကြိုးစားခြင်း ဖြစ်ပေ၏။ မိမိ၏ ဇနီးသည်ကို ပြန်ရ လိုသော ဆုပင်တည်း။ အရှင်ဖြစ်သော အယ်လင်သည် ဆင်စွယ်တည်း ဟူသော ဥစ္စာ ရတနာအတွက် ဆောင်ရွက်ခြင်းပေတည်း။ ဟိုအရှင်တို့၏ နောက်ပါ လူဝါကလေး အဖို့မှာတော့ ဘယ်လိုသော ရည်ရွယ်ချက်မှ မရှိပေ။ ရည်ရွယ်ချက် ထားရန်လည်း လိုတော့မည် မဟုတ်ပေ'

ဤတွင် ဟင် က.... 'ကျွန်တော့်ကို သေမယ်လို့ ဆိုနေတာ အဘ။ ကျွန်တော် သေရမှာ မကြောက်ပါဘူး။ ဒါပေမဲ့ ဂျွန်နဲ့ အချို့သူများသာ





ကျွန်တော့်အရင် သေပါစေ၊ ဒါတစ်ခုပဲ အလိုရှိပါတယ်။ ကျွန်တော်လည်း ခရီးသွားရလွန်းလို့၊ စစ်တိုက်ရလွန်းလို့ အို၍ လာပါပြီ။ သေရမှာ ဝမ်းသာ စရာပဲ။ လူငယ်ကလေး ဖြစ်ဦးမှာပေါ့'

ကျွန်ုပ်။ ။'ဟယ် အရူး၊ တွေ့ကရာ စကားတွေ လျှောက်ပြောမနေ စမ်းနဲ့'

ဟာရု။ ။'ကဲ အရှင်တို့၊ ဒီတောင်ကလေးရဲ့ အနေအထားကို သိထားမှ ဖြစ်မယ်။ ဒီနေရာကို လာဖို့ရန် အရှေ့က တစ်လမ်း၊ အနောက်က တစ်လမ်း ရှိပါတယ်။ အနောက်ဘက်က လာတဲ့ လမ်းကတော့ တောင် အောက်ခြေမှာ မဆုံးဘဲ ဒီက မြင်ရတဲ့ တောင်တော်ကြီးတွေ အကြားထဲ ရောက်ပြီး အဲဒီ တောင်ကြီးတွေ တစ်ဖက်ရှိ သဲကန္တာရကြီးကို ဖြတ်ကျော်သွား ပါတယ်။ ဒီလမ်းဟာ အတားအဆီး အခက်အခဲတွေ အလွန်များတာမို့ ရန်သူတို့၏ ရန်ကို မစိုးရိမ်ရပါဘူး။ ဒီအရှေ့ဘက် လမ်းကတော့ ဒီလို မဟုတ်ဘူး။ အသေအချာ ကြည့်ရအောင် ကျွန်ုပ်နောက်က လိုက်ခဲ့ကြပါ'

အစောင့်နှစ်ယောက်အား အမိန့်ပေးလိုက်ရာ ကျွန်ုပ်တို့ စီးဖို့ရန် ကုလားအုပ်များ ယူလာလေ၏။ ကျွန်ုပ်တို့သည် ကုလားအုပ်များ စီး၍ ညီညာသော မြေမျက်နှာပြင်ကြီးကို အတော်ကြာ လာမိသောအခါ၊ ရှေ့ မိုင်ဝက်လောက်တွင် အတော် ဖောက်မတ်သော ကျောက်တောင်တန်းကလေး ကို မြင်ရပါသည်။ ၎င်းကျောက်တောင်တန်းကလေးမှာ ပေ ၂၀၀၊ ၃၀၀ ခန့် ကွဲအက်ကာ တိုးလျှိုပေါက် ဖြစ်ဟန်တူ၍ ၎င်းအကြားတွင် ကျွန်ုပ်တို့ သွားရာ လမ်းကလေး ဖြတ်သန်းလျက် ရှိပေ၏။ ဤလမ်းတွင် သစ်သား တံတိုင်းဟောင်းကြီးကို တွေ့ရ၍ ဟာရုအား မေးကြည့်ရာ ဤနေရာ၌ ကင်ဒါ လူနက်များနှင့် လွန်ခဲ့သည့် နှစ်အတော်ကြာက စစ်ထိုးခဲ့ဖူးကြောင်းများကို ပြော၍ သိရပါသည်။

ကျွန်ုပ်။ ။ 'ဒီလမ်းကို ဆင်ဘာ သိတာပေါ့'

ဟာရု။ ။ 'ဟုတ်ကဲ့ သိပါတယ်၊ ဂျွန် လည်း သိပါတယ်'

ကျွန်ုပ်။ ။ 'ဒီတောင်ပေါ်က နေပြီး ခုခံမယ်ဆိုရင် ဒီကြားကို အထူးလုံအောင် လုပ်ရလိမ့်မယ်'

ဟာရု။ ။ 'ဟုတ်ကဲ့ အရှင်၊ ကျွန်ုပ်တို့မှာ လူအရေအတွက် နည်းသည့်အတွက် ဒီတောင်ပေါ်က နေပြီး ခုခံရမှာပဲ။ အရှင်တို့ ဉာဏ်နှင့်ပဲ ခိုင်လုံတဲ့ အကာအကွယ်များ စီမံပါ။ သူတို့ ဂျုနကြီးနဲ့ လာတဲ့အခါ ဒီကပဲ အနိုင် တိုက်ရပါလိမ့်မယ်'

ကျွန်ုပ်။ ။ 'ဒီဆင်ကြီးဟာ ဆင်ဘာနှင့် အတူလာမယ် ဆိုလိုပါသလား'

ဟာရု။ ။ 'စကာန်မလွဲပေပေါ့ အရှင်။ ဂျုနဟာ ဆင်ဘာဘုရင်နှင့် အချို့သောသူများ၊ ဘုန်းကြီးများရဲ့ လက်ထဲမှာဆိုရင် ဆင်ယဉ်ကြီးပေါ့။ သူတို့ ဘုန်းကြီးအချို့ဟာ ဂျုန အလုပ်အကျွေးနဲ့ ဘိုးဘေးဘီဘင်က နေလာကြပါတယ်။ ဒါကြောင့် သူတို့စကားကို ဂျုန အလွန်နားထောင်ပါတယ်။ ၎င်းပြင် ဂျုနကြီးဟာ အတွေးအတောဉာဏ်လည်း အလွန်ကြီးပါတယ်။ ရိုးရိုးဆင်မှ မဟုတ်ဘဲ။ မကောင်းတဲ့ ဝိညာဉ်ကြီး ဆင်အသွင် ဖန်ဆင်းနေတာပဲ။ ဘယ်သူမှ သူ့ကို ထိခိုက်အောင် မလုပ်နိုင်ကြဘူး'

ကျွန်ုပ်။ ။ 'သူ့မျက်လုံးနှင့် နှာမောင်းများတော့ ပြီးဆေး မပါဘူး မဟုတ်လား။ ဒီသတ္တဝါကြီး လာရင် ကျွန်ုပ် ဖမ်းသာရမှာပေါ့။ သူနဲ့ တစ်ပွဲတစ်လမ်းတော့ စမ်းချင်သေးတယ်'

၎င်းနောက် ကျွန်ုပ်တို့သည် စစ်ခံရန် နေရာများကို အသေအချာ စစ်ဆေး ကြည့်ရှုကြပါသည်။ ရင်နယ်မြို့စားကလေးမှာ ဗြိတိသျှစစ်တပ်တွင် မေဂျာဗိုလ်မှူး လုပ်ခဲ့ဖူးသည့်အတွက် ဤနေရာတွင် အထူး အသုံးဝင်တော့၏။ စစ်ခံရန် လိုအပ်သည့် နေရာနှင့် အဆီးအတားများကို အကြမ်း မှတ်သားပြီး၊ ကျွန်ုပ်တို့သည် ဟာရုနှင့်အတူ ကုလားအုပ်များ စီး၍ နေရင်းဂေဟာသို့ ပြန်ခဲ့ကြပါသည်။

ထိုနေ့ညနေ ငါးနာရီလောက်တွင် ကျွန်ုပ်တို့သည် ခရီးပန်းပန်းနှင့်





အိပ်ပျော်နေကြရာ၊ ဟာရုထံမှ လူတစ်ယောက် လာကာ ကျွန်ုပ်တို့အား လာ ရောက်စေလိုကြောင်း ပြော၏။ ခေါ်ဆောင်ရာသို့ လိုက်သွားသည်၌ ဟာရုအား ၎င်း၏နန်းတော်တွင် တွေ့ရသည်။ နန်းတော်မှာ စစ်သားများနှင့် မြို့သူ မြို့သားများမှာ ကောက်ပဲသီးနှံများကို ရိတ်သိမ်းရန် သွားကြသဖြင့် မြို့တွင်းတွင် မရှိကြပါ။

ကျွန်ုပ်နှင့် ရင်နယ်အား ဟာရုအနီးရှိ ကုလားထိုင်သို့ ပို့ကြပါသည်။ ဟင်မှာ ကျွန်ုပ်တို့ နောက်တွင် ရပ်နေပါသည်။ ဟာရုသည် ကျွန်ုပ်တို့အား ဆင်ဘာထံမှ သံတမန်များ ရောက်လာ၍ ယခုပင် အတွေ့ခံမည့်အကြောင်း ပြော၏။ မကြာမီ ထွားကျိုင်း၍ နက်မှောင်နေသော သံတမန်ငါးဦး ဝင်လာလေ၏။ ၎င်းတို့၏ ဂုဏ်ထူးအလျောက် ငွေဆွဲကြိုးများဖြင့် ရင်ပြင်ဝယ် သင်ပြင်ဝတ်စားလျက် ရှိကြပါသည်။ ၎င်းတို့အထဲမှ အကြီးအကဲက ရှေ့သို့ တိုးကာ ဤသို့ ဆို၏။

'မကြာမြင့်မီက ဂျုနအရှင်၏ကိုယ်စား ဆင်ဘာဘုရင်မင်းမြတ်သည် အရှင့်အား သတိပေးဖူးပါသည်။ ၎င်းသတိပေးချက်ကို အရေးမယူသော ကြောင့် အရှင်၏ညီ မရုသည် ဂျုန အရှင် လက်ချက်ဖြင့် ကျဆုံးရလေပြီ။ ယခုတစ်ဖန် အရှင့် ကိုယ်ရေးကိုယ်တာအတွက် ထပ်မံ၍ သတိပေးရန် ကျွန်တော်မျိုးအား ဆင်ဘာ ဘုရင်မင်းမြတ်က စေလွှတ်လိုက်ပါသည်။ အရှင်သည် ကျွန်တော်မျိုးတို့အား သူငယ်တော်၏ ကျိန်စာဖြင့် ခြိမ်းခြောက်ခဲ့ပါသည်'

ဟာရု။ ။ 'ဟုတ်တယ်။ ရေဘေး၊ ငတ်ဘေး၊ စစ်ဘေး သုံးတန်သော ဘေးများ သင့်စေမယ်ဆိုတာ မဟုတ်လား'

သံ။ ။ 'မှန်ပါတယ်။ ကျွန်တော်မျိုးတို့ ယခုလာခြင်းဟာ စစ်အကြောင်းနှင့် ပတ်သက်၍ အရေးဆိုရန် ဖြစ်ပါတယ်'

ဟာရု။ ။ 'စစ်ရေးအတွက်ဆိုရင် သင်တို့ မိုက်တာပေါ့။ မကြာမီ က သင်တို့လူ အမြောက်အမြားနှင့် ကျွန်ုပ်တို့လူ အနည်းငယ် စစ်တိုက်ကြရာ

သင်တို့ ရှုံးသည် မဟုတ်ပါလော။ သင်တို့ အများ သေ၍ ကျွန်ုပ်တို့ဘက်မှ အနည်းငယ်သာ သေရတယ်။ သင်တို့ ကိုးကွယ်တဲ့ ဆင်ကြီးမှာ မျက်လုံး တစ်ဖက် ရှိသေးရဲ့လား။ ဘုရားဆိုပြီး ဘာကြောင့် မျက်လုံးကန်းရသလဲ'

သံ။ ။ 'ဤစကားကို မကြားမီ ကျွန်ုပ်တိုင် ဖြေရှင်းပါလိမ့်မယ်။ ယခု ကျွန်တော်မျိုး၏ ကိစ္စမှာ ဂျုန၏ အလိုအရ ဆင်ဘာဘုရင်မင်းမြတ်၏ ရာဇသံ ပေးပို့ရန် ဖြစ်ပါတယ်။

'အကြောင်းမှာ–

၁။ သူငယ်တော်ဟု အမည်ခံသော သင်တို့ ကိုးကွယ်သည့် ဘုရားသည် ကျွန်ုပ်တို့ တိုင်းပြည်ရှိ ကောက်ပဲသီးနှံများကို ဖျက်ဆီးသည်။ သို့အတွက် လျော်ကြေးအဖြစ်နှင့် သင့်တိုင်းပြည်မှ ကောက်ပဲသီးနှံ လေးပုံသုံးပုံကို တာဝမြစ် တစ်ဖက်ကမ်းသို့ ပို့ရမည်။

၂။ သင့်ထံ၌ ရှိသော လူပြုဖြစ်ဦးကို ဂျုနအရှင်အား ပူဇော်ရန် ဆေးအပ်ရမည်။

၃။ သူငယ်တော်၏ မယ်တော်အဖြစ် ထားသော လူဖြူမိန်းမနှင့် တကွ အပျိုစင် တစ်ရာတိထိ ဆက်သရမည်။

၄။ သူငယ်တော်၏ ရုပ်တုကို တာဝမြစ် တစ်ဖက်ကမ်းသို့ ယူဆောင်၍ လူအများရှေ့တွင် ဂျုနအရှင်အား ဦးညွှတ်ကာ ပူဇော်ပွဲ ကျင်းပရမည်။

ဆင်ဘာ၏ ရာဇသံကို ကြားရသောအခါ ဟာရနှင့်တကွ အနီးအပါးရှိ လူအားလုံးတို့မှာ တုန်လှုပ်ကြ၏။ သို့သော် ဟာရသည် ဣန္ဒြေဆည်ကာ ညင်သာစွာဖြင့် ဤသို့ ပြန်ပြော၏။

'သင်တို့ တောင်းဆိုချက်များကို ငြင်းဆန်ရင် ဘာလုပ်မလဲ'

'ငြင်းဆန်ရင် ဂျုနသခင်က စစ်ကြေညာလိမ့်မည်။ အရှင့်တိုင်းသူပြည်သားများ တစ်ယောက်မကျန် ဖျက်ဆီးရလိမ့်မည်။ တစ်တိုင်း တစ်ပြည်လုံး ပြာအတိဖြစ်အောင် မီးရှို့ပါလိမ့်မည်။ အရှင့်တိုင်းပြည်ရှိ မိန်းမအားလုံးကို ကျွန်စာရင်း သွင်းပါလိမ့်မည်။ ယခုပင် ဂျုန၏ ငယ်သားများသည် တာဝမြစ်





တစ်ဖက်ကမ်း၌ စုရုံးလျက် ရှိချေပြီ။ နက်ဖြန်ဖြစ်စေ၊ သန်ဘက်ခါဖြစ်စေ မြောက်မြားလှစွာသော စစ်သည်တော်တို့သည် အရှင့်တိုင်းပြည်ကို ရေလွှမ်းမိုးသကဲ့သို့ ဖုံးလွှမ်းစေတော့မည်'

ဟာရသည် ထိုင်ရာမှ ထ၍ ပြတင်းပေါက်ဆီသို့ သွားကာ အဝေး၌ တည်ရှိသော တောင်တန်းကြီးကို မျှော်ကြည့်လိုက်၏။ ဟာရ ကြည့်ရာသို့ ကျွန်ုပ် ကြည့်လိုက်ရာ ထိုတောင်တန်းကြီးမှာ တိမ်များ ဖုံးအုပ်၍ ညို့မှိုင်းလျက် ရှိ၏။

ဟာရသည် သံများဘက်သို့ လှည့်ကာ–

'သင်တို့ အသက်နှင့်ကိုယ် အိုးစားမကွဲစေလိုလျှင် ယခုချက်ချင်း မြင်းစီး၍ တာဝမြစ်ကို ဖြတ်ကျော်ကြလော့။ မြစ်ရေမလျှံမီ ကူးကျော်နိုင်လျှင် ကံကောင်းသည်ဟု မှတ်လိုက်ကြလော့'

ဟာရ၏ သတိပေး စကားသည် သံများ၏ စိတ်ဓာတ်ကို ထိခိုက်ဟန် ရှိ၏။ သံများသည် အပြင်သို့ထွက်ကာ တောင်ကြီးဆီသို့ ကြည့်ပြီး တစ်ဦးနှင့် တစ်ဦး စကား အပြန်အလှန် ပြောကြပြီးမှ အတွင်းသို့ ပြန်ဝင်လာကာ မထီလေးစား အမူအရာနှင့်–

'ဘုရင်မင်းမြတ် တောင်းဆိုတော်မူသော အချက်များနှင့် ပတ်သက်၍ အဘယ်သို့ ပြန်ကြားရမည်နည်း'

ဟာရ။ ။ 'သင်တို့ မတွေးတတ်ဘူးလား။ ကဲ နားထောင်ကြ။ ဆင်ဂျုနထံ ပြန်၍ ဤအတိုင်း ပြောလော့၊ သူငယ်တော်၏ ကျေးကျွန်များဖြစ်သော ကင်ဒါအသားနက် ခွေးများသည် တာဝမြစ်၏ ဤမှာဘက်ကမ်းသို့ ကူးရဲလျှင် ကူးကြစေ။ ငါထံသို့ လာလိုသော အချိန် လာကြစေ။ ငါတို့ အဆင်သင့် စောင့်လျက် ရှိသည်။ ဂျုနသည် သေမင်း၏ ခံတွင်းသို့ ဝင်ရလတ္တံ့။ သင်တို့ လူနက်ကျွန်မျိုးတွေသည် အိုးအိမ်ကင်းမဲ့၍ ငေါ်ပြတ်ခြင်း ဘဝသို့ ရောက်လတ္တံ့။ ခုချက်ချင်း ထွက်ကြလော့၊ သို့မဟုတ်လျှင် ပြန်လမ်းကို မတွေ့လိုက်ဘဲ ရှိလိမ့်မည်'

သံ များသည် ဟရု၏ စကားကို ကြားလျှင်ကြားချင်း ထွက်ခွာသွားကြ၏။ ကျွန်ုပ်လည်း ဟရု၏ တည်ကြည်ခံ့ညား၍ ရဲရင့်သောသတ္တိကို ဝမ်းတွင်းက ချီးမွမ်းမိ၏။

ဟရုသည် သဘာဝ ဥတုအကြောင်းကို ကောင်းစွာ လေ့လာထားသည့်အတိုင်း ညိမ့်မှိုင်းသော တောင်တန်းကြီးဆီမှ ရေများသည် တာဝမြစ်ကမ်းသို့ သံများ ရောက်သည့်အချိန်တွင် ဒလဟော စီးဆင်းလာတော့၏။ သံတစ်ဦးသည် ရေလုံး၏အရှိန်ကို မခံနိုင်၍ ရေယဉ်ကြောတွင် မျောပါသွားလေ၏။ ထိုနေ့မှ ဆယ့်လေးရက်တိုင်တိုင် မြစ်ရေရှိန် ပြင်းထန်လှသဖြင့် မြစ်ကို ကူးကျော်ခြင်းငှာ မတတ်နိုင်ပေ။

ထိုနေ့ညနေ၌ပင် ကျွန်ုပ်တို့သည် စစ်ဆင်ခွဲရန်အတွက် အလုပ်စတင် ဆောင်ရွက်ကြ၏။ သို့သော် ကင်ဒါလူဖြူတို့၏ တကယ့်အခြေအနေမှာ အလွန်ပင် စိုးရိမ်ဖွယ် ကောင်းလှပေ၏။ အားလုံး ရေတွက်၍ ကြည့်လျှင် အသက်နှစ်ဆယ်နှင့် ငါးဆယ့်ငါးနှစ်အကြားရှိ လက်နက်ဆွဲကိုင်နိုင်သူမှာ နှစ်ထောင်လောက်သာ ရှိပေ၏။ အသက် တစ်ဆယ့်လေးနှစ် အထက်နှင့် အသုံးချ၍ရမည့် လူအိုကြီးများ ထည့်၍ ရေတွက်လျှင် ၂,၇၀၀ လောက် ရှိပေမည်။ မိန်းမဦးရေမှာ စုစုပေါင်း နှစ်ထောင်ခန့် ရှိပေလိမ့်မည်။

၎င်းတို့နှင့် ယှဉ်ပြိုင် တိုက်ခိုက်ရမည့် ကင်ဒါလူနက်များမှာ စစ်သားနှစ်သောင်းခန့် အဆင်သင့် ရှိပေသည်။ ဤကဲ့သို့ အဆမတန် များပြားသည့်အပြင် ဝေါ်မွတ်မည့် အရိပ်အယောင်များ လျှမ်းနေသောကြောင့် ကင်ဒါလူနက်များ၏ စစ်စိတ်ဓာတ်မှာ အထူး တက်ကြွနေကြ၏။ ကင်ဒါလူဖြူများ၏ တစ်ခုတည်းသော အားကိုးချက်မှာ တောင်ကလေးပေါ်မှ နေ၍ ခုခံရမည်ဖြစ်သောကြောင့် တစ်ပန်းသာခြင်းပင် ဖြစ်ပေ၏။ ၎င်းအပြင် စစ်အတတ်တွင် အတော်ကျွမ်းကျင်သော ရင်နယ်မြို့စားကလေး၏ ဦးစီးခေါင်းဆောင်ခြင်း အတွက်လည်း အားတက်စရာ တစ်ချက် ရှိပေ၏။

ရန်သူများသည် ကျွန်ုပ်တို့၏ သေနတ်အလက် ငါးဆယ်ကိုလည်း





ရင်ဆိုင်တိုးရပေဦးမည်။ ကျွန်ုပ်တို့သည် အရှထ်တက်ချိန်မှ စ၍ နေဝင်သည့်တိုင်အောင် သတ္တိကောင်းသော ကင်ဒါလူဖြူ တစ်ရာခန့်ကို သေနတ်ပစ်ခြင်း လေ့ကျင့်ပေးရ၏။ ပစ်နည်း၊ အကာအကွယ် ယူနည်း၊ အမိန့်ပေးလျှင် ရပ်နည်း၊ သေနတ်ကိုင်နည်း စသည်တို့ကို ခက်ခက်ခဲခဲနှင့် သင်ပေးရပါသည်။ ၎င်းလူများကို ချန်လှပ်၍ ကင်ဒါလူဖြူ အားလုံးတို့သည် ကောက်ပဲသီးနှံများကို အတွင်းသား ရိတ်ဖြတ်ကာ ကျွဲ၊ နွား၊ ဆိတ်၊ ကုလားအုပ်များနှင့် တကွ တောင်တော်ကလေး၏ တောင်ကြားကြီး တစ်ခုထဲသို့ ပို့ဆောင်သယ်ယူလျက် ရှိကြ၏။ အချို့လူများအားလည်း တာဝမြစ်ရှိ ရန်သူများ၏ အခြေအနေကို ထောက်လှမ်းရန် စေလွှတ်ထားရ၏။

ရင်နယ်မြို့စားကလေးသည် ဘုန်းကြီးများ၊ မိန်းမများ၊ ကလေးများ၏ အကူအညီဖြင့် တောင်တော်ကလေးပေါ်တွင် ချွန်သော တိုင်များကို စိုက်ထူ၍ မြေများဖြင့် ဖုံးအုပ်ထားသော ကျင်းများ၊ သစ်တပ်ရှေ့တွင် မြောင်းများ တူးဖောက် ပြင်ဆင်ကြ၏။ ကျွန်ုပ်သည် ဆယ်ရက်အတွင်း ဤမျှလောက် တောင့်တင်းခိုင်မာသော ခံတပ်ကြီး ပြီးစီးအောင် ပြုလုပ်နိုင်ခြင်း အတွက် ရင်နယ်ကို ချီးမွမ်းမိပါ၏။

လဆန်း ဆယ့်လေးရက်နေ့ ညတွင် ကျွန်ုပ်တို့၏ ခြေမြန်တော်များသည် တာဝမြစ် တစ်ဖက်ကမ်းတွင် ထောင်ပေါင်းများစွာသော စစ်သားများ စုဆောင်းနေကြောင်းကို အစီရင်ခံ လာကြလေ၏။ ဆယ့်ငါးရက်နေ့ညတွင် ၎င်းစစ်သားများ မြစ်ကို ကူးကြောင်း သတင်းရရှိ၏။ မြင်းတပ်ကြီးမှာ ငါးထောင်ခန့်ရှိ၍၊ ခြေလျင်စစ်သားများမှာ တစ်သောင်းငါးထောင်ခန့် ရှိကြောင်း သိရ၏။

၎င်းတို့၏ တပ်ဦးတွင် ကြီးမားလှသော ဂျူန ဆင်ကြီးကို ဆင်ဘာနှင့် ခြေတစ်ပေါင်ကျိုး ကိုယ်တော်တို့က ဦးစီး လိုက်ပါလာကြောင်းကိုလည်း သိရ၏။ ၎င်းတပ်ကြီးသည် တဖြည်းဖြည်း ချီတက်လာ၍ နှစ်ရက်တိုင်တိုင် ကြာလေသည်။ ကျန်ရှိနေသေးသော ကောက်ပဲသီးနှံများကိုလည်း ရသမျှ

သိမ်းယူကြရလေပြီ။ ကျွန်ုပ်တို့လည်း ဟရန်၏ မြို့တော်မှ မီးခိုးလုံးကြီးများ ထလျက် ရှိသည်ကို မြင်ရလေပြီ။ အဘယ်ကြောင့်ဆိုသော် ဆင်ဘာ၏ စစ်သားများသည် မြို့ကို မီးရှို့ ဖျက်ဆီးကြလေသောကြောင့်တည်း။

ကျွန်ုပ်တို့၏ အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်၏။ ကျွန်ုပ်တို့တွင် အတော်အတန် တောင့်တင်းသော သစ်တပ်များ ရှိ၏။ သေနတ်စွဲကိုင်သော လူစုအဖို့ တိုက်ခိုက်ရန် မလွယ်ကူပေ။ ရန်သူတို့သည် သစ်တပ်၏ ရှေ့တည့်တည့်မှတစ်ပါး အခြားတိုက်ခိုက်ရန် နေရာ မရှိချေ။ ရန်သူများ တက်ရောက် တိုက်ခိုက်ရမည့် လမ်းတွင် ခံတပ် သုံးတပ်ရှိ၏။ တစ်ခုနှင့်တစ်ခု ကိုက်တစ်ရာလောက် ကွာ၍ ကျွန်ုပ်တို့၏ နောက်ဆုံး ခံရန်မှာ ဘုရားကျောင်းတော်ကြီး ဝိုင်း၍ ဆီးထားသော ကျောက်နံရံကြီး ဖြစ်၏။

ငင်းဘုရားရင်ပြင်ဝယ် ယောက်ျား၊ မိန်းမ၊ ကလေးပေါင်း ငါးထောင်ခန့် စုဝေးနေကြ၏။ ရေနှင့် အစားအသောက်များအတွက် လပေါင်း အတော်ကြာ အပိုင်းခံ နေရစေကာမူ ဖူလုံ၏။ တောင်ကလေး၏ အနောက်ဘက်လမ်းမှာ အဆင်းအတက် ခက်ခဲလှပေ၏။ ကျွန်ုပ်တို့ အထောက်တော်များ၏ အစီရင်ခံစာအရ ငင်းလမ်းထိပ်တွင် ကင်ဒါလူနက် အနည်းငယ် အစောင့်ချထားကြောင်း သိရ၏။ ကျွန်ုပ်တို့၏ အခြေအနေမှာ ထောင်ချောက်ထဲတွင် ပိတ်မိနေသော ကြွက်များနှင့် တူလှ၏။ ကျွန်ုပ်တို့သည် စစ်တိုက်၍ နိုင်လျှင် နိုင်၊ မနိုင်လျှင် သေဖို့လမ်းသာ ရှိတော့၏။

အခန်း ၁၇

## အယ်လင် အချိန်လွဲခြင်း

ကျွန်ုပ် အုပ်ချုပ်ရသော သေနတ်ကိုင် စစ်တပ်ကလေးကို နောက်ဆုံး စစ်ဆေးကြည့်ရှုပါသည်။ သေနတ်ကိုင် စစ်သားများကို နှစ်ယောက်တစ်တွဲ သစ်တပ်၏ နောက်တွင် နေရာချထား၍ အရေးရှိက အသုံးပြုရန် ထိုနှစ်ယောက်တွဲတစ်တွဲ၏ နောက်တွင် လူပိုတစ်ယောက်စီ ထားပါသည်။ စစ်သားတစ်ဦးလျှင် ယမ်းတောင့် နှစ်ဆယ်စီ ဝေငှထားပါသည်။ ဤမျှထက် ပိုမို၍ ပေးမထားခြင်းမှာ စစ်သွေးပူ၍ ခေါင်းထူလာသောအခါ ရှိသမျှ ကျည်ဆန်များကို အလဟဿ ပစ်ခတ် ဖြုန်းတီးတတ်သောကြောင့် ဖြစ်ပေ၏။

သို့အတွက် ဦးနောက်ကောင်း၍ သတိရှိသော အသက်အရွယ်ခပ်ကြီးကြီး လူများကို ထိုသူများ နောက်၌ လိုသော ကျည်ဆန်များ ဖြည့်ပေးရန် ထားရပါသည်။ အားလုံး တွက်ကြည့်လျှင် စစ်သားတစ်ယောက်လျှင် ကျည်ဆန် ခြောက်ဆယ်ခန့် အသုံးပြုနိုင်ပါသည်။

ကျွန်ုပ်သည် လိုအပ်သော သွန်သင်ချက်များကို ဗိုလ်မှူးကလေးများအား ပြောကြားပြီးနောက် အမောဖြေရင်း၊ ကျောက်တုံးကြီးတစ်တုံး၏ နောက်၌ ဆောက်လုပ်ထားသော သစ်ခက် တဲထဲသို့ ဝင်သွားရာ ရင်နယ်မြို့စားကလေးနှင့် တွေ့၍–

'ဘယ့်နှယ်လဲ၊ အားလုံး အဆင့်သင့်ပဲ မဟုတ်လား'

ရင်နယ်။ ။ 'အားလုံး ပြင်ဆင်ပြီးပါပြီ'

ကျွန်ုပ်။ ။ 'ခင်ဗျားမိန်းမနဲ့ တွေ့ရသေးသလား'

ရင်နယ်။ ။ 'မတွေ့ရပါဘူး။ သူနေတဲ့ ကျောင်းဆောင်ကို ကျွန်တော့် ကတိအတိုင်း ရှောင်ကွင်းသွားပါတယ်။ ဒီလောက်ချစ်တဲ့ ကျွန်တော့် အချစ် ရှိကြောင်း သိလျက်နဲ့ ခွဲခွာနေရတာ ဘယ်လောက် အသည်းနာစရာ ကောင်းသလဲ'

ကျွန်ုပ်။ ။ 'သူနဲ့ ပတ်သက်ပြီး ဘာသတင်းများ ထူးသေးသလဲ'

ရင်နယ်။ ။ 'ဘယ်သူ့မှ မေးလို့လည်း မရဘူး။ ဟာရက လွဲရင် ဘယ်သူပြောတာမှ ကျွန်တော် နားလည်ဘူး'

ကျွန်ုပ်။ ။ 'ဟာရက ဘာပြောသေးသလဲ'

ရင်နယ်။ ။ 'ဘာမှ အထူးမပြောပါဘူး။ တစ်ခု စိတ်လေးစရာ သိရတာကတော့ ကျွန်တော့်ဇနီးဟာ ယခုတိုင် ကိုယ်နဲ့စိတ် ကွဲကွာနေသေး တယ်'

ကျွန်ုပ်။ ။ 'ဒီအတွက်တော့ စိတ်မလေးပါနဲ့။ တဖြည်းဖြည်း တော့ စိတ်လည်လာကောင်းပါသေးရဲ့'

ရင်နယ်။ ။ 'ကျွန်တော် ခင်ဗျားကို တစ်ခု တောင်းပန်လိုပါတယ်။ ယခု ကျွန်တော်တို့ ဝင်ပြီး ဦးစီးတဲ့အလုပ်ဟာ အလွန်ဘေးဥပဒ် များပါ တယ်။ ကျွန်တော်လည်း သေမည် မသိ၊ ရှင်မည် မသိ ဖြစ်ပါတယ်။ ဒါ ကြောင့် ကျွန်တော် မကြာမီက ရေးထားတဲ့ သေတမ်းစာအတိုင်း ခင်ဗျား အသက်နဲ့ကိုယ် မြဲခဲ့လို့ရှိရင် လိုက်နာစေလိုပါတယ်။ ခင်ဗျားအတွက်လည်း ပါပါတယ်။ နို့ပြီးတော့ ကျွန်တော့် ဇနီးကိုလည်း သူ့မိဘရပ်ထံ အရောက် ပို့ပေးစေလိုပါတယ်'

ကျွန်ုပ်။ ။ 'ကောင်းပါပြီ၊ ကျွန်တော် ကြိုးစားပါမယ်။ ကိုင်း ဒီအချိန်အခါကြီးမှာ သေဖို့ရာ တွေးမနေပါနဲ့။ ကျွန်တော်တော့ သေဖို့ရာ





လမ်းမမြင်ပါဘူး။ ခင်ဗျားရယ်၊ ခင်ဗျားဇနီးရယ်၊ ကျွန်တော်ရယ် အမြန်ဆုံး ဒီနယ်က ထွက်ခွာရဖို့သာ စဉ်းစားနေပါတယ်။ ကဲ တစ်ရေးလောက် အိပ်လိုက်ကြဦးစို့'

ကျွန်ုပ်တို့ နှစ်ဦးသည် အချိန်အတော်ကြာ အိပ်ပျော်သွားဟန် တူ၏။ ကျွန်ုပ်သည် အိပ်ရာမှ နိုးလျှင်နိုးချင်း ကြည့်လိုက်ရာ ဟာင်သည် ကျွန်ုပ်တို့ တဲပေါက်တွင် တင်ပျဉ်ခွေကာ ဆေးတံသောက်၍ အင်တွန်ဘီ နှစ်လုံးပြူး သေနတ်ကလေးကို ကျေနပ် နှစ်သိမ့်စွာ ကိုင်တွယ် စမ်းသပ်လျက် ရှိနေသည်။ အချိန်ကို လှမ်း၍ မေးလိုက်ရာ အရုဏ်တက်မှာ နှစ်နာရီ လိုသေးကြောင်း သိရ၏။ ကျွန်ုပ်လည်း ဟာင်အဆင်သင့် ထားသော ကော်ဖီများကို သောက် ၏။ ရင်နယ်မြို့စားကလေးသည် ကျွန်ုပ် အိပ်ရာမှ မနိုးမီကပင် ထွက်ခွာ သွားနှင့်၏။ မကြာမီ အစောင့်များသည် ကျွန်ုပ်ထံသို့ အောက်ပါသတင်းကို ပို့လာ၏။

ဖမ်းမိသော ကင်ဒါလူမျိုး နှစ်ယောက်၏ စကားအရ ကင်ဒါလူနက် စစ်သားများမှာ ကျွန်ုပ်တို့နှင့် မိုင်ဝက်လောက်အကွာ တောင်ဆင်ခြေလျှော တွင် စခန်းချလျက် ရှိကြောင်း၊ မှောင်မည်းမည်းတွင် စစ်မဆင်လို၍ နံနက် လင်းလျှင် လင်းချင်း စစ်ချီကြမည့်အကြောင်းပင် ဖြစ်လေသည်။

ကျွန်ုပ်တို့လည်း စစ်အဖွဲ့ကိုခေါ်၍ ကျွန်ုပ်တို့က အမှောင်ထဲတွင် စွတ်အတင်း ဝင်တိုက်ရလျှင် ကောင်း မကောင်း တိုင်ပင်ရာ ၎င်းအကြံကို ပယ်ဖျက်လိုက်ရပါသည်။ ကျွန်ုပ်တို့အား လူနက်များက နေမထွက်ခင် မှောင်ထဲတွင် အတင်း ဝင်တိုက်စေလို၏။ သို့မှသာလျှင် ကျွန်ုပ်တို့ တောင် ထားသော တွင်းထဲသို့ ဆင်ဘာ၏ စစ်သားများ အစုလိုက် အပြုံလိုက် ကျ၍ သေနိုင်ကြပေမည်။ ကျွန်ုပ်၏ တောင့်တချက်သည် ဟာင်၏ အပြုအမူ ကြောင့် ပြည့်လာပေ၏။ ဟာရသည် ကျွန်ုပ်ထံသို့ ပေါ်လာ၍ အဆင်သင့် ရှိစေရန် သတိပေးစဉ် အရုဏ်မတက်မီပင် ကျွန်ုပ်တို့သည် အဝေးမှ ပစ်လိုက် သော သေနတ်သံ တစ်ချက် ကြားလိုက်ရ၏။

ကျွန်ုပ်။ ။ 'ကင်ဒါလူနက်တွေမှာ သေနတ် မရှိပါဘူး။ ဘယ်သူ့သေနတ် ဖောက်ပါလိမ့်မလဲ'

ဟာရ။ ။ 'ကျွန်ုပ် မစဉ်းစားတတ်ပါ'

ကျွန်ုပ်တို့သည် သေနတ်သံနှင့် ပတ်သက်၍ စစ်ဆေးနေခိုက်တွင် ကင်းထောက်များ ရောက်လာ၍၊ ဆင်ဘာ၏ စစ်သားများသည် ကျွန်ုပ်တို့က စတင်တိုက်ခိုက်ပြီ ထင်သောကြောင့် တပ်ခေါက်ကာ ကျွန်ုပ်တို့အား တိုက်စစ်ဆင်နွှဲရန် တက်ရောက်လာနေကြောင်း သတင်းပေးပါသည်။ ကျွန်ုပ်သည် သေနတ်ကိုင် စစ်သားများအား မိမိ၏ နေရာတွင် အသီးသီးနေ၍ သေနတ်နှင့် အဆင်သင့်ချိန်ကာ စောင့်နေရန် အမိန့် ထုတ်ဆင့်လေ၏။

ကျွန်ုပ်သည် သစ်တပ်ရှေ့သို့ မျှော်ကြည့်နေစဉ် ကျွန်ုပ် ရှိရာသို့ လူတစ်ယောက် ကုန်းကွကွနှင့် ပြေးလာသည်ကို တွေ့ရ၏။ ကျွန်ုပ်လည်း သေနတ်နှင့် ချိန်၍ ပစ်ရန် စဉ်းစားနေခိုက်၊ အကယ်၍ ကုန်းကွကွ သတ္တဝါသည် ခွေးအ ဖြစ်ခဲ့လျှင် ကျွန်ုပ်၏ အဖိုးတန်လှသော ကျည်ဆန်တစ်ခု အလဟဿ ဖြစ်ချေမည်။ ကျွန်ုပ်၏ အဟုယူကာ အခြားစစ်သားများက အရမ်းမဲ့ ပစ်ခတ်လျှင် အကျိုးယုတ်ဖို့ မြင်သောကြောင့် မပစ်ဘဲ စောင့်၍ ကြည့်ရာ ဟံကောင်းလှပါတော့၏။ အကြောင်းမှာ ကျွန်ုပ် ရပ်နေသော သစ်တပ် အောက်တည့်တည့်မှ ကြားနေကျ အသံကို ကြားရခြင်းကြောင့်ပင် ဖြစ်၏။

'အဘ မပစ်ပါနဲ့၊ ကျွန်တော်ပါ'

ကျွန်ုပ်။ ။ 'မင်း ဘာလုပ်နေတာလဲ'

ဟင်။ ။ 'အဘ ဆင်ဘာ စစ်သားတွေထဲ အလည်သွားပါတယ်။ ကျွန်တော်ဟာ သူတို့ရဲ့ အစောင့်တွေကြားထဲက အလစ်ဝင်ပြီး ဂူကြီးကို သွားရှာပါတယ်။ သူ့ မျက်စိဖြစ်ဖြစ်၊ ခြေထောက်ဖြစ်ဖြစ် သေနတ်ရဲ့ အရသာကလေးကို မြည်းစေချင်လို့ပါပဲ။ အသံသာ ကြားခဲ့ရတယ်၊ မမြင်ခဲ့ရဘူး။ သို့သော် သူ့တပ်ထဲက ဗိုလ်မှူးတစ်ယောက် မီးဖိုကြီး တစ်ခုနား





ရပ်နေတာ တွေ့ရတော့ ကျွန်တော် သေနတ် လက်တည့်စမ်းလိုက်တာ မီးပုံထဲ ဟပ်ထိုးလဲကျသွားတာပဲ။ ကျွန်တော်လည်း ပြေးလာခဲ့ရတာပေါ့'

ကျွန်ုပ်။ ။ 'မင်း မိုက်ရူးရဲပဲ၊ သေဖို့ရာ ကောင်းလိုက်ပါဘိကွယ်'

ဟင်။ ။ 'ကျွန်တော် သေဖို့အချိန် မရောက်မချင်း မသေနိုင်သေးပါဘူး။ ဟော သူတို့လာသံတွေ ကြားရပြီ၊ နားထောင်ပါ အဘ'

ဤကဲ့သို့ ပြောနေခိုက် အလွန် ကျယ်လောင်သော အသံကြီးဖြင့် စစ်တပ်ကြီးသည် ကျွန်ုပ်တို့ ရှိရာသို့ တစ်ရှိန်ထိုး ချီတက်လာသည်ကို သိရတော့၏။ စစ်ခရာသံများ၊ စစ်ဗိုလ်များ၏ အမိန့်ပေးသံများနှင့် ရေမြွှမ်းကာ တောင်ပေါင်းများစွာသော စစ်သားတို့၏ ခြေသံများသည် တစ်တောင်လုံး သိမ့်သိမ့်တုန်မတတ် ရှိပေတော့၏။ 'ဂျနကွ…ဂျနကွ' ဟု အော်လိုက်သော အသံမှာ တစ်တောလုံး ပွဲတင်ထပ်မျှ ဟိန်းသွား၏။ ၎င်းတို့ ဆူညံသလောက် ကျွန်ုပ်တို့ စစ်သားများမှာ ငြိမ်သက်လှပါပေ၏။

ဟင်က 'သူတို့တော့ တွင်းထဲ ကျကုန်တော့မယ်၊ ဟော ဟော ကျကုန်ပြီ…ကျကုန်ပြီ'

ဟင် ပြောသည့်အတိုင်း မှန်လှတော့၏။ အလန့်တကြား အော်သံများ၊ ညည်းညူသံများဖြင့် ဆင်ဘာ၏ စစ်ဦးတပ်သားများသည် ကျွန်ုပ်တို့ တောင်ထားသော ကျင်းများသို့ ဒလဟော ကျဆင်းကုန်ကြတော့၏။ လူများရော၊ မြင်းများပါ ရောထွေးယှက်တင် ကျဆင်းကုန်ကြလေပြီ။ ကျွန်ုပ်တို့ စိုက်ထားသော ဝါးချွန်များ၊ သစ်တိုင်ချွန်များသည် ထိုသူများ၏ ကိုယ်တွင်းသို့ စူးဝင်ကုန်ကြလေပြီ။

စစ်ဘေးကို သိသော စစ်ဦးတပ်သားများသည် ဒလဟော ရှေ့တိုးနေသော စစ်တပ်ကြီးကို ရပ်စေခြင်းငှာ မတတ်နိုင်ကုန်။ တစ်ယောက်ပြီး တစ်ယောက်၊ တစ်ကောင်ပြီး တစ်ကောင် ဖောက်ထိုးမိုးမျှော် ကျင်းကြီးထဲသို့ ကျကုန်ကြ၏။ ကျင်းကြီးများမှာ လူများ၊ မြင်းများဖြင့် ပြည့်နှက်ကုန်ပေ၏။ နောက်က စစ်တပ်ကြီးသည် အတင်းချီတက်ရာ ကျင်းထဲမှ အသက် မသေသေးဘဲ ရှိကုန်သော စစ်သားများမှာ ဖိဖိညက်ညက် ကြေကျရကုန်၏။

အဘယ်မျှလောက် ဤကဲ့သို့ သေကြသည် မပြောပြနိုင်ပေ။ စစ်ပွဲပြီးသောအခါ ကျွန်ုပ်တို့ တောင်ထားသော ကျင်းတိုင်းလိုပင် လူသေကောင်တွေ အပြည့်ဖြစ်နေသည်ကို တွေ့ရလေ၏။ ရှေ့က အဖြစ်အပျက်ကို မသိသော စစ်တပ်ကြီးသည် ရှေ့သို့ လှိုင်းလုံးကြီးများ လာသကဲ့သို့ ခွတ်တိုးလျက်ရှိတော့၏။ စစ်တပ်ကြီးမှာ ကျွန်ုပ်တို့၏ ပထမဆုံး သစ်တပ်နှင့် ကိုက်ငါးဆယ်မျှလောက် ရှိတော့၏။

ဤအချိန်သည်ကား ကျွန်ုပ်၏ အချိန်ပင်ဖြစ်၍ ကျွန်ုပ်သည် သေနတ်ကိုင် စစ်သားများအား အောက် ခပ်နိမ့်နိမ့် ချိန်ရွယ်ကာ ပစ်ရန် အမိန့်ပေးလေ၏။ ဤမျှလောက် အကွာတွင် လက်မတည့်သော သူပင် မလွဲနိုင်ပေ။ ကျွန်ုပ်တို့၏ သေနတ်ကျည်ဆန်တိုင်းလိုပင် ရန်သူများကို ထိမှန်လေတော့၏။ ကျွန်ုပ်၏ ခုခံချက်သည် အလွန် ထိရောက်လှတော့၏။ သေနတ်သံမကြားဖူးသော လူနက်များသည် ရှေ့သို့ မတိုးဝံ့ဘဲ ရပ်ဆိုင်းနေတော့၏။ ဆူညံလျက်ရှိသော အသံများ ငြိမ်လျက် သွားတော့၏။

ဤအတွင်းဝယ် ကျွန်ုပ်တို့၏ ထပ်တလဲလဲ ပစ်နေသော သေနတ်သံများမှာ အထူး ဆူညံနေတော့၏။ သေနတ် ထိမှန်သော လူများ၊ မြင်းများ၏ အော်သံများ နားကွဲမတတ် ရှိတော့၏။ တုန်လှုပ်ချောက်ချား ကြောက်အားပိုသော လူလုကြီး၏ ဆုတ်ပြေးသော ခြေသံတွေမှာ ဆူညံနေတော့၏။

ဟင်း ။ 'သူတို့ ပြေးပြီ။ ကျွန်တော်တို့ သေနတ်ဒဏ်ကို မခံနိုင်ပါဘူး'

ကျွန်ုပ်။ ။ 'ဟုတ်တယ်။ ဒါပေမဲ့ နောက်တစ်ချီ နေ့တစ်ချိန် ထပ်ပြီး တိုက်ချင် တိုက်ကြလိမ့်ဦးမယ်'

တဖြည်းဖြည်း အရုဏ်ကျင်း၍ အလင်းသို့ ရောက်ကြလေသော် ကျွန်ုပ် မှတ်မိသလောက် ထိုနေ့နံနက် အရုဏ်တက်ပုံသည် ကြည့်ရှု၍ မငြီးအောင်ပင် လှပတော့၏။ အရှေ့ကောင်းကင်တွင် နီလွင်သော နှင်းဆီလွှာများ တဖြည်းဖြည်း အာ၍ လာသည်နှင့် တူလှတော့၏။ အရောင်တဖိတ်ဖိတ်





တောက်သော ဖန်ခွက်မှ အရောင်မျိုးစုံ ရောယှက်သော ဝိုင်အရက်ရည်များနှင့် ကောင်းကင်တစ်ခုလုံး ပက်ဖျန်းသကဲ့သို့ အရောင်များ ယှက်သန်းလျက်ရှိတော့၏ ။

အရုဏ်ကျင်း၍ နေ၏အလင်းရောင်တွင် မြင်ရသော အရာများမှာ စိတ်နှလုံး မနိုင်သူတို့အဖို့ ရူးသွပ်သွားဖွယ် ရှိပေ၏ ။ ကျွန်ုပ်တို့ တူးထားသော ကျင်းထဲတွင် ခြေကားရား လက်ကားရားနှင့် လူရောမြင်းပါ နှုတ်ခမ်းတိုင်အောင် ပြည့်လုမတတ် ဖြစ်နေတော့၏ ။ ကြည့်လိုက်တိုင်း သစ်တပ် ရှေ့ဦးတွင် အလောင်းကောင်နှင့် ဒဏ်ရာရသူများမှာ ပြည့်နှက်လျက် ရှိတော့၏ ။ သာယာသော အာကာသတစ်ခွင်နှင့် ဤရွံရှာစက်ဆုပ်ဖွယ် ကောင်းသော မြေပြင်မှာ ကွာချင်တိုင်း ကွာနေတော့၏ ။

ကျွန်ုပ်တို့ဘက်မှ လူများကို စစ်ဆေးကြည့်ရှုရာ ရန်သူက ပစ်သော လှံချက်ဖြင့် လူတစ်ယောက်သာ ကျဆုံး၍၊ အခြားသူ တစ်ဦးတစ်ယောက်မျှ အထိအခိုက် မရှိပေ။ ကျွန်ုပ်တို့၏ စစ်သားများမှာ ဝမ်းမြောက်၍ မဆုံးနိုင်ဘဲ ကခုန် ပျော်မြူးကြ၏ ။ မိန်းမများ ပေးသော အစားသောက်များကို မြိန်ရှက်စွာနှင့် စကားတဖောင်ဖောင် ပြောကာ စားသောက်ကြ၏ ။ ကုဒ္ဒြေကြီးလှသော ဟရုကိုယ်တိုင်ပင် ဝမ်းမြောက်ပျော်ရွှင်သော အမူအရာများ မျက်နှာတွင် ဖော်ပြလျက် တပြုံးပြုံး ဖြစ်နေ၏ ။ ကျွန်ုပ်က ဤသို့ ဝမ်းသာမစောသင့်ကြောင်း၊ တကယ့်စစ်ပွဲသည် မစသေးကြောင်း ပြောပြရ၏ ။

နာရီဝက်လောက် ကြာသောအခါ ကျွန်ုပ်တို့၏ သူလျှိုနှစ်ယောက်တစ်ခုသော တောင်ထိပ်မှ ရန်သူ၏ အခြေအနေကို စောင့်ကြည့်နေရာမှ လာရောက် သတင်းပေးသည်မှာ၊ ရန်သူများသည် မိမိတို့ စစ်တပ်ကို အသစ်ထပ်မံ၍ တောင်၏အကွယ်တစ်ခုတွင် ဖွဲ့စည်းလျက် ရှိကြောင်း၊ မြင်းများမှာ အသုံးမဝင်၍ မြင်းတပ်မှ လူများသည် ခြေလျင်တပ်သားအဖြစ် ပြောင်းလဲဖွဲ့စည်းကြကြောင်းများ ဖြစ်ပေသည်။

မကြာမီ လူသုံးလေးဆယ်ခန့်သည် တောင်ကျွေ့မှ ပေါ်လာကာ

အလံဖြူများဖြင့် တပ်ဆင်ထားသော ကုတ်ကြီးများလည်း ပါလာ၏။ ၎င်းတို့သည် မြေကြီးကို လှံများဖြင့် ထောက်ကာ စမ်းသပ်၍ ကျွန်ုပ်တို့ ထောင်ထားသော ကျင်းများကို ရှာဖွေကြ၏။ ထိုသူများသည် လူများ မကျသေးသော ကျင်းအနည်းငယ်ကို တွေ့ရလေ၏။ ၎င်းကျင်းများနှင့် လူသေများ ပြည့်နှက်နေသော ကျင်းများကို သိသာစေရန် ကျင်းထိပ်များ၌ အလံဖြူများ စိုက်ထူထား၏။ ကျွန်ုပ်သည် ထိုလူများကို လှမ်း၍ ပစ်သဖြင့် နှစ်ယောက်၊ သုံးယောက် ထိမှန်သော်လည်း ကျန်လူများမှာ ဂရုမစိုက်ကြသည့်အတွက် ပစ်ခတ်ခြင်းကို ရပ်စဲလိုက်ပါတော့သည်။

၎င်းတို့ ပြန်သွားပြီးသည့်နောက် ရန်သူတပ်ကြီး ပေါ်ပေါက်လာလေ၏။ တပ်ကြီးမှာ တပ်ကလေးပေါင်း ရှစ်တပ်လောက် ဖွဲ့စည်းကာ ရှေ့နောက် ညီညီညာညာ စည်းကမ်းသေဝပ်စွာ တက်လာကြ၏။ အားလုံး တပ်သားပေါင်း တစ်သောင်းခန့် ရှိပေလိမ့်မည်။ ရှေ့ဆုံး တပ်အဖွဲ့သည် ကျွန်ုပ်တို့ သစ်တပ်မှ ကိုက်လေးရာလောက်တွင် ရပ်တန့်လေ၏။

ကျွန်ုပ်လည်း ကျွန်ုပ် သေနတ်တပ်အား ပစ်ခတ်ရန် အမိန့်မပေးသေးပါ။ အတော် အလှမ်းဝေးနေသေး၍ သေနတ်ပစ် သင်ပြီးခါစ လူများ အဖို့မှာ မှန်ဖို့ရန် မသေချာလှပါ။ နှစ်ဖက်သော စစ်တပ်ကြီးမှာ ငြိမ်သက်လျက် ရှိ၏။ ထို့နောက်မှ ရန်သူများ၏ စစ်ခရာသံနှင့် ညာသံများ ပေါ်ထွက်လာ၏။

တောင်စွန်းကလေးအကွယ်မှ အလွန်ထူးဆန်းသော အခြင်းအရာ ပေါ်ပေါက်လာ၏။ ဂျုနကြီးသည် ဣလန္တြေကြီးနှင့် ခြေလှမ်း မှန်မှန်ကြီး လှမ်းလျက် ခံ့ခံ့ညားညားကြီး ပေါ်လာလေ၏။ ကျွန်ုပ်သည် မှန်ပြောင်းဖြင့် ကြည့်ရှုရာ ၎င်း၏ကျောနှင့် ဦးခေါင်းပေါ်တွင် ဆင်ဘာဘုရင်နှင့် ခြေကျိုး ကိုယ်တော်မြတ်ကြီးကို တွေ့ရလေ၏။ ဆင်ဘာဘုရင်မှာ ထည်ဝါသော အဝတ်များကို ဝတ်ဆင်လျက် ကုလားထိုင်ပေါ်တွင် ထိုင်ကာ လှံကြီးကို မြှောက်ယမ်းလျက် ရှိပေ၏။ ဆင်ကြီး၏ လည်ပင်း၌ တောက်ပသော သတ္တုကြိုးကြီးများ ဆွဲကာ တစ်ဖက်တွင် အထိန်းခြောက်ယောက်စီ ခြံရံလျက် လိုက်ပါလာ၏။





ဆင်ကြီးသည် ဆင်ယဉ်ကြီးကဲ့သို့ တအိအိ လာလေပြီ။ ကျင်းကြီးများကို ရှောင်တိမ်း၍ ကျွန်ုပ်တို့ သစ်တပ်နှင့် မနီးမဝေးသို့ ရောက်လာ၏။ ဤအခိုက်အတန့်သည်ကား ကျွန်ုပ်၏ လက်စွမ်းပြရန်ပင် ဖြစ်တော့၏။

ကျွန်ုပ်၏ တစ်လုံးထိုး ဆင်ပစ် သေနတ်ကြီးကို အသေအချာ စစ်ဆေးကာ ဟင်အား ဒုတိယအလက်ကို ကိုင်ထားစေ၏။

ကျွန်ုပ်။ ။ 'ဟင်၊ ငါတော့ ဒီအကောင်ကြီးကို အသေသတ်ရတော့မှာပဲ။ ဘယ်သူမှ မပစ်စေနဲ့၊ ဘုရားတူ ဆင်မိုက်ကြီး ဒိုက်ခနဲ ကျသွားတာ မြင်ရတော့မယ်'

ဟင်။ ။ 'ပစ်ပါတော့ အဘ၊ နီးလှပါပြီ'

ဆင်ကြီးသည် သစ်တပ်ဦးတွင် ငြိမ်ငြိမ်ကြီး ရပ်ကာ နီရဲ၍ ကြီးမားလှသော အာဂလောင်ကြီးကို ဟ၍ နှာမောင်းကြီးကို မြှောက်ကာ မိုးကြိုးသံကဲ့သို့ အော်လေ၏။ ဤအချိန်တွင် ဆင်ဘာသည် မတ်တတ်ရပ်ကာ ကျွန်ုပ်တို့အား လက်နက်ချ၍ အရှုံးပေးရန် အော်ပြော၏။

ကျွန်ုပ်သည် သေနတ်နှင့် မပစ်သေးမီ ကြွားဝါလိုသော စိတ်ဖြင့် ဟာရု၊ ရင်နယ်၊ ဟင် နှင့် ကျွန်ုပ်တို့၏ စစ်တပ်များကို လှမ်းကာ ကြည့်လိုက်ရာ၊ နှစ်ဖက်သော တပ်သားများလည်း ကျွန်ုပ်၏ အပြုအမူကို ကြည့်ကာ အသက်ရှူများပင် ရပ်နေကြသည်ဟု မှတ်ထင်ရပေ၏။

ယခုလောက် ပစ်၍ လွယ်ကူသော အခွင့်အခါမျိုးကို မရနိုင်ပေ။ ဆင်ကြီးသည် ဦးခေါင်းမော့ကာ ပါးစပ်ကြီး ဖြဲလျက် ရှိ၏။ ကျွန်ုပ်၏ တစ်ခုတည်းသော တာဝန်မှာ ၎င်း၏ ပါးစပ်ကြီးထဲသို့ ကျည်မကြီး ပစ်သွင်း၍ ဦးနှောက်ကို ဖောက်ထွင်းရန်ပင် ဖြစ်၏။ ပစ်ရန် အလွန် လွယ်ကူလှသောကြောင့် ကျွန်ုပ်၏ လက်တစ်ဖက်ကို ကြိုးနှင့် ချည်ထား၍ တစ်ဖက်တည်းဖြင့် မှန်အောင် ပစ်နိုင်ကြောင်း လောင်းရဲပါ၏။

လေးလံသော ရိုင်ဖယ်သေနတ်ကို မြှောက်ကာ အာဂလောင် အထက်ပိုင်းကို ချိန်ပြီး မောင်းနှစ်ချက် ဆက်ကာ ဖြုတ်လိုက်ရာ၊ သေနတ် ကျည်ဆန်

ကြီးများ ဝင်သွားသော်လည်း ဆင်ကြီးသည် ရဲရဲနီသော ပါးစပ်ကြီးကိုပင် ပြန်ပိတ်ရန် ဂရုမပြုပေ။

ကျွန်ုပ် စိတ်အထင် မှားလေသလော။ ကျွန်ုပ်၏ ရှေ့တည့်တည့်မှ ကျောက်ရုပ်ကြီးပေလော၊ မဟုတ်ပေ။ နားရွက်ကြီး နှစ်ဖက်မှာ လှုပ်လျက်ရှိပေ၏။ မျက်စိကို ပွတ်ကာ အသေအချာ ကြည့်မြန်၏။ ထူးဆန်းလေစွ။ ဤရွှေမျက်၊ သွေးတစ်စက်မျှ မထွက်ဘဲ ဂျုနကြီးသည် ရပ်မြဲ ရပ်လျက် ရှိတော့၏။

ကျွန်ုပ်လည်း ကျိန်ဆဲကာ ဒုတိယ ရိုင်ဖယ်သေနတ်ကို ယူ၍ ဆင်ကြီး၏ နားရွက်နောက် တည့်တည့် ချိန်လျက် ပထမ၊ ဒုတိယ နှစ်ချက်ဆင့် ပစ်လိုက်၏။ ဂျုနသည် မလှုပ်မယှက် ငြိမ်သက်လျက်ပင်။ ကျည်ဆန်လည်း မမှန်၊ ချော်လွဲပြန်၏။ ထူးဆန်းလှချေတကား။ ကျွန်ုပ်ကဲ့သို့ ဆင်ပစ် ဝါရင့်သော သူအဖို့ ကောက်ရိုးပုံလောက်ကြီးသော သတ္တဝါကြီးကို ကိုက် လေးဆယ်လောက်မှ လေးချက်လုံး မမှန်ခြင်းမှာ ရှက်စရာ ကောင်းလှ၏။ မဟာအရှက်တော် ကွဲလေပြီ။ ကျွန်ုပ်လည်း သတိကြီးစွာဖြင့် မေ့မလဲအောင် ကြိုးစားရတော့၏။ ကျွန်ုပ်၏ မျက်စိမှာ မှုန်ပြာရီဝေလျက် ရှိတော့၏။

ရင်နယ်။ ။'အလို...ဘုရား ကယ်တော်မူပါ'

ဟင်။ ။'ကိုယ်ကျိုးနည်းပေါ့'

ဟာရု။ ။'သူငယ်တော်ဘုရား၊ မ တော်မူပါ'

အားလုံးသော လူထုကြီးမှာ ကျွန်ုပ်အား အရူးတစ်ယောက်အလား မျက်လုံးများ ပြူးလျက် ကြည့်နေကြ၏။ ထို့နောက် တစ်စုံတစ်ယောက်သည် ဟက်ဟက်ပက်ပက် ရယ်လိုက်သံကို ကြားလိုက်ရ၏။ ၎င်းရယ်သံနှင့်အတူ လူထုကြီး၏ ရယ်သံများလည်း ဆူညံသွား၏။ ကင်ဒါလူနက် စစ်တပ်မှ တဟားဟား ရယ်မောသံတို့မှာ ဆူညံသွားတော့၏။ ရယ်သံ၊ ပြောင်သံ၊ လှောင်သံများသည် ကျွန်ုပ် အယ်လင်ကွာတာမိန်းအတွက် ဖြစ်၍ ကျွန်ုပ်သည် ရူးမသွားရန် အတော်ပင် သတိထားရပါသည်။





သို့သော် ရယ်မော လှောင်ပြောင်သံများသည် ရုတ်တရက် ရပ်စဲသွား၏။ ဆင်ဘာသည် ဆင်ပေါ်မှ ထ ကာ–

'ရန်သူတို့ မအောင်မြင်နိုင်၊ ရန်သူတို့ မနိုပ်စက်နိုင်၊ ရန်သူတို့ မနှိမ်နင်းနိုင်သော ဂျုန။ အတုမရှိသော ဂျုန၊ ဘုရားစင်စစ် ကောန်ဖြစ်သော ဂျုန'

ဟု အသံကုန် ဟစ်အော်လေတော့၏။ ၎င်းအသံနှင့် တစ်ပါတည်း ကင်ဒါလူဖြူတွေကလည်း–

'စုန်းအတတ်၊ မှော်အတတ်၊ အောက်လမ်းအတတ်တွေနှင့် စီမံထားသော ဂျုန။ ယုတ်မာသော အစီအရင်များဖြင့် ကာကွယ်ထားသော ဂျုန'

ဟု ပြန်လှန် အော်ဟစ်ကြလေ၏။

ဆင်ဘာသည် အသံကုန် ဟစ်ကာ 'အေး ဟုတ်တယ်။ နင်တို့ လူဖြူတွေ ဘာတတ်နိုင်သေးသလဲ'ဟု အော်လိုက်၏။

ဟင်သည် သစ်တပ်ထိပ်သို့ လွှားခနဲ တက်ကာ အရက်မူးသော မျောက်ကလေးကဲ့သို့ ဟိုပြေး ဒီတက် ချာလပတ်လည်အောင် ကလျက် 'ဂျုန မျက်လုံးကြီး တစ်ဖက် ဘယ်မှာလဲ၊ ငါ့သေနတ်သည် နင်တို့ ဂျုန၏ မျက်လုံးကို ဖောက်ခွင်းလိုက်မည်'

ဤသို့ ပြောဆိုရင်း မိမိ၏ နှစ်လုံးပြူးသေနတ်နှင့် ချိန်ရွယ်ကာ 'ကဲ ဘုရားလား၊ တိရစ္ဆာန်လား၊ ခွဲခြားရော့လဟယ်' ဟု အော်လျက် ခလုတ်ကို ဆွဲလိုက်လေ၏။ ဒိုင်းခနဲ ပေါက်ကွဲသံ ထွက်ပေါ်လာလျှင် လာချင်း ဂျုန၏ နားနောက်မှ သွေးများ ဖြာခနဲ ကျလာလေ၏။ (ဤသေနတ်မျှလောက်နှင့် ဆင်သေရန်မှာ မဖြစ်နိုင်ပေ။) အရေကို ဖောက်ကာ တစ်လက်မလောက် အတွင်းသို့ စူးဝင်သွားပေမည်။ သို့သော် ၎င်းဒဏ်ချက် ကလေးပင် ပြီးဆေးပါသည်ဆိုသော ဆင်ကြီးအတွက် အတော် ထိနိုက်လေသည်။

ဆင်ကြီးမှာ ချာလပတ် လှည့်လိုက်ပြီး နှာမောင်းကြီးကို မြှောက်ကာ

လွန်မင်းစွာ နာကျင်သောကြောင့် ဒေါသတကြီး မြည်ဟည်းကာ မိမိ စစ်တပ်ဘက်သို့ ပြေးလေ၏။ ဘေးနှစ်ဖက်မှ စစ်သားများ လိုက်သော်လည်း မမီ၊ ကသီကရီ ကျန်ရစ်ခဲ့လေ၏။ ဆင်ဘာ၏ ခြေကျိုးကိုယ်တော်မှာ အောက်သို့ မကျစေရန် ကုလားထိုင်နှင့် ဆင်ကကြိုးတို့ကို ကုပ်၍ ဆုပ်ကိုင်ကာ ပါသွားကြလေ၏။

ဆင်ကြီး၏ စားပြီး၊ လုံပြီး၊ သေနတ်ပြီးသည်ဟု ယုံကြည်ချက်မှာ လွင့်စဉ်သွားသည်ကား မှန်၏။ သို့သော် ကျွန်ုပ်၏ ဂုဏ်သရေမှာ ပို၍ ထိခိုက်ချေပြီ။ ဂျနကြီး "ပြီး"သည်မှာ ကျွန်ုပ်၏ စွမ်းပကား ညံ့ခြင်း အကြောင်းမှ တစ်ပါး ဘာမျှ မရှိပေ။ ကျွန်ုပ်၏ တစ်သက်တွင် ဤမျှလောက် ရှက်ဖွယ်ကောင်းသည့် အရာမျိုး မတွေ့ကြုံဖူးပေ။ လဲ၍ပင် သေလိုက်ချင်၏။

ဤတောင်ကြီးလောက်ရှိသော ဆင်ကြီးကို အနီးမှ ကပ်၍ လေးခါတိုင်တိုင် ပစ်ရပါလျက် အဘယ်ကြောင့် လွဲရပါသနည်း။ ဤအမေးပုစ္ဆာ၏ အဖြေကို ကျွန်ုပ်သည် ယခုတိုင် မရနိုင်ပါ။ ကံအားလျော်စွာ ဤကဲ့သို့ ရှက်အားနှင့် စဉ်းစားနေခိုက် ကင်ဒါလူနက်တို့၏ အသံကြီးက သတိပေးလိုက်၏။ ရန်သူများသည် ဖွတ်တိုး၍ လာကြလေပြီ၊

အခန်း ၁၈

## အယ်လင် ငိုခြင်း

ရန်သူစစ်တပ်ကြီးသည် မှန်မှန်ကြီး ချီတက်လာလေပြီ။ ကျွန်ုပ်တို့နှင့် ကိုက်တစ်ရာလောက် အကွာတွင် ကျွန်ုပ်တို့သည် သေနတ်များဖြင့် စတင်ပစ်ခတ်ကြ၏။ ရန်သူဘက်မှ အကျအဆုံး များပြားလှ၏။ သို့သော် ၎င်းတို့အား ရပ်တန့်ခြင်းငှာ မတတ်နိုင်ပါ။ သေနတ်အလက် ငါးဆယ်လောက်နှင့် ဤမျှ ရဲရင့် များပြားလှ၍ သေရမည်ကို ကြောက်ဟန်မရှိသည့် လူရိုင်းများအတွက် အရာ မရောက်လှပေ။ ရန်သူတို့က ပစ်လိုက်သော လှံများသည် ကျွန်ုပ်တို့ စစ်သားများပေါ်သို့ ကျကြလေ၏။ အထိအခိုက် အနာတရ ရကြလေကုန်ပြီ။ သို့သော် သစ်တပ်၏ အကာအကွယ်ကြောင့် များသင့်သလောက် မများပါ။ ကျွန်ုပ်တို့သည် ထပ်တလဲလဲ ပစ်ခတ်ကြ၏။ ရှေ့ဆုံးတန်းရှိ ရန်သူများသည် စပါးပင်ကို တံစဉ်ဖြင့် ရိတ်လှီးလိုက်သကဲ့သို့ ရှင်းလျက်၊ ပြောင်လျက် ကျသွားကုန်၏။ သို့သော် တစ်ယောက်သေလျှင် ၎င်းနေရာကို ဘာစ်ယောက်တက်ကာ ဖွဲ့ကို မလျော့ကြပေ။

ရန်သူများသည် ကျွန်ုပ်တို့နှင့် ကိုက်ငါးဆယ်လောက် တိုင်အောင်ပင် ရောက်လာကြလေပြီ။ စစ်ဗိုလ်များ၏ အမိန့်အရ စစ်တပ်ကြီးသည် ရုတ်တရက် တန့်ရပ်သွား၏။ ထိုနောက် ဒုတိယ အမိန့်သံ ထွက်ပေါ်လာ၍ ပထမ စစ်ဦးကြီးသည် သုံးတန်းခွဲကာ အတင်း ဖွတ်တရွတ် ကျွန်ုပ်တို့ကို အားသွန်တိုက်လေ၏။ ကျွန်ုပ်တို့သည် သေချာစွာ မချိန်အားဘဲ အရမ်း

ကြုံရတော့၏။ ရန်သူများသည် သစ်တပ်သို့တိုင်အောင် ရောက်လေပြီ။ သစ်တပ်ပေါ်သို့ အတင်း ခွတ်တရွတ် တက်လေပြီ။ ကျွန်ုပ်တို့သည် အား မတန်၍ ဒုတိယ သစ်တပ်သို့ ဆုတ်ကာ ခုခံရလေ၏။

ရင်နယ်နှင့် ဟာရ အုပ်ချုပ်သော တပ်သည် စတင် အလုပ် လုပ်လေ၏။ ရန်သူများသည် ပထမတပ်ကို ကျော်လွှား၍ ပထမနှင့် ဒုတိယ သစ်တပ်နှစ်ခုကြားတွင် တင်းကျမ်း ပြည့်၍ လာလေ၏။ ၎င်းကျဉ်းမြောင်းလှသော နေရာတွင် ရန်သူများကို ကျွန်ုပ်တို့ စစ်သားများက အမဲပျက်ကြ၏။ ဤမျှ ကျဉ်းမြောင်းလှသော နေရာ၌ လူအင်အားသည် အသုံးမဝင် အရာ မရောက်ချေ။ ကျွန်ုပ်တို့က ဒုတိယ သစ်တပ်အတွင်းမှ ကြိုဆိုကာ လှံမိုး၊ မြားမိုး၊ ကျည်ဆန်မိုး ရွာချလိုက်ခြင်းအတွက် အသေအပျောက် များပြားလှ၍ ကြောက်ခမန်းလိလိပင် ဖြစ်တော့၏။

သို့သော် ခွဲကောင်းလှသော ရန်သူများ၏ အင်အားမှာ ကြီးမားလှသောကြောင့် ဒုတိယ သစ်တပ်လည်း ကျိုးရပြန်လေ၏။ ကျွန်ုပ်တို့ အားလုံးသည် တတိယ သစ်တပ်သို့ ဆုတ်ရပြန်၏။ ဤကဲ့သို့ နှစ်နာရီခန့် ကြာအောင်ပင် နှစ်ဖက်စလုံး မလျှော့သော ခွဲဖြင့် တိုက်ခိုက်ခုခံ အပြန်အလှန် ဖြစ်နေသော စစ်ပွဲကြီးမှာ သွေးချောင်း စီးလေတော့၏။ ကျွန်ုပ်တို့၏ သေနတ်ပြောင်းဝတွင် အတုံးအရုံး လဲသူတို့မှာ မရေမတွက်နိုင်ပေ။ ပစ်ရပန်း များလတ်သော် ကျွန်ုပ်တို့မှာ အခက်ကြုံလာလေ၏။ သေနတ်ကျည်ဆန်များ ယုတ်လျော့၍ လာလေသည်။

နံနက် ရှစ်နာရီခွဲလောက်တွင် ကျွန်ုပ်တို့သည် နောက်ဆုံး သစ်တပ်နှင့် ဘုရားကျောင်းဆောင်၏ တောင်နံရံကြီးကြားသို့ ဆုတ်ခဲ့ရ၏။ ၎င်းတောင်နံရံကြီးကို မှတ်မိကြသည့်အတိုင်း ဘုရားပရိဝုဏ်အတွင်းသို့ အရှေ့ဘက်မှ ဖောက်ထွင်းကာ ဝင်ရသော လမ်းကြီး တစ်လမ်းသာ ရှိသည်။ သုံးကြိမ်တိတိ ရန်သူတို့သည် တက်ရောက် တိုးဝင်ကြ၏။ သုံးကြိမ်လုံးပင် ကျွန်ုပ်တို့က တွန်းလှန်နိုင်ပေသည်။ တံတိုင်း ရှေ့ရှိ ကျုံးမှာ လူသေကောင်များဖြင့် ပြည့်





နှက်လျက် ရှိ၏။ နောက်ဆုံး၌ ရန်သူများသည် အနည်းငယ် နောက်သို့ ဆုတ်ကြ၏။ စစ်တိုက်ခြင်းကို လက်လျှော့ခြင်းပေလော၊ မဟုတ်ပေ။ သူတို့သည် နောက်ထပ် ပို့လျက်ရှိသော တပ်သားများကို စောင့်ရန် ဖြစ်သည်။

လူသစ်များသည် စစ်သီချင်းများကို ဆိုကာ ကျွန်ုပ်တို့အား ဒီရေ တက်လာသကဲ့သို့ ခွတ်တရွတ် တိုက်ကြလေသည်။ ကျွန်ုပ်တို့လည်း တွန်းလှန် လိုက်နိုင်ပြန်၏။ ရန်သူများသည် ထပ်မံ၍ တပ်ဖွဲ့ကာ တိုက်ကြပြန်သည်။ ကျွန်ုပ်တို့၏ ရွှန်းလှန်ခြင်းကိုသာ ခံရပြန်၏။

ရန်သူတို့သည် ရပ်တန့်ကာ စည်းဝေး တိုင်ပင်ကြ၏။

လူတွေကြားထဲတွင် ရန်သူတို့၏ ဝါဝါဝိ ပစ်ဝေါ်လျက်ရှိသော လှံများမှာ မိုးသီးမိုးပေါက်ကဲ့သို့ များပြားလှ၍၊ ကျွန်ုပ်တို့သည် သစ်တပ်အခြေကို ပျက်ဆီးနေသော ရန်သူများအား ကောင်းစွာ မတိုက်နိုင်ချေ။ နာရီဝက်အတွင်းမှာပင် သစ်တပ် ပေါက်လေတော့၏။ ရန်သူများသည် ဒလဟော ဝင်လာကြလေကုန်၏။ ကျွန်ုပ်တို့သည် ဤသို့ အဆမတန် များပြားလှသော ရန်သူများကို ဤနေရာမှ ခုခံနေရန် မဖြစ်တော့သည်နှင့် ဘုရားပရိဝုဏ် အတွင်းသို့ ဆုတ်ခွာရလေ၏။ ဘုရားဝင်းအတွင်းသို့ ဝင်သော အပေါက်ကြီးကို ခက်ခဲစွာပင် ပိတ်ရပါသည်။ သို့သော် ရန်သူများမှာ ထိုတံခါးကြီးကို မီးတိုက်တော့၏။ တံခါးကြီးမှာ မီးဒဏ်ကို မခံနိုင်ရှာပေ။

ရန်သူများသည် ထိုတံခါးကြီးကို မီးတင်ရှို့နေစဉ် ကျွန်ုပ်တို့ လူ နှသည် မည်ကဲ့သို့ လုပ်ဆောင်ကြမည်ကို တိုင်ပင်ရသည်။ နောက်သို့ ဆုတ်ဖို့ရန် နေရာမရှိတော့။ ဒုတိယ ဘုရားရင်ပြင်တော်မှာ ကလေးများ၊ မိန်းမများ၊ ကောက်ပဲသီးနှံများဖြင့် ပြည့်နှက်နေ၏။ ဤနေရာ ဤဌာန၌ပင် လျှင် အနိုင်တိုက်လျှင် တိုက်၊ မတိုက်နိုင်လျှင် သေဖို့ပင်တည်း။

ကျွန်ုပ်တို့ဘက်မှ ယခုအချိန်တိုင်အောင် သေသူနှင့် ဒဏ်ရာရသူများ လူလေးရာလောက်သာ ဖြစ်သေး၍ စစ်သားအရေအတွက်မှာ ထောင့်ခြောက် ရာလောက် ကျန်ရှိပေသေးသည်။ ဤကျဉ်းမြောင်းသော ဘုရားပရိဝုဏ်

ကလေးအတွင်းမှာ ဤလူစုများကို မဆုံသဖြင့် လှုသုံးရာငါးဆယ်အားဖြင့် ဘုရားကို သေသည့်တိုင်အောင် ကာကွယ်ရန် နေရာချထားလိုက်၏ ။ ကျန်လူများအား ဒုတိယ ပရိဂုဏ်အတွင်းသို့ သွားကာ ကလေးများ၊ မိန်းမများကို ကုလားအုပ်များဖြင့် တင်ဆောင်၍ လျှို့ဝှက်သော လမ်းများမှ လွတ်ရာသို့ ပြေးဖို့ရန် ခိုင်းစေရသည်။ ဤဆုံးဖြတ်ချက်မှာ အလွန် စိတ်ဆင်းရဲဖွယ်ကောင်းလေစွ။ သို့သော် ကျွန်ုပ်တို့အဖို့မှာ အခြားရွေးစရာ လမ်း မရှိတော့ပြီ။

ရင်နယ်။ ။ 'ကျွန်တော့်မိန်းမ ဘယ့်နှယ် လုပ်မလဲ'

ဟာရု။ ။ 'ဘုရားကျောင်းဆောင် တည်ရှိနေသမျှ သူလည်း ဘုရားနဲ့ အတူနေရုံပေါ့။ သို့သော် အားလုံး နောက်ဆုံးပိတ် အခြေသို့ ရောက်တဲ့အခါ အရှင်ကိုယ်တိုင် ကျောင်းတော်ထဲသွားပြီး သူနဲ့ ကျွန်ုပ်တို့ "သူငယ်တော်ဘုရား" ကို ယူဆောင်ပြီး လွတ်ရာ ပြေးပါတော့။ အရှင်အား ဘုရားငယ်၏ ရဟ်တုတော်သည် ရန်သူ လက်တွင်းသို့ မသက်ဆင်းရန် တာဝန်ကို လွှဲအပ်ပါ၏။ မဆောင်ရွက်ဘဲ နေခဲ့သော် ဘုရားငယ်၏ ကျိန်စာသင့်ပါစေ။

'ရန်သူတို့၏ လက်မှ လွတ်ပုံ မပေါ်လျှင် ၎င်းဘုရားငယ်အား အရှင်ကိုယ်တိုင်ပင် ဖျက်ဆီးပစ်လိုက်ပါလေ။ ကျွန်ုပ်၏ လူများကိုလည်း သိမ်းဆည်းထားသော ကောက်ပဲသီးနှံများကို အားလုံး မီးရှို့ပစ်ရန် မှာကြားထားပေပြီ။ ရန်သူများကို လက်နက်ဖြင့် မနိုင်ခဲ့လျှင် ဒုဗ္ဘိက္ခန္တရကပ်ကြီးဖြင့် တွေ့ဆုံပါစေမည်'

ကျွန်ုပ်တို့သည် အောက်ပါအတိုင်း စီရင်ကြလေ၏။ ကျွန်ုပ်နှင့် သေနတ်ကိုင်စစ်သား ငါးဆယ်သည် ရှေ့တပ်ဦးအဖြစ် နေရာချထား၏။

တစ်ဦးလျှင် ယမ်းတောင့် ရှစ်တောင့်စီ အသုံးပြုရန် ကျန်ပေသေးသည်။ လှံစွပ်ကိုင် စစ်သားများကို ဟာရု ခေါင်းဆောင်၍ လေးတန်း စီစဉ်၏။ ၎င်းတို့၏နောက် ဒုတိယ ရင်ပြင်ပေါက်ဝယ် ရင်နယ် ခေါင်းဆောင်၍ အခြေမလှုပ်ကာ ဘုရားနှင့် အထိန်းတော် (သူ့ဇနီး) အား ယူဆောင်ပြေးရန် လူငါးဆယ် ချထား၏။





တံခါးပေါက်ကြီးမှာ မီးလောင်၍ ပြိုကျသည်နှင့် တစ်ပြိုင်နက် ရန်သူများ တရကြမ်း ပြေးဝင်လာလေ၏။ ဘုရား ပရိဂုဏ်အတွင်းသို့ ဝင်မိလျှင် ဝင်မိချင်း သေနတ်ပစ်ရန် အမိန့်ပေးလိုက်ရာ၊ အားလုံး တိုးဝင်လာသော လူများ တစ်ယောက်မကျန် ပြောင်စင်၍ သွားလေတော့သည်။ ဒုတိယ အသုတ်ကို စောင့်ပြန်၏။ မကြာမီ ပေါ်လာသည်။ ထိုအသုတ်လည်း ကုန်ပြန်လေသည်။

ဤအခါ၌ ကျောက်နံရံ တံတိုင်းကြီး၏ တံခါးပေါက်ကြီးမှာ လူသေအလောင်းကောင်များဖြင့် ပြည့်နှက်နေလေပြီ။ ၎င်း လူသေ အလောင်းကောင်များကို မရှင်းလင်းဘဲ ဝင်ရောက်ခြင်းငှာ မတတ်နိုင်ပေ။ ရန်သူများသည် ခွဲသန်သန်ဖြင့် အလောင်းကောင်များကို ဆွဲယူကြ၏ ။ ကျွန်ုပ်တို့၏ သေနတ်ကြားတွင် ရှုပ်ရှုပ်ချုံချုံ အလုပ်လုပ်ကြသည်မှာ ချီးမွမ်းစရာပင်။ နောက်ဆုံး အလောင်းကောင်များ ကုန်သည်၌ အသစ် တစ်ဖန် ညာသံပေး၍ ချီတက်လာကြပြန်သည်။ သို့သော် ကျွန်ုပ်တို့ဆီသို့ မရောက်၊ လမ်းမှာပင် အသက်ပျောက်ကုန်သည်။ ဤသို့လျှင် သူတို့က အဖန်ဖန် အလဲလဲ ကြိုးစား၍၊ ကျွန်ုပ်တို့က လာတိုင်း တွန်းလှန်လိုက်သည်။

သို့သော် ကျွန်ုပ်တို့ ကျည်ဆန် ကုန်လေရာ စစ်သားများသည် သေနတ်ကို ပစ်ချ၍ လှံများနှင့် တိုက်ကြရတော့သည်။ ကျွန်ုပ်တို့ စစ်သားများမှာ သူတို့ ဘုရားသခင်အတွက် စိတ်အား ထက်သန်လွန်းလှရကား၊ နောက်ဆုံး၌ ရန်သူများ ဆုတ်ခွာရလေတော့၏။ ကျွန်ုပ်တို့မှာ အလွန်မောပန်းလှ၍ ရေများကို သောက်ကြပါသည်။ နေ၏ အပူရှိန်မှာ ပြင်းထန်လှ၏။ ကျွန်ုပ်တို့လည်း ရန်သူများက အားလျော့ကာ စစ်တိုက်ခြင်းကို စွန့်ပယ်ပါစေဟု မျှော်လင့် တောင့်တကြပါသည်။

သို့ရာတွင် စင်စစ်ကား ဤသို့ မဟုတ်ပေ။ သူတို့သည် အကြံဉာဏ်သစ် ထုတ်ခြင်းမျှသာ ဖြစ်ရကား၊ ရုတ်တရက် ရှောင်တခင် တံခါးပေါက်ဝ၌ ဂျုန၏ ကြီးမားသော အတ္တဲဘောကြီးသည် အရှိန်ပြင်းစွာဖြင့် ဝင်လာ၏။

နောက်မှ စစ်သားများက လှံများဖြင့် ထိုးဆွကာ ရှေ့သို့ နှတ်တိုးစေသည်။ ဂျုနကြီးသည် ပြင်းထန်စွာ မြည်ဟည်းလျက် လူများကို မြက်ခြောက်ပမာ နင်းသတ်ကာ ဝင်လာသည်။ ကျွန်ုပ်တို့ဆီက ပစ်သော လှံများကား သူ့အဖို့ ပုရွက်ဆိတ် ကိုက်သလောက်မျှ နေပေလိမ့်မည်။ သူ့နောက်၌မူ သူ့လူ ကင်ဒါလူနက်တို့က ရေလှိုင်းလုံးကဲ့သို့ ဒလဟော တိုးဝင်လာလျက် ကျွန်ုပ်တို့ လူများနှင့် ဓားမိုး လှံမိုး ရှာကြလေသည်။

ကျွန်ုပ်သည် မလိုအပ်သော စွန့်စားမှုကို မပြုလိုသော်လည်း ဂျုနကြီးကို တွေ့မြင်လိုက်ရသည့်အတွက် အထူး ဝမ်းမြောက်မိတော့၏။ သို့သော် ဤမျှလောက် အသည်းထိတ်ဖွယ်ကောင်းသော စစ်ပွဲကြီး၌ ကျွန်ုပ်၏ အရှက်ကွဲရခြင်းကို တစ်သက်တွင် မမေ့ပျောက်နိုင်တော့ပေ။

ဂျုနကြီးသည် တစ်ရှူးထိုး ကျွန်ုပ်ဆီသို့ လာနေ၏။ ရှေ့နှင့်ဘေးရှိ စစ်သားများမှာ ဂျုနကြီး၏ နင်းချေလိုက်သည့်အတွက် ရှင်းသွား၍ ကျွန်ုပ်နှင့် ဂျုနအကြားတွင် ဗလာကျင်းလေပြီ။

ကျွန်ုပ်သည် မှုဆိုးထိုင် ထိုင်ကာ ဆင်ပစ် သေနတ်ကြီးဖြင့် ဦးခေါင်းနှင့် လည်ပင်း ဆက်စပ်ရာသို့ ချိန်ရွယ် စောင့်လင့်၏။ ကျွန်ုပ်နှင့် ခြေအလှမ်း နှစ်ဆယ်လောက် အရောက်တွင် မောင်းဖြုတ်လိုက်ရာ မှန်ရှာတော့၏။ သို့သော် ဂျုနကိုကား မှန်ခြင်း မဟုတ်။ ဂျုန၏ လည်ပင်းတွင် ဆင်ဦးစီးအဖြစ် လိုက်ပါလာသော ခြေတစ်ပေါင်ကျိုး ကိုယ်တော်ကို မှန်ခြင်း ဖြစ်ပေ၏။ ကိုယ်တော်မြတ်၏ ဦးခေါင်းမှာ ဝမ်းဘဲဥကို တူနှင့် ထုသကဲ့သို့ အစိတ်စိတ် အမြွာမြွာ ကွဲသွားလေသည်။

စိတ်များ မွှန်ကာ ဒုတိယအကြိမ် ချိန်ပြန်၏။ ပေသုံးဆယ်လောက် အကွာတွင် ပစ်ပြန်သည်။ ဤအကြိမ်လည်း ကျည်ဆန် လွဲချော်ပြန်လေပြီ။ ဆင်စွယ်ကြီးတစ်ခုမှာ ကျည်ဆန်၏ ဒဏ်ကြောင့် ပဲ့၍ လွင့်စဉ်သွား၏။ ကျည်ဆန်များ ကုန်လေပြီ။ ပြေးဖို့ရန် အချိန်မရှိတော့။ ပြေးရန်လည်း မကြံရွယ်ပါ။ အသက်ထက် အရှက်က အရေးကြီးပါ၏။ ကျွန်ုပ်၏ အရှက်





ကွဲမှုကို သေမင်း၏ ဓားလက်နက်ဖြင့် သုတ်သင်မှ ကင်းရှင်းပေလိမ့်မည်။ ကျွန်ုပ်သည် သေမင်းကို ငံ့လင့်ရတော့၏။

ရုတ်ခြည်း ဆင်ဘီလူးကြီးသည် ကျွန်ုပ်အပေါ်သို့ မိုးလျက် ရှိတော့၏။ ကျွန်ုပ်လည်း ဘာကိုမျှ သတိမရနိုင်တော့ပါ။ ကျွန်ုပ်၏ သေးငယ်လှသော ကိုယ်ခန္ဓာကလေးနှင့် ဆင်ကြီး၏ ကြီးမားလှသော အတ္တဘောကြီးမှာ မနှိုင်းယှဉ်လောက်အောင် ကွာခြားလှပါသည်။ ဤအခိုက်အတန့်တွင် တစ်စုံတစ်ရာ ထူးဆန်းမှု ဖြစ်ပေါ်လာတော့၏။

ဂျုနကြီးသည် ပါးစပ်ကြီး ဟကာ နှာမောင်းကြီး မြှောက်ပြီး ကျွန်ုပ်ကို တအား ထိုးလိုက်မည့် အပြုတွင်၊ တစ်စုံတစ်ယောက်၏ ဆဲဆိုသံကို ကြားလိုက်ရပြီး လူဝါကလေး ဟင်သည် ဖြလျက်ရှိသော ဆင်ကြီး၏ အာခေါင်ထဲသို့ သေနတ်ပြောင်း ထိုးသွင်းပြီး ပထမ၊ ဒုတိယ နှစ်ကြိမ်တိတိ ပစ်လိုက်လေ၏။ လျှပ်တစ်ပြက်အတွင်း ဂျုနကြီးသည် နှာမောင်းကြီးဖြင့် ဟင်ကို ရစ်သိုင်းကာ ပေသုံးဆယ်ခန့် မြင့်အောင် လေထဲသို့ လွှင့်ပစ်လိုက်လေသည်။

ထိုနောက် ဟင်၏ သေနတ်ဒဏ်ချက်နှင့် မြေပေါ်သို့ လဲကျမလိုလို ဟိုယိမ်းဒီယိမ်း ဖြစ်ပြီး၊ ဟင်ကို မကျေနပ်သေးသကဲ့သို့ ဟင်ရှိရာသို့ သွားပြန်သည်။ သို့သော် သုံးလှမ်းမျှသာ သွားနိုင်ပြီး ရှေ့မဆက်နိုင်ဘဲ ကျောက်ရုပ်ကြီး သဏ္ဍာန် ငြိမ်သက်သက်ကြီး ရပ်နေတော့၏။ ကျွန်ုပ်လည်း ထ၍ ပြေးကာ ဘုရားကျောင်းဆောင်ကလေးပေါ်သို့ ရောက်သွား၏။ ဤသို့ ပြေးမိသည်မှာ ကံကောင်းလှ၏။ အကြောင်းမှာ ကျွန်ုပ် တစ်သက်တွင် အထူး အဆန်းဆုံး တစ်ခုကို မြင်ရသောကြောင့် ပင်တည်း။

ပထမဦး ရင်နယ်သည် ရိုင်ဖယ်သေနတ်နှင့် ဆင်၏ ဦးခေါင်းကို နှစ်ချက်တိတိ ပစ်သည်ကို မြင်ရ၏။ ဆင်ကြီးက မဖြုပေ။ နောက် ရင်နယ်၏ ဓနီးသည် ဖြူဖွေးပါးလွှာသော ဓာကိုယ်ရုံကို တစ်ကိုယ်လုံး ခြုံလျက်၊ ဖြူဖွေးသော ငှက်မွေးများ ပန်ဆင်ကာ အခြွေအရံ နှစ်ယောက်နှင့် ဘုရားငယ်ကို ပွေ့ချီကာ၊ ကျောင်းဆောင်အတွင်းမှ ဂူခြေကြီးမားစွာ သက်ဆင်း

လာပြီး၊ မမှိတ်သော မျက်လုံးဖြင့် ဂျနကို စူးစိုက်ကြည့်ကာ ဂျနရှိရာသို့ သွားတော့၏။

ဂျနကြီး၏ အမူအရာမှာ ထိုအခြင်းအရာကို မြင်လျှင် စိတ်မငြိမ်သက်သကဲ့သို့ ရှိပေသည်။ မိမိ၏ နှာမောင်းကြီးကို မြှောက်ကာ ကျောပေါ်သို့ တင်ပြီးလျှင် တဖြည်းဖြည်း ကျောရိုးကို စမ်းသည်။ ဆင်ဘာ၏ ခြေသလုံးကို စမ်းမိသည်နှင့် တစ်ပြိုင်နက် ဆွဲ၍ ချလိုက်ရာ မြေပေါ်သို့ ပက်လက်လန်ကျ ရှာလေ၏။ ၎င်းနောက် ဆင်ဘာ၏ကိုယ်ကို ရစ်သိုင်းပြီး ပထမဦး လေထဲတွင် တဖြည်းဖြည်း ဝှေ့ယမ်းသည်။ နောက် တစ်စတစ်စ မြန်၍ မြန်၍ လာလိုက်ပုံကား ဆင်ဘာ၏ ရင်ဘတ်တွင် ဆင်ထားသည့် ငွေကြိုးများမှ ထွက်သော အရောင်သည် ငွေစက်ဝိုင်းကြီး ပကတိ ဖြစ်ပေါ်လေတော့၏။ နောက်ဆုံးတွင် ဤသို့ လှည့်ရာမှ တအား လွှင့်ပစ်လိုက်သည်၌ ဆင်ဘာဘုရင်၏ ခန္ဓာကိုယ်မှာ ဖွဲ့အိတ်သဖွယ် မြေပြင်သို့ ကျရှာလေ၏။

ဤအခိုက်တွင် ရင်နယ်၏ဇနီးမှာ အကြောက် ကင်းမဲ့စွာ ဂျန၏ ရှေ့တည့်တည့်တွင် ရပ်နေသေး၏။ သူ၏အခြေအရံ နှစ်ဦးမှာ နောက်တွန့်လျက် ရှိလေပြီ။ ထိုအခိုက် ရင်နယ်သည် မိမိ၏ဇနီးကို ဆွဲယူရန် တစ်ရှိန်ထိုးခုန်လွှားလိုက်ရာ လူ တစ်ဒါဇင်လောက်သည် သူ၏အသက်ကို ကယ်ရန် သော်လည်းကောင်း၊ သို့မဟုတ် အကြောင်းတစ်ခုခုကြောင့် သော်လည်းကောင်း ရင်နယ်ကို ဝိုင်း၍ ဆွဲထားကြကုန်၏။

တစ်ဇာတအတွင်း၌ ဂျနသည် ဘုရားသခင်၏ အထိန်းတော်ကို ငုံ့၍ကြည့်ရာမှ ဒေါသတကြီး အော်ကာ၊ နှာမောင်းကြီးကို ဆန့်တန်း၍ "ဘုရားသူငယ်" ဆင်စွယ် ရုပ်တုတော်ကလေးကို ဆွဲယူပြီး ဆင်ဘာကဲ့သို့ လေထဲတွင် ဝှေ့ယမ်းကာ အစိတ်စိတ်အမြွှာမြွှာ ဖြစ်အောင် မြေကြီးနှင့် ရိုက်ခွဲလိုက်လေ၏။

ဂျန၏ အပြုအမူကို မြင်ရလျှင် မြင်ရချင်း ကင်ဒါလူဖြူတို့မှာ ညည်းတွား အော်ဟစ်ကြကုန်သည်။ ရင်နယ်၏ ဇနီးနောက်က အခြွေအရံအဖြစ်





ပါလာသော မယ်သီလ နှစ်ယောက်မှာမူ စိတ်နောက်သွားသကဲ့သို့ သူတို့အဝတ်များကို ဆွဲဆုတ်၍ပင် ပစ်ကြကုန်၏။ အနီး၌ ရပ်နေသော ဟရုကားမှေ့မြော၍ လဲကျသွားလေ၏။

ဂျနကြီးသည် အသစ်တစ်ဖန် နားကွဲလုမတတ် အော်ပြန်၏။ မြေကြီးပေါ်သို့ ဒူးထောက်ကာ နှာမောင်းကြီးဖြင့် မြေကြီးကို သုံးကြိမ်တိုင်တိုင်ရိုက်ပြီး မိမိ၏ရှေ့တွင် ရပ်နေသော ဘုရားသူငယ်၏ မယ်တော် (ရင်နယ်ဇနီး)ကို အရိုအသေ ပေးသကဲ့သို့ လုပ်သေး၏။ နောက် တစ်ကိုယ်လုံးသွက်သွက်ခါကာ မြေပေါ်မှ မထသော လိုမ့်ခြင်းဖြင့် အသက်ပျောက်သွား၏။

ယင်းသည့် အခိုက်တွင် စစ်တိုက်မှ နှစ်ဖက်စလုံး ရပ်နေကြသည်။ ဂျနကြီးနှင့် ဘုရားသူငယ် မယ်တော်တို့၏ အပြုအမူကို ကြည့်ကာ၊ ကင်ဒါလူဖြူ လူနက် နှစ်ဖက်စလုံးတို့ ကြက်သေ သေနေကြကုန်သည်။

ဤအဖြစ်သနစ်သည် မဖြစ်စကောင်း မကြုံစဖူး ထူးဆန်းလေရကား၊ မိမိတို့ ဓား လှံများ ကိုင်စွဲ၍ သတ်ပွဲကြီး လုပ်နေကြသည်ကိုပင် မေ့ပျောက်ကုန်ကြဟန် တူပေသည်။

ထိုအခိုက်ဝယ် တစ်စုံတစ်ယောက်သည် ကျယ်လောင် အောင်မြင်လှသော အသံကြီးနှင့် အော်လိုက်ပုံကား–

'ဆင်ဘာတစ္ဆေ၊ ဂျန သေ၊ ကလေး ကြေမွပြီ။

'ဂျန၏သွေး၊ မြေကိုဆေး၊ သေဘေး ရောက်တော့မည်။

'ကင်ဒါတွေပြေး၊ ဦးမနေး၊ သက်ဘေး လွတ်ရမည်။

'ဘုရားတွေ ကြေ၊ လူတွေ သေ၊ အားလုံးတစ္ဆေ ဖြစ်ကြပြီ။

'ဘုရားရင်ပြင်၊ တစပြင်၊ အသွင် တူတော့သည်'

ဤအသံကို ကြားလျှင်ကြားချင်း ကင်ဒါလူနက်များသည်–

'ပြေးကြလော့၊ သွားကြလော့၊ ခွာကြလော့'

ဟု အော်ကာ ဦးတည့်ရာသို့ အတင်းပြေးကြလေရာ လဲသူ လဲ၊ ကွဲသူ ကွဲနှင့် ထင်းစည်းကြီး ပြေသကဲ့သို့ စစ်တပ်ကြီး တစ်ခုလုံး ဖရိုဖရဲဖြစ်ကာ ကြက်ပျောက်ငှက်ပျောက် အားလုံး ပျောက်ကုန်ကြလေတော့၏။

နာရီဝက်ခန့် ကြာသောအခါ ဒဏ်ရာ ရသူများမှ လွဲ၍ ဘုရားရင်ပြင်နှင့် လမ်းမကြီးပေါ်ဝယ် ရန်သူ တစ်စုံတစ်ယောက်မျှ မရှိတော့။ စစ်ပွဲကြီးမှာ ပြီးဆုံးလေပြီ။ ရှုံးမလိုလိုနှင့် ကျွန်ုပ်တို့ အနိုင်ရလိုက်ပေပြီ။

ရင်နယ်အား ခွဲထားရာမှ လွှတ်လိုက်ကြသည်၌ တစ်ရှိန်ထိုး ခုန်ကာ သူ့ဇနီးထံသို့ ရောက်သွားလေ၏။

'စန္ဒာမယ်' ဟု ဖြည်းညင်းစွာ ခေါ်လိုက်ရာ ရင်နယ်၏ ဇနီးသည် အတန်ကြာ မမှိတ်သောမျက်စိနှင့် ရင်နယ်အား စူးစိုက် ကြည့်ရှုနေပြီး၊ မျက်လုံးများ အရောင်တောက်ကာ လှုပ်ရှား၍ လာသည်။

ယခုအချိန်၌ သူ့မျက်လုံးကို ကြည့်ရခြင်းအားဖြင့် ပျောက်ကွယ်လျက်ရှိသော မူလ စိတ်ဓာတ်များ ပြန်လည် ဝင်စားလာ၍၊ သူ့မျက်နှာမှာ မိုးကောင်းကင်တွင် ကြည်လင်သော လမင်းကဲ့သို့ ပဝင်း၍ လာသည်ကို တွေ့မြင်ရပေ၏။ ၎င်းနောက် ဖြည်းဖြည်း ထစ်ထစ်ငေါ့ငေါ့ ကလေးဖြင့်–

'အို ရှောရေ၊ ဒီကောင်ကြီးဟာ ကြောက်စရာ ကောင်းပါကလား။ ဒီအကောင်ကြီးပဲ ကျွန်မတို့ ကလေးကို သတ်ပစ်တာ။ ကြည့်ပါဦး ရှော၊ အသေအချာ ကြည့်ပါဦး' ဟု ပြောဆိုကာ မျက်ရည်များ တွေတွေ ကျလာလေ၏။

ကျွန်ုပ်နှင့်တကွ အားလုံးသော ကင်ဒါလူဖြူတို့သည် သူတို့နှစ်ယောက်၏ ပြန်ပေါင်းထုပ်ပွဲကို အနှောင့်အယှက် မဖြစ်စေခြင်းငှာ တော်သင့်ရာသို့ ထွက်ခွာ၍ လာကြလေ၏။

ဤအချိန် ဤအခါမှ စ၍ ရင်နယ်၏ ဇနီးမှာ လူကောင်းပကတိ ဖြစ်လာသည်။ ဘုရားသူငယ် ဆင်စွယ် ရုပ်တုတော်ကလေးမှာ အပိုင်းပိုင်း ကြေမွသွားသည်မှ ရင်နယ်၏ ဇနီးအား အုပ်စီးထားသော ပယောဂသည် လွင့်စဉ်၍ သွားဟန်ရှိ၏။ ဤပယောဂသည် အဘယ်ကဲ့သို့သော ပယောဂ ပေနည်း။ ကျွန်ုပ် မသိပါ။

ဇနီးမှာ "သူငယ်တော်ဘုရား" ကို မိမိရင်သွေး သားကို တစ်စုံတစ်ရာ





ဆက်စပ်နေသကဲ့သို့ ထိုရုပ်တုတော်ကလေး ရှိနေသရွေ့ ထိုအဝိဇ္ဇာတာက ရုပ်ကလေးကို မိမိ သားကလေးပမာ ယုယစွာ လုပ်ကျွေးနေဟန် ရှိပေ၏။ မိမိ၏ ပင်ကိုစိတ်လည်း လွင့်ပါးနေဟန် ရှိ၏။

ပထမ မိမိ၏ ရင်သွေးအစစ်ကလေးကို အလားတူ ဆင်ကြီးက သတ်ပစ်လိုက်စဉ်ပင် မိမိ၏ စိတ်မှာ လွင့်ပါးသွား၍၊ ဒုတိယ ယခု ဆင်စွယ်သားကလေးကို ဂျုနကြီးက ဖျက်ဆီးလိုက်သောအခါ မိမိ၏ လွင့်ပါးသော စိတ်မှာ ငြိမ်သက်၍ ပကတိစိတ် ပြန်ဝင်လာဟန် တူပေသည်။

ကျွန်ုပ်လည်း ဟင်ရှိရာသို့ ကကုန်ကယင်နှင့် သွားရာ ဟင်မှာ ဘုရား၏ မြောက်ဘက်တံတိုင်းတွင် မေ့မြောလျက် နေသည်ကို တွေ့ရသည်။ လူသာမန်တို့၏ အကူအညီဖြင့် ရတော့မည် မဟုတ်ပေ။ ဟင်၏ နံရိုးအားလုံးမှာ ကျိုးကုန်လေပြီ။ ကျွန်ုပ်သည် ဘုန်းတော်ကြီး၏ အခန်းတစ်ခုထဲသို့ ဟင်ကို ယူဆောင်ကာ ဟင် အသက်ပျောက်သွားသည့်တိုင်အောင် ကျွန်ုပ်မှာ ဟင်နှင့် အတူနေလျက် ရှိ၏။ ဟင်သည် ကျွန်ုပ်အား စကား မပီကလာ ပီကလာနှင့် ပြောရှာသေးသည်။

'အသာ ဂျုနကို သေနတ်နဲ့ ပစ်တာ မမှန်တာ ဝမ်းမနည်းပါနဲ့။ အဘရဲ့ ကျည်ဆန် တစ်လွဲ ချော်ပစ်အောင် လုပ်ထားလို့ ဖြစ်ပါတယ်။ အဘတို့ လူဖြူတွေသာ သူတို့တစ်တွေ ဂရုထားပြီး အဲဒီ အစီအမံတွေ လုပ်ထားတာ။ ကျွန်တော်ကဲ့သို့ လူဝါကလေးကို သူတို့ သတိရကြဟန် မတူဘူး။ ဆင်ကြီးကို ကြည့်ပါ အဘ၊ ရင်နယ်မြို့စားကြီး ပစ်တာလည်း မှန်မယ် မဟုတ်ဘူး။ (ထူးဆန်းစွာ ဟင် ပြောသည့်အတိုင်း မမှန်ကြောင်း တွေ့ရပါသည်) ကျွန်တော့်ကိုတော့ မေ့ပြီး အကာအကွယ် မလုပ်မိကြတဲ့အတွက် သူတို့ဆင်ကြီးကိစ္စချောသွားတာပဲ။ အဘ ကျွန်တော် သေရမှာ ဝမ်းမနည်းပါဘူး။ အဘကို သတ်မယ့် ဂျုနကို သတ်ပြီး သေရတာ သိပ်ဝမ်းသာတာပဲ'

၎င်းနောက် ဟင် သည် ခေတ္တ စကားရပ်ပြီး ကျွန်ုပ်အား ဝင်လုဆဲ နေကြီးကို ကြည့်လို၍ အသာအယာ ဖေးမပေးရန် ပြောရှာ၏။ ကျွန်ုပ်လည်း

သူပြောသည့်အတိုင်း ပြုလုပ်ပေးရာ သူသည် မိုးကောင်းကင်ကို ကြည့်လျက် ဆက်လက်ပြောသည်မှာ–

'အဘ မိုးကောင်းကင်ကြီးကို မြင်ရခြင်းအားဖြင့် ဥတုရာသီ အခြေအနေ ကောင်းမွန်ပါလိမ့်မယ်။ အဘတို့ ဆင်စွယ်တွေ သည်ပိုးပြီး ပြန်ဖို့ရာ လွယ်ကူ ချောမောပါလိမ့်မယ်'

ကျွန်ုပ်။ ။ 'ကင်ဒါလူနက်တွေက သူတို့ ဆင်သချိုင်း အဝင်ခံမှာ မဟုတ်ဘူး'

ဟင်။ ။ 'ကျွန်တော် သိတယ် အဘ၊ အခု ဂျနကြီး သေပြီ။ သူတို့နယ်မြေမှာ သူတို့ နေမယ် မဟုတ်ဘူး'

ၡင်းနောက် ဟင်သည် ကယောင်ချောက်ချား အနည်းငယ်ပြောပြီး–

'အဘ၊ ကျွန်တော် အဘကို သိပ်ချစ်တာပဲ။ အဘ လာမှာကို ကျွန်တော် ဟိုဘဝက နေပြီး မျှော်နေမယ်နော်'

ဤကဲ့သို့ စကားတပြောပြောနှင့် မကြာမီပင် ဟင်သည် ကျွန်ုပ်၏ ရင်ခွင်တွင် ငြိမ်ငြိမ်ကလေး အသက် ပျောက်သွားရှာလေသတည်း။

ကျွန်ုပ်လည်း ချုံးချုံးချကာ ငိုမိပါတော့၏။

အခန်း ၁၉

## အိမ်တော်ပြန်

ကျွန်ုပ် စာတိချက်ကြွေ အရပ်သို့ ပြန်ရာ၌ လမ်းတွင် တွေ့ကြုံခဲ့ရသော အဖြစ်အပျက်များကို ငါကာချဲ့၍ မရေးလိုတော့ပြီ။ ရေးလိုသော စိတ်လည်း မရှိတော့ပါ။ ဟင် ကဲ့သို့ သစ္စာရှိသော တပည့် အဆုံးကြီး ဆုံးသွားရသောကြောင့် ကျွန်ုပ်၏စိတ်မှာ ချောက်ချားလျက် ရှိပါသည်။ ဟင် အား ဘုရားရင်ပြင်၌ ဂျနဆင်ကြီးအား နှိမ်နင်းလိုက်သော နေရာမှာပင် မြှုပ်နှံသဂြိုဟ်လိုက်ပါသည်။ ဟင်၏အလောင်းကို နောက်ဆုံး မြေဖို့လိုက်ရသောအခါ ကျွန်ုပ်၏ ရင်တွင်းဝယ် အသည်းနှလုံးတွေ နုတ်ယူပစ်လိုက်သကဲ့သို့ ဟာသွားပါသည်။ ဤလောကကြီးမှာ ပျော်မွေ့ဖွယ်ရာ အလျှင်း မရှိတော့ပါ။

'အို အရက်ဆိုး ဟင်၊ သင်နှင့်တူသော တပည့်ကောင်း မိတ်ဆွေကောင်းကို အဘယ်မှာ တွေ့ဆုံနိုင်ပါတော့အံ့နည်း'

ဟင်သည် လူ၏ ဦးနောက်ပါသော ခွေးလိမ္မာကလေးနှင့် တူလှပေသည်။

ကင်ဒါလူနက်တို့နှင့် ပတ်သက်၍ ဟင် ပြောခဲ့သော စကားမှာ မှန်လှပေ၏။ ထိုသူများမှာ အစာရေစာများ ရရန်အတွက် တခြားတစ်နေရာသို့ ရွှေ့ပြောင်း သွားကြကုန်သည်။ ဘယ်ပြောင်းကြသည်ကိုကား အသေအချာ

မသိရပေ။ ခေတ္တပြောင်းသည်၊ အစဉ်ပြောင်းသည်ကိုလည်း မသိရပါ။ သိလည်း မသိလိုတော့ပါ။ ထိုသူများမှာ နက်ကျောသန့်မာလှ၍ စွမ်းရည်သတ္တိနှင့် ပြည့်စုံသူများ ဖြစ်ကြပေသည်။ သူတို့အားလုံး နောက်ဆုံး ဘာဖြစ်သွားကုန်ကြသည်မှာ ကျွန်ုပ်အတွက် ဘာမျှ အရေးမကြီးပေ။ ကျွန်ုပ်တို့ဘက်မှ လူငါးဆယ်နှင့်သုံးယောက် ကျဆုံး၍၊ ရန်သူဘက်မှ အလောင်းကောင်များမှာ သုံးထောင်ခန့် ရှိပေလိမ့်မည်။

ဂျုန်ကြီးမှာ လေးလံလှ၍ သူ ကျဆုံးသော နေရာမှာပင် မြှုပ်နှံရပါသည်။ ၎င်းဆင်ကြီး၏ အတိုင်းအထွာကို မယူလိုက်မိခြင်းမှာ ကျွန်ုပ်၏ အမှားပင် ဖြစ်တော့၏။ ဂျုန်ကြီး၏ကိုယ်တွင် စစ်ဆေးကြည့်ရှုရာ ဟင်၏ လက်ချက်ဖြင့် မျက်စိတစ်ဖက် မပါခြင်း၊ နှစ်လုံးပြူး သေနတ်ဒဏ်ရာတစ်ခုခံတွင်းမှ ဖောက်ထွင်းကာ ဦးနှောက်ထဲသို့ ရောက်သွားသည်။

ကင်ဒါလူဖြူများထံမှ ၎င်းဆင်ကြီး၏ ကြီးမားသော ဆင်စွယ်နှစ်ချောင်းကို ကျွန်ုပ်အား ပေးရန် တောင်းသော်လည်း မရပါ။ ၎င်းဆင်စွယ်ကြီးများကို သူတို့ စစ်အောင်သော အထိမ်းအမှတ်အဖြစ် သိမ်းထားလိုဟန် ရှိပေသည်။ ဆင်ကြီး၏ သွားကြီးများကို ကြည့်ခြင်းအားဖြင့် ဆင်ကြီးမှာ အလွန် အသက်ကြီးကြောင်း ခန့်မှန်းရပါသည်။ မည်မျှလောက် ကြီးသည်ကိုကား အတိအကျ မပြောနိုင်ပါ။

ဂျုန်နှင့် ပက်သက်၍ ဤမျှလောက်သာ ပြောစရာ ရှိပေတော့၏။ ဂျုန်ကြီးသည် အေးဆေးစွာ နေရပါစေသတည်း။ ကျွန်ုပ်၏ ဆုတောင်းချက်ကား ဟင် အနားၤ၌ ရှိနေသမျှ ကာလပတ်လုံး ပြည့်စုံလိမ့်မည်ဟု မမျှော်လင့်ပေ။

ကင်ဒါလူဖြူများသည် မိမိတို့၏ ကတိကို တစ်သဝေမတိမ်း လိုက်နာကြ၏။ ဘုရားပွဲတစ်ခု ကျင်းပကာ ရင်နယ်၏ ဓနီးအား အထိန်းတော်အဖြစ်မှ ရပ်စဲခွင့်လွှတ်သော အခမ်းအနား ပြုလုပ်ကြသေး၏။ ရင်နယ်၏ ဓနီးအား မယ်တော်၏ အဝတ်အစားများ လဲစေ၍ ရှီးရှီး တိုင်းရင်းသူတို့ဓလေ့





အဝတ်အစားများကို ဝတ်စေပြီးလျှင် ရင်နယ်အား လွှဲအပ်လေ၏။ ဤအချိန်မှ စ၍ ရင်နယ်၏ဇနီးကို ဧည့်သည်တော်အဖြစ် ပြုစုကြလေသည်။

ရင်နယ်တို့ ဇနီးမောင်နှံမှာ အလွန်ကြာမြင့်စွာ ကွဲကွာနေရာမှ ယခုကဲ့သို့ ပြန်၍ တွေ့ရသည့်အခါ ချစ်၍ မဆုံး၊ ကြင်နာ၍ မဆုံးနိုင်အောင်ပင် ရှိတော့၏။ ကျွန်ုပ်တို့သည် "သူငယ်တော်ဘုရား"၏ မြို့တော်မှာ ပျော်ရွှင်စွာ တစ်လတိုင်တိုင် နေပြီးလျှင်၊ ထိုတိုင်းပြည်ပတ်လည်ရှိ တောင်ကြီးများကို ကျော်ဖြတ်ကာ တစ်ဖက်ရှိ သဲကန္တာရစခန်းသို့ ပြန်ခဲ့ကြပါသည်။

ဤကဲ့သို့ တစ်လလောက် နားနေသည့် အတွင်းမှာ ကျွန်ုပ်သည် အလကား မနေပေ။ ဆင်ဘာ၏မြို့တော်သို့ ဟာရနှင့် သွားရောက် လည်ပတ်ပါသည်။ ဤမြို့တော်သို့ သွားရာ လမ်းခရီးတွင် ဟင်နှင့်အတူ တက်ရောက်ခဲ့ရသော သစ်ပင်ကြီးမှာ ဂျုန်၏ ဒဏ်ချက်ကို ယခုတိုင် တွေ့ရပါသေးသည်။

၎င်းမှ ကျော်လွန်ကာ ရေအိုင်ကြီးနှင့် ဆင်သချိုင်းကြီးကိုလည်း ရောက်ကြပါသည်။ ဤနေရာ၌ ပြောင်းလဲချက်များ ဘာမျှ မတွေ့ရပေ။ ဤနေရာကား ဂျုန်ကြီး ရပ်နေသော တောင်ကုန်းကလေးပေတည်း။ ထိုနေရာကား ကျွန်ုပ်နှင့် မရ ပုန်းအောင်းသော ကျောက်တုံးကလေး ပေတည်း။ ဤကျောက်တုံးကလေး အောက်၌ကား လူရိုးများကို တွေ့ရပါသည်။ ၎င်းအရိုးများမှာ မရ၏အရိုးများ ဖြစ်ပေသည်။ ကျွန်ုပ်တို့သည် မရ၏ အရိုးများကို စုဆောင်းကာ ထိုနေရာ၌ပင် မြှုပ်နှံကြ၏။

ဆင်သချိုင်းကြီးတစ်ခုလုံးမှာ ဆင်စွယ်များဖြင့် ပြည့်နက်နေသည်။ ကျွန်ုပ်တို့သည် ကုလားအုပ် ငါးဆယ်ခန့်ဖြင့် ထိုဆင်စွယ်များကို တင်၍ယူလာပါသည်။ ၎င်းနောက် ဆင်ဘာ၏ မြို့တော်ကို သွားကြရာ၊ မြို့တော်ကြီးတစ်ခုလုံး လူသူတစ်ယောက်မျှ မရှိဘဲ အလွန်ခြောက်ကပ်လျက် ရှိတော့၏။ ခွေးတော်များနှင့် တောခွေးများမှ တစ်ပါး ဘာမျှ မတွေ့ရပေ။ မြို့ကြီးမှာ သုသာန်တစပြင်ကြီးနှင့် တူတော့၏။

ဟာရ။ ။ (ရယ်မောလျက်) 'ဘုရားသူငယ် ကျိန်စာဟာ တကယ် ထိရောက်ပါပေတယ်'

ကျွန်ုပ်။ ။ 'ဟုတ်ပါတယ်။ သို့သော် အသင်တို့လည်း ဒဏ် ခံရပြန်တာပဲ မဟုတ်လား။ အခု ဘုရားသူငယ် ရှိသေးသလား။ အသင်တို့ ဘုရားသူငယ် မရှိတော့ အခု ဘာကို ကိုးကွယ်ကြဦးမလဲ'

ဟာရ။ ။ 'ကျွန်ုပ်တို့ရဲ့ မကောင်းမှုတွေကို စင်ကြယ်အောင် လုပ်ပြီး ကောင်းကင်ဘုံမှ ဘုရားအသစ် ကြွလာအောင် စောင့်နေရုံပေါ့'

ကျွန်ုပ်တို့သည် ဆင်ဘာ၏ မြို့တော်တွင် ခေတ္တမျှ နေကြပါသည်။

ဆယ်ရက်ခန့် ကြာသောအခါ ကျွန်ုပ်တို့သည် ကုလားအုပ် တစ်ရာ ခန့်ဖြင့် ဘုရားသူငယ်၏ မြို့တော်မှ ထွက်ခွာခဲ့ကြပါသည်။ ကုလားအုပ် ငါးဆယ်မှာ ဆင်စွယ်များကို တင်ဆောင်ကြပါ၏။ ဟာရသည် ကုလားအုပ် ကြီးများကို အုပ်ချုပ်ကာ ခေါင်းဆောင်လမ်းပြအဖြစ် လိုက်ပါလာပါသည်။ သို့သော် ဆင်စွယ်များမှာ ဂျုန်နှင့် ပတ်သက်သည့် အရာတိုင်း ဖြစ်မြဲဓမ္မတာ အရ မကောင်းသော အဖျက်အဆီးနှင့် လမ်းတွင် ကြုံတွေ့ရပါသည်။ အကြောင်းမှာ သဲကန္တာရကြီးထဲတွင် သဲမုန်တိုင်းကြီး တိုက်ခတ်ရာ ကျွန်ုပ် တို့မှာ အသက်ဘေးမှ သီသီကလေး လွတ်ခဲ့ရပါသည်။

ကုလားအုပ်များလည်း လွတ်ကုန်၍ ဆင်စွယ်များ တင်သော ကုလား အုပ် ငါးဆယ်အနက် ဆယ်ကောင်သာ ပြန်ရပါသည်။ ကျန်ကုလားအုပ် များမှာ ပျောက်ချင်းမလှ ပျောက်ကုန်ပေသည်။ သဲကန္တာရအတွင်း သဲများ ဖုံးအုပ်၍ သေကုန်ကြဟန် တူပါသည်။

ရင်နယ်သည် ကျွန်ုပ်အား ပျောက်ဆုံးသွားသော ပစ္စည်းများ၏ တန်ဖိုးကို လျော်ကြေးပေးလို၏။ သို့သော် ကျွန်ုပ်က လက်မခံပါ။

ကင်ဒါလူဖြူများမှာ သူတို့ နဂိုဝါသနာအတိုင်း ဝမ်းနည်းမှု၊ ပျော်ရွှင် မှု များတွင် ဘာမျှ ထူးခြားခြင်း မရှိဘဲ၊ ကျွန်ုပ်တို့ ထွက်ခွာလာသောအခါ ပြောင်းလဲသော အမူအရာ မပြကြကုန်။ ရင်နယ် မြို့စားကတော်၏ အခြေ





အရံများကား ဤသို့ မဟုတ်ပေ။ မျက်ရည်ဖြိုင်ဖြိုင် ကျဆင်းကာ ရင်နယ်၏ ဇနီးအား အသစ်တစ်ဖန် ဘုရားသူငယ်၏ မျက်မှောက်ဝယ် တွေ့လိုကြောင်း များကို ဆုတောင်းကြသေး၏။

တောင်ကြီးများကို ဖြတ်ကျော်ရသော လမ်းမှာ အလွန်ခက်ခဲလှ ပါသည်။ ကုလားအုပ်များ ခြေချော်၍ မကျအောင် အလွန်သတိကြီးစွာဖြင့် တက်ကြရပါသည်။ တောင်ထိပ်သို့ ရောက်သောအခါ ခေတ္တ ရပ်တန့်၍ လာသည့် လမ်းကို ပြန်လည်ကြည့်ရှုရာ "သူငယ်တော်ဘုရား" ၏ တောင် ကလေးကို ရေးရေးသာ မြင်ရပါသည်။ ထိုနောက် ၎င်းတောင်ကြီး၏ မြောက် ဘက်သို့ ဆင်းကာ သဲကန္တာရကြီးသို့ ခရီးဆက်ကြပါသည်။

တစ်ရက်ပြီး တစ်ရက်၊ တစ်ပတ်ပြီး တစ်ပတ် ဟာရတစ်ယောက်သာ သိသော လမ်းဖြင့် ကန္တာရကြီးကို ကျော်ဖြတ်ကြပါသည်။ ကျွန်ုပ်မှာ အလွန် ပျင်းရိငြီးငွေ့လှပါသည်။ ဟာရလည်း စကားနည်းလှ၏။ ရင်နယ်နှင့် ဇနီး တို့ကား ပျော်ကြပေသည်။ တစ်လလောက် ကြာသောအခါ ပင်လယ်နီ ကမ်းခြေရှိ သင်္ဘောဆိပ်ကလေးကို ရောက်ကြပါသည်။ အလွန်ပူလှသော ဒေသကလေး ဖြစ်တော့၏။

မကြာမီ ကုန်သင်္ဘော နှစ်စင်းသည် ရေအလို့ငှာ ဝင်ရောက် ဆိုက် ကပ်ကြသည်တွင် တစ်စင်းမှာ အေဒင်သွား သင်္ဘောဖြစ်၍၊ တစ်စင်းမှာ စူးအက်မြို့သို့ သွားကြပါသည်။

ကျွန်ုပ်သည် အေဒင် သွားမည့် သင်္ဘောကို စီးရပါသည်။ ၎င်းမှ ကျွန်ုပ် နေသော နေရာသို့ ပြန်ဖို့ရန် လွယ်ကူပါသည်။ ရင်နယ်တို့ ဇနီးမောင်နှံ မှာ စူးအက်သွား သင်္ဘောကို စီးကြသည်။ ၎င်းမှတစ်ဆင့် ဘိလပ်မြို့တော်သို့ သင်္ဘောကူးပြောင်း စီးရပေမည်။

ကျွန်ုပ်တို့၏ ခွဲခွာခြင်းမှာ အထူးကြံမြင့်စွာ အတူတကွ အသက် ဆံများ နေခဲ့ကြပြီးမှ ကတိုက်ကရိုက် နိုင်လှပါသည်။ တစ်ဦးနှင့်တစ်ဦး ကျေးဇူးတင်စကားများ၊ ဆုမွန်ကောင်း တောင်းခြင်းများ ပြုလုပ်ပြီး အသီးသီး

ဆိုင်ရာ သင်္ချိုင်းပေါ်သို့ တက်ရောက်ကြလေတော့၏။ ရင်နယ်တို့ ဖနီး ဆောင်နံမှာ တစ်ဦးခါး တစ်ဦးဖက်ကာ ပင်လယ်ရေပြင်ကျယ်ကြီးတွင် ပျောက်ကွယ်သွားလေသတည်း။

ကျွန်ုပ်လည်း ဟာရ လက်ကို အားရပါးရကြီး ဆွဲကာ နှုတ်ဆက်လိုက်သည်။ ဟာရ၏ မျက်နှာမှာ မကောင်းရှာပေ။

တွေ့ကြုံခဲ့ကြ ဖြစ်ခြင်း ပေမှတ္တာ။ သို့သော် ယနေ့တိုင် ကျွန်ုပ် စိတ်အာရုံထဲမှာ မထွက်သည့်ကား လူငါကလေး "ဟင်"။

ရွှေခေါင်း

၂၅၊ ၄၊ ၅၁

မြင်ဦးလွင်မြို့

[ ပထမအကြိမ်နှင့် ဒုတိယအကြိမ် ပုံနှိပ်ခြင်း မူမှန်စာဖြင့် တိုက်ဆိုင် တည်းဖြတ် ထုတ်ဝေပါသည်။ ။ ရာပြည့်စာအုပ်တိုက် ]